www.burmeseclassic.com

မင်္ဂလာမောင်မယ်

# ဂါရွှား ပုံပြင်များ

၂



ဒေါက်တာခင်ရီဝင်း



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ်

# မင်္ဂလာဆောင်မယ်

# ကမ္ဘာ့ပုံပြင်များ

# (၂)

ဒေါက်တာခင်ရီဝင်း

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ
ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာမောင်မယ်ကမ္ဘာ့ပုံပြင်များ(၂)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၆၂၀၆၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၁၄၂၆၁၂၀၇ တို့ဖြင့်

ပန်းချီဆရာကြီး ဦးစိန်၏ သရုပ်ဖော်ပုံကို မျက်နှာဖုံးဒီဇိုင်း ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ ဇန်နဝါရီလတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| အံ့ဖွယ်စောင်းသမား | (ရုရှားပုံပြင်) | ... ... ... ၇ |
| ထူးဆန်းသော ရေစင် | (ဂျပန်ပုံပြင်) | ... ... ... ၁၁ |
| ထူးဆန်းသော မြေအိုးကြီး | (တရုတ်ပုံပြင်) | ... ... ... ၁၄ |
| အံ့ဖွယ် ပန်းချီဆရာ | (ဂျပန်ပုံပြင်) | ... ... ... ၁၆ |
| စိန်ကုန်သည်နှင့် စိန်တု | (ထိုင်းပုံပြင်) | ... ... ... ၂၀ |
| ထူးခြားသော မျက်ခုံးပိုင်ရှင် | (တရုတ်ပုံပြင်) | ... ... ... ၂၄ |
| နွားထီး၏ နို့ရည် | (အိန္ဒိယပုံပြင်) | ... ... ... ၂၈ |
| လော်ဘကြီးသူ (၁) | (အိန္ဒိယပုံပြင်) | ... ... ... ၃၂ |
| ရိုးသားသူ | (အိန္ဒိယပုံပြင်) | ... ... ... ၃၆ |
| ပိုင်ရှင် | (အိန္ဒိယပုံပြင်) | ... ... ... ၄၁ |
| မျက်မြင်သက်သေ | (အိန္ဒိယပုံပြင်) | ... ... ... ၄၅ |
| သူ့ကျေးဇူး | (အီတလီပုံပြင်) | ... ... ... ၄၉ |
| လောဘကြီးသူ (၂) | (ရုရှားပုံပြင်) | ... ... ... ၅၃ |
| ပညာရှိညီအစ်ကို | (ရုရှားပုံပြင်) | ... ... ... ၅၉ |
| ရတနာစစ် | (ရုရှားပုံပြင်) | ... ... ... ၆၄ |
| မြို့စားကြီးနှင့်ကျေးတောသား | (ရုရှားပုံပြင်) | ... ... ... ၆၈ |
| အမှုလွတ်သူ | (ရုရှားပုံပြင်) | ... ... ... ၇၂ |
| ခါးကုန်းကြီး နှစ်ယောက် | (အိုင်ဆလန်ပုံပြင်) | ... ... ... ၇၆ |
| လောဘကြီးသော အဘွားအို | (ရုရှားပုံပြင်) | ... ... ... ၈၀ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




| | | | |
|---|---|---|---|
| လောဘကြီးသူ (၃) | (ရုရှားပုံပြင်) | ... ... ... | ၈၅ |
| ပညာရှိ ခုနစ်နှစ်သမီး | (ရုရှားပုံပြင်) | ... ... ... | ၉၀ |
| လယ်သမားဝက်ဝံ | (ရုရှားပုံပြင်) | ... ... ... | ၉၅ |
| ကြိုးကြာငှက်မလေး | (ဂျပန်ပုံပြင်) | ... ... ... | ၉၈ |
| နေပူတစ်ဝက် အရိပ်တစ်ဝက် | (အိန္ဒိယပုံပြင်) | ... ... ... | ၁၀၁ |
| အကြံပိုင်သူ | (မြန်မာပုံပြင်) | ... ... ... | ၁၀၄ |
| ဉာဏ်ကြီးရှင် | (ဟော်လန်ပုံပြင်) | ... ... ... | ၁၀၉ |
| ရက္ခစိုးနှင့် အဘွားအို | (မြန်မာပုံပြင်) | ... ... ... | ၁၁၃ |
| စိတ်ထားမြင့်မြတ်သူများ | (အိန္ဒိယပုံပြင်) | ... ... ... | ၁၁၆ |
| ရွှေဥကြီးသုံးလုံး | (မြန်မာပုံပြင်) | ... ... ... | ၁၂၀ |
| ပိုးတောင့်တဲ မင်းသမီးကလေး | (တရုတ်ပုံပြင်) | ... ... ... | ၁၂၃ |
| တံငါသည်နှင့် မိန်းမပျို (၁) | (ဂျပန်ပုံပြင်) | ... ... ... | ၁၂၈ |
| ထူးဆန်းသော လက်ဖက်ရည်အိုး | (ဂျပန်ပုံပြင်) | ... ... ... | ၁၃၃ |
| သားလိမ္မာ | (ဂျပန်ပုံပြင်) | ... ... ... | ၁၃၇ |
| သမီးလိမ္မာ | (ရုရှားပုံပြင်) | ... ... ... | ၁၄၃ |
| ညီအစ်ကို နှစ်ဦး | (အီဂျစ်ပုံပြင်) | ... ... ... | ၁၄၇ |
| ပညာရှိအမတ်ကြီး | (အိန္ဒိယပုံပြင်) | ... ... ... | ၁၅၂ |
| အတုံ့အလှည့် | (အိန္ဒိယပုံပြင်) | ... ... ... | ၁၅၈ |
| တံငါသည်နှင့် မိန်းမပျို (၂) | (ဂျပန်ပုံပြင်) | ... ... ... | ၁၆၁ |
| ပုဆိန်ဆန်ပြုတ် | (ရုရှားပုံပြင်) | ... ... ... | ၁၆၆ |
| ထူးဆန်းသောအိမ်မက် | (အာရပ်ပုံပြင်) | ... ... ... | ၁၆၉ |
| ဉာဏ်ကောင်းသော လှေထိုးသမား | (မြန်မာပုံပြင်) | ... ... ... | ၁၇၂ |


❖

www.burmeseclassic.com

www.burmeseclassic.com



## အံ့ဖွယ်စောင်းသမား

ရှေးအခါက ရုရှားပြည်ရှိ ရွာကလေးတစ်ရွာတွင် စောင်းတီး အလွန်တော်သော စောင်းသမား ကလေးတစ်ဦး ရှိသည်။ သူ၏ တေးသီချင်းသံများသည် အလွန် ကောင်းမွန်သဖြင့် လူအများက နှစ်သက်ကြသည်။ ပွဲလမ်းသဘင်များ ရှိသည့်အခါတိုင်း သူ့ကိုခေါ်၍ စောင်းတီးခိုင်းလေ့ ရှိကြသည်။ စောင်းတီးခအဖြစ် သူ့အား အသားများ၊ အရက်များနှင့် အိပ်ရာအဖြစ် ပြုလုပ်ရန် ကောက်ရိုးများကို ပေးကြသည်။

သူသည် အလွန် ဆင်းရဲရှာသည်။ သူ့အဝတ်အစားများမှာ ဟောင်းနွမ်းနေပြီး လူမှာလည်း ပိန်ချုံးနေသည်။ သူ့ကို ကြည့်ကာ မိန်းကလေးများကလည်း ပြောင်လှောင်ကြသည်။ ထို့ကြောင့် သူသည် စိတ်အားငယ်ကာ ဝမ်းနည်းလာသည်။ ပွဲလမ်းသဘင်မရှိသော ညများတွင် မြစ်ကမ်းစပ် အနီးသို့သွား၍ တစ်ယောက်တည်း စောင်းတီးနေတတ်သည်။

တစ်နေ့သော် သူသည် ခါတိုင်းကဲ့သို့ပင် မြစ်ကမ်းအနီးသို့ သွားကာ စောင်းတီးနေသည်။ ထိုစဉ် မြစ်အတွင်းမှ မြစ်စောင့်နတ်မင်း ထွက်ပေါ်လာသည်။ နတ်မင်းသည် သူ၏ တေးသံကို နှစ်သက်သဖြင့် လာရောက်နားထောင်ခြင်း ဖြစ်သည်။ နတ်မင်းက “အမောင်လုလင်၊ သင်ရဲ့ စောင်းသံကို နှစ်သက်လွန်းလို့ ရေထဲက တက်လာခဲ့တာပါပဲ။ တကယ်လို့ သင်ဟာ ကျွန်ုပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ ရေအောက်ကို လိုက်လာပြီး၊ ကျွန်ုပ်ရဲ့ မိဖုရားကြီးကို သင့် စောင်းသံနဲ့ ဖျော်ဖြေမယ်ဆိုရင် သင့်ကို ထိုက်တန်တဲ့ဆု ချီးမြှင့်ပါ့မယ်။ ကျွန်ုပ်နှင့်အတူ လိုက်နိုင်ပါ့မလား" ဟု မေးသည်။

စောင်းသမားကလေးသည် "ကောင်းပါပြီ" ဟု ဆိုကာ နတ်မင်းနှင့်အတူ ရေအောက်သို့ လိုက်ပါသွားသည်။ မြစ်စောင့်နတ်မင်းနှင့် မိဖုရားကြီးတို့သည် သူ၏ စောင်းသံကို နှစ်သက်လွန်းသဖြင့် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ၊ ပုလဲများကို ဆုအဖြစ် ချီးမြှင့်လိုက်သည်။ ထို့အပြင် လုလင်ပျို မပြန်မီတွင် သူတို့က ၁၂ နှစ်လျှင် တစ်ကြိမ်ကျ သူတို့ထံ လာရောက်၍ စောင်းတီး ဖြေဖျော်ရန် ပြောကြသည်။ လုလင်ကလည်း လာခဲ့ပါမည်ဟု ကတိပေးခဲ့သည်။

လုလင်သည် ကြွယ်ဝ ချမ်းသာလာသည်။ သူသည် ထိုပစ္စည်းများကို အရင်းပြု၍ ကုန်ကူးသန်းရာ ပို၍ ချမ်းသာ ကြွယ်ဝလာသည်။ မကြာမီပင် သင်္ဘောအမြောက်အမြားကို ပိုင်ဆိုင်လာခဲ့သည်။ သူသည် စီးပွားရေးတွင် လုံးပန်းရလွန်းသဖြင့် မြစ်စောင့်နတ်မင်းအား ပေးခဲ့သော ကတိကို မေ့နေသည်။

ဤသို့ဖြင့် ၁၂ နှစ်မျှ ကျော်လွန်လာခဲ့သည်။ တစ်နေ့သော် သူသည် လှေများဖြင့် ကုန်ရောင်း ကုန်ဝယ် ထွက်လာစဉ် ပင်လယ်ကြီးသည် ရုတ်တရက် ငြိမ်သက်ကာ ရပ်တန့်သွားသည်။ သူ၏ သင်္ဘောများမှာလည်း ရှေ့သို့သွား၍ မရတော့ပေ။ ပထမသော် လုလင်သည် ဘာဖြစ်မှန်း မသိပေ။ အတန်ကြာမှ နတ်မင်းအား ပေးခဲ့သော ကတိကို ချိုးဖောက်မိ၍ နတ်မင်း အမျက်ထွက်ကြောင်းကို သဘောပေါက်လာသည်။

သူသည် သင်္ဘောသားများအားခေါ်၍ အကျိုးအကြောင်း ပြောပြသည်။ ပြီးလျှင် နတ်မင်းကြီး ကျေနပ်စေရန်အတွက် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာမျိုးစုံကို သေတ္တာတွင်းသို့ ထည့်၍ မြစ်တွင်းသို့ ပစ်ချကြရန် စေခိုင်းသည်။ သင်္ဘောသားများလည်း သူ့အမိန့်အတိုင်း လိုက်နာကြသည်။ သို့သော် လှိုင်းများက သေတ္တာကို ပုတ်ထုတ်လိုက်သည့်အတွက် သေတ္တာသည် ရေပေါ်သို့ ပြန်ရောက်လာသည်။

လုလင်က "နတ်မင်းကြီးဟာ ရွှေ၊ ငွေတွေ မလိုချင်ဘူး။ သင်္ဘောသားတွေရဲ့ အသက်ကိုပဲ လိုချင်ဟန် ရှိတယ်။ ဒါကြောင့် လူတိုင်း သစ်သားပြား တစ်ချပ်စီပေါ်မှာ မိမိရဲ့ နာမည်ကို ရေးပြီး ကိုယ်တိုင် ပစ်ချကြပါ။ ရေထဲကို နစ်သွားတဲ့ သစ်သားပြား ပိုင်ရှင်ဟာ စတေး ခံရမယ့် သူပဲ။ ဒါမှ သင်္ဘော ထွက်လို့ရမယ်" ဟု ပြောသည်။

သင်္ဘောသားများလည်း သူ့စကားအတိုင်း လိုက်နာကြသည်။ သို့သော် သူ့ အမည်ပါသော သစ်သားပြား တစ်ခုမှ လွဲပြီး မည်သည့် သစ်သားပြားမျှ ရေထဲသို့ မနစ်ပေ။ လုလင်

www.burmeseclassic.com

www.burmeseclassic.com



လည်း "ငါတော့ ရေထဲဆင်းမှ ဖြစ်တော့မယ်" ဟု ဆိုကာ သူ၏ စောင်းကို ယူ၍ နတ်မင်းကြီး ရှိရာ ရေထဲသို့ ဆင်းသွားသည်။

နတ်မင်းကြီးထံ ရောက်သော် နတ်မင်းကြီး အလွန် စိတ်ဆိုးနေကြောင်း တွေ့ရသည်။ နတ်မင်းကြီးက "သင့်ကို ငါ ၁၂ နှစ်လုံးလုံး စောင့်ခဲ့ပေမဲ့ သင်က ကတိပျက်တယ်။ ဒါကြောင့် သင့်ကို ဒဏ်ခတ်တဲ့အနေနဲ့ ငါ စိတ်ဆိုးပြေတဲ့အထိ စောင်းတီးပြရမယ်" ဟု ပြောသည်။

လုလင်သည် နတ်မင်းကြီး၏ အမိန့်အတိုင်း လိုက်နာသည်။ စောင်းတီးနေစဉ် သူ၏ စောင်းသံနှင့် အတူ နတ်မင်းကြီးသည် လိုက်၍ ကခုန်သည်။ ဤသို့ဖြင့် အချိန် အတန်ကြာ သွားရာ နတ်မင်းကြီးသည် တဖြည်းဖြည်း မောပန်းလာသည်။ ခြေလှမ်းတို့လည်း နေးကွေး လာသည်။

နတ်မင်းကြီး ကနေစဉ် မိဖုရားကြီးသည် လုလင်အား ခပ်လှမ်းလှမ်းသို့ ဆွဲခေါ်သွားပြီး လေသံဖြင့် "ဘာကြောင့် စောင်းတီးပေးရတာလဲ သူငယ်ရယ်။ သူကရင် ပင်လယ်လှိုင်းတွေ မြင့်တက်လာပြီး လူတွေ အားလုံး ရေထဲမှာ နစ်ကုန်ကြမယ်။ ဆက်မတီးနဲ့၊ ရပ်လိုက်တော့" ဟု ပြောဆို သတိပေးသည်။

လုလင်သည် အလွန် ထိတ်လန့်သွားသည်။ ထို့နောက် ရုတ်တရက် အကြံရလာကာ စောင်းကြိုးများကို ဖြတ်ပစ်လိုက်သည်။ ထိုအခါ တေးသံရပ်သွားပြီး နတ်မင်းကြီးက အကျိုး အကြောင်းမေးရာ လုလင်က စောင်းကြိုးများ ပြတ်ကုန်ကြောင်း ပြောသည်။ နတ်မင်းကြီးလည်း ကျေနပ်လိုက်သည်။ သူက လုလင်အား ဆုအဖြစ် သတို့သမီးငယ် တစ်ယောက်ကို ပေးမည်ဟု ပြောသည်။

ထိုအခါ မိဖုရားကြီးက လုလင်အနီးသို့ ကပ်ကာ နတ်မင်းကြီးက သတို့သမီး ရွေးခိုင်းလျှင် ပထမနှင့် ဒုတိယ ပြသော အုပ်စုမှ မရွေးဘဲ နောက်ဆုံးပြသော အုပ်စုမှ နောက်ဘက်တွင် ကပ်နေသော အသားညိုသော မိန်းကလေးကို ရွေးရန် အကြံပေးသည်။ လုလင်လည်း "ကောင်းပြီ" ဟု ပြောသည်။

မကြာမီ နတ်မင်းကြီးသည် မင်းသမီးများကို တစ်အုပ်စုပြီး တစ်အုပ်စု ထုတ်ပြသည်။ လုလင်သည် မိဖုရားကြီး မှာသည့်အတိုင်း နောက်ဆုံးအုပ်စုမှ မင်းသမီးကို ရွေးလိုက်သည်။ နတ်မင်းကြီးလည်း သူတို့နှစ်ဦးကို ခမ်းနားကြီးကျယ်စွာ လက်ထပ်ပေးသည်။ ရွှေ၊ ငွေ၊ ရတနာ အမြောက်အမြားကိုလည်း လက်ဖွဲ့လိုက်သည်။ သတို့သမီးငယ်သည် လုလင်အား ဂူတစ်ခု အတွင်းသို့ ခေါ်ဆောင်သွားသည်။ ထို့နောက် အိပ်မွေ့ချလိုက်ရာ လုလင်ပျိုလည်း အိပ်ပျော် သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျို အိပ်ရာမှ နိုးလာသောအခါ သူသည် မူလက နေခဲ့သော မြစ်ကမ်းစပ်သို့ ပြန်ရောက်နေကြောင်း တွေ့ရသည်။ သူ့ခြေရင်းတွင် ရွှေ၊ ငွေ၊ ရတနာများ စုပုံနေကြောင်း တွေ့ရ သည်။ သို့သော် သတို့သမီးငယ်ကိုမူ လုံးဝ မတွေ့ရပေ။

ဤသို့ဖြင့် နောက်ထပ် ၁၂ နှစ် ကုန်လွန်သွားပြန်သည်။ လုလင်သည် သင်္ဘောများဖြင့် ကုန်ကူးသန်းရောင်းဝယ်ကာ ပိုမို ချမ်းသာလာပြန်သည်။ နောက်ဆုံးတွင် သူသည် သူ၏ ဇာတိမြို့သို့ သွားရောက်လိုစိတ် ပေါ်လာသည်။ ထို့ကြောင့် သူသည် မြစ်စောင့်နတ်ထံ သွား၍ သူ၏ ဇာတိမြို့သို့ သွားခွင့်တောင်းသည်။ နတ်မင်းကလည်း ခွင့်ပြုသည်။ ထို့ပြင် နတ်မင်းက သူ၏ အစ်ကိုတော်သူ နတ်မင်းကြီးထံ သွားရောက်၍ ထပ်မံ ခွင့်တောင်းရန်လည်း မှာလိုက်သည်။ ထိုနတ်မင်းကြီးကလည်း သူ့အား ခွင့်ပြုသည်။ ထို့ပြင် ရွှေပိုက်ကွန်၊ ငွေပိုက်ကွန်၊ ပုလဲပိုက်ကွန်တို့ကိုလည်း လက်ဆောင်အဖြစ် ပေးလိုက်သည်။

လုလင်သည် သူ၏ မြို့သို့ ရောက်သော် မြို့တွင်းသို့ လှည့်လည်ကြည့်ရှုသည်။ ဈေးထဲသို့ အရောက်တွင် ကုန်ပစ္စည်းများ ပျက်စီးသဖြင့် စိတ်ညစ်ကာ ထိုင်မှိုင်နေသော ကုန်သည် တစ်ယောက်ကို တွေ့ရသည်။ သူသည် အကျိုးအကြောင်း သိရလျှင် ကုန်သည်ကို ရွှေဒင်္ဂါး တစ်ပြား ထုတ်ပေးသည်။ ရှေ့သို့ ဆက်လက်သွားရာမှ လမ်းတွင် တွေ့သမျှ ဒုက္ခရောက်နေသူ ကလေး၊ လူကြီး၊ အဘွားအို၊ အဘိုးအိုတို့ကို ရွှေဒင်္ဂါးများ အသီးသီးပေးသည်။ နောက်ဆုံးတွင် သူထံ၌ ဘာမှ မကျန်တော့ပေ။ ထိုအခါကျမှ သူသည် အလွန်အားရ ကျေနပ်ကာ အိမ်သို့ ပျော်ရွှင်စွာ ပြန်သွားလေတော့သည်။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com





## ထူးဆန်းသော ရေစင်

ရှေးအခါက ဂျပန်ပြည်ရှိ ရွာကလေးတစ်ရွာတွင် သစ်ခုတ်သမား ဇနီးမောင်နှံ နှစ်ဦး ရှိသည်။ သူတို့ နှစ်ဦးသည် အသက်အရွယ် အိုမင်းကြပြီဖြစ်ပြီး သူတို့တွင် သားသမီး တစ်ယောက်မျှ မရှိပေ။ အဘိုးအိုသည် နေ့စဉ် တောထဲသို့ တစ်ယောက်တည်း သွား၍ သစ်ခုတ်ရသည်။ အဘွားအိုမှာ အိမ်တွင် ရက်ကန်း ရက်ရသည်။

တစ်နေ့သော် အဘိုးအိုသည် တောတွင်းသို့ ထင်းခုတ်သွားရင်းမှ မျက်စိလည် လမ်းမှားကာ တောနက်ကြီး အတွင်းသို့ ရောက်သွားသည်။ အဘိုးအိုသည် တောတွင်း၌ ယောင်လည်လည် ဖြစ်နေစဉ် တစ်နေရာတွင် အလွန် ထူးဆန်းသော ရေစင်တစ်ခု ဖြာထွက် နေသည်ကို တွေ့ရသည်။ ထိုရေစင်သည် အလွန်စင်ကြယ်ပြီး အလွန်လည်း အေးမြသည်။ အဘိုးအိုသည် နေကလည်းပူ အလုပ်ကလည်း ပင်ပန်းသဖြင့် မောပန်းကာ ရေ အလွန် ဆာနေသည်။ ထို့ကြောင့် သူသည် ရေများကို ဦးထုပ်ဖြင့် ခံယူကာ အားရပါးရ သောက်သုံး သည်။ ထိုရေများကို သောက်လိုက်ရသည်နှင့် အဘိုးအိုသည် ခွန်အားသစ်များ တိုးပွားလာကာ အထူးပင် လန်းဆန်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဘိုးအိုသည် စမ်းရေပေါက်ထဲတွင် အရိပ်ထင်နေသော မိမိ၏ ရုပ်သွင်ကို အမှတ်မထင် ကြည့်လိုက်မိသည်။ ဤတွင် အဘိုးအိုသည် အလွန် အံ့သြသွားသည်။ အကြောင်းမှာ အရိပ်ထဲတွင် တွေ့မြင်ရသော မျက်နှာမှာ သူ၏ မျက်နှာ မဟုတ်ဘဲ အခြားသူ တစ်ဦး၏ မျက်နှာ ဖြစ်နေသောကြောင့်ပင်။ သူ၏ ရုပ်သွင်မှာ နုပျိုငယ်ရွယ်သော လူငယ်တစ်ဦး၏ ရုပ်သွင် ဖြစ်နေသည်။

အဘိုးအိုသည် အံ့သြတကြီးဖြင့် သူ၏ ဦးခေါင်းကို လက်ဖြင့် စမ်းကြည့်မိပြန်သည်။ သူ့ ဦးခေါင်းတွင် မည်းမှောင်သန်စွမ်းသော ဆံပင်များ ထူထဲစွာ ပေါက်ရောက်နေကြောင်းကို ထူးဆန်းစွာ တွေ့ရသည်။ သူ၏ မျက်နှာမှာလည်း အရေးအကြောင်းများ ပျောက်ကာ ငယ်ရွယ်နုနယ်သော လူငယ်ကလေး တစ်ဦး၏ မျက်နှာ ဖြစ်နေသည်။

တစ်ချိန်တည်းမှာပင် သူ့ တစ်ကိုယ်လုံးတွင်လည်း အားသစ်အင်သစ်များ ပေါ်ပေါက်ကာ အထူးပင် သန်စွမ်း ကြံ့ခိုင်နေကြောင်းကို အံ့သြဖွယ် တွေ့ရပြန်သည်။

အမှန်မှာ အဘိုးအိုသည် ထူးဆန်းသော ရေစင်ကို သောက်သုံးမိသည့်အတွက် ယခုကဲ့သို့ ငယ်ရွယ် နုပျိုကာ လူငယ်အသွင်သို့ ပြောင်းသွားခြင်းဖြစ်သည်။

အဘိုးအိုသည် ဝမ်းသာလွန်းသဖြင့် အော်ဟစ်ပြီး ထခုန်လိုက်မိသည်။ ထို့နောက် သူ့အိမ်သို့ ရောက်အောင် အမြန်ဆုံး ပြန်ပြေးလာခဲ့သည်။ အိမ်သို့ရောက်သော် သူ့ဇနီးသည် သူ့အား လုံးဝ မမှတ်မိတော့ပေ။ တခြား သူစိမ်းတစ်ဦးဟု ထင်မှတ်ကာ ကြောက်ရွံ့နေသည်။ သူက အကျိုးအကြောင်း ပြောပြသော အခါတွင်မှ သူ့ ခင်ပွန်းသည်မှန်း သိတော့သည်။ သို့သော် အဘွားအိုသည် ရုတ်တရက် မယုံကြည်ပေ။ အဘိုးအိုက အတန်ကြာအောင် ရှင်းပြသည့် အခါကျမှသာ သူ့ ခင်ပွန်းအစစ် ဖြစ်ကြောင်း ယုံကြည်တော့သည်။

အဘိုးအိုသည် အဘွားအိုအား ရေစင်ရှိရာသို့ လမ်းညွှန်ကာ သူနှင့်အတူ လိုက်ခဲ့ရန် ပြောကြားသည်။ အဘွားအိုသည် အတန်ကြာအောင် စဉ်းစားနေသည်။ ထို့နောက် အဘွားအိုက "မောင်ကတော့ နုပျိုလှပတဲ့ လုလင်ပျိုကလေး ဖြစ်သွားပြီမို့ ကျွန်မလို အဘွားအို တစ်ယောက်ကို ဘယ်မှာ ဆက်ပြီး ချစ်ခင်နိုင်ပါ့မလဲ။ ဒါကြောင့် ကျွန်မ ဒီရေစင်ကို အမြန်ဆုံး သွားသောက်ပါ့မယ်။ ဒါပေမဲ့ ဒီအိမ်ကလေးကို ပစ်ထားပြီး ကျွန်မတို့နှစ်ယောက် အတူတစ်ခါတည်း မသွားခဲ့ဖူးပါဘူး။ ဒါကြောင့် ကျွန်မ တစ်ယောက်တည်းပဲ ရေစင်ကို သွားသောက်ပါရစေ။ မောင် ဒီက စောင့်နေပါ" ဟု ပြောသည်။

ထို့နောက် အဘွားအိုသည် ရေစင်ရှိရာသို့ အမြန်ဆုံး ရောက်အောင် သွားသည်။ ရေစင်ရှိရာသို့ ရောက်သော် သူသည် ဒူးထောက်ကာ အားရပါးရ သောက်သုံးသည်။ ရေစင်သည်

www.burmeseclassic.com



အလွန် အေးမြပြီး အရသာရှိလှသည့်အတွက် သူသည် အရှိန်မသတ်နိုင်ဘဲ ဆက်ကာ ဆက်ကာ အချိန်အတော်ကြာအောင် သောက်နေမိတော့သည်။

အိမ်တွင် ကျန်ခဲ့သော အဘိုးအိုသည် မိန်းမလှကလေးအသွင်ဖြင့် ပြန်ရောက်လာမည့် အဘွားအိုအား စောင့်မျှော်နေရှာသည်။ အတန်ကြာသည်အထိ အဘွားအို ပြန်မလာသောအခါ သူသည် စိတ်ပူကာ အဘွားအို၏ နောက်သို့ လိုက်လာသည်။

ရေစင်ရှိရာသို့ ရောက်သော် သူသည် အဘွားအိုအား မတွေ့ရပေ။ အနီးရှိ မြက်ခင်းပေါ်မှာ ကလေး ငိုသံတစ်သံကိုသာ ကြားရသည်။ သူသည် လိုက်လံရှာဖွေရာ မြက်ခင်းပေါ်တွင် အဘွားအို ဝတ်ဆင်သွားခဲ့သော အဝတ်အစားများနှင့်အတူ ၆ လအရွယ် ကလေးငယ် တစ်ဦးကိုသာ တွေ့ရတော့သည်။

အမှန်မှာ အဘွားအိုသည် ထူးဆန်းသော ရေစင်ကို အတိုင်းအဆထက် ကျော်လွန်ကာ ပိုမို သောက်မိသည့်အတွက် ယခုကဲ့သို့ ကလေးဘဝသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ အဘိုးအိုလည်း ကလေးငယ်အား ပွေ့ချီကာ သူ့အိမ်ရှိရာသို့ ဝမ်းနည်းကြေကွဲစွာ ပြန်သွားရလေတော့သည်။

(ဂျပန်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသော မြေအိုးကြီး

ရှေးသရောအခါက တရုတ်ပြည်ရှိ ရွာကလေးတစ်ရွာတွင် လယ်သမား တစ်ဦး ရှိသည်။ တစ်နေ့တွင် သူသည် သူ၏ လယ်ကွက်အတွင်းမှ ရွှံ့စေးများဖြင့် အလွန်ကြီးမားသော မြေအိုးကြီး တစ်လုံးကို ပြုလုပ်လေသည်။

မကြာမီ ထိုမြေအိုးကြီး ပြီးသွားသည်။ လယ်သမားသည် ထိုမြေအိုးကြီးကို ဆေးကြောရန် အတွက် သူ၏ အိမ်သို့ ယူဆောင်သွားသည်။ အိမ်သို့ရောက်သော် ဇနီးသည်အား မြေအိုးကြီးကို ကောင်းစွာ ဆေးကြောပေးရန် ပြောသည်။ ဇနီးသည်လည်း "ကောင်းပါပြီ" ဟု ဆိုကာ မြေအိုးကြီးကို စတင် ဆေးကြောသည်။ ဤသို့ ဆေးကြောပြီးသည့်နှင့် တစ်ပြိုင်နက် မြေအိုးကြီး တစ်ခုလုံးသည် စုတ်တံများဖြင့် ပြည့်သွားတော့သည်။ သူတို့သည် စုတ်တံများကို ကြိုးစား၍ အကြိမ်ကြိမ် ဖယ်သည်။ သို့သော် စုတ်တံများမှာ ပြန်၍ ပြည့်လာပြန်သည်။ စုတ်တံများ များပြားလွန်းသဖြင့် သူတို့ ဇနီးမောင်နှံသည် နောက်ဆုံးတွင် စုတ်တံများကို ဖယ်၍ မနိုင်တော့ပေ။ သူတို့သည် စုတ်တံများကို ရောင်းချရာ ငွေ အတော်အသင့် ရပြီး ချောင်ချောင်လည်လည် ဖြစ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော် ထိုမြေအိုးကြီး ထဲသို့ ငွေဒင်္ဂါး တစ်ပြား မတော်တဆ ကျသွားသည်။ ငွေဒင်္ဂါး ကျသွားသည်နှင့် တစ်ပြိုင်နက် အိုးထဲရှိ စုတ်တံများအားလုံး ပျောက်ကွယ်သွားပြီး အိုးတစ်ခုလုံး ငွေဒင်္ဂါးများဖြင့် ပြည့်သွားလေတော့သည်။ သူတို့ မိသားစုသည် ငွေ အမြောက်အမြား ရရှိသဖြင့် ချမ်းသာကြွယ်ဝ လာကြသည်။ လယ်သမားတွင် အသက်အရွယ် အိုမင်းသော အလုပ်သမား အဘိုးအို တစ်ယောက် ရှိသည်။ အဘိုးအိုသည် အင်အား ချည့်နဲ့ပြီး ကတုန်ကယင် ဖြစ်နေသည်။ လယ်သမား ထိုအဘိုးအိုအား အသက်အရွယ်ကြီးရင့် သူဟူ၍ ရိုသေလေးစားရ ကောင်းမှန်း မသိ။ သနားညှာတာရ ကောင်းမှန်းလည်း မသိပေ။ သူသည် အဘိုးအိုအား အော်ဟာစ်ငေါက်ငမ်းကာ အလုပ်များကို မညှာမတာ ခိုင်းစေသည်။ အဘိုးအိုကလည်း မညည်းမညူ လုပ်ကိုင် ပေးရှာသည်။ အဘိုးအို တဖြည်းဖြည်း အင်အား ချည့်နဲ့ လာသော်လည်း သူက မမှု။ အလုပ်များကို ခိုင်းစေသည်။ အဘိုးအိုသည် အလုပ်လုပ်ရင်း ကတုန်ကယင် ဖြစ်ကာ နှောင့်နှေး ကြန့်ကြာလာသောအခါ လယ်သမားက "အဘိုးအိုသည် ပျင်းရိသည်။ အလုပ် မလုပ်လို၍ လိမ်ညာနေသည်" ဟု စွပ်စွဲသည်။

တစ်နေ့သော် အဘိုးအိုသည် အလုပ်လုပ်ရင်းမှ ရုတ်တရက် အားပြတ်ကာ မြေအိုးကြီး အတွင်းသို့ အရှိန် လွန်ကာ လဲကျသွားသည်။ အဘိုးအိုသည် ထိုနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားရှာသည်။


အဘိုးအို သေဆုံးသွားသည်နှင့် တစ်ပြိုင်နက် မြေအိုးကြီး တစ်ခုလုံးတွင် အဘိုးအို၏ ရုပ်အလောင်းများဖြင့် ပြည့်နှက်သွားတော့သည်။ လယ်သမားသည် အလောင်းကောင်များကို မြေအိုးကြီး အတွင်းမှ တစ်ခုပြီး တစ်ခု ထုတ်ယူကာ သင်္ဂြိုဟ်ရသည်။ အလောင်းများမှာ များပြား လွန်းသဖြင့် သူသည် သင်္ဂြိုဟ်၍ မနိုင်နိုင်အောင်ပင် ဖြစ်လာတော့သည်။ သင်္ဂြိုဟ်စရိတ် အဖြစ် သုံးရသဖြင့် သူ့တွင် ရှိသော ငွေများ အားလုံးမှာလည်း ကုန်သွားတော့သည်။ မြေအိုးကြီး မှာလည်း ကွဲသွားသဖြင့် သူသည် နောက်ထပ် ငွေများ ထပ်မံ၍ မရနိုင်တော့ဘဲ ယခင်က ကဲ့သို့ပင် ဆင်းရဲသား ဘဝသို့ ပြန်ရောက်သွားလေတော့သည်။ ဤသည်မှာ လူကြီးသူမကို မရိုသေဘဲ စော်ကားမိသည့်အတွက် နောက်ဆုံးတွင် ဆိုးကျိုး ခံစားရခြင်းပင်။

(တရုတ်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## အံ့ဖွယ် ပန်းချီဆရာ

ရှေးသရောအခါ ဂျပန်ပြည်ရှိ ရွာကလေးတစ်ရွာတွင် သူဆင်းရဲ ဇနီးမောင်နှံ နှစ်ဦးရှိသည်။ သူတို့တွင် သားသမီးများစွာ ရှိသည်။ သူတို့သည် အလွန် ဆင်းရဲရကား သားသမီးများကို ခက်ခဲပင်ပန်းစွာ ရှာဖွေ ကျွေးမွေးကြရသည်။

သားသမီးများထဲတွင် အကြီးဆုံး သားသည် ခွန်အားဗလနှင့် ပြည့်စုံသည်။ သူသည် ၁၄ နှစ်သား အရွယ်တွင် ဖခင်ကို ကောင်းစွာ ကူညီ လုပ်ကိုင်ပေးနိုင်သည်။ သမီးကလေးများမှာလည်း လမ်းလျှောက်တတ်ခါစ အရွယ်မှစ၍ မိခင်ကို ကူညီ လုပ်ကိုင်ပေးကြသည်။

အငယ်ဆုံး သားမှာကား အခြား မောင်နှမများနှင့် မတူ။ အခြား ညီအစ်ကို မောင်နှမများထက် ပို၍ ဉာဏ်ကောင်းသည်။ တော်လည်း တော်သည်။ သို့သော် သူသည် အခြားသူများကဲ့သို့ သန်မာထွားကျိုင်းခြင်း မရှိ။ ကိုယ်ခန္ဓာ သေးကွေး ကြုံလှီသည်။ ထို့ကြောင့် သူသည် အလုပ်ကြမ်းများ လုပ်နိုင်မည် မဟုတ်သဖြင့် သူ့အား ဘုန်းကြီးဝတ်ပေးခြင်းက ပို၍ သင့်လျော်မည်ဟု အများက ဝိုင်းဝန်း ပြောဆိုကြသည်။ သူ၏ မိဘများသည် အကြိမ်ကြိမ် စဉ်းစားပြီးနောက် ထိုကိစ္စကို သဘောတူလိုက်ကြသည်။ သူတို့သည် သားထွေးအား ရွာရှိ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင် ဆရာတော်ကြီးထံ သွားရောက် အပ်နှံကြသည်။ ဘုန်းတော်ကြီးသည်

www.burmeseclassic.com



သူငယ်အား မေးခွန်းများ မေးသည်။ သူငယ်ကလည်း ကောင်းစွာ ဖြေဆိုနိုင်သဖြင့် ဘုန်းတော်ကြီးသည် သူ့အား ကျောင်းတွင် ကျောင်းသားအဖြစ် လက်ခံထားလိုက်လေသည်။ သင်္ကန်းဝတ်ရန်အတွက် စာများကိုလည်း ကျက်ခိုင်းသည်။

သူငယ်သည် အလွန် ဉာဏ်ကောင်းသည်။ ဘုန်းတော်ကြီး ကျက်မှတ်ခိုင်းသမျှ စာအားလုံးကို လျင်မြန်စွာ ရသည်။ ဘုန်းတော်ကြီးကိုလည်း ရိုသေလေးစားသည်။ သူ့တွင် ပြောစရာဟူ၍ တစ်ချက်သာ ရှိသည်။ ယင်းမှာ ပန်းချီဆွဲ ဝါသနာပါ၍ ကြောင်ရုပ်များ ရေးဆွဲခြင်းပင် ဖြစ်သည်။ သူသည် အခြားအချိန်တွင် သာမက စာသင်ချိန်တွင်ပါ မရှောင် လစ်လျှင် လစ်သလို ကြောင်ရုပ်များကို ရေးဆွဲနေတတ်သည်။

သူသည် တစ်ဦးတည်း ရှိနေချိန်တွင် ဘုန်းတော်ကြီး၏ စာအုပ်များ၊ ဘုန်းတော်ကြီးကျောင်းရှိ နံရံများ၊ လိုက်ကာများ၊ ကျောင်းတိုင်များ စသည့်တို့တွင် ကြောင်ရုပ်များကို နေရာအနှံ့ ရေးဆွဲသည်။ ဘုန်းတော်ကြီးက ခေါ်ယူဆုံးမသော်လည်း မရပေ။ သူ့ကိုယ်သူ တကယ့်ပန်းချီပညာရှင်ကြီး တစ်ဦးဟု ယူဆနေသည်။

နောက်ဆုံးတွင် ဘုန်းတော်ကြီးသည် သူ့အား မည်သို့မျှ ဆုံးမ မရတော့သည့်အတွက် အလွန် စိတ်ဆိုးလာသည်။ ဘုန်းတော်ကြီးက "မင်း ငါ့စကားကို နားမထောင်ဘူး ဆိုရင်တော့ ဒီကျောင်းမှာ ဆက်မနေနဲ့တော့။ မင်းဟာ ဘုန်းကြီးဖြစ်အောင်မှာ မဟုတ်ဘူး။ ပန်းချီဆရာပဲ ဖြစ်လာမှာပဲ။ ဒါကြောင့် ဒီကျောင်းက ထွက်သွားပေတော့။ မသွားခင်မှာ နောက်ဆုံးအနေနဲ့ မှာချင်တာကတော့ ညအခါမှာ ကြီးမားတဲ့ နေရာတွေကို ရှောင်ရှားပါ။ သေးငယ်တဲ့ နေရာမှာ နေပါဆိုတဲ့ အချက်ပါပဲ။ ကဲ... သွားပေတော့" ဟုဆိုကာ နှင်ထုတ်လိုက်သည်။

သူငယ်သည် ဘုန်းတော်ကြီး၏ စကားကို နားမလည်ပေ။ သူသည် သူ၏ ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်နေရင်း အကြိမ်ကြိမ် စဉ်းစားသည်။ သို့သော် အဖြေမထွက်။ ဘုန်းတော်ကြီးကိုလည်း ကြောက်ရွံ့သဖြင့် ထပ်မံ မမေးရဲပေ။ ထို့ကြောင့် သူသည် ဘုန်းတော်ကြီးကို ကန်တော့ကာ ထွက်ခွာလာခဲ့သည်။

သူသည် ဘုန်းတော်ကြီးကျောင်းမှ စိတ်ပျက်ဝမ်းနည်းစွာဖြင့် ထွက်ခွာလာရင်း ရှေ့အဖို့ ဘာဆက်လုပ်ရမည်ကို စဉ်းစားနေသည်။ သူသည် အိမ်သို့ ပြန်သွားပါကလည်း ဖခင်၏ အပြစ်တင် ကြိမ်းမောင်းခြင်းကို ခံရမည် ဖြစ်၍ ပြန်မသွားရဲပေ။ သူသည် ကြံရာ မရဖြစ်နေရာမှ ရုတ်တရက် အကြံရလာသည်။ ထိုရွာနှင့် ၁၂ မိုင်အကွာရှိ ရွာတစ်ရွာတွင် ဘုန်းတော်ကြီးကျောင်းကြီး တစ်ကျောင်းရှိသည်။ ထိုကျောင်းတွင် ဘုန်းတော်ကြီး အများအပြားရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



လည်း သတင်းကြားရသည်။ ထို့ကြောင့် သူသည် ထိုကျောင်းကြီးသို့ သွားရောက် နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။

အမှန်မှာ ထိုကျောင်းကြီးထဲတွင် ဘုန်းတော်ကြီးများ မရှိပေ။ နတ်ဆိုးကြီး တစ်ပါးသာ ရှိသည်။ ထိုနတ်ဆိုးကြီးသည် ကျောင်းအတွင်း ရောက်လာသူများအား ဧရာမ ကြွက်ကြီး အယောင်ဆောင်ကာ ခြောက်လှန့်လေ့ရှိသည်။ သူ၏ ခြောက်လှန့်မှုကြောင့် ထိုကျောင်းကြီးထဲတွင် မည်သူမျှ မနေရဲကြပေ။ အချို့ သတ္တိကောင်းသူများသည် နတ်ဆိုးကြီးကို နှိမ်နင်းရန် ကျောင်းကြီးထဲ၌ ညအိပ်၍ စောင့်ကြသည်။ သို့သော် သူတို့သည်လည်း အသက်ရှင်လျက် ပြန်ထွက် မလာနိုင်ကြတော့ပေ။ သူငယ်သည် ထိုအကြောင်းများကို လုံးဝ မသိပေ။ ထို့ကြောင့် သူသည် ဤကျောင်းကြီးသို့ လာခဲ့ခြင်း ဖြစ်သည်။

ရွာတွင်းသို့ သူငယ် ရောက်လာချိန်မှာ ညဉ့်နက်ချိန်ဖြစ်၍ တစ်ရွာလုံး အိပ်မောကျနေကြသည်။ ဘုန်းတော်ကြီးကျောင်း ရှိရာ တောင်ကုန်းပေါ်တွင်သာ မီးရောင် တလက်လက် မြင်ရသည်။ ရွာသူ ရွာသားများကမူ ထိုမီးရောင်သည် မကောင်းဆိုးဝါးများက သူတို့ထံ လူအများ လာစေရန် မြှူဆွယ်သော မီးရောင်ဖြစ်သည်ဟု ဆိုကြသည်။ သူငယ်ကလေးသည် ကျောင်းကြီးသို့ ရောက်သော် တံခါးခေါက်လိုက်သည်။ သို့သော် ဘာသံမျှ မကြားရ။ သူသည် တံခါးကို အကြိမ်ကြိမ် ခေါက်သည်။ မည်သူမျှ လာမဖွင့်သဖြင့် နောက်ဆုံးတွင် တံခါးကို တွန်းဖွင့်ကာ အတွင်းသို့ ဝင်ခဲ့သည်။ အတွင်း၌ မီးအိမ်တစ်ခု လင်းနေသည်ကိုသာ မြင်ရသည်။ မည်သည့် ဘုန်းတော်ကြီးမျှ မရှိပေ။

သူသည် အတန်ကြာအောင် ထိုင်စောင့်နေသည်။ သို့သော် မည်သူမျှ ပေါ်မလာပေ။ သူသည် ထိုင်နေရင်းမှ ဟိုဟိုသည်သည် လျှောက်ကြည့်မိသည်။ ထိုအခါ တစ်ကျောင်းလုံးမှာ ပင့်ကူအိမ်များ၊ ဖုန်များဖြင့် ကပ်ကာ ညစ်ပေ နေသည်ကို တွေ့ရသည်။ သူ့စိတ်ထဲတွင် ဤကျောင်း၌ တောက်တိုမယ်ရ ခိုင်းစရာ ကျောင်းသားမရှိဟု ထင်မိသည်။ သူသည် လျှောက်ကြည့်ရင်းမှ ကြီးမားသော ပိတ်ဖြူကားချပ်ကြီး တစ်ခုကို သွားတွေ့သည်။ ဤတွင် သူသည် ပန်းချီ ဆွဲလိုစိတ် ပေါ်လာသည်။ သူ ယူဆောင်လာသည့် ပန်းချီဆွဲသော မင်များကို ယူကာ ကားချပ်ပေါ်တွင် ကြောင်ရုပ်များ ရေးဆွဲတော့သည်။ သူသည် ကြောင်ရုပ်ကြီးများကို မနားမနေ ရေးဆွဲနေရာမှ တဖြည်းဖြည်း မောပန်းကာ အိပ်ငိုက်လာသည်။ သူသည် ကားချပ်ကြီး အနားတွင် လှဲအိပ်မည်ဟု ကြံသည်။ ဤတွင် "ကြီးမားတဲ့ နေရာကို ရှောင်ပါ။ သေးငယ်တဲ့နေရာမှာ နေပါ" ဆိုသော ဆရာဘုန်းတော်ကြီး၏ စကားကို ရုတ်တရက် သတိရလာသည်။ ဤကျောင်းကြီးသည် အလွန် ကြီးမား ကျယ်ဝန်းလှသည်။ သူသည် ဤနေရာတွင် တစ်ဦးတည်း

www.burmeseclassic.com

www.burmeseclassic.com



နေရန် မသင့်ဟု ဆင်ခြင်မိသည်။ ထို့ကြောင့် သူ နေထိုင်ရန် သေးငယ်ကျဉ်းမြောင်းသော နေရာတစ်ခုကို အလျင်အမြန် ရှာဖွေသည်။ ဤတွင် အံဝှက်တံခါးပါသော သေတ္တာတစ်လုံးကို သွားတွေ့သည်။ သူသည် ဝမ်းမြောက်ဝမ်းသာဖြင့် သေတ္တာတွင်းသို့ ဝင်ပုန်းနေလိုက်သည်။ မကြာမီ အိပ်ပျော်သွားသည်

သန်းခေါင်အချိန်သို့ ရောက်သော် ကျယ်လောင်သော ကြောက်မက်ဖွယ် အသံကြီး တစ်သံကို ကြားရသဖြင့် သူသည် ရုတ်တရက် လန့်နိုးလာသည်။ သူသည် ကြောက်လန့်သဖြင့် အသက်ရှူ မှားမတတ် ဖြစ်လာသည်။

ဘုန်းကြီးကျောင်း အတွင်းရှိ မီးများ ငြိမ်းသွားသည်။ ကြောက်မက်ဖွယ် အသံကြီးကို ဆက်လက် ကြားနေရသည်။ ရုတ်တရက် နားကွဲမတတ် အော်ဟစ်သံကြီး ကြားရပြီး ကျောင်းကြီး တစ်ခုလုံးမှာ သိမ့်သိမ့်တုန်သွားသည်။

အတန်ကြာသော် အသံများ တိတ်ဆိတ်သွားပြီး ငြိမ်သက်သွားသည်။ သို့သော် သူငယ်ကလေးသည် ကြောက်ရွံ့မှုကြောင့် တုတ်တုတ်မျှ မလှုပ်ရဲပေ။

အရုဏ်တက်၍ အလင်းရောင်ပေါ်လာသည်အခါကျမှ သေတ္တာတွင်းမှ ထွက်ရဲသည်။ သူသည် ပုန်းအောင်းနေရာမှ ထွက်ခဲ့ပြီး ဟိုဟိုသည်သည်ကြည့်လိုက်သည်။ ထိုအခါ ကျောင်းကြီး၏ ကြမ်းပြင်ပေါ်တွင် သွေးများအိုင်ထွန်းနေသည်ကို တွေ့ရသည်။ ကြမ်းပြင်၏ အလယ်ကောင်တွင်ကား နွားငယ်တစ်ကောင် အရွယ်ခန့်ရှိသော ရောမကြွက်ကြီး တစ်ကောင်လဲကျသေဆုံးနေသည်ကို တွေ့ရသည်။ ထိုကြွက်ကြီးကို မည်သူ သတ်သနည်းဟု လျှောက်ကြည့်လိုက်သည်။ ဤတွင် သူ ရေးဆွဲထားသော ကြောင်ရုပ် ပန်းချီကားကြီးမှ ကြောင်ရုပ်များ၏ ပါးစပ်တွင် နီရဲသော သွေးများဖြင့် စိုစွတ်နေသည်ကို တအံ့တသြ တွေ့လိုက်ရသည်။ ထိုအခါကျမှ သူရေးဆွဲထားသော ကြောင်ရုပ်များ အသက်ဝင်ကာ ရောမကြွက်ကြီးကို ကိုက်သတ်လိုက်ကြောင်း သဘောပေါက် လာတော့သည်။ တစ်ဆက်တည်းမှာပင် "ည အခါမှာ ကြီးမားတဲ့ နေရာတွေကို ရှောင်ရှားပါ။ သေးငယ်တဲ့ နေရာမှာ နေပါ" ဆိုသော ဆရာဘုန်းတော်ကြီး၏ စကားကိုလည်း အမှတ်ရလာသည်။ စင်စစ်သူသည် ဆရာဘုန်းတော်ကြီး၏ စကားကို နားထောင်ခဲ့သဖြင့် ယခုကဲ့သို့ အသက်ချမ်းသာရာ ရခဲ့ခြင်းပင်။

သူသည် ဘုန်းကြီးဝတ်ရန် မကြိုးစားတော့။ ပန်းချီပညာကို အပတ်တကုတ် ကြိုးစားသင်ယူသည်။ မကြာမီပင် နာမည်ကျော် ပန်းချီဆရာကြီး တစ်ဦးဖြစ်လာလေတော့သည်။

(ဂျပန်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## စိန်ကုန်သည်နှင့် စိန်တု

တစ်ရံရောအခါ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် စိန်ကုန်သည် တစ်ဦးရှိသည်။ သူသည် လုပ်ငန်းနှင့် ပတ်သက်၍ အထူး ကျွမ်းကျင်သည်။ ထို့ကြောင့် ဘုရင်မင်းမြတ်နှင့် မင်းညီမင်းသားများ အပါအဝင် သူ့ထံ၌ လုပ်ငန်းအပ်နှံ သူတိုင်းက သူ့အား လေးစားကြသည်။

တစ်နေ့သော် စိန်ကုန်သည်ထံသို့ လူတစ်ဦး ရောက်လာသည်။ သူက သူ့ထံတွင် ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်သော အလွန် အဖိုးတန်သည့် စိန်ကြီးတစ်လုံး ရှိကြောင်း၊ ထိုစိန်ကြီးကို ရောင်းလိုကြောင်း ပြောကြားသည်။

အမှန်စင်စစ်မှာ ထိုသူသည် လူလိမ်တစ်ဦး ဖြစ်သည်။ သူ ပြောပြသော အဖြစ်အပျက်မှာလည်း အမှန် မဟုတ်ပေ။ သူသည် လမ်းသွားရင်း အလွန် ကြီးမားသော ဖန်တုံးကြီး တစ်ခုကို ကောက်ရခဲ့သည်။ ထိုဖန်တုံးကြီးကို သေသပ်ကောင်းမွန်စွာ ဖြတ်တောက်၍ အကွက် အမျိုးမျိုး ပေါ်အောင် သွေးလိုက်သောအခါ တကယ့် စိန်တုံးကြီးပာစ်တုံးနှင့် တူလာသည်။ စိန်ရွေအကြောင်းကို နားမလည်သူများဆိုပါက တကယ့် စိန်အစစ်ဟုပင် ထင်ကြရသည်။ စိန်ကုန်သည်မှာမူ အတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ အစစ်နှင့် အတုကို ခွဲခြားနိုင်သည်။

www.burmeseclassic.com



ထိုလူလိမ်သည် ထိုစိန်တုကို ယူကာ စိန်ကုန်သည်ထံ လာရောင်းသည်။ စိန်ကုန်သည်သည် လူလိမ်အား စိန်ကြီးကို သေချာစွာ ကြည့်ခွင့်ပြုရန် ပြောသည်။ လူလိမ်သည် သူ၏ စိန်တုံး အတုကြီးကို တကယ့် စိန်တုံးကြီးပမာ တရိတသေ ထုတ်ပေးသည်။

စိန်ကုန်သည်သည် ထိုစိန်ကြီးကို သေချာစွာ ကြည့်ရှုစစ်ဆေးသည်။ အတန်ကြာသော် စိန်ကုန်သည်က "ပြောရမှာတော့ သိပ်ကို အားနာပါတယ် ခင်ဗျာ၊ ဒါဟာ တကယ့် စိန်တုံး အစစ် မဟုတ်ပါဘူး။ ဖန်တုံးကြီးပါ" ဟု ပြောလိုက်သည်။

ထိုအခါ လူလိမ်က "ဘယ်လို ပြောလိုက်တာလဲဗျာ၊ ကျွန်တော့် မိဘတွေ ဘိုးစဉ်ဘောင်ဆက်က ပိုင်ဆိုင်ခဲ့တဲ့ စိန်တုံးကြီးဟာ အတုတဲ့လား။ မယုံနိုင်ပါဘူး။ ခင်ဗျားဟာ စိန်ကဲ ကျောက်ကဲခတ် အလွန်တော်တယ်ဆိုလို့ ခင်ဗျားဆီ လာခဲ့တာ။ အခုတော့ အလကားပါပဲ" ဟု ပြန်ပြောသည်။

စိန်ကုန်သည်ကလည်း ဘာမှ ပြန်မပြောပေ။ နောက်ဆုံးတွင် လူလိမ်က "ကောင်းပြီလေ။ ဒါဆိုလည်း ခင်ဗျားကို ဒီစိန်တုံး ဝယ်ဖို့ မတိုက်တွန်းတော့ပါဘူး။ ဒါပေမဲ့ ကျွန်တော်ဟာ ဒီစိန်ကို ရောင်းဖို့ ဆုံးဖြတ်ထားတာမို့ ရောင်းဖို့ သင့် ထံမှာ အပ်ထားခဲ့ပါရစေ။ ဝယ်ချင်တဲ့ သူ ရှိရင် ရောင်းပေးပါ" ဟု ပြောသည်။

စိန်ကုန်သည်လည်း ငြင်းဆန်၍ မရသည့်အတွက် စိန်တုံးကြီးကို လက်ခံထားလိုက်ရသည်။ သို့သော် ရောင်းရလိမ့်မည်ဟု မမျှော်လင့်ပေ။ သူက "ဘယ်လောက်ရရင် ရောင်းမလဲ" ဟု မေးလိုက်သည်။ လူလိမ်က "အနည်းဆုံး ငွေဒင်္ဂါး ၈၀၀ ရရင် ရောင်းမယ်" ဟု ပြောကာ ထွက်ခွာသွားသည်။

စိန်ကုန်သည်သည် စိန်တုံးကြီးကို သူ့ထံတွင် သိမ်းဆည်းထားသည်။

ဤသို့ဖြင့် ၃ လမျှ ကျော်လွန် သွားခဲ့သည်။ တစ်နေ့သော် သူ့ထံ လူတစ်ယောက် ရောက်လာသည်။ ထိုသူက မိမိသည် မြောက်ပိုင်းနယ် တစ်နယ်မှ အရာရှိတစ်ဦး ဖြစ်ကြောင်း၊ မိမိတို့၏ မြို့စားကြီးက သူ့သမီးအတွက် စိန်ဝယ်ရန် စေလွှတ်လိုက်ခြင်း ဖြစ်ကြောင်း ပြောပြသည်။

စိန်ကုန်သည်သည် ဗန်ကောက်မြို့တွင် ထင်ရှားသော စိန်ကုန်သည်ကြီး ဖြစ်သည်။ သူ့တွင် စိန်အမျိုးမျိုး ရှိသည်ကို ထုတ်ပြသည်။ အရာရှိသည် ထိုစိန်များကို တစ်လုံးချင်း ကြည့်သည်။ သို့သော် လုံးဝ စိတ်ကြိုက်မတွေ့၊ သူက "အခြားစိန်များ ရှိပါသေးသလား" ဟု မေးသည်။ ဤတွင် စိန်ကုန်သည်ကြီးသည် သူ့ထံတွင် အပ်ထားသော စိန်တုကြီးကို သွား၍ သတိရသည်။ ထို့ကြောင့် သူက "မိမိ ထံတွင် လူတစ်ဦးက ရောင်းချရန် အပ်ထားသော

www.burmeseclassic.com



စိန်တစ်လုံးရှိကြောင်း ကြည့်လိုက ကြည့်နိုင်ကြောင်း၊ သို့သော် ထိုစိန်နှင့် ပတ်သက်ပြီး သူဘာမှ တာဝန်မယူကြောင်း" ပြောပြသည်။

အရာရှိက "ကောင်းပါပြီ၊ ကြည့်ပါရစေ" ဟု ဆို၍ တောင်းဆိုသည်။ စိန်ကုန်သည်လည်း စိန်အတုကြီးကို ထုတ်ပြသည်။ အရာရှိက သဘောကျသွားသည်။ ဈေးမည်မျှ ရှိကြောင်း မေးသည်။ ဤတွင် စိန်ကုန်သည် လောဘ တက်သွားသည်။ သူ့အား ပိုင်ရှင်က ပြောခဲ့သည့် အတိုင်း စိန်တန်ဖိုးကို ငွေဒင်္ဂါး ရှစ်ရာဟု ပြောလျှင် ပွဲခအဖြစ် မိမိငွေ အနည်းငယ်သာ ရမည်။ တန်ဖိုးကို ၂ ဆ တိုးကာ ငွေဒင်္ဂါး တစ်ထောင့်ခြောက်ရာဟု ပြောလိုက်လျှင် မိမိငွေရှစ်ရာ ပိုရမည်။ ထို့ကြောင့် စိန်တန်ဖိုးကို ငွေဒင်္ဂါးတစ်ထောင့်ခြောက်ရာပါ" ဟု ပြောလိုက်သည်။

အရာရှိက "ကောင်းပြီ၊ ဒီစိန်ကို ကျုပ် ဝယ်မယ်။ ဒါပေမဲ့ အခု ကျုပ်မှာ ငွေတစ်ထောင့် ခြောက်ရာ ပါမလာဘူး။ ငွေလေးရာပဲ ပါလာတယ်။ စိန်ဖိုးငွေ လေးရာကို စရန်အဖြစ် ပေးထားခဲ့မယ်။ မြို့စားကြီးထံ သွားပြီး အကျိုးအကြောင်း ပြောပြီးရင် ၇ ရက်အတွင်းမှာ ကျန်ငွေကို လာချေမယ်။ ဒီတော့မှ စိန်ကိုလည်း ယူပါ့မယ်။ ၇ ရက် မပြည့်မချင်း ဒီပစ္စည်းကို တခြား ဘယ်သူ့ကိုမှ မရောင်းပါနဲ့၊ တကယ်လို့ ၇ ရက်ကျော်လို့မှ ကျုပ်ပြန်မလာရင် စရန်ပေးထားတဲ့ ငွေလေးရာကို ခင်ဗျားပဲ အပိုင်ယူပေတော့။ အကယ်၍ ၇ ရက်အတွင်းမှာ ကျုပ်ပြန်လာလို့ စိန်ကို တခြားတစ်ယောက်ကို ရောင်းလိုက်တယ်ဆိုရင် ကျုပ်ပေးထားတဲ့ စရန်ငွေကို ပြန်ပေးရမယ်" ဟု ပြောသည်။ စိန်ကုန်သည်လည်း "ကောင်းပါပြီ" ဟု ကတိပြုသည်။ အရာရှိလည်း စရန်ငွေ ၄၀၀ ကို ပေးကာ ပြန်သွားသည်။

၂ ရက်ခန့် ကြာသော် စိန်တုံးကြီး အပ်ခဲ့သော ပိုင်ရှင် ရောက်လာသည်။ သူက မိမိ၏ စိန်တုံးကြီး ရောင်းရ,မရ သိလိုကြောင်း ပြောသည်။ စိန်ကုန်သည်လည်း ဘာမျှ ပြန်မပြော ပေ။

ဤတွင် စိန်တုံးပိုင်ရှင် လူလိမ်က "တောင်ပိုင်းမြို့နယ်က ကုန်သည် တစ်ဦးဟာ စိန်ဝယ်ဖို့ ရောက်နေတယ်။ ဒါကြောင့် ကျုပ်ရဲ့ စိန်တုံးကြီး မရောင်းရသေးရင် ပြန်ယူသွားပြီး သူ့ကို သွားပြချင်ပါတယ်။ ပြန်ပေးလိုက်ပါ" ဟု ပြောသည်။

စိန်ကုန်သည်သည် ကြံရာမရ ဖြစ်သွားသည်။ သူ့အနေဖြင့် စိန်တုံးကို သတ်မှတ်ဈေး ထက် နှစ်ဆ အမြတ်တင် ရောင်းချလိုက်ကြောင်းကို အမှန်အတိုင်း ဖွင့်ပြော၍လည်း မဖြစ်။ ထိုစိန်တုံးကို ယခုပြန်ပေးလိုက်ပါလျှင်လည်း ငွေရှစ်ရာ လက်လွတ်သွားတော့မည်။ သူသည် အမျိုးမျိုးအကြံအိုက်နေရာမှ နောက်ဆုံးတွင် အကြံတစ်ခု ရသွားသည်။ ထိုအကြံမှာ စိန်တုံးကို စိန်ပိုင်ရှင်ထံမှ ငွေရှစ်ရာဖြင့် ဝယ်ယူလိုက်ရန် ဖြစ်သည်။

www.burmeseclassic.com



ထို့ကြောင့် သူက"ခင်ဗျားရဲ့ စိန်ကြီးကို ပထမတုန်းကတော့ သိပ်ပြီး တန်ဖိုး မထားမိပါဘူး။ အခု သေချာ စဉ်းစားကြည့်တော့မှ လိုချင်စိတ် ပေါ်လာတယ်။ ဒါကြောင့် ဒီစိန်ကို ကျုပ်ကို ရောင်းပါ" ဟု ပြောသည်။

စိန်ပိုင်ရှင် လူလိမ်က "ဒါနဲ့ အလျှင်က ခင်ဗျားပြောတော့ ဒီစိန်က အတုကြီးဆို။ ခုတော့ ဘယ်လို ဖြစ်ပြန်တာလဲ" ဟု ပြန်မေးသည်။

စိန်ကုန်သည်သည် ဘာမှ ပြန်မဖြေတော့ဘဲ စိန်တုံးကြီးကို ငွေ ၈၀၀ ပေးကာ ဝယ်လိုက်သည်။ စိန်ပိုင်ရှင် လူလိမ်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် ငွေများကို ယူကာ ပြန်သွားသည်။ မပြန်မီတွင် လူလိမ်က "ကျုပ်ဆီက ဖန်တုံးကို ငွေရှစ်ရာပေးပြီး ဝယ်လိုက်တဲ့ အတွက် မကျေမနပ် ဖြစ်နေသေးလား" ဟု ဆိုလိုက်သေးသည်။

စိန်ကုန်သည်က "ကျေနပ်ပါတယ်" ဟု ပြန်ပြောလိုက်သည်။

စိန်ကုန်သည်သည် "နောက် ၅ ရက်ကြာပါက စိန်ဖိုးအတွက် ကျန်ငွေများထပ်ရတော့မည်" ဟု တွေးကာ ဝမ်းသာနေသည်။

ဤသို့ဖြင့် ၇ ရက်စေ့သွားသည်။ ချိန်းဆိုထားသော အရာရှိသည် ပေါ်မလာပေ။ ၈-ရက်မြောက် နေ့တွင်လည်း ထိုသူပေါ်မလာ။ ဤသို့ဖြင့် ၁၀ ရက်တိုင်သွားသည်။ အရာရှိကား လုံး၀ ရောက်မလာ။ စိန်ကုန်သည်သည် ထိုအခါကျမှ မိမိ အလိမ်ခံရမှန်း သိသွားတော့သည်။ စင်စစ် လူလိမ်က အကွက်ဆင်ကာ သူ့ကို တစ်ပတ်ရိုက်လိုက်ခြင်း ဖြစ်သည်။ သူသည် လောဘ တတ်ကာ မမှန်မကန် ပြုခဲ့သဖြင့် လူလိမ်၏ တစ်ပတ်ရိုက်ခြင်းကို ခံရပေသည်။ သူသည် ထို အဖြစ်အပျက်ကို မည်သူ့ကိုမျှ ဖွင့်မပြောဝံ့။ ငွေလေးရာ ဆုံးရှုံးရသည့်အပြင် အရှက်ကြီးစွာ ရသွားလေသည်။ နောင်တကြီးစွာလည်း ရသွားလေသည်။

(ထိုင်းပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ထူးခြားသော မျက်စုံးပိုင်ရှင်

တစ်ခါက တရုတ်ပြည်တွင် အလွန်တရော ချောမောလှပသော မိန်းမပျိုကလေး တစ်ဦး ရှိသည်။ ထိုမိန်းမပျိုကလေးသည် မိုးမခပင် ကလေးကဲ့သို့ ကျက်သရေ ရှိသည်။ သူ၏ အသား အရေမှာ နို့နှစ်ရောင် ရှိ၍ ကျောက်စိမ်းရုပ်တုကလေးကဲ့သို့ ချောမွတ်ပြေပြစ်သည်။ သို့သော် သူ့အလှကို ဖျက်နေသော အရာတစ်ခုရှိသည်။ ထိုအရာမှာ သူ၏ လက်ဝဲဘက် မျက်ခုံးမွေး ဖြစ်သည်။ ယင်းသည် အမာရွတ်တစ်ခုကြောင့် တစ်ဆက်တည်း မနေ၊ အနည်းငယ် ပြတ်တောက်နေသည်။ ထိုဒဏ်ရာကို သူသည် ငယ်စဉ် ကလေးဘဝက မတော်တဆ ထိခိုက်မိကာ ရရှိခဲ့ခြင်း ဖြစ်သည်။

တစ်နေ့သော် ချောမောလှပပြီး ချမ်းသာကြွယ်ဝသော လူငယ်တစ်ဦးသည် ထို မိန်းကလေး၏ အိမ်အနီးသို့ ရောက်လာသည်။ သူသည် မိန်းကလေး၏ အိမ်အနီးရှိ သစ်ပင်ပေါ်သို့ တက်ကာ ငှက်သိုက်များကို လိုက်လံရှာဖွေသည်။ ထိုစဉ် မိန်းကလေး နေထိုင်ရာ အိမ်၏ ခြံဝင်းတံတိုင်းပေါ်သို့ တက်ရင်း ခြံအတွင်းသို့ အမှတ်မထင် ကြည့်လိုက်မိ၏။ ထိုအချိန်တွင် မိန်းကလေးသည် ခြံတွင်း၌ ထိုင်၍ အပ်ချုပ်နေသည်။ မိန်းကလေး၏ အလှမှာ ပေါ်လွင်လွန်းလှသည့်အတွက် လုလင်ပျိုသည် မိန်းကလေးကို အတန်ကြာ စိုက်ကြည့်

www.burmeseclassic.com



နေမိရင်းက အလွန် ချစ်ခင်သွားမိတော့သည်။ ထိုနေ့ည အိမ်သို့ ပြန်ရောက်သော် သူ၏ မိဘများအား အကျိုးအကြောင်း ပြောပြသည်။ မိန်းကလေးကို သွားရောက် တောင်းရမ်းပေးရန် ပူဆာသည်။ သူ၏ မိဘများသည် ပထမတွင် မယုံကြည်ကြပေ။ သို့သော် သူက အကြိမ်ကြိမ် ပင် အသနားခံသည့် အတွက် နောက်ဆုံးတွင် မိန်းမပျိုကလေးကို သွားရောက် တောင်းရမ်းပေး ရန် သဘောတူလိုက် ကြသည်။

သူ၏ မိဘများသည် အောင်သွယ်ကောင်း တစ်ယောက်ကို ရှာ၍ ထိုကိစ္စကို စီမံကြ သည်။ မကြာမီပင် သူတို့သည် အိမ်နီးချင်းများအား အသိသက်သေအဖြစ် ခေါ်ဆောင်ကာ လက်ဆောင် ပဏ္ဏာများနှင့်အတူ မိန်းမပျိုလေးကို သွားရောက် တောင်းရမ်းကြသည်။ မိန်းမပျို လေး၏ မိဘများကလည်း သဘောတူ လက်ခံကြသည်။

အောင်သွယ်က လုလင်ပျိုအား "မိန်းကလေးဟာ ချမ်းသာပြီး သိပ်ကို လှတယ်။ ဒါပေမဲ့ သူနဲ့ ပတ်သက်ပြီး မင်းဘယ်လောက် သိထားသလဲ။ ဒီအချက်ကို သေချာသိပြီးမှ မင်္ဂလာကိစ္စကို စီမံသင့်တယ်။ မလောသင့်ဘူး" ဟု ပြောသည်။

လုလင်က "အို... ကျွန်တော် သူ့ကို တွေ့ဖူးပါတယ်။ သူ ဘယ်လောက်လှတယ် ဆိုတာလည်း ကျွန်တော် သိပါတယ်" ဟု ပြောကာ စကားဖြတ်လိုက်သည်။ မိန်းမပျို၏ မျက်ခုံးမွေးမှာ ချွတ်ယွင်းချက် ရှိနေကြောင်း အောင်သွယ်တော်က ဆက်ပြောမည့် စကားကို သူသည် လုံးဝ နားမထောင်ပေ။

ရက်များ တဖြည်းဖြည်း ကုန်ဆုံးလာခဲ့သည်။ နောက်ဆုံးတွင် လက်ထပ်မင်္ဂလာပွဲနေ့သို့ ရောက်လာသည်။ သတို့သမီး၏ မိဘများနှင့်ဆိုင်သော ခြံဝင်းအတွင်းတွင် ရပ်နီးရပ်ဝေးမှ မိတ်ဆွေ သင်္ဂဟများ လက်ဖွဲ့သော ပစ္စည်းများဖြင့် ပြည့်နေသည်။ သို့သော် မိန်းမပျိုလေးမှာ မပျော်ရွှင်နိုင်ရှာပေ။ သူ့ခင်ပွန်းသည် သူ့မျက်ခုံးမှ အနာရွတ်ကို မြင်ဟန်မတူ။ ယင်းကိုမြင်လျှင် စိတ်ပျက်ကာ သူ့အား ပစ်သွားမည်ကို စိုးရိမ်နေရှာသည်။

သူ၏ မိခင်က "ဘာမှ စိတ်မပူပါနဲ့ သမီးရယ်၊ အောင်သွယ်တော်က သမီးရဲ့ မျက်ခုံး အကြောင်းကို ပြောထားပြီးသား ဖြစ်မှာပါ။ သူ ကျေနပ်လို့သာ အခုလို လက်ထပ်တာ ဖြစ်မှာပါ" ဟု နှစ်သိမ့်ရှာသည်။

သို့သော် မိန်းမပျိုလေးမှာ မပျော်ရွှင်နိုင်ရှာပေ။ ထိုခေတ်တွင် သူတို့ ရိုးရာဓလေ့ ထုံးစံအရ လက်ထပ် မင်္ဂလာပွဲတွင် မျက်နှာကို လူမမြင်အောင် ဇာပဝါပါးဖြင့် ဖုံးအုပ်ထားကြရသည်။ သို့ဖြစ်ပါ၍ ဇာပဝါပါးကို ဖယ်လိုက်ချိန်တွင် အနာရွတ်ကို လုလင်ပျို မြင်တွေ့သွားမည်ကို

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုသည် စိုးရိမ်နေရှာသည်။ လုလင်ပျိုကမူ ဘာမှ မသိရှာ။ ရယ်မောပျော်ရွှင်စွာဖြင့်သာ ဧည့်သည်များကို နှုတ်ဆက်စကား ပြောနေသည်။

မကြာမီ မင်္ဂလာ အခမ်းအနား ပြီးဆုံးသွား၍ ဧည့်သည်များ အိမ်သို့ ပြန်သွားကြသည်။ ထိုအခါ သတို့သားသည် သတို့သမီး၏ မျက်နှာကို ဖုံးအုပ်ထားသော ဇာပဝါပါးကို ဖယ်လိုက်သည်။ သတို့သမီး၏ မျက်ခုံးမွေး တစ်ဖက်မှာ တစ်နေရာတွင် ပြတ်တောက်နေသည်ကို တွေ့ရသည်။ သူသည် အလွန် အံ့သြသွားသည်။

သတို့သမီးသည် သူ့ခင်ပွန်း အံ့သြနေသည်ကို ကြည့်ကာ "အံ့သြနေသလား မောင်ရယ်၊ ကျွန်မရဲ့ မျက်ခုံးမွေး အကြောင်းကို အောင်သွယ်တော်က ဘာမှ ပြောမပြဘူးလား။ ကျွန်မ ငယ်စဉ် ကလေးဘဝက ဒဏ်ရာရခဲ့လို့ ခုလို ဖြစ်ရတာပါ။ တစ်နေ့မှာ ကျွန်မဟာ ကျွန်မရဲ့ မိဘတွေနဲ့ အတူ တခြားမြို့တစ်မြို့ကို လိုက်သွားပါတယ်။ အဲဒီက ခြံထဲမှာ ကစားနေတုန်း ခြံထဲမှာ ရှိတဲ့ သူငယ်လေး တစ်ယောက်က ခဲတစ်လုံးနဲ့ ပေါက်လိုက်ပါတယ်။ သူကတော့ ကျွန်မကို တမင်ပေါက်တာ မဟုတ်ပါဘူး။ မတော်တဆ ထိမိတာပါ။ အဲဒီ ခဲတစ်လုံးဟာ ကျွန်မရဲ့ မျက်ခုံးကို လာမှန်တယ်။ အဲဒီ ဒဏ်ရာကြောင့် အနာကျက်သွားတဲ့အခါမှာ အဲဒီ နေရာမှာ မျက်ခုံးမွေး ပြန်မပေါက်တော့ဘူး။ ခုလိုပဲ အရုပ်ဆိုးသွားရပါတော့တယ်။ ဒီအတွက် ကျွန်မ အထူး တောင်းပန်ပါတယ်။ ခွင့်လွှတ်ပါ" ဟု ပြောပြသည်။

လုလင်ပျိုက "နေပါဦး နှမရယ်၊ အဲဒီ ခဲနဲ့ပေါက်တဲ့ သူငယ်လေးရဲ့ နာမည်ကို မသိဘူးလား" ဟု မေးလိုက်သည်။

မိန်းမပျိုက "မသိပါဘူး။ သူလည်း ကျွန်မလိုပဲ ခဏလာတဲ့ ဧည့်သည်ပါ" ဟု ပြန်ဖြေသည်။

လုလင်ပျိုက "ငယ်ငယ်က ကစားခဲ့တယ်ဆိုတဲ့ ပန်းခြံဟာ ပီကင်းမြို့က လီမိသားစုရဲ့ ပန်းခြံ မဟုတ်လား" ဟု မေးလိုက်သည်။

မိန်းမပျိုလေးသည် တအံ့တသြဖြင့် "ဟုတ်တာပေါ့ မောင်ရယ်၊ မောင် ဘယ်လို လုပ် သိသလဲ" ဟု ပြောလိုက်သည်။

လုလင်ပျိုက "သိဆို အဲဒီသူငယ်ဟာ တခြားသူ မဟုတ်ဘူး။ မောင်ပဲ၊ မောင်ပစ်လိုက်တဲ့ ခဲလုံးကြောင့် လီမိသားစုရဲ့ ခြံထဲမှာ ကစားနေတဲ့ ကလေးမလေး တစ်ယောက်ရဲ့ နဖူးကို ထိသွားတယ်လို့ မိဘတွေက ပြောကြတယ်။ ဒါပေမဲ့ ဘယ်သူမှန်းတော့ မသိဘူး။ အခုတော့ နဖူးစာရွာလည် ဆိုတာလို မမျှော်လင့်ဘဲ တွေ့ဆုံကြရပြီ။ ဝမ်းသာလိုက်တာကွယ်။ နှမရဲ့ ပျက်စီးသွားတဲ့ မျက်ခုံးအတွက်ကိုလည်း ထိုက်တန်တဲ့ လျော်ကြေးပေးပါ့မယ်" ဟု ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် သူသည် အကောင်းဆုံး မင်အနက်ရောင်နှင့် အသေးငယ်ဆုံး စုတ်တံတစ်ခုကို ယူကာ မိန်းမပျို၏ ပြတ်တောက်နေသော မျက်ခုံးနေရာတွင် အစားထိုး ရေးဆွဲပေးသည်။ သူ ရေးဆွဲပေးသော မျက်ခုံးမှာ အလွန်လှပြီး မိုးမချွန်ရွက်ကလေးနှင့် တူသည်။ ဤမျက်ခုံးမျိုးကို အခြား မည်သူမျှ တုပနိုင်မည် မဟုတ်ပေ။ လုလင်ပျိုသည် သူ့ဇနီးအား နံနက်တိုင်း မျက်ခုံးမွေး ရေးဆွဲပေးသည်။ ဤသို့ဖြင့် သူတို့နှစ်ဦးသည် အသက်ထက်ဆုံး ချစ်ခင်စွာ ပေါင်းသင်းနေထိုင်သွားကြလေသည်။

(တရုတ်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## နွားထီး၏ နို့ရည်

တစ်ရံရောအခါ တိုင်းပြည်တစ်ပြည်တွင် ဘုရင်တစ်ပါးရှိသည်။ တစ်နေ့သော် ထိုဘုရင်သည် မကျန်းမမာဖြစ်ကာ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲသော ဝေဒနာကို ခံစားရသည်။ သမားတော်ကြီးကို အလျင်အမြန်ခေါ်၍ ပြသသည်။ သမားတော်ကြီးက "ဘုရင်ကြီးရဲ့ ဝေဒနာအတွက် ကျွန်တော်မျိုးမှာ ဆေးကောင်းတစ်လက် ရှိပါတယ်။ ဒီဆေးကို သောက်လိုက်ရင် ချက်ချင်း ပျောက်သွားမှာပါ။ ဒီဆေးကို နွားထီးရဲ့ နို့ရည်နဲ့ ရောစပ်ပြီး သောက်ရပါမယ်" ဟု ပြောလိုက်သည်။

ထို့နောက် သမားတော်ကြီးသည် ပုလင်းကလေး တစ်လုံးကို ဘုရင့်အား ထုတ်ပေးသည်။ ဘုရင်သည် နွားထီး၏ နို့ရည်ကို မကြားဖူးသည့်အတွက် အလွန် အံ့သြနေသည်။ "မဖြစ်နိုင်တာဘဲ၊ တစ်ခုခုတော့ မှားနေပြီ ထင်တယ်" ဟု ဘုရင်က ပြန်မေးလိုက်သည်။

သမားတော်ကြီးက "မမှားပါဘူး၊ အမတ်ကြီးကိုသာ ဒီပစ္စည်းရအောင် ရှာခိုင်းပါ။ အမတ်ကြီး အမြော်အမြင်နဲ့ သိပ်ပြည့်စုံတော့ သူ ရအောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ သမားတော်ကြီးသည် အမတ်ကြီးအား အမှုကိစ္စတစ်ခုနှင့် ပတ်သက်ပြီး မကျေမနပ်ဖြစ်ကာ ပုန်းတီးနေသည်။ ထို့ကြောင့် အမတ်ကြီး ဒုက္ခရောက်စေရန် အကောက်ကြံခြင်းဖြစ်သည်။

သမားတော်ကြီး ပြန်သွားသည်နှင့် ဘုရင်သည် အမတ်ကြီးအား ခေါ်ကာ အကျိုးအကြောင်း ပြောပြသည်။ အမတ်ကြီးသည် ဘုရင်၏ စကားကို ကြားသောအခါ သမားတော်ကြီးက သူ့အား အကောက်ကြံမှန်း ချက်ချင်းသိလိုက်သည်။

ထို့ကြောင့် အမတ်ကြီးက "မှန်လှပါ၊ နွားထီးက ဘယ်လိုလုပ်ပြီး နို့ရည်ထွက်နိုင်ပါလဲ ဘုရား" ဟု ပြန်ပြောလိုက်သည်။

ဘုရင်သည် ဉာဏ်အမြော်အမြင် နည်းရကာ အမတ်ကြီး၏ စကားကို လက်မခံပေ။ သူသည် ဒေါသတကြီးဖြင့် "ဒါတွေ ငါမသိဘူး။ နွားမရဲ့ နို့ရည်ဖြစ်ဖြစ်၊ တခြား ဘယ်တိရစ္ဆာန်အမရဲ့ နို့ရည်ဖြစ်ဖြစ် ငါ့အတွက် အသုံးမဝင်ဘူး။ နွားထီးရဲ့ နို့ရည်ကသာ အသုံးဝင်တယ်လို့ သမားတော်ကြီးက ပြောတယ်။ ဒါကြောင့် နွားထီးရဲ့ နို့ရည်ကိုသာ ရအောင် ခုချက်ချင်း သွားရှာချေ" ဟု တစ်ချက်လွှတ် အမိန့်တော် ချမှတ်လိုက်သည်။

အမတ်ကြီးလည်း မည်သို့မျှ မပြောနိုင်တော့ပေ။ ဦးခေါင်း ငိုက်စိုက် ချကာ စိတ်ပျက်လက်ပျက်ဖြင့် ထိုနေရာမှ ပြန်လည် ထွက်ခွာလာခဲ့သည်။

အိမ်သို့ရောက်၍ ထမင်း စားသောက်ပြီးသောအခါ အမတ်ကြီးသည် နွားထီး၏ နို့ရည်ကို မည်သို့ ရအောင် ရှာဖွေရမည်ဟု စဉ်းစားနေသည်။ အမတ်ကြီး၏ သမီးပျိုသည် ဖခင်ဖြစ်သူ စိတ်မချမ်းမသာ ဖြစ်နေသည်ကို မြင်သဖြင့် အနီးသို့ ချဉ်းကပ်၍ အကျိုးအကြောင်း မေးသည်။

အမတ်ကြီးသည် သမီးဖြစ်သူ စိတ်မချမ်းသာမည်စိုး၍ ပထမတွင် အကျိုးအကြောင်းကို လုံးဝ မပြောပေ။ သို့သော်.သမီးဖြစ်သူက အကြိမ်ကြိမ် မေးမြန်းသည့် အတွက် နောက်ဆုံးတွင် အဖြစ်အပျက်အားလုံးကို ပြောပြလိုက်သည်။

သမီးဖြစ်သူသည် အဖြစ်အပျက်ကို ကြားရလျှင် "ဒီအတွက် ဘာမှ စိတ်မပူပါနဲ့ အဖေ၊ ဒီကိစ္စ သမီးတာဝန် ထားလိုက်ပါ" ဟု ပြောလိုက်သည်။

နောက်တစ်နေ့သို့ ရောက်သော် အမတ်ကြီး၏ သမီးပျိုသည် အဝတ်ဟောင်း အချို့ယူကာ ဘုရင်၏ နန်းတော်အနီးရှိ မြစ်ကမ်းစပ်သို့ သွားသည်။ ရောက်လျှင် ဘုရင်၏ အိပ်ခန်းပြတင်းပေါက် အောက်တည့်တည့် ကျရောက်သော နေရာကို ရွေးချယ်မှတ်သားသည်။ ထို့နောက် အိမ်သို့ ပြန်သွားသည်။ ထိုနေ့ည သန်းခေါင် လူခြေတိတ်ချိန်သို့ ရောက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီး၏ သမီးသည် ထိုနေရာသို့ သွားကာ အဝတ်များကို စတင် လျှော်ဖွပ်သည်။ သူသည် အဝတ်များကို တုတ်ဖြင့် ရိုက်ကာ လျှော်ဖွပ်ရာ အသံများ ဆူညံနေသည်။ ဘုရင်သည် ထိုအသံများကြောင့် အိပ်ရာမှ လန့်နိုးလာသည်။ သူသည် စိတ်ဆိုးလွန်းသဖြင့် အဝတ်လျှော်သူအား ဖမ်းဆီးခေါ်ဆောင် လာရန် အမိန့်ပေးလိုက်သည်။

မင်းချင်းတို့လည်း ဘုရင်အား အိပ်ရေးပျက်အောင် လုပ်သူကို ရှာဖွေရာ မြစ်ကမ်းအနီးတွင် အဝတ်လျှော်နေသော မိန်းမပျိုကို တွေ့ကြသည်။ သူတို့သည် မိန်းမပျိုအား စစ်မေးရာ မိန်းမပျိုကလည်း သူတို့ မေးသမျှကို လိမ္မာပါးနပ်စွာ ဖြေဆိုသည်။

"သင် ဒီမှာ ဘာလာလုပ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲလေ၊ အဝတ်လျှော်နေတာပါ"

"ဒီအချိန်ဟာ အဝတ်လျှော်ရမယ့် အချိန် မဟုတ်ဘဲ၊ သင် ဘယ်သူလဲ"

"ကျွန်မဟာ လူသားတစ်ယောက်ပါ၊ လူသား မိန်းကလေး တစ်ယောက်ပါ"

"သင် ဘယ်သူ့ သမီးလဲ"

"သင့် ဖခင် ဘယ်သူလဲ"

"ကျွန်မ အမေရဲ့ ခင်ပွန်း ဖြစ်ပါတယ်"

နောက်ဆုံးတွင် မင်းချင်းသည် " သင်ဟာ သိပ်ကို ပါးနပ်လိမ္မာတဲ့ မိန်းကလေးပဲ။ သင့်ကို ဘုရင်ထံ ပို့ရမယ်။ ဘုရင်ကို သင် ဘယ်လို လှည့်ဖြားဦးမယ် ဆိုတာ စောင့်ကြည့်ကြသေးတာပေါ့" ဟု ဆိုပြီး မိန်းမပျိုကို ဘုရင် ရှေ့တော်မှောက်သို့ ပို့လိုက်သည်။

ဘုရင်သည် အကျိုးအကြောင်းကို သိရလျှင် မိန်းမပျိုအား စိတ်ဆိုးမာန်ဆိုးဖြင့် "သင် ဘယ်သူလဲ၊ ငါ့ နန်းတော်ရဲ့ ပြတင်းပေါက် အောက်ဘက်မှာ ဘာကြောင့် အဝတ် လာလျှော်ရတာလဲ" ဟု မေးလိုက်သည်။

အမတ်ကြီး၏ သမီးသည် ကြောက်ရွံ့သည့် အမူအရာဖြင့် "မှန်လှပါ အရှင်၊ ကျွန်တော်မျိုးမဟာ ညဘက်မှာ အဝတ်မလျှော်ရင် မဖြစ်လို့ပါ၊ ကျွန်တော်မျိုးမရဲ့ ဖခင်ဟာ ဒီနေ့ နေ့လယ်က သားယောကျ်ားလေး တစ်ဦး မွေးဖွားပါတယ်။ ကျွန်မဟာ ဒီကိစ္စကြောင့် တစ်နေ့လုံး အလုပ်ရှုပ်နေခဲ့ပါတယ်။ ကလေးအတွက် လျှော်ပြီးသား အနှီး မရှိတော့လို့ အခုလို ညအချိန် မတော်မှာ အဝတ်လျှော်မိတာကို ခွင့်လွှတ်တော်မူပါ" ဟု ပြန်လည် ပြောဆိုသည်။

ထိုစကားကို ကြားလျှင် ဘုရင်သည် အံ့သြတကြီးဖြင့် "ဘာပြောတယ်၊ သင်ဟာ ငါ့ကို အရူးလုပ်နေတာလား၊ ဒါမှမဟုတ် သင် ရူးနေသလား၊ သင့်ဖခင် ယောကျ်ားကြီးက ကလေး မွေးတယ်ဆိုတာ တစ်ခါမှ မကြားဖူးပါဘူး" ဟု ပြောလိုက်သည်။

www.burmeseclassic.com



အမတ်ကြီး၏ သမီးက "မှန်လှပါ၊ ကျွန်တော်မျိုးမလည်း တစ်ခါမှ မကြားဖူးပါဘူး။ ဒါပေမဲ့ အခုတလော ဒီတိုင်းပြည်မှာ ထူးဆန်းတာတွေ ဖြစ်ပေါ်နေပါတယ်" ဟု ပြောလိုက်သည်။

ဘုရင်က "ဘာတွေ ဖြစ်နေလို့လဲ" ဟု မေးလိုက်သည်။

အမတ်ကြီး၏ သမီးက "မှန်လှပါ၊ ဘုရင်မင်းမြတ် ကိုယ်တိုင်က လူတစ်ယောက်ကို နွားထီးရဲ့နို့ရည် ရှာခိုင်းတယ်ဆိုရင် ယောကျ်ားက ကလေးမွေးဖွားတယ်ဆိုတာလည်း ဖြစ်နိုင်ရမှာပေါ့" ဟု ပြန်ဖြေလိုက်သည်။

ဘုရင်သည် ကောင်းစွာ သဘောပေါက်သွားသည်။ သူသည် အမတ်ကြီးသမီးအား "အမတ်ကြီးနှင့် ဆွေမျိုးတော်သလား" ဟု ပြုံးရွှင်စွာဖြင့် မေးလိုက်သည်။

မိန်းကလေးက အမတ်ကြီး၏ သမီးဖြစ်ကြောင်း ဖြေကြားသည်။

ဘုရင်သည် စိတ်မဆိုးသည့်အပြင် မိန်းမပျို၏ ရဲရင့်ပုံနှင့် ပညာဉာဏ်ကြီးပုံကို အလွန် သဘောကျသွားသည်။

ထို့ကြောင့် မိန်းမပျိုအား "နွားထီးရဲ့ နို့ရည်ကို ဘုရင် ရသွားပြီ။ အဲ့ဒီ နို့ရည်ကို သင့်ဖခင် မွေးဖွားတဲ့ ကလေးအတွက် ဘုရင်က ပေးလိုက်တယ်လို့ ပြောချေ" ဟု မှာလိုက်သည်။

မိန်းကလေးက "မှန်လှပါ၊ ကျွန်တော်မျိုးမရဲ့ ဖခင်က ယုံကြည်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အထောက်အထား တစ်ခုခု ပေးလိုက်ပါ" ဟု ပြောသည်။

ဘုရင်လည်း အလွန် ကောင်းမွန် သန့်ရှင်းသော စာရေးစက္ကူ တစ်ရွက်ကိုယူကာ "အမတ်ကြီး၏သမီးနှင့် ပေးလိုက်သော နွားထီး၏ နို့ရည်ကို ကောင်းစွာ ရရှိပါသည်" ဟု ရေးသားကာ လက်မှတ်ထိုးပေးလိုက်သည်။

သမားတော်ကြီးသည် ဘုရင်၏ ပေးစာကို မြင်လျှင် အလွန်အံ့ဩသွားသည်။ ထိုနေ့မှစ၍ သူသည် မဟုတ်တရား မပြုဝံ့တော့ပေ။ လူနာများကို သူ့တွင်ရှိသော ဆေးများဖြင့်သာ ပျောက်ကင်းအောင် ကုသပေးတော့သည်။

(အိန္ဒိယပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## လောဘကြီးသူ

တစ်ရံရောအခါက တစ်အိမ်ထဲတွင် အတူတကွ နေထိုင်ကြသော ညီအစ်ကို နှစ်ဦးရှိသည်။ သူတို့သည် ညီအစ်ကို ဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး စိတ်ထားချင်း မတူကြ။ အစ်ကို ဖြစ်သူသည် လောဘကြီးသည်။ ညီငယ်မှာ ရိုးသားသည်။

တစ်ခုသော နွေရာသီသို့ ရောက်၍ စိုက်ပျိုးချိန်တန်သော် သူတို့ ညီအစ်ကိုသည် အများနည်းတူပင် ထွန်ယက် စိုက်ပျိုးရန် ပြင်ဆင်သည်။ သို့သော် ညီငယ်တွင် စိုက်ပျိုးရန် မျိုးစေ့များ မရှိပေ။ သူသည် အစ်ကိုဖြစ်သူထံ သွားကာ သူ့အား စိုက်ပျိုးရန် မျိုးစေ့အနည်းငယ် ပေးပါရန် တောင်းခံသည်။ အစ်ကိုသည် သူ့ဇနီးအား ညီငယ်ကို မျိုးစေ့အချို့ ပေးရန် ပြောသည်။ အစ်ကို၏ ဇနီးသည် မတ်တော်မောင် အပေါ်တွင် မလိုမုန်းထားသူ ဖြစ်သည်။ ထို့ကြောင့် သူသည် မျိုးစေ့များမှ အပင် မပေါက်အောင် ကြံစည်သည်။ သူသည် မျိုးစေ့များကို အိုးကြီးတစ်လုံးထဲတွင် ထည့်ကာ လှော်ပြီးမှ ညီငယ်အား ပေးလိုက်သည်။

ညီငယ်သည် အဖြစ်မှန်ကို မသိရကား မျိုးစေ့များကို ကြိုးစား စိုက်ပျိုးသည်။ သို့သော် ဘာပင်မှ ပေါက်မလာပေ။ ကံအားလျော်စွာပင် ထိုအထဲမှ မျိုးစေ့ တစ်စေ့သည်သာ အိုးထဲသို့ ထည့်လှော်စဉ်က ကျန်ခဲ့သည်။ ထိုအစေ့မှသာ အပင်တစ်ပင် ပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီငယ်သည် ထိုအပင်ကို ကြိုးစား၍ စိုက်ပျိုးသည်။ ရေမှန်မှန် လောင်းပေးသည်။ ကာလအတန်ကြာသော် ထိုအပင်သည် အလွန်ကြီးမားသော အပင်ကြီး တစ်ပင် ဖြစ်လာသည်။ ထိုအပင်မှ အနံ့ကြီး တစ်ခုသည် အလွန် ကြီးမားလာကာ အမိုးကြီး တစ်ခုပမာ ရှိလာသည်။ သူ၏ အရွယ်မှာ ကြီးလွန်း၍ မြေကိုပင် အုပ်မိုးသွားလေတော့သည်။

မကြာမီ ကောက်ပင်များ ရင့်မှည့်ကာ ရိတ်သိမ်းရန် အချိန်သို့ ရောက်လာသည်။ ညီငယ်သည် သူ စိုက်ပျိုးထားသော အပင်ကို ပုဆိန် တစ်လက်ဖြင့် ခုတ်လှဲကာ ရိတ်သိမ်းရသည်။ အပင်ကြီး လဲကျပြီးနောက် မကြာမီပင် အလွန် ကြီးမားသော ငှက်ဆင်ကြီး တစ်ကောင်သည် လယ်ကွင်းရှိရာသို့ ထိုးဆင်းလာပြီး အပင်ကြီးကို ကိုက်ချီကာ အဝေးသို့ ပျံတက်သွားတော့သည်။

ညီငယ်သည် ငှက်ဆင်ကြီးနောက်သို့ တစ်အားကုန် ပြေးလိုက်သည်။ သူသည် ဤသို့ လိုက်ရင်းမှ မကြာမီ ပင်လယ်ကမ်းစပ်သို့ ရောက်လာသည်။

ဤတွင် ငှက်ဆင်ကြီးသည် ညီငယ်ဘက်သို့ လှည့်ကာ လူသား၏ အသံမျိုးဖြင့် "ကျွန်ုပ်နောက်ကို လိုက်ဖို့ မကြိုးစားချင်ပါနဲ့၊ ဒီအပင်ဟာ ဘယ်လောက်များ အဖိုးတန်လို့လဲ၊ ပင်လယ်ရဲ့ အရှေ့ဘက်မှာ ရွှေတွေ၊ ငွေတွေရှိတဲ့ ကျွန်းတစ်ကျွန်းရှိတယ်။ ကျွန်ုပ် သင့်ကို အဲဒီနေရာ အရောက် ခေါ်သွားပါ့မယ်။ ရောက်တဲ့အခါ သင်ကြိုက်သလောက် ရွှေတွေ၊ ငွေတွေကို ကောက်နှံဖိုးအဖြစ် ယူပါ။ ဒါဆို သင် ချမ်းသာကြွယ်ဝ လာပါလိမ့်မယ်" ဟု ပြောသည်။

ညီငယ်သည် အလွန်အံ့ဩနေသည်။ ထိုနောက် သူသည် မရဲတရဲဖြင့် ငှက်ဆင်ကြီး၏ ကျောပေါ်သို့ တက်လိုက်သည်။

ငှက်ဆင်ကြီးသည် သူ့အား မျက်စိမှိတ်၍ လိုက်ပါရန် ပြောသည်။ ညီငယ်သည် ငှက်ဆင်ကြီး၏ စကားအတိုင်း နာခံကာ လိုက်ပါလာသည်။ သူ့နားထဲတွင် လေတိုးသံများ ကြားရပြီး အောက်ဘက်မှလည်း ရေလှိုင်းရိုက်ခတ်သံများကို ကြားနေရသည်။ အတန်ကြာသော် ငှက်ဆင်ကြီးသည် ကျောက်တောင်ကြီး တစ်ခုပေါ်တွင် ရပ်နားလိုက်သည်။ သူသည် "ကဲ ရောက်ပြီ၊ မျက်စိ ဖွင့်ပေတော့" ဟု ပြောလိုက်သည်။

ညီငယ်သည် မျက်စိ ဖွင့်ကြည့်လိုက်ရာ သူ့ ပတ်ဝန်းကျင်တွင် ရွှေရောင်၊ ငွေရောင် ပြောင်လက်နေသော အရာဝတ္ထုများစွာကို တွေ့ရသည်။ သူသည် လောဘကြီးသူ မဟုတ်ရကား စပါးနှံဖိုးအဖြစ် သေးငယ်သော ရွှေစလေး အနည်းငယ်ခန့်ကိုသာ ယူပြီး သူ၏ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

ငှက်ဆင်ကြီးက "အသင် တော်ပြီလား" ဟု မေးလိုက်သည်။

ညီငယ်က "တော်ပါပြီ" ဟု ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ဆင်ကြီးက "တော်ပါပေတယ်။ သင်က လောဘမကြီးတတ်ပဲကိုး" ဟု ဆိုကာ သူ့အား ကျောပေါ်တွင်တင်၍ အိမ်သို့ ပြန်ပို့ပေးလိုက်သည်။

ညီငယ်သည် ငှက်ဆင်ကြီးထံမှ ရခဲ့သော ရွှေစများကို ထုခွဲရောင်းချရာ ချမ်းသာကြွယ်ဝလာသည်။ သူသည် အိမ်တစ်အိမ်ဝယ်ကာ သီးခြား နေထိုင်လေသည်။

အစ်ကိုဖြစ်သူသည် ညီငယ်ကို ကြည့်ကာ မနာလိုဖြစ်လာသည်။ သူက "အခုလို ချမ်းသာလာအောင် ဘယ်ကများ ငွေတွေ ခိုးလာတာလဲ" ဟု မေးလိုက်သည်။

ညီငယ်သည် ရိုးသားပွင့်လင်းသူ ဖြစ်ရကား အဖြစ်အပျက် အားလုံးကို အစ်ကိုဖြစ်သူအား ပြန်ပြောပြသည်။ အစ်ကိုလည်း ထိုအကြောင်းများကို ဇနီးဖြစ်သူအား တစ်ဆင့် ဖောက်သည်ချပြန်သည်။

သူ့ဇနီးက "ဖြစ်နိုင်ပါ့မလား အထပ်ထပ် အခါခါ လှော်ပြီးမှ ရတဲ့အစေ့က အပင်ပေါက်တယ်ဆိုတာ ယုံနိုင်စရာတော့ မရှိဘူး။ ဒါပေမဲ့ ကျွန်မတို့ စမ်းသပ်ကြည့်ကြတာပေါ့" ဟု ပြောလိုက်သည်။

သူတို့သည် သူတို့၏ အစီအစဉ်အတိုင်း မျိုးစေ့များကို မလှော်ဘဲ စိုက်ပျိုးကြရာ မကြာမီပင် အပင်တစ်ပင် ပေါက်ကာ အလွန်ကြီးမားသော ကောက်နှံကြီး တစ်ခု ထွက်လာသည်။ ရိတ်သိမ်းချိန်သို့ ရောက်သော် ယခင်နည်းအတိုင်းမှာပင် ငှက်ဆင်ကြီး ရောက်လာကာ ကောက်နှံကြီးကို ချီသွားသည်။ အစ်ကိုဖြစ်သူသည် ငှက်ဆင်ကြီး နောက်မှ ပြေးလိုက်ကာ ကောက်နှံကို တောင်းခံသည်။ ငှက်ဆင်ကြီးလည်း သူ့အား ကျောပေါ်သို့ တင်ကာ ရွှေ ငွေ ရတနာများ ရှိရာ တောင်ပေါ်သို့ ခေါ်သွားသည်။ တောင်ပေါ်တွင် ရွှေစများမှာ နေရာအနှံ့ ပြန့်ကြဲနေသည်။ ကြီးမားသော ရွှေတုံးကြီးများမှာ တောင်ကုန်းကလေးများ ပမာဏခန့်ရှိသည်။ အချို့မှာ အုတ်ခဲအရွယ်ခန့် ရှိသည်။ ရွှေစသေးသေးကလေးများမှာမူ သဲမှုန်ကလေးများ အရွယ်ခန့် ရှိပေသည်။

အစ်ကိုကြီးသည် လောဘတက်ကာ အရူးသဖွယ် ဖြစ်နေသည်။ ရသမျှ ရွှေအားလုံးကို သိမ်းကျုံးယူငင်သည်။

ငှက်ဆင်ကြီးက "တော်လောက်ပါပြီ။ သိပ်များနေရင် မကောင်းပါဘူး" ဟု သတိပေးလိုက်သည်။

အစ်ကိုကြီးက "ခဏလေးစောင့်ပါဦး၊ အလျင်မလိုစမ်းပါနဲ့၊ အခုမှ နည်းနည်းလေး ရသေးတယ်" ဟု ပြန်ပြောလိုက်သည်။

ဤသို့ဖြင့် အတန်ငယ် ကြာသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မကြာခင် နေထွက်တော့မယ်။ ဒီတောင်ကြီးက အလွန်မြင့်မားတော့ နေနဲ့နီးနေတယ်။ နေမင်းကြီး သိပ်ပူပြင်းလာရင် သတ္တဝါအားလုံး လောင်ကျွမ်းစေနိုင်တယ်။ ခင်ဗျားလည်း နေပူဒဏ်မိပြီး ဒုက္ခရောက်လိမ့်မယ်။ ပြန်ကြစို့" ဟု ငှက်ဆင်ကြီးက ထပ်မံ၍ လောဆော်လိုက်ပြန်သည်။

အစ်ကိုကြီးကလည်း "ပြီးပါပြီ၊ ခဏလေးပါ" ဟု ထပ်မံ ဆင်ခြေတက်လိုက်ပြန်သည်။

မကြာမီပင် နေမင်းကြီးသည် အလွန် တောက်ပစူးရှသော အလင်းရောင်ဖြင့် တိမ်တိုက်ကြားမှ ထွင်းဖောက်ကာ ပေါ်လာသည်။ ငှက်ဆင်ကြီးသည် စူးရှသော နေပူဒဏ်ကို မခံနိုင်သဖြင့် ပင်လယ်ရှိရာသို့ လျှင်မြန်စွာ ထိုးဆင်းပျံသန်းသွားသည်။ နေပူဒဏ်ကို ခံနိုင်ရန်အတွက် ပင်လယ်တွင်း၌ ရေကူး၍သာ နေတော့သည်။ တောင်ပေါ်သို့ ပျံတက်မလာတော့ပေ။ လောဘကြီးသော အစ်ကိုကြီးလည်း ငှက်ကြီး မရှိသဖြင့် တောင်ထိပ်မှ တောင်အောက်သို့ ဆင်း၍ မရတော့ပေ။ သူသည် အလွန် ပူပြင်းသော နေပူဒဏ်ကို ခံစားရင်း လူးလိမ့်တွန့်လိမ်လျက် တောင်ပေါ်တွင် သေဆုံးသွားလေတော့သည်။

(တရုတ်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ရိုးသားသူ

တစ်နေ့တွင် ထောပတ်ကုန်သည် တစ်ယောက်သည် ဘုရင်၏ ပညာရှိ အမတ်ကြီးထံ လာရောက်တိုင်ကြားသည်။ "အမတ်ကြီးခင်ဗျား၊ ကျွန်တော်ရဲ့ မိတ်ဆွေ တစ်ယောက် ငွေလိုတယ်ဆိုလို့ သူ့ကို ကျွန်တော် ငွေတစ်ထောင် ချေးလိုက်ပါတယ်။ အခု ဒီငွေကို ကျွန်တော် ပြန်တောင်းတဲ့အခါကျတော့ သူက ပြန်မပေးတော့ပါဘူး။ ဘယ်လိုမှ တောင်းလို့လည်း မရတော့ပါဘူး။ အဲဒါ အမတ်ကြီးက ကျေးဇူးပြုပြီး ကူညီ ဖြေရှင်းပေးတော်မူပါ ခင်ဗျာ" ဟု ပြောဆိုသည်။

အမတ်ကြီးက "ငွေချေးငှားတယ်ဆိုတဲ့ အကြောင်း စာချုပ်စာတမ်း မရှိဘူးလား။ ဒါမှ မဟုတ် ငွေချေးစဉ်က အသိသက်သေ တစ်ယောက်မှ မရှိဘူးလားဟု မေးလိုက်သည်။

ကုန်သည်က "မရှိပါဘူး ခင်ဗျာ၊ ဘာမှ သက်သေပြစရာ မရှိပါဘူး။ ခါတိုင်းလည်း ကျွန်တော်တို့ ကုန်သည်တွေဟာ အချင်းချင်း ဒီလို စာချုပ်စာတမ်းမပါဘဲ ကူညီနေကျ ဆိုတော့ ကျွန်တော်လည်း ပေးလိုက်မိပါတယ်။ အခုတစ်ခေါက်ကျမှသာ သူက ကျွန်တော့်အပေါ် လိမ်ညာသွားတာပါ။ ကျွန်တော် အခုပြောတာတွေ အားလုံးဟာ အမှန်တွေချည်းပါပဲ ခင်ဗျာ" ဟု ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးက "သင် အခု ပြောတာတွေ အားလုံးကို စာရွက်ပေါ်မှာ ချရေးပြီး မှန်ကန်ကြောင်း လက်မှတ် ထိုးထားခဲ့ပါ။ ရှေ့ဆက်ပြီး ဘာလုပ်သင့်တယ်ဆိုတာကို ကျုပ် သေသေချာချာ စဉ်းစားပြီး၊ မကြာမီ အကြောင်းပြန်လိုက်ပါမယ်" ဟု ပြောသည်။

ကုန်သည်လည်း အမတ်ကြီး ပြောသည့်အတိုင်း ဆောင်ရွက်ပြီးနောက် ပြန်သွားသည်။

ကုန်သည် ပြန်သွားသည်နှင့် အမတ်ကြီးသည် ငွေလိမ်လည်သည်ဆိုသော ဒုတိယကုန်သည်အား သူ့ထံ ခေါ်လာစေသည်။

ဒုတိယကုန်သည် ရောက်လာလျှင် အမတ်ကြီးအား "ကောင်းသော မင်္ဂလာနေ့ပါခင်ဗျာ" ဟု နှုတ်ဆက်လိုက်သည်။ သို့သော် အမတ်ကြီးက ပထမကုန်သည်၏ စာကိုပြပြီး "ကျွန်ုပ်သိချင်တာတွေကို အသင် အမှန်အတိုင်း မပြောမချင်း ကျွန်ုပ်အဖို့တော့ ကောင်းသော မင်္ဂလာနေ့ ဖြစ်မှာ မဟုတ်ပါဘူး။ ဒီစာထဲမှာ ပါတဲ့ ကုန်သည်က ခင်ဗျားကို ငွေချေးတယ်ဆိုတာ ဟုတ်ပါသလား" ဟု မေးလိုက်သည်။

ဒုတိယ ကုန်သည်က "မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော်ကသာ သူ့ကို ကူညီခဲ့ရတာပါ။ ဒီအတွက် သူက ကျေးဇူးဆပ်ရမယ့်အစား အခုလို လုပ်တာ အံ့ဩလို့ မဆုံးပါဘူး။ ကျွန်တော့်ဆိုင်က အောင်မြင် ကြီးပွားပြီး သူ့ဆိုင်က မအောင်မြင်လို့ မနာလိုဖြစ်ပြီး ခုလို လုပ်တာ ဖြစ်မှာပါ" ဟု ပြန်ပြောသည်။

"ဒါဖြင့် ဒီစာထဲမှာပါတဲ့ အချက်တွေ မမှန်ဘူးပေါ့"

"လုံးဝ မမှန်ပါဘူး ခင်ဗျာ၊ သူ့ငွေကို ကျွန်တော် လုံးဝ မယူပါဘူး။ တကယ်လို့ ကျွန်တော့်ကို ဒီလောက် ငွေတွေအများကြီး ချေးတယ်ဆိုရင် သူ့ဆီမှာ သက်သေခံ စာချုပ် ရှိရမှာပေါ့"

"ဘာ သက်သေမှတော့ မရှိပါဘူး"

"ဒါဆို ဒီစာ လုံးဝ မမှန်ဘူးဆိုတာ ရှင်းနေပြီပဲ ခင်ဗျာ၊ ဒါ ကျွန်တော့်ကို သက်သက်မဲ့ ချောက်တွန်းတာပါ"

"ဟုတ်မယ်။ ကျုပ်လည်း ဒီလိုပဲ ထင်တယ်။ ဒါပေမဲ့ ဒီစာက အခိုင်အမာ ဖြစ်နေလို့သာ ခင်ဗျားကို ခုလို ခေါ်ပြီး မေးရတာပါ။ အခုလို ဒုက္ခပေးရတာကို အများကြီး စိတ်မကောင်းပါဘူး။ ကဲ ခင်ဗျား ပြန်နိုင်ပါပြီ။

ဤသို့ အမတ်ကြီးက ပြောသောအခါ ဒုတိယ ကုန်သည်သည် အမတ်ကြီးထံမှ ဝမ်းမြောက်ဝမ်းသာ ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် အမတ်ကြီးသည် အိုးကြီးနှစ်အိုးကို ထောပတ်များ အပြည့်ထည့်ထားသည်။ သူသည် တစ်အိုးကို ငွေချေးသည်ဆိုသော ပထမကုန်သည်ထံ ပို့လိုက်သည်။ "ထောပတ်များကို ရောင်းချပေးပါ။ ထောပတ်တွေ အားလုံးကုန်မှ ငွေလာချေပါ" ဟူ၍လည်း မှာလိုက်သည်။

ကျန်ထောပတ်အိုး တစ်လုံးကိုလည်း ငွေလိမ်လည်သည် ဆိုသော ဒုတိယကုန်သည်ထံ ပို့စေကာ ရှေးနည်းအတိုင်း မှာကြားလိုက်သည်။

ကုန်သည်နှစ်ဦးတို့သည် သူတို့၏ ဆိုင်များသို့ ရောက်သည်တွင် ခဲနေသော ထောပတ်များကို အပူပေးရန် အိုးတစ်ခုအတွင်းသို့ သွန်ချလိုက်သည်။ ဤတွင် ထောပတ်အိုး၏ အောက်ခြေ၌ ရွှေခွက်ငယ် တစ်ခုစီကို တွေ့သွားကြသည်။

ပထမ ကုန်သည်သည် ရိုးသားသူ ဖြစ်သည်။ ရွှေခွက်ကို အမတ်ကြီးထံသို့ ချက်ချင်း လာပေးသည်။ "ထောပတ်အိုးထဲမှာ ရွှေခွက် တစ်ခွက် ပါလာပါတယ်" ဟု သူက ပြောသည်။ အမတ်ကြီးလည်း ဤသူသည် တကယ်ရိုးသားသူ ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်သွားတော့သည်။

ထိုအချိန်တွင် ဒုတိယကုန်သည် သည်လည်း ပထမကုန်သည် နည်းတူပင် ရွှေခွက်ငယ်ကို တွေ့သည်။ သူသည် မရိုးဖြောင့်သူ ဖြစ်ရကား ရွှေခွက်ကို ပြန်မပေးဘဲ ယူထားလိုက်သည်။ သူသည် သားဖြစ်သူအား အနီးသို့ ခေါ်ပြီးလျှင် "ထောပတ်အိုးထဲက ဟောဒီ ရွှေခွက်ရတယ်။ ကောင်းကောင်းသိမ်းထားချေ။ နောက်မှ အကြောင်းစုံ ရှင်းပြမယ်" ဟု ဆိုကာ ပေးလိုက်တယ်။

မကြာမီ ထောပတ်များ အားလုံး ရောင်းပြီးကြသည်နှင့် ကုန်သည် နှစ်ဦးတို့သည် အမတ်ကြီးထံ ထောပတ်ဖိုးများ လာပေးကြသည်။ အမတ်ကြီးသည် ပထမကုန်သည်အား ကျေးဇူးတင်စကား ပြောပြီး ပြန်လွှတ်လိုက်သည်။ ဒုတိယကုန်သည်ကိုမူ စောင့်ဆိုင်းနေစေသည်။ အမတ်ကြီးသည် ဒုတိယကုန်သည်အား "ဒီ ထောပတ်အိုးထဲမှာ ရွှေခွက်တစ်ခု ပါသွားတယ်ထင်တယ်၊ သင် တွေ့မိပါသလား" ဟု မေးသည်။

"မပါ ပါဘူးခင်ဗျား၊ ဒီထောပတ်အိုးကို ကျွန်တော် အပူပေးပြီး အခြားအိုး တစ်ခုထဲကို သေသေချာချာ လှယ်ခဲ့ပါတယ်။ အဲဒီတုန်းက အနီးမှာ ကျွန်တော့် သား ရှိပါတယ်"

"ဒါဆိုရင်တော့ ကျုပ် မှားပြီထင်တယ်။ [illegible]နေဦးနော်" ဟု ဆိုကာ အမတ်ကြီးသည် ထိုနေရာမှ ခေတ္တထွက်ခွာ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ၏ တပည့်တစ်ယောက်ကို ခေါ်ကာ ဒုတိယကုန်သည်၏ အိမ်သို့ သွား၍ သားဖြစ်သူအား ဖခင်က ထောပတ်အိုးအတွင်းမှ ရသော ရွှေခွက်ကို ယူဆောင်လာခဲ့ရန် မှာကြားကြောင်း သွားရောက် ပြောဆိုစေသည်။

တပည့်လည်း အမတ်ကြီး၏ စကားအတိုင်း သူငယ်ကို ရွှေခွက်နှင့်တကွ ခေါ်ဆောင်လာခဲ့သည်။ ဒုတိယကုန်သည်သည် သူ့သားကို တွေ့လျှင် အလွန်အံ့သြသွားသည်။

အမတ်ကြီးက သူငယ်အား "မင်းမှာ ရွှေခွက်ပါလာတယ် မဟုတ်လား" ဟု မေးလိုက်သည်။

သူငယ်က "ပါလာပါတယ် ခင်ဗျာ။ ဟောဒီမှာပါ" ဟု ဆိုပြီးလျှင် ရွှေခွက်ကို အိတ်အတွင်းမှ ထုတ်ပြသည်။

ကုန်သည်လည်း မိမိ အလိမ်ပေါ်ပြီ ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်သွားသည်။ သူသည် သူ့အပြစ်ကို ဖုံးကွယ်ရန် ကြိုးစားသည်။

"ဘာတွေ လျှောက်ပြောနေတာလဲ လူမိုက်။ ထောပတ်အိုးထဲမှာ ဘယ်သူက ရွှေခွက်လာထည့်ထားမှာလဲ" ဟု သူ့ သားကို အော်လိုက်သည်။

သူငယ်သည် ပို၍ အံ့သြသွားသည်။ သူငယ်သည် ရိုးသားဖြောင့်မတ်သူ ဖြစ်ရကား "သေချာပြန်စဉ်းစားပါဦး အဖေရယ်၊ ထောပတ်တွေ အပူပေးမယ် လုပ်နေတုန်းက ထောပတ်အိုး ထဲက ရွှေခွက်တစ်ခွက် ရတယ် မဟုတ်လား။ အဲဒီ ရွှေခွက် ကျွန်တော့်ကို သိမ်းထားခိုင်းတာ မမှတ်မိတော့ဘူးလား"

ဤတွင် အနီးရှိ အမတ်ကြီးက ကုန်သည်ဘက်သို့ လှည့်ကာ "ဘယ့်နှယ်ရှိစ" ဟု ဆိုလိုက်သည်။

ကုန်သည်က "ဒါဆိုရင်တော့ ကျွန်တော်မေ့နေလို့ ဖြစ်ပါလိမ့်မယ်။ အမတ်ကြီးရဲ့ ပစ္စည်းဆိုရင်ဖြင့် ဒီရွှေခွက်ကို ပြန်ယူပါ။ သူတစ်ပါး ပစ္စည်းကို ယူမထားချင်ပါဘူး" ဟု ဆိုကာ ရွှေခွက်ကို အမတ်ကြီးအား ပြန်ပေးလိုက်သည်။

အမတ်ကြီးသည် သူ၏ ရွှေခွက်ကို ပြန်ယူပြီးနောက် "ရွှေခွက်ကတော့ ပြန်ရပါပြီ။ သင့် သူငယ်ချင်း ကုန်သည်ဆီက ယူထားတဲ့ ငွေတစ်ထောင်ကိုရော ပြန်မပေးသေးဘူးလား" ဟု ပြောလိုက်သည်။

ပထမကုန်သည်၏ အမည်ကို ကြားသည်နှင့် ဒုတိယကုန်သည်၏ သားငယ်က "အဖေ သူများဆီက ယူထားတဲ့ ငွေတွေကို ခုထိ ပြန်မပေးသေးဘူးလား" ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်က "မင်း တိတ်တိတ် နေစမ်း" ဟု အော်လိုက်သည်။

သို့သော် အမတ်ကြီးက သူငယ်ကလေးအား သူသိသမျှ အကြောင်းအရာ အားလုံးကို ပြောပြခိုင်းသည်။ သူငယ်လေးက သူ့ဖခင်သည် ပထမကုန်သည် ငွေတစ်ထောင် အပ်နှံထားသည်ကို သိမ်းဆည်းထားကြောင်း ပြောပြသည်။

ထိုအခါ အမတ်ကြီးက "သင့်ရဲ့ သားဟာ အသက်ငယ်ပေမဲ့ သင့်ထက် ရိုးသားဖြောင့်မတ်တယ်။ သူ့ဆီက အတုယူသင့်တယ်။ သင်ဟာ ရွှေခွက်ကိုတောင် ခိုးတယ်ဆိုရင် ငွေတစ်ထောင်ကိုလည်း လိမ်လည်ယူထားမှာ အမှန်ပဲ။ ဒါကြောင့် မှန်ရာကို ပြောပေတော့" ဟု ဆိုလိုက်သည်။

ဒုတိယကုန်သည်လည်း သူ့အမှားများကို ဝန်ခံကာ ပထမကုန်သည်အား ငွေတစ်ထောင်ကို ပြန်လည်ပေးအပ်လိုက်ရတော့၏။

(အိန္ဒိယပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



# ပိုင်ရှင်

တစ်ခါက ရွာတစ်ရွာတွင် ခြံချင်းကပ်လျက်နေထိုင်ကြသော အိမ်နီးချင်းနှစ်ဦးရှိသည်။ ထိုနှစ်ဦးတွင် ပထမ လူသည် ရိုးသားဖြောင့်မတ်သည်။ ဒုတိယ လူမှာမူ ကောက်ကျစ်စဉ်းလဲသည်။

ပထမလူ၏ ခြံစပ်နားတွင် သရက်ပင်တစ်ပင် ရှိသည်။ သရက်ပင်ကို ထိုသူ စိုက်ပျိုးထားခြင်း ဖြစ်သည်။ ယခုအခါ သရက်ပင်မှာ အသီးများ အခိုင်လိုက် သီးနေပြီ။

ဤတွင် ထိုသူနှင့် ခြံချင်းကပ်နေသော အိမ်မှ ဒုတိယလူသည် သရက်သီးများကို လိုချင်လာသည်။ ထို့ကြောင့် သူက "ဒီသရက်ပင်ဟာ ငါ့သရက်ပင်ပဲ၊ ဒီအပင်ကို ငါလွန်ခဲ့တဲ့ ၃-နှစ်လောက်က စိုက်ထားတာ" ဟု ဆိုကာ သရက်သီးများကို ခူးတော့သည်။

ပထမလူသည် ဤအပင်မှာ သူ စိုက်ပျိုးထားသော အပင်ဖြစ်၍ မခူးရန် ဒုတိယလူအား ပြောသည်။ သို့သော် ထိုသူက မလိုက်နာပေ။

ဤတွင် သရက်ပင် ပိုင်ရှင်သည် ဘုရင်ရှေ့တော်မှောက်သို့ ဝင်ရောက်ကာ အကျိုးအကြောင်းကို ပြောပြ တိုင်ကြားသည်။ ဘုရင်သည် သူ၏ ပညာရှင်အမတ်ကြီးအား ဤအမှုကို စီရင် ဆုံးဖြတ်စေသည်။

www.burmeseclassic.com



အမတ်ကြီးသည် အိမ်နီးချင်း နှစ်ဦးအား ခေါ်ကာ သရက်ပင်နှင့် ပတ်သက်ပြီး စစ်ဆေးမေးမြန်းသည်။ နှစ်ဦးစလုံးကလည်း မိမိတို့သာ ပိုင်ရှင်အစစ် ဖြစ်ကြောင်း ထွက်ဆိုကြသည်။

အမတ်ကြီးသည် အတန်ကြာမျှ စဉ်းစားနေသည်။ ထို့နောက် ထိုသူနှစ်ဦးစလုံးအား မိမိထံမှ အခေါ် မလွှတ်မချင်း ထပ်မံ၍ မလာကြရန် မှာကြားပြီး အိမ်သို့ ပြန်လွှတ်လိုက်သည်။

ထိုသူနှစ်ဦး ပြန်သွားသောအခါ အမတ်ကြီးသည် သူ၏ တပည့်တစ်ဦးကို ခေါ်လိုက်သည်။ ရောက်လျှင် သူက စောစောက လာတဲ့သူ နှစ်ဦးထဲက ဒုတိယလူရဲ့ အိမ်ကို မင်းဒီည သွားပါ။ ရောက်တဲ့အခါ ခြံအပြင်ကနေပြီး "လာကြပါဦး၊ သရက်သီးတွေကို သူခိုး ခိုးနေပြီလို့" အသံကျယ်ကျယ်နဲ့ အော်ပါဟု မှာကြားသည်။

တစ်ဖန် အခြား တပည့် တစ်ယောက်ကို ခေါ်ပြန်သည်။ ထိုသူအား "မင်းက သူနဲ့ လိုက်သွားပြီး အိမ်အနီးအနားမှာ ပုန်းအောင်းနေ။ အဲဒီအိမ်က လူတွေရဲ့ အခြေအနေကို စောင့်ကြည့်ပါ။ သူတို့ ပြောကြတဲ့ စကားကိုလည်း မှတ်သားထားပါ။ ပြီးရင် အဖြစ်အပျက် အားလုံး ငါ့ကို ပြန်ပြောပြပါ" ဟု မှာကြားလိုက်သည်။

ထို့နောက် အမတ်ကြီးသည် ထိုသူနှစ်ဦးအား ပထမလူ၏ အိမ်ရှေ့သို့လည်း သွားကာ ယခင်နည်းအတိုင်း ပြုလုပ်ကြရန် မှာကြားသည်။ တပည့်နှစ်ဦးလည်း "ကောင်းပါပြီ" ဟု ဆိုကြသည်။

ထိုနေ့ညသို့ရောက်သော် တပည့်နှစ်ဦးသည် ဒုတိယလူ၏ အိမ်သို့ သွားကြသည်။ ရောက်လျှင် တစ်ဦးက အိမ်အနီးတွင် ပုန်းအောင်းကာ အခြေအနေကို စောင့်ကြည့်သည်။ ကျန်တစ်ဦးက အမတ်ကြီးသင်ပေးလိုက်သည့်အတိုင်း "လာကြပါဦး၊ သရက်သီးတွေကို သူခိုး ခိုးနေပြီ" ဟု အော်လိုက်သည်။

ဤသို့အော်သော်လည်း ဒုတိယလူသည် အိမ်အပြင်သို့ လုံးဝ ထွက်မလာပေ။ ထွက်မလာဘဲ သူက သူ့ဇနီးအား "ရှင်မ၊ သရက်သီးတွေကို သူခိုးခိုးချင် ခိုးပါစေကွာ။ ဒီအပင်က ငါတို့ရဲ့ အပင်မှ မဟုတ်ဘဲ။ ဘာမှ စိတ်ပူမနေပါနဲ့။ ဒီအတိုင်းသာ ထားလိုက်ပါ" ဟု ပြောသည်။ ထိုသို့ ပြောသည်ကို ပုန်းအောင်နေသော တပည့်က ကြားသိကာ အလုံးစုံမှတ်သား ထားလိုက်သည်။

ထို့နောက် အမတ်ကြီး၏ တပည့် နှစ်ဦးတို့သည် ပထမလူ၏ အိမ်ရှိရာသို့ သွားပြီး သရက်သီးများကို သူခိုး ခိုးနေကြောင်း ယခင်နည်းအတိုင်း တစ်ဦးက အော်ပြန်သည်။

ထိုအချိန်တွင် ပထမလူသည် အိပ်ရာ[illegible] ဝင်နေပြီ ဖြစ်သည်။ သို့သော် သူသည် အော်သံကြားသည်နှင့် အိပ်ရာမှ ထကာ အိမ်ပြင်သို့ ပြေးထွက်လာသည်။ သူခိုးကို ရိုက်ရန်

www.burmeseclassic.com

www.burmeseclassic.com



တုတ်တစ်ချောင်းကိုလည်း လက်ထဲတွင် ကိုင်စွဲလာသည်။ သို့သော် အပြင်ဘက်တွင် မှောင်မည်းနေရကား ထိုသူသည် ဘာမျှ မမြင်ရပေ။ ထို့ကြောင့် သူသည် အိမ်ထဲသို့ ပြန်ဝင်သွားပြီး သူ့ဇနီးအား "ရှင်မရေ၊ ငါတို့ပိုင်တဲ့ သရက်ပင်ကို အိမ်နီးချင်းရန်ကသာမက သူခိုးရန်ကပါ ကာကွယ်ဖို့ လိုလာပြီ။ ဒီသရက်ပင်ကို ငါကိုယ်တိုင် စိုက်ပျိုးပြီး ဂရုတစိုက် ပြုစုခဲ့တာ မဟုတ်လား။ ဒါကြောင့် သရက်သီးတွေကို အခိုးမခံနိုင်ဘူး။ သူခိုးတွေ နောက်တစ်ကြိမ် ပြန်လာပြီး မခိုးနိုင်အောင် တစ်ညလုံး မအိပ်ဘဲ စောင့်နေရမယ်" ဟု ပြောလိုက်သည်။

ပုန်းအောင်နေသော တပည့်လည်း သူကြားသိရသမျှ အားလုံးကို မှတ်သား ထားလိုက်သည်။

နောက်တစ်နေ့ နံနက်သို့ ရောက်သော် တပည့်နှစ်ဦးသည် အမတ်ကြီးထံ သွားရောက်သည်။ ညက မိမိတို့ ကြားသိခဲ့ရသမျှတို့ကို အလုံးစုံ ပြန်လည်ပြောပြသည်။ ဤတွင် အမတ်ကြီးသည်။ ပထမလူသည်သာ သရက်ပင် ပိုင်ရှင်အစစ်ဖြစ်ကြောင်း ချက်ချင်း သိရှိသွားသည်။ သို့ရာတွင် ပိုမို၍ ခိုင်လုံမှုရရှိရန် အမတ်ကြီးသည် အိမ်နီးချင်းနှစ်ဦးအား သူ့ရှေ့မှောက်သို့ လာရောက်စေသည်။ ထိုသူတို့ ရောက်လာကြလျှင် အမတ်ကြီးက "သင်တို့နှစ်ဦးက သရက်ပင် ပိုင်ရှင်ဖြစ်ကြောင်း အခိုင်အမာပြောနေကြတယ်။ ဒါကြောင့် ကျုပ်အနေနဲ့ ဘယ်လို ဆုံးဖြတ်ရမှန်း မသိတော့ဘူး။ ဒါကြောင့်မို့ သရက်ပင်ကို နှစ်ပိုင်း အညီအမျှ ပိုင်းပြီး တစ်ပိုင်းစီကို ခွဲဝေယူကြဖို့ ဆုံးဖြတ်ပေးလိုက်မယ်။ ဒီအဆုံးအဖြတ်ကို သဘောကျကြရဲ့လား" ဟု ပြောလိုက်သည်။

အမတ်ကြီးသည် စကားကို ကြားလျှင် ပိုင်ရှင်အစစ် မဟုတ်သော ဒုတိယလူသည် သဘောကျကြောင်း ပြောသည်။ ပိုင်ရှင်အစစ်ဖြစ်သူ ပထမလူကမူ ဆိတ်ဆိတ် နေသည်။

ထိုအခါ အမတ်ကြီးက ပထမလူအား မိမိ၏ ဆုံးဖြတ်ချက်ကို သဘောတူမတူ ထပ်မံမေးပြန်သည်။ ပထမလူက "အမတ်ကြီးခင်ဗျာ၊ ကျွန်တော် အပင်ပန်းခံ စိုက်ထားတဲ့ အပင်အခုတ်ခံရမှာ နှမြောလှပါတယ်။ သရက်ပင်ကို နှစ်ပိုင်းပိုင်းမည့်အစား၊ ဒီသရက်ပင် တစ်ပင်လုံး ကျွန်တော်ရဲ့ အိမ်နီးချင်းကို ပေးလိုက်တာဟာ ပိုကောင်းပါလိမ့်မယ်။ သူ့ကိုသာ သရက်ပင် ပေးလိုက်ပါတော့" ဟု ပြောလိုက်သည်။

ဤအဖြေကြောင့် သရက်ပင် ပိုင်ရှင်အစစ်မှာ ပထမလူဖြစ်ကြောင်း ပို၍ ထင်ရှားသွားပြန်သည်။ အမတ်ကြီးသည် သရက်ပင်ကို ပိုင်ရှင်အစစ်ဖြစ်သော ပထမလူထံ ပြန်ပေးရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးက ဒုတိယလူအား "သရက်ပင်ကို ပိုင်ရှင် အစစ်ဖြစ်တဲ့ ပထမလူထံ ပြန်ပေးစေ။ သင့်အားလည်း မမှန်မကန် လိမ်လည်ပြောဆိုတဲ့အတွက် ပြင်းထန်စွာ အပြစ်ပေးစေ" ဟု အဆုံးအဖြတ်ပေးလိုက်သည်။

(အိန္ဒိယပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com




## မျက်မြင်သက်သေ

တစ်ခါတွင် ဘုရား တရား အလွန် ကြည်ညိုသော အဘိုးအို တစ်ယောက်ရှိသည်။ တစ်နေ့သော် ထိုအဘိုးအိုသည် ခရီးလှည့်လည်ကာ ဘုရားဖူးထွက်ရန် စိတ်ကူး ပေါ်ပေါက်လာသည်။

ထို့ကြောင့် သူ ပိုင်ဆိုင်သော ငွေတစ်ထောင်ကို သူ့မိတ်ဆွေ တစ်ဦးထံ အပ်နှံထား၍ ဘုရားဖူးထွက်ရန် ဆုံးဖြတ်လိုက်သည်။

သူသည် သူ့မိတ်ဆွေအား တောတွင်း တစ်နေရာသို့ ခေါ်သွားပြီးလျှင် "မိတ်ဆွေ၊ ကျုပ်ဘုရားဖူး သွားစရာရှိတယ်။ ဘယ်တော့ပြန်ရောက်မယ်ဆိုတာတော့ အတိအကျ မသိသေးဘူး။ ဒါကြောင့် ကျုပ်ခရီးသွားနေတုန်းမှာ ကျုပ်ရဲ့ငွေတွေကို ခင်ဗျားထံမှာ အပ်ထားခဲ့ပါရစေ၊ ပြန်ရောက်လာတော့မှ ဒီငွေတွေကို ပြန်ပြီး ယူပါ့မယ်" ဟု ပြောသည်။

သူ့မိတ်ဆွေကလည်း "ကောင်းပါပြီ" ဟု ဆိုကာ ငွေများကို လက်ခံသည်။ မိတ်ဆွေထံ စိတ်ချလက်ချ အပ်နှံကာ နောက်တစ်နေ့ နံနက်[illegible]ပင် ဘုရားဖူး ထွက်ခွာသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ၆-လခန့် ကြာလာခဲ့သည်။ တစ်နေ့သော နံနက်တွင် အဘိုးအိုသည် ခရီးထွက်ရာမှ ပြန်ရောက်လာသည်။ ရောက်လျှင် ရောက်ချင်းပင် သူသည် သူ့မိတ်ဆွေထံ သွားကာ သူ အပ်နှံခဲ့သော ငွေတစ်ထောင်ကို ပြန်ပေးရန် တောင်းခံသည်။

ပထမတွင် သူ့မိတ်ဆွေသည် အဘိုးအို၏စကားကို သေချာစွာ နားထောင်နေသည်။ ထို့နောက် အဘိုးအိုက ငွေများပြန်တောင်းသောအခါ မသိဟန်ဆောင်နေလိုက်သည်။ အဘိုးအိုလည်း သူ့ငွေများကို ပြန်ပေးရန် အကြိမ်ကြိမ် တောင်းခံသည်။ ဤတွင် သူ့မိတ်ဆွေက အဘိုးအိုအား "အဘိုးကြီး၊ ခင်ဗျားရူးနေသလား။ ခင်ဗျား ကျုပ်ကို ငွေတစ်ထောင် ဘယ်တုန်းကမှ မအပ်ခဲ့ဖူးပါဘူး။ မဟုတ်တာတွေ လာပြောမနေ စမ်းပါနဲ့" ဟု အော်ဟစ်လိုက်သည်။

ထိုစကားကို ကြားသော် အဘိုးအိုသည် အလွန်ထိတ်လန့်တုန်လှုပ်သွားသည်။ သူသည် သူ့မိတ်ဆွေက ဤသို့ မရိုးမသား ဆက်ဆံပြုမူလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့ပေ။

သို့သော် အဘိုးအိုသည် ဖွဲမလျှော့၊ သူငွေကို ပြန်ပေးရန် ထပ်မံ တောင်းခံပြန်သည်။ သူ့မိတ်ဆွေကလည်း ပြန်မပေးပေ။

နောက်ဆုံးတွင် အဘိုးအိုသည် ဤကိစ္စကို ဘုရင့်အား သွားရောက်တိုင်ရန် ဆုံးဖြတ်လိုက်သည်။

ဘုရင်မင်းမြတ်ထံတွင် ရောက်သော် အဘိုးအိုသည် အကြောင်းစုံကို တင်ပြလျှောက်ထားသည်။ ဘုရင်သည် အဘိုးအို၏ စကားကို သေချာစွာ နားထောင်ပြီးနောက် သူ၏ ပညာရှိ အမတ်ကြီးအား တရားစီရင်စေရန် အမိန့်ပေးလိုက်သည်။

အမတ်ကြီးသည် အဘိုးအိုထံမှ အဖြစ်အပျက်အားလုံးကို သိရလျှင် အဘိုးအို၏ မိတ်ဆွေအား သွားရောက်ခေါ်စေသည်။

ထိုသူရောက် လာလျှင် အမတ်ကြီးက သူအား "အဘိုးအိုက ငွေများအပ်ခဲ့ပါသလော" ဟု မေးသည်။ ထိုသူကလည်း "အမတ်ကြီးခင်ဗျာ၊ ဒီအဘိုးအိုကြီးဟာ လိမ်လည်ခြင်းသာ ဖြစ်ပါသည်။ သူ ကျွန်တော့်ကို ဘာမှ မပေးခဲ့ပါဘူး" ဟု ငြင်းဆိုသည်။

ထိုစကားကြောင့် အမတ်ကြီးသည် တစ်ချက်မျှ တွေဝေသွားသည်။ ထို့နောက် သူက အဘိုးအိုအား "အဘိုးအို၊ သင်ဟာ သင့်မိတ်ဆွေကို ငွေတစ်ထောင်ပါတဲ့ အိတ်တစ်အိတ် အပ်ခဲ့တယ်လို့ ဆိုတယ်။ အဲဒီလို အပ်ခဲ့တုန်းက အနားမှာ သက်သေ ရှိသလား" ဟု မေးလိုက်သည်။

www.burmeseclassic.com



အဘိုးအိုက "ကျွန်တော့် ကံဆိုးလှပါတယ်။ ဒီလိုငွေတွေကို အပ်တုန်းက အနားမှာ လူသားသက်သေတစ်ယောက်မှ မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်မျိုးဟာ ဒီငွေတွေကို တောထဲက သရက်ပင်ကြီး တစ်ပင်အောက်မှာတော့ ပေးခဲ့ပါတယ်" ဟု ပြန်ပြောလိုက်သည်။

အမတ်ကြီးက "သင်ဟာ အလွန်မှားတာပဲ။ သင်က သူ့ကို သရက်ပင်အောက်မှာ ငွေတွေ အပ်ခဲ့တော့ ဒီသရက်ပင်က သင့်ကို ဘာများ ကူညီနိုင်မှာလဲ။ ဒါပေမယ့် မတတ်နိုင်ဘူး။ အခု တောထဲကို သွားပြီး အဲဒီသရက်ပင်ကို ကျုပ်ရှေ့မှောက်မှာ အစစ်အဆေးခံဖို့ ခေါ်လာခဲ့။ မြန်မြန်သွားပေတော့" ဟု ပြောလိုက်သည်။

အဘိုးအိုလည်း အမတ်ကြီး၏ စကားကြောင့် အလွန်အံ့သြနေသည်။ သို့သော် အမတ်ကြီး၏ အမိန့်အတိုင်းပင် သရက်ပင်ကြီးအား သက်သေအဖြစ်ခေါ်ဆောင်ရန် တောတွင်းသို့ ထွက်ခဲ့သည်။

အဘိုးအို မရှိခိုက်တွင် အမတ်ကြီးသည် အဘိုးအို၏ မိတ်ဆွေအား သူ့အနီးတွင် ထိုင်နေစေသည်။

တစ်နာရီခန့်ကြာသည်အထိ အဘိုးအိုပြန်ရောက်မလာသောအခါ အမတ်ကြီးက "တယ်ခက်တဲ့ အဘိုးကြီးပဲ။ ဒီလောက် အလုပ်ကလေးကို အချိန်ဘယ်လောက်ကြာအောင် လုပ်နေမှာလဲ မသိပါဘူး"ဟု ညည်းတွားလိုက်သည်။ ဤတွင် အနီးရှိ အဘိုးအို၏ မိတ်ဆွေက "ဒီအဘိုးကြီး လွယ်လွယ်နဲ့ ပြန်မရောက်နိုင်ပါဘူး။ အခုလောက်ဆိုရင် အဲဒီ နေရာကို ရောက်တောင် ရောက်ဦးမှာ မဟုတ်ပါဘူး" ဟု ပြောလိုက်သည်။

အမတ်ကြီးက "ဘာ ပြောတာလဲ၊ သရက်ပင်ရှိတဲ့ နေရာဟာ ဒီကနေ တော်တော်ဝေးတယ်လို့ ပြောတာလား" ဟု မေးလိုက်သည်။ ထိုသူက "ဟုတ်ပါတယ်၊ အမတ်ကြီး၊ သရက်ပင်ရှိတဲ့နေရာနဲ့ အတော်ဝေးပါတယ်" ဟု ပြန်ဖြေလိုက်သည်။

အမတ်ကြီးလည်း "သြော်... သြော်" ဟုဆိုကာ တိတ်ဆိတ်စွာ နေလိုက်သည်။

အတန်ကြာသော် အဘိုးအိုသည် အမောတကောဖြင့် ရောက်လာသည်။ သူက "အမတ်ကြီးခင်ဗျား၊ အမတ်ကြီးအမိန့်အတိုင်း သရက်ပင်ကြီးကို ကျွန်တော်မျိုးသွားခေါ်ပါသည်။ ဒါပေမယ့် သူက ဘာမှ ပြန်မပြောပါဘူး" ဟု ပြောလိုက်သည်။

အမတ်ကြီးက "ဘာမှ မပူပါနဲ့၊ သင့်မိတ်ဆွေကို ငွေတွေ အပ်ခဲ့တယ်ဆိုတာ သရက်ပင်ကြီးက အခု သက်သေပြလိုက်ပါပြီ" ဟု ပြောလိုက်သည်။

ထို့နောက် အမတ်ကြီးသည် အဘိုးအို၏ မိတ်ဆွေဘက်သို့ လှည့်ကာ "သင့်ကို ငါ ညှာတာတဲ့ အနေနဲ့ တစ်ခါထပ်မေးမယ်။ အဘိုးအိုရဲ့ ငွေတွေကို အခုပြန်ပေးမလား၊ မပေးဘူးလား" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက "ငွေတွေကို သူမှ မပေးခဲ့တာ" ဟု ငြင်းပြန်သည်။

ဤတွင် အမတ်ကြီးက "ဒီလိုဆိုရင် အဘိုးအိုက သင့်ကို ငွေတွေ အပ်ခဲ့တယ်ဆိုတဲ့ သရက်ပင်ကြီးဟာ ဒီကနေ အဝေးကြီးမှာ ရှိတယ်ဆိုတာ သင်ဘယ်လိုလုပ် သိသလဲ၊ ဖြေစမ်းပါ" ဟု အော်ပြောလိုက်သည်။


ထိုသူလည်း ဘာမှ ပြန်မပြောနိုင်တော့ပေ။ သူ၏ အပြစ်များကို ဝန်ခံကာ သူ့အား ခွင့်လွှတ်ပါရန် တောင်းပန်သည်။ ထို့နောက် အဘိုးအို၏ ငွေများကို ပြန်လည် ပေးအပ်လိုက်ရလေတော့သည်။

(အိန္ဒိယပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## သူ့ကျေးဇူး

ရှေးလွန်လေပြီးသောအခါက အီတလီပြည်တွင် အန်တိုနီတိုဆိုသူ သူဌေးတစ်ဦး ရှိသည်။ သူ့တွင် မြင်းတစ်ကောင်ရှိသည် ထိုမြင်းသည် သူဌေးအတွက် နှစ်ပေါင်းများစွာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့သည်။ ထို့ကြောင့် သူဌေးသည် သူ့မြင်းအား အစာရေစာ အလုံအလောက်ပေးကာ သူ့ခြံအတွင်း၌ အိမ်ကလေးတစ်ဆောင် ဆောက်လုပ်၍ ပေးထားသည်။

နှစ်ပေါင်းများစွာ ကြာမြင့်လာသောအခါ ထိုမြင်းသည် အိုမင်းလာကာ ရှေးကကဲ့သို့ အလုပ်မလုပ်နိုင်တော့ပေ။ ထိုအခါ သူဌေးသည် သူ့မြင်းအား အသုံးမဝင်တော့ဟု ဆိုကာ အိမ်မှ မောင်းထုတ်လိုက်လေတော့သည်။

မြင်းအိုကြီးသည် ဝမ်းပန်းတနည်းဖြင့် သခင်ဖြစ်သူထံမှ ထွက်ခွာလာခဲ့သည်။ မြင်းကြီးသည် လမ်းတစ်လျှောက်တွင် တွေ့သမျှ မြက်များ၊ သစ်ရွက်များကို စားသောက်သွားသည်။ သို့သော် အရွက်များမှာ အနည်းငယ်သာ ရှိသဖြင့် မြင်းကြီးအဖို့ စား၍ မဝပေ။ သူသည် ဆာလောင်မွတ်သိပ်စွာဖြင့် ဆက်လက်လျှောက်လာသည်။

ထိုတိုင်းပြည်မှ ဘုရင်မင်းမြတ်သည် ကျယ်ပြန့်များသော ဥယျာဉ်ကြီး တစ်ခုအတွင်း၌ နန်းတော်ကြီးတစ်ဆောင် ဆောက်လုပ်၍ နေထိုင်သည်။ ဥယျာဉ်ကြီး၏ အဆုံးရှိ ပြတ်ခါးဝတွင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော ခေါင်းလောင်းကြီးတစ်လုံးကို တပ်ဆင်ထားသည်။ ခေါင်းလောင်းကြီးတွင် ကြိုးရှည်ကြီး တစ်ချောင်းကို တပ်ဆင်ထားသည်။ တိုင်းသူပြည်သားများသည် ရှင်ဘုရင်ထံ အကူအညီ တောင်းလိုသည့်အခါ ထိုကြိုးကို လာ၍ ဆွဲလှုပ်ရကြသည်။ ခေါင်းလောင်းသံ ကြားလျှင် မင်းချင်းတို့ ထွက်လာကြပြီး ထိုသူ့အား ဘုရင့်ရှေ့တော်မှောက်သို့ ပို့ပေးကြသည်။

ယခုအခါ ခေါင်းလောင်းကြီး၏ ကြိုးကို မည်သူမျှ လာရောက် မဆွဲကြသည်မှာ ကာလအတန်ကြာခဲ့ပြီဖြစ်၍ ကြိုးမှာ ဟောင်းနွမ်းဆွေးမြည့်နေသည်။ တစ်နေ့သော် ဘုရင်မင်းမြတ်သည် မင်းချင်းတို့အား ခေါ်ကာ ခေါင်းလောင်းကြိုးကြီးကို အသစ်လဲလှယ် တပ်ဆင်စေသည်။ မင်းချင်းတို့က ဤခေါင်းလောင်းကြီးကို မည်သူမျှ လာရောက်မဆွဲကြသဖြင့် ဖြုတ်ပစ်လိုက်ရန် ပြောကြသည်။ သို့သော် ဘုရင်မင်းမြတ်က "တစ်နေ့ကျရင် တစ်ယောက် ယောက်ကတော့ ငါ့ထံ အကူအညီ လာတောင်းမှာပဲ။ ဒါကြောင့် ခေါင်းလောင်းကြိုးကို အသစ် လဲပြီးသာ တပ်ထားလိုက်ပါ။ ခေါင်းလောင်းကို ဖြုတ်မပစ်ပါနဲ့" ဟု ပြောဆိုသည်။

မင်းချင်းတို့သည် ခေါင်းလောင်းတွင် တပ်ဆင်ရန် ကြိုးအသစ် တစ်ချောင်းကို လိုက်လံ ဝယ်ယူသည်။ သို့သော် ထိုနေ့မှာ တနင်္ဂနွေနေ့ ဖြစ်၍ ဆိုင်များအားလုံး ပိတ်ထားသဖြင့် ကြိုးအသစ်ဝယ်၍ မရပေ။ ထို့ကြောင့် မင်းချင်းသည် "ဒီနေ့တော့ မြက်တွေနဲ့ပဲ ကြိုးတစ်ချောင်း ကျစ်ပြီး ယာယီ တပ်ထားခဲ့မယ်။ နက်ဖြန်ကျမှ ကြိုးအသစ် ဝယ်တပ်တော့မယ်" ဟု ဆိုကာ မြက်များဖြင့် ကြိုးတစ်ချောင်းကျစ်ကာ ခေါင်းလောင်းကြီးတွင် တပ်ဆင်ထားခဲ့ပြီး အိမ်သို့ ပြန်သွားလေသည်။

သနားစဖွယ် ကောင်းသော မြင်းအိုကြီးသည် ဆာလောင်မွတ်သိပ်လွန်းသဖြင့် လမ်း တစ်လျှောက်တွင် စားစရာ ရှာဖွေရင်း တဖြည်းဖြည်း လျှောက်လာသည်။ ဘုရင်မင်းမြတ်၏ နန်းတော် တံခါးဝသို့ အရောက်တွင် ခေါင်းလောင်း၌ ချည်နှောင်ထားသော မြက်များကို တွေ့လိုက်သောအခါ ဝမ်းသာအားရဖြင့် မြက်များကို ဆွဲ၍စားတော့သည်။ မြင်းအိုကြီးက မြက်များကို စားသောအခါ ခေါင်းလောင်းကြိုးကို ဆွဲသကဲ့သို့ ဖြစ်ပြီး ခေါင်းလောင်းကြီးသည် ကျယ်လောင်စွာ မြည်ဟည်းလာတော့သည်။

ခေါင်းလောင်းသံ ကြားသောအခါ မင်းချင်းတစ်ယောက်သည် အပြင်သို့ ပြေးထွက်လာ ပြီး ခေါင်းလောင်းတီးသူကို ရှာဖွေသည်။ ဝင်းတံခါးဝတွင် ရပ်ကာ မြက်များ စားနေသော မြင်းအိုကြီးကို မြင်သောအခါ ရယ်မောလျက် မြင်းအိုကြီးအား မောင်းထုတ်ကာ နန်းတော်တွင်းသို့ ပြန်ဝင်ခဲ့သည်။ မြင်းအိုကြီးသည် သွားစရာ လမ်းမရှိသဖြင့် ထိုနေရာတွင်ပင် ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်သည် ခေါင်းလောင်းသံ ကြားသော်လည်း သူ့ထံမှောက်သို့ မည်သူမျှ ရောက်မလာသဖြင့် အခြားမင်းချင်းတစ်ဦးကို တံခါးသို့ ထပ်မံစေလွှတ်ကာ အကျိုးအကြောင်း စုံစမ်းစေသည်။ မင်းချင်းသည် မြင်းအိုကြီးကို တွေ့သောအခါ သူဌေးကြီး အန်တိုနီတို၏ မြင်းဖြစ်ကြောင်း သိသွားသည်. သူသည် ဘုရင်မင်းမြတ်ထံ ပြန်သွားကာ "မှန်လှပါအရှင်၊ ဝင်းတံခါးဝတွင် ရောက်နေသူမှာ မြင်းအိုကြီးတစ်ကောင် ဖြစ်ပါတယ်။ ဒီမြင်းဟာ သူဌေး အန်တိုနီတိုရဲ့ မြင်းဖြစ်ပါတယ်။ မြင်းကြီးဟာ အိုမင်းမစွမ်းရှိလာလို့ အလုပ် မလုပ်နိုင်တော့တဲ့ အတွက် သူဌေးက အစာရေစာ မကျွေးတော့ဘဲ စွန့်ပစ်လိုက်ပါတယ်။ ဒါကြောင့် မြင်းကြီးဟာ ဆာလွန်းလို့ ခေါင်းလောင်းမှာ ချည်ထားတဲ့ မြက်တွေကို လာစားတာပါ" ဟု လျှောက်တင် သည်။

ထိုစကားကို ကြားလျှင် ဘုရင်မင်းမြတ်သည် မြင်းအိုကြီးကို သနားသွားသည်။ မင်းချင်း အား "မြင်းကြီးကို ငါကိုယ်တော်မြတ်ရဲ့ ဥယျာဉ်တော်ထဲမှာ ထားပြီး အစာရေစာ ကောင်းစွာ ကျွေးမွေးလိုက်ပါ။ သူဟာ ငါ့ထံက အကူအညီလိုလို့ ခေါင်းလောင်းကို ဆွဲတာဖြစ်တယ်။ ဒါကြောင့် ငါ့မှာ တာဝန်ရှိတယ်။ သူ့ရဲ့ပိုင်ရှင် သူဌေးကိုလည်း ခုချက်ချင်း သွားခေါ်ချေ" ဟု အမိန့်ပေးလိုက်သည်။

မကြာမီ မြင်းပိုင်ရှင်သူဌေး ရောက်လာသည်။

ဘုရင်မင်းမြတ်က "ဒါသင့်ရဲ့ မြင်းဟုတ်သလား" ဟု မေးရာ သူက ဟုတ်မှန်ကြောင်း ဖြေဆိုသည်။ ဘုရင်က "သင့်မြင်းကို ဘာကြောင့် စွန့်ပစ်ထားရတာလဲ၊ ဘာကြောင့် အစာ မကျွေးရတာလဲ၊ မြင်းကြီးဟာ သိပ်ကို ဆာလောင်နေရှာတယ်" ဟု ပြောသည်။ သူဌေးက "ကျွန်တော်မျိုးရဲ့ မြင်းဟာ အိုမင်းလာပြီဖြစ်လို့ ဘာအလုပ်မှ မလုပ်နိုင်တော့လို့ စွန့်ပစ်လိုက်တာ ပါ" ဟု ပြောဆိုသည်။

ထိုစကားကို ကြားလျှင် ဘုရင်သည် ဒေါသထွက်ကာ "သင် အသက်အရွယ် အိုမင်း လာတဲ့အခါမှာ သင့်ရဲ့ သားသမီးတွေက သင့်ကို မစွန့်ပစ်ဘဲ ကျွေးမွေးပြုစုကြမယ် မဟုတ် လား။ တကယ်လို့ သူတို့သာ မပြုစုရင် သင်လည်း သင့်မြင်းကြီးလိုပဲ အစာငတ် ရေငတ်နဲ့ ဒုက္ခရောက်ရမှာပဲ။ ဒီမြင်းကြီးဟာ နှစ်ပေါင်းများစွာ သင့်ထံမှာ အလုပ်လုပ်ခဲ့သူ ဖြစ်တယ်။ ဒါကြောင့် ခုလို အိုမင်းမစွမ်း ဖြစ်ချိန်မှာ သူ့ကျေးဇူးကို သိတဲ့အနေနဲ့ ပြုစုလုပ်ကျွေးရမယ်။ မစွန့်ပစ်သင့်ဘူး" ဟု ပြောဆိုသည်။ သူဌေး အန်တိုနီတိုလည်း များစွာ၊ နောင်တရသွားသည်။ သူသည် "မှန်လှပါအရှင်၊ ကျွန်တော်မျိုး မှားသွားပါတယ်။ ဒီမြင်းကြီးဟာ နှစ်ပေါင်းများစွာ ကျွန်တော်မျိုးထံမှာ အမှုထမ်းခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့

www.burmeseclassic.com



ဒီနေ့ကစပြီး ကောင်းမွန်စွာ ကျွေးမွေး စောင့်ရှောက်ထားပါတော့မယ်" ဟု ဆိုကာ မြင်းကြီးကို ပြန်လည်ခေါ်ဆောင် သွားလေတော့သည်။

ထိုနေ့မှစကာ မြင်းပိုင်ရှင် သူဌေး အန်တိုနီတိုသည် အမြင်မှန်ရသွားကာ သူ့မြင်းအိုကြီးအား အသက်ထက်ဆုံး ကောင်းမွန်စွာ ကျွေးမွေးပြုစုသွားလေတော့သည်။ ဘုရင်မင်းမြတ်သည်လည်း သူတို့နှစ်ဦး၏ အကြောင်းကို လူအများအား ပြော၍ မဆုံးအောင် ရှိပေတော့သည်။

(အီတလီပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## လောဘကြီးသူ

တစ်ခါက ရွာတစ်ရွာတွင် သူဆင်းရဲတစ်ဦး ရှိသည်။ သူသည် အလုပ်ကို အလွန်ကြိုးစား၍ လုပ်ကိုင်သော်လည်း ကြွယ်ဝချမ်းသာ၍ မလာခဲ့ပေ။ ထို့ကြောင့် သူသည် နောက်ဆုံးတွင် အခြား တစ်မြို့တစ်ရွာသို့ ပြောင်းကာ အလုပ် လုပ်ကိုင်ရန် ဆုံးဖြတ်၍ သူ၏ မိသားစုကို နှုတ်ဆက်လျက် ထွက်ခွာလာခဲ့သည်။

သူသည် အချိန်အတန်ကြာအောင် ခရီးထွက်ခဲ့ရာ နောက်ဆုံးတွင် မြို့တစ်မြို့သို့ ဆိုက်ရောက်ခဲ့သည်။ သူသည် ထိုမြို့တွင် တစ်အိမ်တက်ဆင်းလှည့်လည်ကာ အလုပ်တောင်းခံသည်။ ရသမျှ အလုပ်ကို မရွေးဘဲ ကောင်းမွန်ကျေပွန်စွာ လုပ်ကိုင်ပေးသည်။ သူ၏ ကြိုးစားမှု၊ ရိုးသားမှုကြောင့် သူ့ထံတွင် ငွေအမြောက်အမြား စုမိလာသည်။ သူသည် လုပ်အားခအဖြစ် ရရှိသော ငွေများထဲမှ စားစရိတ်ငွေကို နုတ်ကာ ကျန်ငွေများအားလုံးကို အိတ်ကလေးတစ်လုံးတွင် ထည့်၍ သိမ်းဆည်းထားသည်။

ဤသို့ဖြင့် ကာလအတန်ကြာသော် သူ့တွင် ငွေဒင်္ဂါး တစ်ထောင် စုဆောင်းမိလာသည်။ သူသည် ဆင်းရဲနွမ်းပါးသူ တစ်ဦးဖြစ်သည့်အတွက် ဤမျှများပြားသော ငွေများကို တစ်ခါမျှ မမြင်ဖူးပေ။ ဤငွေများကို သူ့ထံတွင်ထားစဉ် သခိုး တးပြတို့ လုယူသွားပါက သူ၏ မိသားစု

www.burmeseclassic.com



ဒုက္ခရောက်မည်ကိုလည်း စိတ်ပူသည်။ သူသည် ငွေများကို မည်သို့ သိမ်းဆည်းရမည်ကို အမျိုးမျိုး အကြံထုတ်သည်။ နောက်ဆုံးတွင် အကြံ တစ်ခုရလာသည်။ ထိုအကြံမှာ ထိုမြို့ရှိ ရိုးသားဖြောင့်မတ်ပြီး ဂုဏ်သရေရှိသူဟု အမည်ရသော သူဌေးကြီး တစ်ဦးထံ သူ၏ ငွေများကို အပ်နှံထားရန် ဖြစ်သည်။

သူသည် ငွေထုပ်ကြီး ပိုက်ကာ ထိုသူဌေးကြီး ထံသို့ သွားရောက်သည်။ ရောက်လျှင် သူက "လူကြီးမင်းခင်ဗျား၊ တစ်ဆိတ် ကျေးဇူးပြုပြီး ကျွန်တော့်ရဲ့ ငွေထုပ်ကို သိမ်းဆည်းပေးစေလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမြို့မှာ လူကြီးမင်းလောက် ရိုးသားဖြောင့်မတ်သူ တစ်ဦးမှ မတွေ့ဖူးသေးပါဘူး။ ကျွန်တော် ဒီမြို့မှာ နေထိုင်စဉ်အတွင်း ကျွန်တော့်ရဲ့ ငွေတွေကို လူကြီးမင်း ထံမှာပဲ အပ်နှံထားပါရစေ။ ကျွန်တော့် အိမ်ကို ပြန်ခါနီးကျမှ ငွေတွေကို ပြန်ပြီး ယူပါ့မယ်" ဟု ပြောဆိုသည်။

သူဌေးကြီးလည်း "ကောင်းပါပြီ၊ ခင်ဗျား စိတ်ချမ်းသာအောင် ဒီငွေကို ကျွန်တော် လက်ခံထားလိုက်ပါ့မယ်။ ခင်ဗျား ပြောတာ မှန်ပါတယ်။ ဒီမြို့မှာ ခင်ဗျားငွေကို အပ်ဖို့ ကျွန်တော့်ထက်ပိုပြီး စိတ်ချရတဲ့ သူ တစ်ယောက်မှ မရှိပါဘူး" ဟု ပြန်လည် ပြောဆိုကာ ငွေများကို လက်ခံထားလိုက်သည်။ သူဆင်းရဲ ပြန်သွားလျှင် သူဌေးကြီးသည် ငွေများကို သေချာစွာ ရေတွက်ကာ သေတ္တာကြီး တစ်လုံးထဲတွင် ထည့်ထားလိုက်သည်။

နှစ်အနည်းငယ်ကြာသော် ငွေထုပ်ပိုင်ရှင် သူဆင်းရဲသည် သူ၏ မိသားစုထံသို့ ပြန်လို စိတ် ပေါ်လာသည်။ ထို့ကြောင့် သူသည် ငွေထုပ်အပ်နှံထားသော သူဌေးကြီးထံ သွားရောက်၍ သူ၏ ငွေကို တောင်းခံသည်။ ထိုအခါ သူဌေးကြီးက သူ့ထံတွင် ငွေများ လုံးဝ အပ်နှံမထားကြောင်းဖြင့် ငြင်းဆိုသည်။ သူဆင်းရဲကလည်း အကြိမ်ကြိမ် တောင်းခံသည်။ သူဌေးကြီးကလည်း အကြိမ်ကြိမ် ငြင်းဆိုသည်။

သူဌေးကြီးက "သင် ရူးနေသလား၊ သင် ကျုပ်ကို ဘယ်တုန်းက ငွေအပ်ဖူးလို့လဲ၊ သင်တို့လို ဆင်းရဲသားတွေဟာ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ငွေဒင်္ဂါး တစ်ရာ ပြည့်အောင် မြင်ဖူးတာမှ မဟုတ်ဘဲ။ ငွေဒင်္ဂါးတစ်ထောင် အပ်နှံထားဖူးတယ်ဆိုတာတော့ ဝေးရောပဲ။ မဟုတ်တာတွေ လာမပြောပါနဲ့၊ ခင်ဗျား ကျုပ်အိမ်ထဲက အခုထွက်သွားလိုက်ပါ" ဟု ပြောဆိုကာ နှင်ထုတ်သည်။ သူ၏ အိမ်မှ အစေခံများအားလည်း လှမ်းခေါ်ကာ သူဆင်းရဲကို ရိုက်နှက်ကန်ကျောက်၍ အိမ်အပြင်သို့ မောင်းထုတ်စေသည်။ အစေခံများလည်း သူဌေးကြီး၏ အမိန့်အတိုင်း ပြုမူကြသည်။

www.burmeseclassic.com



သူဆင်းရဲသည် သူ စုထားသော ငွေများလည်းဆုံး၊ အရိုက်အနှက်လည်း ခံရသဖြင့် ဝမ်းနည်းကြေကွဲမဆုံး ဖြစ်ကာ တစ်လမ်းလုံး ငိုကြွေးလာသည်။

ထိုစဉ် သူ့အနီးမှ မိန်းမတစ်ဦး ဖြတ်သွားသည်။ ထိုမိန်းမသည် သူဆင်းရဲ၏ ငိုကြွေးသံကို ကြားလျှင် အနီးသို့ ချဉ်းကပ်ကာ "မောင်ကြီးရယ်၊ သင်ဟာ ယောကျ်ားကြီး တစ်ယောက်ဖြစ်ရက်နဲ့ ဘာ့ကြောင့်များ ကလေးငယ် တစ်ယောက်လို ဝမ်းပန်းတနည်း ငိုကြွေးနေရတာလဲ" ဟု မေးမြန်းသည်။ သူဆင်းရဲလည်း အကျိုးအကြောင်း ပြောပြသည်။ ထိုမိန်းမသည် သူဆင်းရဲ၏ စကားကို အစအဆုံး နားထောင်ပြီးနောက် "ဘာမှ မပူပါနဲ့၊ ကျွန်မနဲ့သာ လိုက်ခဲ့ပါ။ ရှင့်ငွေတွေ ပြန်ရအောင် ကြံဆောင်ပေးပါ့မယ်" ဟု ပြောဆိုကာ သူ၏ အိမ်သို့ ခေါ်ဆောင်သွားသည်။

အိမ်သို့ ရောက်လျှင် ထိုမိန်းမသည် ကြီးမားသော သေတ္တာကြီးတစ်လုံးကို ယူပြီးလျှင် သူ၏သားဖြစ်သူအား "သားရေ၊ အမေ ဟောဒီလူနဲ့အတူ သူဌေးကြီး ဆီကို လိုက်သွားဦးမယ်။ အမေတို့ သွားလို့ တစ်အောင့်လောက်ကြာရင် အမေတို့နဲ့ မလှမ်းမကမ်းက ငါ့သားလိုက်ခဲ့ပါ။ ငါ့သားလိုက်လာတာကို ဘယ်သူမှတော့ မသိစေနဲ့။ အမေတို့ သူဌေးကြီးအိမ် ရောက်တဲ့ အခါကျရင် ငါ့သားက လိုက်မဝင်သေးဘဲ တစ်နေရာက ပုန်းပြီး စောင့်နေပါ။ သူဌေးကြီးက ဟောဒီလူရဲ့ ငွေတွေကို ပြန်ပေးပြီး အမေယူလာတဲ့ သေတ္တာကြီးကို သိမ်းဖို့ ဟန်ပြင်လိုက်တာနဲ့ တစ်ပြိုင်နက် ငါ့သားက ထွက်လာပြီး၊ အမေရေ အဖေတော့ ကုလားအုတ်တွေ၊ ကုန်တွေနဲ့အတူ အခုပဲ ပြန်ရောက်လာပြီ။ အမေ့ကိုလည်း ခေါ်ခိုင်းလိုက်တယ်လို့ ပြေးပြီး လာပြောပါ" ဟု သင်ကြားပေးသည်။ သားဖြစ်သူလည်း "ကောင်းပါပြီ" ဟု ကတိပေးသည်။

ထို့နောက် ထိုမိန်းမသည် သေတ္တာကြီးကို ကြိုးစားရွက်ကာ သူဆင်းရဲနှင့်အတူ သူဌေးကြီး ထံသို့ ဦးတည်သွားကြသည်။ သူ၏ သားငယ်လည်း မလှမ်းမကမ်းမှ နောက်ယောင်ခံကာ လိုက်ပါလာသည်။ သူဌေးကြီး၏ အိမ်အနီးသို့ ရောက်သော် ထိုမိန်းမသည် မိမိက ဦးစွာ ဝင်သွားပြီး အတန်ကြာမှ သူဆင်းရဲက လိုက်၍ ဝင်လာရန် ပြောဆိုပြီးနောက် သေတ္တာကြီးကို ရွက်ကာ သူဌေးကြီး၏ အိမ်အတွင်းသို့ ဝင်ရောက်သွားသည်။

သူဌေးကြီးသည် သူ့အိမ် အတွင်းသို့ ဝင်ရောက်လာသော ထိုမိန်းမအား ကြည့်ကာ "ကျွန်ုပ် ဘာများ ကူညီရပါမလဲ ချစ်နှမ" ဟု သိမ်မွေ့စွာ မေးလိုက်သည်။

ထိုမိန်းမက "သူဌေးကြီးရှင့်၊ ကျွန်မဟာ ဒီမြို့မှာ နာမည် ကျော်ကြားတဲ့ ကုန်သည်ကြီး ဦးလူလှရဲ့ ဇနီး ဖြစ်ပါတယ်။ အခု ကျွန်မရဲ့ ခင်ပွန်းဟာ အခြားအရပ်ကို ကုန်ကူးသွားနေပြီး ဘယ်နေ့ ပြန်ရောက်မယ်ဆိုတာ အတိအကျ မပြောနိုင်ပါဘူး။ သူ မရှိတုန်းမှာ ကျွန်မ တစ်

www.burmeseclassic.com



ယောက်တည်း အိမ်စောင့် ကျန်တာမို့ ညညဆိုရင်လည်း ပစ္စည်းတွေကို စိတ်မချလို့ ကောင်းကောင်း အိပ်မပျော်ပါဘူး။ ကျွန်မတို့ အိမ်အနီးမှာလည်း သူခိုးတွေဟာ ချောင်းနေကြတယ်။ ဒါကြောင့်မို့ ကျွန်မတို့ ပိုင်တဲ့ ပစ္စည်းတွေ အားလုံးကို သူဌေးကြီး ထံမှာ လာရောက်အပ်နှံရခြင်း ဖြစ်ပါတယ်။ ဒီသေတ္တာထဲမှာ ကျွန်မတို့ ပိုင်တဲ့ ငွေတွေ အားလုံးနဲ့ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတွေ ပါပါတယ်။ ဒီသေတ္တာကြီးဟာ အင်မတန် လေးတဲ့အတွက် ကျွန်မ မနိုင်တနိုင်နဲ့ သယ်လာရပါတယ်။ ဒါကြောင့် ကျွန်မ ခင်ပွန်း ပြန်လာတဲ့အခါ သူ ကိုယ်တိုင် သေတ္တာကြီးကို လာယူပါ့မယ်။ အခုတော့ သူဌေးကြီးဆီမှာ သေတ္တာ အပ်ထားပါရစေ” ဟု ပြောသည်။

သူဌေးကြီးသည် သေတ္တာကြီးကို မ,ကြည့်ရာ အလွန် လေးလံကြောင်း တွေ့ရသည်။ သူသည် လောဘကြီးသူ ဖြစ်ရကား “တကယ်လို့ သူ့ခင်ပွန်းသာ လာမယူရင် ငါတော့ သူ့ပစ္စည်းတွေကို အပိုင်ရမှာပဲ။ သူ့ခင်ပွန်းဟာ အင်မတန် ချမ်းသာတဲ့ သူတစ်ဦးပဲ။ ဒီသေတ္တာထဲမှာ အနည်းဆုံး ငွေဒင်္ဂါး တစ်ထောင်လောက်နဲ့ ရွှေငွေရတနာတွေ ရှိပုံရတယ်။ ဒါတွေကိုသာ ငါပိုင်လိုက်ရရင် သိပ်ဟန်ကျမှာပဲ” ဟု တွေးကာ “ကောင်းပြီ ချစ်နှမ၊ သင့်ရဲ့ ပစ္စည်းဥစ္စာတွေကို ကျွန်ုပ် သိမ်းဆည်း ထားပါ့မယ်။ သင့် ခင်ပွန်း ပြန်လာလျှင် သင့်ရဲ့ ပစ္စည်းတွေကို တစ်ပြားတစ်ချပ် မကျန် ပြန်ပေးပါ့မယ်” ဟု ပြောလိုက်ကာ သေတ္တာကို တုန်ယင်သော လက်များဖြင့် လှမ်းယူလိုက်ပါသည်။

သို့သော် ထိုမိန်းမက သေတ္တာကို ရုတ်တရက် ပြန်ဆွဲကာ “နေပါဦး၊ ကျွန်မရဲ့ သေတ္တာကို ပြန်ရမယ် ဆိုတာတော့ သေချာပါတယ်နော်” ဟု ထပ်မံမေးလိုက်သည်။

သူဌေးကြီးက “သေချာပါတယ် နှမရယ်။ ဒီအတွက် ဘာမှ သံသယမဖြစ်ပါနဲ့၊ ဒီမြို့က လူတွေအားလုံးဟာ ကျုပ်ရဲ့ ရိုးသားမှုကို သိကြပါတယ်” ဟု ပြန်ဖြေလိုက်သည်။

ထိုစဉ် သူဆင်းရဲသည် အိမ်အတွင်းသို့ ရုတ်တရက် ဝင်ရောက်လာသည်။ သူဆင်းရဲအား မြင်သည်နှင့် သူဌေးကြီးသည် ရုတ်တရက် အကြံရလာသည်။ သူ့အား ထိုအမျိုးသမီး ယုံကြည်စေရန် သူဆင်းရဲ၏ ငွေတစ်ထောင်ကို ပြန်ပေးလိုက်မည်။ ထိုအခါ အမျိုးသမီးက သူ့အား ယုံကြည်ကာ သူ့ပစ္စည်းများကို အပ်နှံမည်။ ထိုသို့ဖြစ်လျှင် ထိုအမျိုးသမီး၏ ပစ္စည်းများကို အပိုင်စီးကာ ပွပေါက်တိုးတော့မည်ဟု ကြံရွယ်လိုက်သည်။

ထို့ကြောင့် သူဌေးကြီးက “စိတ်ချပါနှမ၊ သင့်ရဲ့ သေတ္တာကို ဒီမှာထားတာက သင့်အိမ်မှာထက်ပိုပြီး လုံခြုံပါတယ်။ သင့်ခင်ပွန်း ပြန်လာတာနဲ့ သေတ္တာကို ချက်ချင်း ပြန်ပေးပါ့မယ်။ အခု ဒီရှေ့မှာ ရောက်နေတဲ့ သူဆင်းရဲဟာ ကျွန်ုပ်ထံမှာ ငွေဒင်္ဂါးတစ်ထောင် အပ်ထားခဲ့တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတယ်။ အခုမနက်ပဲ သူ့ငွေတွေကို လာတောင်းပါတယ်။ ဒါပေမဲ့ ကျွန်ုပ်က သူ့ကို လုံးဝ မမှတ်မိလို့ ငွေတွေကို မပေးခဲ့ရပါဘူး။ တကယ်လို့ အယောင်ဆောင်ထားတဲ့ သူခိုးကို ပေးမိရင် ကျွန်ုပ် ဒုက္ခရောက်ရပါလိမ့်မယ်။ သူ့ကို ပိုင်ရှင်အစစ်ဖြစ်ကြောင်း သက်သေပြနိုင်တဲ့ သူ ရှိရင်တော့ ငွေတွေကို ကျွန်ုပ်ပြန်ပေးပါ့မယ်" ဟု ပြောလိုက်သည်။

ထိုအခါ ကုန်သည်ကြီးကတော် ဟန်ဆောင်ထားသူ မိန်းမက "အို သူဌေးကြီး၊ ဒီသူဆင်းရဲကို လွန်ခဲ့တဲ့ ၂–နှစ်လောက်က ကျွန်မ သိခဲ့ပါတယ်။ သူဟာ ဒီမြို့ကို ရောက်တဲ့ အချိန်ကစပြီး အလုပ်ကို သိပ်ကြိုးစားခဲ့သူ ဖြစ်ပါတယ်။ သူဟာ ကျွန်မတို့ အိမ်မှာလည်း အလုပ်လုပ်ခဲ့ပါတယ်။ သူ လိမ်ပြောတာ မဟုတ်ပါဘူး။ အလုပ်ကြမ်း လုပ်ရလွန်းလို့ သူ့လက်တွေဟာ ပေါက်ပြဲနေတာပဲ။ မယုံရင် စစ်ဆေးကြည့်နိုင်ပါတယ်" ဟု ပြောလိုက်သည်။

သူဌေးကြီးက "ဒီလူကို သိသလား။ ဒါဆိုရင်တော့ သူ့ရဲ့ ငွေတွေကို ပြန်ပေးရမှာပေါ့၊ ညီလေးရဲ့ ငွေတွေကို အခုပဲ ပြန်ယူသွားပါ" ဟု ဆိုကာ သူဆင်းရဲ၏ ငွေဒင်္ဂါးတစ်ထောင်ကို ပြန်ပေးလိုက်သည်။

သူဌေးကြီးလည်း ကုန်သည်ကြီးကတော် ဟန်ဆောင်ထားသူ မိန်းမဘက်သို့ လှည့်ကာ "ကဲ နှမ၊ ကျုပ်ရဲ့ ရိုးသားဖြောင့်မတ်မှုတွေကို မြင်ပြီး မဟုတ်လား။ နှမကြီးရဲ့ ပစ္စည်းတွေကို ယုံယုံကြည်ကြည်နဲ့သာ အပ်ခဲ့ပေတော့" ဟု ပြောလိုက်သည်။ ထို့နောက် သေတ္တာကို လှမ်းယူရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် အမျိုးသမီးကြီး၏ သားငယ်သည် ရုတ်တရက် ပြေးဝင်လာကာ "အမေ၊ အိမ်ကို အခုချက်ချင်းပြန်လာခဲ့ပါ။ အဖေ ခရီးသွားရာက ကုလားအုတ်တွေ၊ ကုန်ပစ္စည်းတွေနဲ့အတူ အခု ပြန်ရောက်လာနေပြီ။ အမေ့ကို ခေါ်ခိုင်းလိုက်တယ်" ဟု အမောတကော ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် ထိုအမျိုးသမီးသည် ဝမ်းမြောက်ဝမ်းသာဖြင့် "ကျွန်မ ခင်ပွန်း ပြန်လာပြီတဲ့၊ ဒါဆို ကျွန်မ ပစ္စည်းတွေကို သူဌေးကြီးဆီမှာ အပ်စရာ မလိုတော့ဘူး" ဟု ဆိုကာ သေတ္တာကြီးကို ရွက်၍ သူဌေးကြီးရှေ့မှောက်မှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။ မသွားမီ သူဆင်းရဲဘက်သို့ လှည့်ကာ "မကောင်းမှုဆိုတာ ဘယ်တော့မှ မတည်မြဲဘူး မောင်ကြီး။ အခုတော့ လက်တွေ့ပဲ မဟုတ်လား။ မောင်ကြီးလည်း ကိုယ့်မြို့ကိုယ့်ရွာကိုပြန်ပြီး မိသားစုနဲ့အတူ ကောင်းမွန်ပျော်ရွှင်စွာ နေထိုင်ပေတော့။ မောင်ကြီး စုဆောင်းထားတဲ့ ငွေတွေနဲ့ဆို အေးအေးချမ်းချမ်း နေနိုင်ပါပြီ" ဟု ပြောလိုက်သည်။ ထို့နောက် သူတို့ နှစ်ဦးသည် သူဌေးကြီးထံမှ ထွက်ခွာသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး ထွက်ခွာသွားကြသောအခါ သူဌေးကြီးသည် တစ်ကိုယ်တည်း မကျေမနပ်ဖြစ်ကာ ကျန်ရစ်ခဲ့သည်။ သူသည် ဒေါသတကြီးဖြင့် သူ့ဆံပင်များ၊ မုတ်ဆိတ်များ၊ နှုတ်ခမ်းမွေးများကို ဆွဲနုတ်လျက် ပါးစပ်မှလည်း "ငါ့လောက် ကံဆိုးတဲ့သူ မရှိတော့ဘူး။ အားလုံး အပိုင်ရပြီးမှ ဘယ်လိုဖြစ်သွားတာလဲ။ ကုန်သည်ကြီးကရော တကယ် ပြန်လာလို့လား။ ဘာကြောင့် သူက နောက်ထပ် တစ်နာရီလောက် နောက်ကျပြီးမှ ရောက်မလာရတာလဲ။ သူသာ နောက်ထပ် တစ်နာရီလောက် နောက်ကျပြီးမှ ရောက်လာရင် ငါတော့ သူ့ပစ္စည်းတွေကို အပိုင်ရပြီး အခုထက် ပိုချမ်းသာမှာ။ အခုတော့ လွဲပြီ၊ လွဲပြီ။ တကယ့် ရတနာပုံကြီးနဲ့မှ လွဲပြီ" ဟု တတွတ်တွတ်ရေရွတ်ရင်း အရူးတစ်ယောက်ပမာ ဟိုမှသည်မှ ပြေးလွှားနေလေတော့သည်။ လောဘကြီးသော သူဌေးကြီးကား သူ့အပြစ်နှင့်သူ ဒုက္ခခံစားရခြင်းပင်။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ပညာရှိညီအစ်ကို

လွန်လေပြီးသောအခါက ရွာတစ်ရွာတွင် သူဆင်းရဲ တစ်ဦးရှိသည်။ သူ့တွင် သားသုံးယောက်ရှိသည်။ သူဆင်းရဲသည် ဆင်းရဲနွမ်းပါးသော်လည်း ဉာဏ်ပညာ အမြော်အမြင်နှင့်ပြည့်စုံသည်။ ထို့ကြောင့် သူ၏သားများအား "သားတို့၊ အဖေတို့မှာ သူတကာလို ရွှေ၊ ငွေ၊ ဥစ္စာ ပစ္စည်း ဘာတစ်ခုမှ မရှိဘူး။ ဒါကြောင့် သားတို့အနေနဲ့ အတတ်ပညာကိုသာ ထူးချွန်အောင် လေ့လာသင်ယူပါ။ လောကမှာ မသိတာ မရှိရအောင် အထူး ဝီရိယစိုက်ပြီး ကြိုးစားပါ။ သူတကာလို ပစ္စည်းဥစ္စာ မချမ်းသာပေမဲ့ ထက်သန်ထူးချွန်တဲ့ စိတ်ရှိပါစေ။ သူတကာလို ရွှေငွေ မရှိပေမဲ့ ဖြတ်ထိုးဉာဏ်ရှိပါစေ။ ဒီအချက်တွေနဲ့သာ ပြည့်စုံရင် သားတို့ဟာ လောကမှာ သူတကာအောက် ဘယ်တော့မှ မနိမ့်ကျဘူး။ ဒုက္ခလည်းရောက်မှာ မဟုတ်ဘူး" ဟု မကြာခဏမှာကြား သွန်သင်သည်။ သားတို့လည်း ဖခင်၏ စကားကို တစ်သဝေမတိမ်း လိုက်နာကာ ကြိုးစားကြသည်။

ကာလအတန်ကြာသော် ဖခင် ကွယ်လွန်သွားသည်။ သားတို့လည်း စုဝေး တိုင်ပင်ကြပြီးလျှင် "ဖခင် ကွယ်လွန်ပြီးတဲ့နောက် ငါတို့အတွက် ဘာအမွေပစ္စည်းမှ မကျန်ခဲ့ဘူး။ ဒါကြောင့် ငါတို့ဟာ ရေကြည်ရာ မြက်နုရာကို သွားလာရှာဖွေပြီး ကြီးပွားအောင် ကြံဆောင်ကြရမယ်။

www.burmeseclassic.com



ငွေကြေးလိုအပ်လာရင်လည်း သိုးကျောင်း၊ လယ်ထွန်စတဲ့ ရရာအလုပ်တွေကို လုပ်သွားကြမယ်ဆိုရင် ဘယ်တော့မှ ထမင်းမငတ်နိုင်ပါဘူး" ဟု ပြောဆိုသည်။ ထို့နောက် ညီအစ်ကို တစ်စုသည် ခရီးစတင် ထွက်ခဲ့ကြသည်။

ရက်ပေါင်း လေးဆယ်ခန့်ကြာသော အခါ သူတို့သည် သစ်ပင်များ၊ မျှော်စင်များ၊ လူနေ အိမ်ခြေများဖြင့် စည်ကားသော မြို့ကြီးတစ်မြို့ကို ခပ်လှမ်းလှမ်းတွင် မြင်ကြရသည်။ ယခုအချိန်တွင် သူတို့သည် ပါသမျှ ရိက္ခာများ အားလုံးကုန်ကာ ခြေကုန်လက်ပန်းကျနေကြသဖြင့် အလွန်ပင် ဝမ်းသာသွားကြပြီး ထိုနေရာသို့ ခပ်သွက်သွက် လှမ်းသွားကြသည်။

မြို့အနီးသို့ ရောက်သော် အစ်ကို အကြီးဆုံးသည် ရုတ်တရက် ရပ်တန့်လိုက်ကာ မြေပြင်သို့ သေချာစွာ ကြည့်လျက် "ဒီနေရာမှာ လွန်ခဲ့တဲ့ အချိန် အနည်းငယ်လောက်တုန်းက ကုလားအုတ် တစ်ကောင် ဖြတ်သွားခဲ့တယ်" ဟု ပြောလိုက်သည်။

သူတို့သည် ဆက်လက်လျှောက်ခဲ့ကြပြီး အတန်ကြာသော် ညီအလတ်သည် ရုတ်တရက် ရပ်တန့်ပြန်ကာ "အဲဒီ ကုလားအုတ်ပေါ်မှာ မိန်းမတစ်ယောက်နဲ့ ကလေးငယ် တစ်ယောက် ပါသွားတယ်" ဟု ပြောလိုက်သည်။ ကျန်ညီအစ်ကို နှစ်ဦးလည်း မှန်ကန်ကြောင်း ထောက်ခံကြသည်။ ထို့နောက် သူတို့သုံးဦးသား ခရီးဆက်ခဲ့ကြသည်။

အတန်ကြာသော် ဟိုဟိုသည်သည် ကြည့်ကာ မြင်းစီးလာသော ယောကျ်ားတစ်ဦးကို သူတို့ တွေ့ကြရသည်။ အစ်ကိုကြီးက ထိုသူအား "အလွန်ကြီးမားသော ကုလားအုတ်ကြီး တစ်ကောင်ကို ရှာဖွေနေခြင်း ဖြစ်သလော" ဟု မေးသည်။ ထိုသူလည်း မှန်ကန်ကြောင်း ပြောသည်။

တစ်ဖန် ညီအလတ်ကလည်း "သင်၏ ကုလားအုတ်သည် လက်ဝဲဘက် မျက်စိကန်းနေသည် မဟုတ်လော" ဟု မေးသည်။ ထိုသူလည်း မှန်ကန်ကြောင်း ဖြေသည်။

ညီအငယ်ဆုံးကလည်း "ကုလားအုတ်ပေါ်တွင် အမျိုးသမီးတစ်ယောက်နှင့် ကလေးငယ် တစ်ယောက် ပါသွားသည် မဟုတ်ပါလော" ဟု ဝင်ရောက် မေးသည်။ ထိုသူလည်း မှန်ကန်ကြောင်း ဖြေသည်။

ထို့နောက် မြင်းစီးယောကျ်ားသည် ညီအစ်ကို သုံးဦးအား သင်္ကာမကင်းဟန်ဖြင့် ကြည့်ကာ "ကျုပ်ရဲ့ ကုလားအုတ်ကို ခင်ဗျားတို့ ဖွက်ထားတယ် မဟုတ်လား။ ဘယ်မှာ ထားသလဲဆိုတာ ပြောစမ်းပါ" ဟု မေးသည်။

ညီအစ်ကို သုံးဦးလည်း ကုလားအုတ်ကို သူတို့ လုံးဝမမြင်ဖူးကြောင်း ပြောကြသည်။ မြင်းစီးယောကျ်ားလည်း မယုံကြည်သဖြင့် "ဒါဖြင့် ကျုပ်ကုလားအုတ်နဲ့ ပတ်သက်ပြီး ဘယ်လိုလုပ် သိနေသလဲ" ဟု မေးသည်။ ညီအစ်ကို တစ်စုလည်း "ကျွန်တော်တို့ မျက်စိလျှင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး စုပေါင်းစဉ်းစားခဲ့ကြလို့ သိရတာပါ။ ဟိုရှေ့က လမ်းအတွင်းသာ တည့်တည့်လိုက်သွားပါ။ ခင်ဗျားရဲ့ ကုလားအုတ်ကို တွေ့ရပါလိမ့်မယ်" ဟု ပြောကြသည်။

ကုလားအုတ်ပိုင်ရှင်သည် သူတို့စကားကို လုံးဝ မယုံကြည်ပေ။ ထို့ကြောင့် သူတို့အား သူခိုးများဟု စွပ်စွဲကာ ဘုရင်မင်းမြတ်ထံ ခေါ်ဆောင်သွားသည်။

ဘုရင့်ထံ ရောက်သော် ထိုသူက "ကျွန်တော်မျိုးဟာ တောင်ကြော တစ်လျှောက် နွားကျောင်းလာပါတယ်။ ကျွန်တော်မျိုးရဲ့ ဇနီးနဲ့ သားကလေးကတော့ ကုလားအုတ်ကြီး တစ်ကောင်ကို စီးပြီး နောက်က လိုက်လာပါတယ်။ အဲဒီ ကုလားအုတ်ဟာ မျက်လုံးတစ်ဖက် ကန်းနေပါတယ်။ တစ်နေရာ အရောက်မှာ မျက်စိလည် လမ်းမှားပြီး သူတို့စီးလာတဲ့ ကုလားအုတ် ပျောက်ဆုံးသွားပါတယ်။ ကျွန်တော်မျိုးဟာ သူတို့ ၂ ဦးကို လိုက်ရှာရင်း ဟောဒီ လူသုံးယောက်နဲ့ တွေ့ပါတယ်။ သူတို့ သုံးဦးပဲ ကုလားအုတ်ကို ခိုးတာဖြစ်မှာပါ။ ကျွန်တော်မျိုးရဲ့ မိန်းမနဲ့ သားကလေးကို သူတို့ သတ်ပစ်မှာစိုးလို့ အမြန်စစ်ဆေး ပေးတော်မူပါ" ဟု လျှောက်တင်သည်။

ဘုရင်မင်းမြတ်က "သင် ဘာကြောင့် ဒီလို ထင်ရတာလဲ" ဟု မေးသည်။ ထိုသူက "မှန်လှပါ၊ ဒီလူသုံးယောက်ဟာ ကျွန်တော်မျိုး ဘာမှမမေးရသေးဘဲနဲ့ အလွန်ကြီးမားပြီး မျက်စိ တစ်ဖက်ကန်းနေတဲ့ ကုလားအုတ်ကြီးတစ်ကောင် ဖြစ်ကြောင်း၊ မိန်းမတစ်ယောက်နဲ့ ကလေး တစ်ယောက်ပါသွားကြောင်းတွေကို ပြောကြပါတယ်။ ဒါကြောင့် သူတို့ကို သူခိုးလို့ ယူဆရတာပါ" ဟု ပြန်လည် လျှောက်တင်သည်။

ထိုအခါ ဘုရင်မင်းမြတ်က ညီအစ်ကို သုံးဦးအား "ကဲ မောင်မင်းတို့၊ သူ့ရဲ့ မိန်းမနဲ့ ကလေးကို ဘယ်မှာ ဝှက်ထားသလဲ၊ မှန်မှန်ပြောကြစမ်း" ဟု စစ်ဆေးသည်။

ညီအစ်ကို သုံးဦးကလည်း ခိုးဖို့ မဆိုထားနှင့် မြင်ပင် မမြင်ဖူးကြောင်း အတန်တန် ငြင်းဆိုကြသည်။

ဘုရင်မင်းမြတ်က "မဖြစ်နိုင်ဘူး။ သင်တို့ဟာ ပိုင်ရှင်က မမေးဘဲ ကုလားအုတ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ပြောနိုင်နေတယ်။ သင်တို့ မခိုးဘဲ ဒီကုလားအုတ် အကြောင်းကို ဘယ်လိုလုပ် သိမလဲ" ဟု ပြန်ပြောလိုက်သည်။

ထိုအခါ ညီအစ်ကိုသုံးဦးက မိမိတို့သည် ငယ်စဉ်ကတည်းမှ စ၍ အရာရာကို သတိမလစ်ဘဲ အမြဲ စူးစမ်းလေ့လာခဲ့သဖြင့် ယခုကဲ့သို့ ပြောနိုင်ကြောင်း လျှောက်တင်ကြသည်။

ဘုရင်လည်း ရယ်မောလျက် "တစ်စုံတစ်ခုကို တစ်ခါမှ မမြင်ဖူးဘဲနဲ့ မှန်အောင် ပြောနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား" ဟု ပြောသည်။ ညီအစ်ကိုသုံးဦးလည်း ဖြစ်နိုင်ကြောင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်က "ကောင်းပြီ၊ ဒါဆိုရင် မောင်မင်းတို့ စကားမှန် မမှန် မကြာခင် သိရမှာပေါ့" ဟု ပြောလိုက်သည်။ ထို့နောက် မင်းချင်းတစ်ယောက်အား အနီးသို့ခေါ်ကာ တစ်စုံတစ်ခုကို တီးတိုး ပြောကြားလိုက်သည်။

မင်းချင်းသည် မင်းကြီး အနီးမှ ထွက်ခွာသွားသည်။ မကြာမီ ကျေးကျွန်နှစ်ဦးသည် ကြီးမားသော သေတ္တာတစ်လုံးကို လက်တွန်းလှည်း တစ်ခုပေါ်တွင် တင်ကာ ပြန်လည်ဝင်ရောက်လာသည်။ မင်းချင်းတို့သည် ထိုသေတ္တာကြီးကို ဘုရင့်ရှေ့တော်မှောက်သို့ သတိကြီးစွာ ထား၍ ချလိုက်ကြသည်။ သေတ္တာမှာ အဖုံးပိတ်ထားသဖြင့် အတွင်းရှိ ပစ္စည်းကို မမြင်ရပေ။ ညီအစ်ကို သုံးဦးသည် ထိုသေတ္တာကြီးကို စတင်ယူဆောင်လာသည်မှ ဘုရင့်ရှေ့တော်မှောက် ရောက်သည်အထိ ဘုရင့်ရှေ့တွင် ချပေးပုံ၊ သေတ္တာကို ကိုင်တွယ်ပုံမှအစ အားလုံးကို မျက်ခြည်မပြတ် အကဲခတ်လျက် ရှိသည်။

ထို့နောက် ဘုရင်ကြီးသည် သူတို့ ညီအစ်ကိုအား လှမ်းခေါ်ကာ သေတ္တာတွင်း၌ မည်သည့် အရာပါဝင်ကြောင်း မေးသည်။

ထိုအခါ အစ်ကိုကြီးဖြစ်သူက "သေတ္တာတွင်း၌ လုံးဝိုင်းသော အရာဝတ္ထုငယ်တစ်ခု ပါဝင်ပါသည်" ဟု ဖြေသည်။ ဆက်လက်၍ ညီအလတ်ကလည်း "ထိုအရာမှာ သလဲသီး တစ်လုံး ဖြစ်ကြောင်း" ဖြေသည်။ ညီအငယ်ဆုံးက သလဲသီးမှာ မမှည့်သေးသော သလဲသီး တစ်လုံး ဖြစ်ကြောင်း ဖြေသည်။

ဘုရင်လည်း ညီအစ်ကိုသုံးဦး၏ စကားကို နားထောင်ပြီးနောက် သေတ္တာကို ဖွင့်စေသည်။ ထိုအခါ ညီအစ်ကိုသုံးဦး ပြောသည့်အတိုင်း သေတ္တာထဲတွင် မမှည့်သေးသော သလဲသီး တစ်လုံးပါရှိသည်ကို အံ့ဩဖွယ်ရာ တွေ့ရသည်။ မင်းကြီးလည်း ညီအစ်ကို သုံးဦးအား ချီးကျူးတော်မူသည်။ အပြစ်မှလည်း လွှတ်ပေးလိုက်သည်။ ကုလားအုတ်ပိုင်ရှင်အားလည်း သူ၏ ကုလားအုတ်ကို သွား၍ ရှာဖွေစေသည်။

ဘုရင်က ညီအစ်ကို သုံးဦးအား ကုလားအုတ်နှင့် ပတ်သက်သော အကြောင်းများကို မည်သို့ သိကြောင်း ရှင်းပြစေသည်။

အစ်ကိုကြီးက "မှန်လှပါ၊ ဒီကုလားအုတ်ဟာ ကြီးမားတဲ့ ကုလားအုတ်ဖြစ်ကြောင်းကို ကုလားအုတ် ခြေရာတွေအရ သိရပါတယ်။ ကုလားအုတ်ပိုင်ရှင်ဟာ လမ်းမပေါ်မှာ ဟိုဟို သည်သည် ကြည့်နေတာကို ထောက်ပြီး သူဟာ တစ်စုံတစ်ခုကို ရှာနေတာ ဖြစ်ကြောင်း အကဲခတ်မိတာပါ" ဟု ဖြေသည်။

ဘုရင်က "ကောင်းပြီ၊ ကုလားအုတ်ဟာ လက်ဝဲဘက် မျက်လုံးကန်းနေတာကိုရော ဘယ်လို ပြောနိုင်သလဲ" ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီအလတ်က "မှန်လှပါ၊ လမ်းပေါ်မှာပေါက်နေတဲ့ မြက်တွေအနက် လက်ယာဘက်က မြက်ကိုသ...ာ စားပြီး လက်ဝဲဘက်က မြက်တွေကို လုံးဝမစားတဲ့အတွက် လက်ဝဲဘက် မျက်လုံး ကန်းနေကြောင်း ပြောနိုင်တာပါ" ဟု ဖြေသည်။

တစ်ဖန် ဘုရင်က "ကုလားအုတ်ပေါ်မှာ သားအမိ နှစ်ယောက်ပါတာကိုရော ဘယ်လို လုပ်ပြီ သိသလဲ" ဟု မေးသည်။ ညီအငယ်ဆုံးက "တစ်နေရာမှာ ကုလားအုတ် ဒူးထောက်ပြီး ဝပ်တဲ့နေရာတွေ တွေ့ပါတယ်။ အဲဒီနားမှာ မိန်းမတစ်ယောက်ရဲ့ ဖိနပ်ရာတွေနဲ့ အခြားဖိနပ်ရာ သေးသေးလေးတွေကို တွေ့ရလို့ အဲဒီမိန်းမနဲ့အတူ ကလေးတစ်ယောက်ပါလာတယ် ဆိုတာ သိရပါတယ်" ဟု ဖြေကြားသည်။ ဘုရင်လည်း ညီအစ်ကိုသုံးဦး၏ ဉာဏ်ပညာကို အလွန် အမင်း အံ့သြကာ ချီးမွမ်းသည်။

ထို့နောက် ဘုရင်က "ဒါတွေကတော့ ဟုတ်ပါပြီ။ ကျွန်းသေတ္တာထဲမှာ မမှည့်သေးတဲ့ သလဲသီးရှိတယ်ဆိုတာကိုရော ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ" ဟု မေးသည်။

အစ်ကိုအကြီးဆုံးက "ဒီလိုပါ အရှင်၊ မင်းချင်းနှစ်ယောက် သေတ္တာ သယ်ဆောင်လာပုံကို ကြည့်ပြီး သေတ္တာဟာ သိပ်မလေးမှန်း သိရပါတယ်။ သေတ္တာကို ကြမ်းပေါ်ကို ချလိုက်တဲ့ အခါမှာတော့ အတွင်းက လုံးဝိုင်းတဲ့ အရာဝတ္ထု တစ်ခု လိမ့်သွားသံ ကြားလိုက်ရပါတယ်" ဟု ဖြေဆိုသည်။

ညီအလတ်က "ဒီကျွန်းသေတ္တာကို ဥယျာဉ်ထဲက သယ်ဆောင်လာတာ ဖြစ်ပြီး အတွင်း မှာ လုံးဝိုင်းတဲ့ အရာတစ်ခု လိမ့်သံ ကြားရကတည်းက ဒီအရာဟာ သလဲသီးတစ်လုံး ဖြစ်ရမယ် လို့ ခန့်မှန်းမိပါတယ်။ အကြောင်းကတော့ ဥယျာဉ်တော်ထဲမှာ သလဲပင် တွေ့ရှိလို့ပါပဲ" ဟု ဖြေသည်။

ညီအငယ်ဆုံးကလည်း "ထို့အပြင် ဒီအချိန်ဟာ သလဲသီး မှည့်ချိန် မဟုတ်ပါဘူး၊ ဒါကြောင့် မမှည့်သေးတဲ့ သလဲသီးအစိမ်းလို့ ပြောနိုင်တာပေါ့" ဟု ဖြေဆိုသည်။

ဘုရင်မင်းမြတ်လည်း လွန်စွာ သဘောကျကာ ညီအစ်ကို သုံးဦးအား "သင်တို့ဟာ ငွေကြေးမချမ်းသာပေမဲ့ ဉာဏ်ပညာအမြော်အမြင်နဲ့ ပြည့်စုံတဲ့ ပညာရှိတွေ ဖြစ်ပါပေတယ်" ဟုဆိုကာ ချီးကျူးတော်မူလေသည်။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ရတနာ့စစ်

တစ်ခါက လူတစ်ယောက်တွင် သားသုံးယောက်ရှိသည်။ ထိုသူသည် အလုပ်ကို အလွန်ကြိုးစားသူ ဖြစ်သည်။ သူသည် ဘယ်သောအခါမှ မပျင်းရိ။ မိုးလင်းမှ မိုးချုပ်အထိ အလုပ်လုပ်သူ ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်ပုံ မရဘဲ မည်သည့် အလုပ်ကိုမဆို ကောင်းစွာ လုပ်ဆောင်တတ်ပေသည်။

သူ၏ သားများသည် ရုပ်ရည်ချောမောလှပပြီး သန်မာထွားကျိုင်းကြသည်။ သို့သော် သူတို့သည် ဖခင်ကဲ့သို့ အလုပ်လုပ်လိုစိတ် မရှိကြ။ ပျင်းရိကြသည်။

ဖခင်ဖြစ်သူသည် လယ်ထဲတွင် လည်းကောင်း၊ ဥယျာဉ်ထဲတွင် လည်းကောင်း၊ အိမ်တွင် လည်းကောင်း အလုပ်အမျိုးမျိုး လုပ်သည်။ သို့သော် သူ၏ သားများကမူ သစ်ပင်ရိပ်တွင် ထိုင်ကာ စကားပြောဆိုခြင်း၊ အပျော်တမ်း ငါးဖမ်းထွက်ခြင်းတို့ဖြင့်သာ အချိန်ကုန်နေသည်။ အိမ်နီးချင်းများက ထိုသူငယ်တို့အား အလုပ်လုပ်ရန် တိုက်တွန်းသော်လည်း မလုပ်ကြ။ သူတို့က "အဖေက ကျွန်တော်တို့ကို ရှာကျွေးနေတာပဲ။ ကျွန်တော်တို့ ဘာကြောင့် အလုပ်လုပ်ရမှာလဲ။ နောက်ပြီး အဖေက အလုပ်လည်း ကောင်းကောင်းလုပ်နိုင်သေးတာပဲ၊ ကျွန်တော်တို့ အလုပ် လုပ်စရာ မရှိပါဘူး" ဟု ပြန်ဖြေကြသည်။

www.burmeseclassic.com



ဤသို့ဖြင့် နှစ်များတဖြည်းဖြည်း ကုန်လွန်လာခဲ့သည်။ သားများသည် တဖြည်းဖြည်း အရွယ်ရောက်လာကြသည်။ ဖခင်မှာလည်း အသက်အရွယ်ကြီးရင့်လာကာ အိုမင်းမစွမ်း ဖြစ်လာသဖြင့် ရေးကကဲ့သို့ အလုပ်မလုပ်နိုင်တော့ပေ။ အိမ်ပတ်လည်ရှိ ဥယျာဉ်ကြီးမှာလည်း ချုံနွယ်ပိတ်ပေါင်းများဖြင့် ရှုပ်ထွေးကာ တကယ့်တောကြီးပမာ ဖြစ်နေသည်။ သားများသည် ဤသို့ ဖြစ်နေသည်ကို မနှစ်သက်ကြပေ။ သို့သော် သူတို့သည် ပင်ပင်ပန်းပန်း မလုပ်လိုသဖြင့် ချုံကြီးကို ရှင်းလင်းခြင်း မပြုကြပေ။

ဖခင်က သားများအား သားတို့ ဘာကြောင့် ထိုင်ပြီး အချိန်ဖြုန်းနေကြတာလဲ၊ အဖေ ငယ်ငယ်ကဆို သိပ်အလုပ် လုပ်တာပဲ။ သားတို့လည်း အလုပ်လုပ်ကြပါလား" ဟု ပြောလိုက်သည်။

သားများက "အို အဖေရယ်၊ အလုပ်လုပ်ဖို့ အချိန် နောက်မကျသေးပါဘူး။ အေးအေး နေပါရစေဦး" ဟု ပြန်ပြောကြသည်။

ဖခင်သည် သူ၏ သားများ လူညံ့များ ဖြစ်နေသဖြင့် အလွန်စိတ်မချမ်းသာ ဖြစ်နေရှာသည်။ သူ၏ ကျန်းမာရေး အခြေအနေမှာလည်း တစ်နေ့တခြား ပိုမို ဆုတ်ယုတ်လာကာ နောက်ဆုံးတွင် အိပ်ရာထဲ၌ လဲလေတော့သည်။

သူတို့ မိသားစု၏ အခြေအနေကား ပိုမိုဆိုးရွားလာသည်။ အိမ်ပတ်ဝန်းကျင်တွင် ချုံများ၊ မြက်များ၊ ရှုပ်ထွေးကာ အိမ်မှာ ပျောက်ကွယ်လုမတတ် ဖြစ်နေသည်။

တစ်နေ့သော် အဘိုးအိုသည် သားများအား သူ့အနီးသို့ ခေါ်ပြီးလျှင် "သားတို့အဖေတော့ မနေရတော့ဘူး။ အဖေ မရှိရင် သားတို့ ဘယ်လို နေထိုင်စားသောက်ကြမလဲ။ သားတို့က အလုပ်လည်း မလုပ်ချင်၊ လုပ်လည်း မလုပ်တတ်ဘူး မဟုတ်လား" ဟု ပြောလိုက်သည်။

သားများသည် ဝမ်းနည်းကြေကွဲမှုကြောင့် တုန်ယင်နေပြီးလျှင် မျက်ရည်များစီးကျနေကြသည်။ သူတို့က "အဖေ မသေခင် နောက်ဆုံးအနေနဲ့ သားတို့အတွက် တစ်ခုခု ထားခဲ့ပါ" ဟု ဝိုင်းဝန်းပြောကြားကြသည်။

ဖခင်က "ကောင်းပြီ။ သားတို့ကို အဖေ လျှို့ဝှက်ချက် တစ်ခု ပြောခဲ့မယ်။ သားတို့ သိကြတဲ့ အတိုင်းပဲ အဖေနဲ့ အမေဟာ သိပ်ကို အလုပ်ကြိုးစားတဲ့ သူတွေဖြစ်တယ်။ ဒီလို ကြိုးစားပြီး အလုပ်လုပ်ကြလို့လည်း နှစ်အတော်ကြာလာတဲ့ အခါမှာ ရွှေအိုးတစ်အိုး ရမိလာတယ်။ ဒီရွှေအိုးကို ဒီအိမ်အနီးမှာ အဖေ မြှုပ်ထားခဲ့တယ်။ နေရာ အတိအကျကိုတော့ မမှတ်မိတော့ဘူး။ အဖေထားခဲ့တဲ့ ရွှေတွေကို သားတို့တွေ့အောင် ရှာကြပေတော့၊ ဒါမှ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး ချမ်းချမ်းသာသာ နေသွားကြရလိမ့်မယ်" ဟု ပြောသည်။ ထိုနောက် များမကြာမီပင် ဖခင် ကွယ်လွန်သွားသည်။ သားတို့လည်း ဖခင်အား ကောင်းစွာ သင်္ဂြိုဟ်ကြသည်။

ဖခင်၏ အသုဘကိစ္စ ပြီးလျှင် ရက်အတန်ကြာသော် အစ်ကိုကြီးက "ကဲ ငါ့ညီတို့ ငါတို့တော့ အခု စားစရာ မရှိအောင်ကို ဆင်းရဲနေကြပြီ။ အဖေ မသေခင်က မှာကြားသွားတာကို မှတ်မိတယ် မဟုတ်လား။ အဖေ့စကားအတိုင်း ရွှေအိုးရှာကြရအောင်" ဟု ပြောလိုက်သည်။

မကြာမီ ညီအစ်ကို သုံးဦးတို့သည် အိမ်အနီး၌ စတင်တူးဆွကာ ရွှေအိုးကို ရှာကြသည်။ အကြိမ်ကြိမ် တူးဆွကြသော်လည်း ရွှေအိုးကို မတွေ့ရပေ။

ညီအလတ် ဖြစ်သူက "အစ်ကိုတို့ ဒီလိုသာ တူးနေရင် ရွှေအိုးကို ဘယ်တော့မှ ရှာတွေ့မှာ မဟုတ်ဘူး။ ဒါကြောင့် ခြံဝင်းအတွင်းမှာ ရှိသမျှ မြေတွေအားလုံးကို တူးကြည့်ကြရအောင်" ဟု အကြံပေးသည်။

သူတို့ သုံးဦးသည် ခြံဝင်းတစ်ခုလုံးရှိ မြေများအားလုံးကို တူးကြသည်။ သို့သော် ရွှေအိုးကို လုံးဝ မတွေ့ရပေ။

ညီအငယ်ဆုံးက "စိတ်မပျက်ကြပါနဲ့ အစ်ကိုတို့၊ အဖေက ရွှေအိုးကို ဟိုအောက်အနက်ကြီးထဲမှာ မြှုပ်ထားခဲ့တာ ဖြစ်မယ်။ ခပ်နက်နက်ကလေး ထပ်တူးကြရအောင်" ဟု အားပေးတိုက်တွန်းလိုက်သည်။

သူတို့ ညီအစ်ကို သုံးဦးသည် ဖခင်၏ ရတနာများကို ရလိုသည့်အတွက် အလွန်ပင် စိတ်အားထက်သန်နေကြသည်။ သူတို့သည် မြေကို ဆက်လက် တူးဆွနေကြသည်။ မကြာမီ အစ်ကိုကြီး ဖြစ်သူသည် ကြီးမား၍ မာကျောသော အရာဝတ္ထုတစ်ခုကို ပေါက်တူးဖြင့် သွား၍ ထိမိသည်။ သူသည် စိတ်လှုပ်ရှားလွန်းသဖြင့် ညီငယ်နှစ်ဦးအား လှမ်းခေါ်လိုက်သည်။

ညီငယ်နှစ်ဦးတို့သည် ဝမ်းသာအားရ ပြေးလာကြကာ အစ်ကိုကြီးအား ဝိုင်းဝန်း ကူညီကြသည်။ သူတို့သည် ထိုအရာဝတ္ထုကြီးကို မြေကြီးထဲမှ ဝမ်းသာအားရ ဆွဲထုတ်ကြသည်။ သို့သော် အပေါ်သို့ ရောက်သည့်အခါ ရွှေအိုး မဟုတ်ဘဲ ကျောက်တုံးကြီး ဖြစ်နေသည်ကို စိတ်ပျက်ဖွယ် တွေ့လိုက်ရသည်။

သူတို့ သုံးဦးသည် အလွန်ပင် စိတ်ဓာတ် ကျသွားကြသည်။ သူတို့သည် ကျောက်တုံးကြီးအား ဖယ်ရှားပစ်ပြီး ဆက်လက်တူးကြပြန်သည်။ သူတို့သည် တစ်နေကုန် တူးကြသည်။ ထမင်းစားရန်၊ နားရန်ပင် သတိမရကြ။ သူတို့၏ အကြိမ်ကြိမ် တူးဆွမှုကြောင့် ဥယျာဉ်တစ်ခုလုံး မြေသားများသည် နူးညံ့ပျော့ပျောင်းကာ မွလာကြသည်။ ရွှေအိုးကား လုံးဝ မတွေ့၊

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အစ်ကိုကြီးက "ညီငယ်တို့၊ ငါတို့တူးဆွလိုက်ကြတာ မြေတွေလည်း ရစရာ မရှိတော့ဘူး။ စိုက်ပျိုးရေး လုပ်ဖို့ပဲ သုံးလို့ရတော့တယ်။ ဒီတော့ မထူးတော့တဲ့အတူ သစ်ပင်တွေ စိုက်ကြရအောင်" ဟု အကြံပြုလိုက်သည်။ ညီငယ်နှစ်ဦးကလည်း သဘောတူကြသည်။

ထို့နောက် သူတို့သုံးဦးသည် စပျစ်ပင်များကို စတင် စိုက်ပျိုးကြသည်။ သူတို့သည် အပင်များကို စနစ်တကျ ပြုစု ပျိုးထောင်ကြရာ မကြာမီပင် အောင်မြင် ဖြစ်ထွန်းသော စပျစ်ခြံကြီးတစ်ခြံ ဖြစ်လာသည်။ သူတို့ ခြံထွက် စပျစ်သီးများမှာ အနံ့အရသာနှင့် ပြည့်စုံသဖြင့် လူကြိုက်များကြသည်။ သူတို့သုံးဦးမှာလည်း စပျစ်ခြံပိုင်ရှင် လူချမ်းသာများ ဖြစ်လာကြသည်။

အစ်ကိုကြီးက "ညီငယ်တို့ ဒါတခြား မဟုတ်ဘူး။ အဖေပြောခဲ့တဲ့ ရွှေတွေပဲ။ တို့တစ်တွေ မြေကြီးကို တူးဆွစိုက်ပျိုးခဲ့ကြလို့ မြေကြီးက ရွှေသီးတာပဲ။ ဒါမှ အဖေ မသေခင်က ပြောခဲ့တဲ့ ရတနာစစ် ရတနာမှန်တွေပ" ဟု ပြောဆိုလိုက်လေတော့သည်။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## မြို့စားကြီးနှင့်ကျေးတောသား

ရှေးလွန်လေပြီးသောအခါက တိုင်းပြည်တစ်ပြည်တွင် အလွန်ချမ်းသာကြွယ်ဝပြီး မာနကြီးသော မြို့စားကြီးတစ်ဦးရှိသည်။ သူ့တွင် နောက်လိုက်နောက်ပါ အခြံအရံများစွာ ရှိသည်။ သူသည် ဆင်းရဲသား ကျေးတောသားများကို ညာတာခြင်း မရှိရုံမက လွန်စွာ ရွံရှာမုန်းတီးသည်။ ကျေးတောသားများ၏ ခန္ဓာကိုယ်မှာ ချွေးနံ့၊ ရွှံ့ဗွက်နံ့များ ထွက်လျက် ရွံစရာကောင်းသည်ဟု ယူဆသည်။ သူ့အိမ်အနီးသို့ မည်သည့် ကျေးတောသားမျှ မလာရဟုလည်း အမိန့်ထုတ်ထားသည်။ ထို့ကြောင့် အနီးအနားရှိ ကျေးတောသားများသည် သူ့ကို မည်သူမျှ အနီးကပ် မမြင်ဖူးကြ။ အဝေးမှသာ လှမ်းကြည့်ကြရသည်။

တစ်နေ့သော် ကျေးတောသား သုံးဦးသည် စကား လက်ဆုံကျရင်းမှ မြို့စားကြီး အကြောင်းသို့ ရောက်သွားသည်။

ပထမလူက "ကျုပ် မြို့စားကြီးကို လယ်ကွင်းထဲမှာ အတော်နီးနီးကပ်ကပ်ကို မြင်ခဲ့ရတယ်" ဟု ပြောလိုက်သည်။

ဒုတိယလူကလည်း အားကျမခံ "ကျုပ်ကတော့ မနေ့က ခြံစည်းရိုးကို ကျော်ပြီး ကြည့်လိုက်တာ မြို့စားကြီး သူ့ခြံထဲမှာ ကော်ဖီသောက်နေတာ မြင်ခဲ့ရတယ်" ဟု ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယလူသည် ထိုနှစ်ဦးထက် ပို၍ ဆင်းရဲသည်။ သူက ရယ်မောလျက် "ဒါများ အဆန်းလုပ်လို့ဗျာ။ ဘယ်သူမဆို မြို့စားကြီးကို ခြံစည်းရိုးက ချောင်းကြည့်ရင် မြင်ရမှာပါပဲ။ ကျုပ်သာဆိုရင်တော့ ဒီလို ချောင်းမကြည့်ဘူး။ မြို့စားကြီးနဲ့အတူ ညစာစားလိုက်မှာပဲ" ဟု ပြောလိုက်သည်။

တတိယလူ၏ စကားကို ကြားလျှင် ကျန်နှစ်ဦးသည် ရယ်မောလျက် "ဘယ့်နှယ် ပြောလိုက်တယ်။ မြို့စားကြီးနဲ့အတူ ညစာစားမယ်ဟုတ်စ။ မြို့စားကြီးက ခင်ဗျားကိုလည်း မြင်ရော အိမ်အပြင်ကို တစ်ခါတည်း ကန်ထုတ်လိုက်မှာပေါ့။ ခင်ဗျားကို သူ့အိမ်ထဲတောင် အဝင်ခံမှာ မဟုတ်ဘူး။ ခင်ဗျားဟာ မဖြစ်နိုင်တာတွေ ပြောတဲ့ ကြွားပဲ" ဟု လှောင်ပြောင် ပြောဆိုကြသည်။

တတိယလူက "ကျုပ် မကြွားပါဘူး" ဟု ပြန်ပြောသည်။

ဤတွင် ကျန်နှစ်ဦးက "ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျားနဲ့ ကျုပ်တို့ အလောင်းအစားတစ်ခု လုပ်ကြရအောင်။ တကယ်လို့ ခင်ဗျားပြောတဲ့အတိုင်း မြို့စားကြီးနဲ့ ထမင်းအတူ စားနိုင်ရင် ခင်ဗျားကို ကျုပ်တို့က ဂျုံအိတ်ကြီး သုံးအိတ်နဲ့ မြင်းနှစ်ကောင်ပေးမယ်။ ခင်ဗျား မလုပ်နိုင်ရင်တော့ ကျုပ်တို့ခိုင်းတာကို ခင်ဗျား လုပ်ရမယ်။ ဘယ့်နှယ်လဲ" ဟု ပြောကြသည်။

တတိယလူလည်း "ကောင်းပြီ၊ စိန်လိုက်" ဟု ဆိုကာ သဘောတူလိုက်သည်။

မကြာမီ တတိယလူသည် မြို့စားကြီး၏ အိမ်သို့ သွားသည်။ မြို့စားကြီး၏ အခြွေအရံများသည် ကျေးတောသားကို မြင်သည်နှင့် တစ်ပြိုင်နက် အိမ်အပြင်သို့ ပြေးထွက်လာကြကာ သူ့အား မောင်းထုတ်ကြသည်။

ကျေးတောသားက "နေကြပါဦး၊ ကျုပ်မှာ မြို့စားကြီးအတွက် သတင်းကောင်းတစ်ခု ပါလာတယ်" ဟု အော်ပြောလိုက်သည်။

အစောင့်များက "ဘာသတင်းလဲ" ဟု မေးသည်။

ကျေးတောသားက ဒီသတင်းကို မြို့စားကြီးက လွဲပြီး တခြား ဘယ်သူ့ကိုမှ ပြောလို့ မဖြစ်လို့ပါ" ဟု ပြန်ပြောသည်။

အစောင့်များသည် မြို့စားကြီးအား အကျိုးအကြောင်း သွားပြောကြသည်။ မြို့စားကြီးလည်း သိလိုသဖြင့် ကျေးတောသားအား ရှေ့သို့ ခေါ်စေသည်။ ရှေ့သို့ရောက်လျှင် မြို့စားကြီးက မောင်မင်းပြောမယ့် သတင်းစကားဆိုတာ ဘာလဲ" ဟု မေးသည်။

ကျေးတောသားသည် အစောင့်များအား တစ်ချက်လှည့်ကြည့်လိုက်ရင်း "မှန်လှပါ၊ ကျွန်တော်မျိုး ဒီသတင်းစကားကို အရှင်နဲ့ နှစ်ဦးချင်းသာ ပြောလိုပါတယ်" ဟု ပြန်ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးသည် သိလိုစိတ် ပြင်းထန်သဖြင့် အစောင့်များအား အပြင်သို့ ထွက်စေလိုက်သည်။

သူတို့နှစ်ဦးတည်း ကျန်ခဲ့သည်နှင့် တစ်ပြိုင်နက် ကျေးတောသားသည် လေသံခပ်တိုးတိုးဖြင့် "အရှင်၊ မြင်းတစ်ကောင်ရဲ့ ဦးခေါင်းအရွယ်ပမာဏလောက်ရှိတဲ့ ရွှေတုံးကြီးဆိုရင် ဘယ်လောက် တန်ဖိုးရှိပါသလဲ" ဟု မေးလိုက်သည်။

မြို့စားကြီးက အံ့သြတကြီးဖြင့် "ဘာကြောင့် သိချင်တာလဲ" ဟု မေးလိုက်သည်။ ကျေးတောသားက "ကျွန်တော်မျိုးမှာ အကြောင်း ရှိပါတယ်" ဟု ပြန်ပြောလိုက်သည်။

မြို့စားကြီး၏ မျက်လုံးများသည် တောက်ပြောင်လာသည်။ လက်များမှာလည်း တဆတ်ဆတ် တုန်လာသည်။ သူ့စိတ်တွင်း၌လည်း "ကျေးတောသားဟာ အကြောင်းမရှိဘဲနဲ့တော့ ငါ့ကို ဒီစကားမျိုး ပြောမှာ မဟုတ်ဘူး။ သူ့မှာ ရတနာတွေ တွေ့ထားတာ ဖြစ်လိမ့်မယ်" ဟုလည်း တွေးလိုက်မိသည်။

ထို့နောက် ဣန္ဒြေ ပြန်ဆည်လိုက်ပြီးလျှင် "ပြောစမ်းပါဦးကွယ်၊ ဘာကြောင့် ဒီအကြောင်းကို သိချင်တာလဲ" ဟု မေးသည်။

ကျေးတောသားသည် သက်ပြင်းတစ်ချက် ချလိုက်ရင်း "ကောင်းပြီလေ၊ မြို့စားကြီးမပြောချင်ဘူးဆိုရင်လည်း ရပါတယ်။ ကျွန်တော် ပြန်ရုံပဲပေါ့။ ကျွန်တော်လည်း ထမင်းဆာလှပြီ။ အိမ်မှာ ညစာ အဆင်သင့် ပြင်ထားတယ်" ဟု ဆိုကာ ပြန်ရင် ဟန်ပြင်လိုက်သည်။

မြို့စားကြီးသည် ဟန်လုပ်ရန် မေ့လျော့နေသည်။ သူသည် လောဘတက်နေသဖြင့် အထူးပင် ချိုသာရွှင်ပျနေသည်။ သူသည် ကျေးတောသားအား အမိဖမ်းကာ သူ့ထံမှ ရွှေကို ရအောင်ယူရန် ကြံစည်နေမိသည်။ ထို့ကြောင့် သူသည် ကျေးတောသားအား "နေပါဦး မိတ်ဆွေရယ်။ ဘာကြောင့် ဒီလောက်တောင် အလျင်လို နေရတာလဲ။ မင်း ထမင်း သိပ်ဆာနေရင်လည်း ငါနဲ့အတူ ညစာ စားကြတာပေါ့" ဟု ချော့မော့ ပြောဆိုလိုက်သည်။ တစ်ဆက်တည်းမှာပင် သူ၏ အခြွေအရံများဘက်သို့ လှည့်ကာ "ကဲ ညစာ ပြင်ကြဟေ့။ ဗော့ဒကာ အရက်လည်း မမေ့စေနဲ့နော်" ဟု အမိန့်ပေးလိုက်သည်။

မကြာမီပင် ညစာထမင်းပွဲ ပြင်ပြီးသွားသည်။ မြို့စားကြီးနှင့် ကျေးတောသားတို့သည် အစားအစာများကို မြိန်ရှက်စွာ စားနေကြသည်။ မြို့စားကြီးသည် ကျေးတောသားအား စေတနာဗလဝဖြင့် အစားအစာများနှင့် အရက်များကို တိုက်ကျွေးနေသည်။ ကျေးတောသားကလည်း မြို့စားကြီး ထည့်ပေးသမျှ အားလုံးကို မငြင်းဘဲ စားသောက်နေသည်။ နောက်ဆုံးတွင် စားသောက်၍ ပြီးသွားသောအခါ မြို့စားကြီးက "ကဲ မင်းမှာရှိတဲ့ မြင်းခေါင်းအရွယ် ပမာဏ

www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိတဲ့ ရွှေတုံးကြီး ငါ့ကိုသာ မြန်မြန်ပေးပေတော့။ ဒီရွှေတုံးကြီးကို ဘယ်လို စီစဉ်ဆောင်ရွက်ရမလဲ ဆိုတာ မင်းထက်ငါက ပိုသိတယ်။ မင်းကိုလည်း ဆုအဖြစ် ငွေပေးပါ့မယ်" ဟု ပြောလိုက်သည်။

ကျေးတောသားက "မဟုတ်သေးပါဘူး အရှင်။ အရှင့်အတွက် ကျွန်တော်မျိုး ရွှေယူလာမယ်လို့ မပြောရပါလား ခင်ဗျာ" ဟု ပြောလိုက်သည်။

မြို့စားကြီးသည် "ဘာကြောင့် ရွှေယူမလာရတာလဲ" ဟု မေးလိုက်ရာ ကျေးတောသားက "အကြောင်းကတော့ ကျွန်တော်မျိုးမှာ ဘာရွှေမှ မရှိလို့ပါပဲ" ဟု ပြန်ဖြေလိုက်သည်။

မြို့စားကြီးက "ဘာပြောတယ်၊ ဒါဖြင့်ရင် ရွှေမရှိဘဲနဲ့ ဘာကြောင့် မြင်းခေါင်းလောက်ရှိတဲ့ ရွှေတန်ဖိုး သိချင်ရတာလဲ" ဟု မေးလိုက်သည်။ ကျေးတောသားက "ဘာမှ မဖြစ်ပါဘူး။ သိချင်လို့ပါ" ဟု ခပ်အေးအေးပင် ပြန်ဖြေလိုက်သည်။

မြို့စားကြီးသည် အလွန်ပင် စိတ်ဆိုးသွားသည်။ သူသည် ခြေဆောင့်လိုက်သည်။ ဒေါသကြောင့် သူ့မျက်နှာ တစ်ခုလုံးမှာလည်း ညိုမည်းလာသည်။ ထို့နောက် သူ၏ အခြွေအရံများအား "ဒီအရူးကို ဆွဲထုတ်ကြစမ်း" ဟု လှမ်းအော်ပြောလိုက်သည်။


ကျေးတောသားက "ကျွန်တော်မျိုးဟာ အရှင် ထင်နေသလို အရူး မဟုတ်ပါဘူး။ ကျွန်တော်မျိုး အရူးမဟုတ်လို့သာ အရှင်နဲ့အတူ ညစာတစ်နပ် စားရတာပေါ့။ နောက်ပြီး အလောင်းအစား နိုင်တဲ့အတွက် ဂျူ သုံးအိတ်နဲ့ မြင်းနှစ်ကောင်ကိုလည်း ရဦးမှာပါ။ ကျွန်တော် ဉာဏ်ရှိလို့သာ ဒီလိုရတာပေါ့" ဟု ပြောဆိုကာ ထွက်သွားလေတော့သည်။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com




## အမှုလွှတ်သူ

တစ်ခါက တောရွာတစ်ရွာတွင် ညီအစ်ကို နှစ်ဦးရှိသည်။ တစ်ဦးသည် ဆင်းရဲနွမ်းပါးပြီး ကျန်တစ်ဦးမှာ ချမ်းသာကြွယ်ဝသည်။

တစ်နေ့သ၌ ဆင်းရဲသော ညီငယ်သည် သူ့ထံတွင်ထင်းများကုန်သွားသဖြင့် မီးလှုံရန် အခက်အခဲ တွေ့နေသည်။ သူ၏ တဲကလေးမှာလည်း မလုံမလဲ ဖြစ်နေသည်။ သူသည် တောတွင်းသို့ သွား၍ ထင်းခွေလိုသည်။ သို့သော် သူ့တွင် ထင်းသယ်ရန် မြင်းမရှိပေ။ နောက်ဆုံးတွင် သူသည် အကြံရကာ သူ၏ အစ်ကိုထံ သွားရောက်၍ မြင်းတစ်စီး ငှားရန် ဆုံးဖြတ်လိုက်သည်။

မကြာမီ ညီငယ်သည် အစ်ကို့ထံ သွားရောက်ပြီး မြင်းတစ်စီးငှားသည်။ အစ်ကိုသည် ညီငယ် လိုချင်သော မြင်းတစ်စီးကို ငှားသည်။ သို့သော် သူက "မင်း ဒီမြင်းကို ယူသွားနိုင်တယ်။ ဒါပေမဲ့ ပစ္စည်းတွေကိုတော့ သိပ်အလေးကြီး မတင်ရဘူး။ နောက်ထပ်လည်း မင်းကိုငါ ဘာမှ မကူညီနိုင်တော့ဘူး။ မင်းဟာ တစ်နေ့ တစ်မျိုးတောင်းပြီး ငါ့ကို အမျိုးမျိုး နှိပ်စက်နေတဲ့ကောင်ပဲ။ မင်းကြောင့် ငါတော့ မွဲပြီး သူတောင်းစား ဖြစ်တော့မယ်" ဟု ပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညီငယ်သည် အစ်ကို၏ အကြင်နာ ကင်းမဲ့သော စကားကို ကြားရသဖြင့် အလွန် ဝမ်းနည်းသွားသည်။ သို့သော် သူသည် မြင်းကို မယူလျှင်လည်း မဖြစ်သဖြင့် အစ်ကိုပေးသော မြင်းကို ဆွဲကာ ပြန်လာခဲ့သည်။ အိမ်သို့ရောက်သော် သူသည် ထင်းများတင်ရန် စွပ်ဖားကို တပ်ဆင်လျက် တောတွင်းသို့ မောင်းနှင်သွားသည်။ ထို့နောက် ထင်းများ တင်ဆောင်၍ ပြန်လာခဲ့သည်။ အပြန် လမ်းခုလတ်တွင် သူ၏ စွတ်ဖားသည် သစ်ပင်တစ်ပင်နှင့် တိုက်မိကာ ငြိသွားသည်။ ညီငယ်သည် ထိုအဖြစ်အပျက်ကို လုံးဝ သတိမမူမိပေ။ သူသည် မြင်းကို အတင်းဆွဲခိုင်းရာ မြင်းမြီးသည် သစ်ခက်များဖြင့် ငြိပြီး ပြတ်သွားလေသည်။

အစ်ကို ဖြစ်သူထံ မြင်းကို ပြန်ပေးသောအခါ မြင်းမြီးပြတ်နေသည်ကို တွေ့လျှင် အစ်ကိုသည် အလွန်ပင် ဒေါသထွက်သည်။ စိတ်ဆိုးလွန်းသဖြင့် ညီငယ်အား တရားရုံးသို့ တင်ပို့ကာ တရားစွဲဆိုရန် စီစဉ်သည်။ တရားသူကြီးမှာ ရိုးဖြောင့်သူ မဟုတ်ပေ။ အလွန် လာဘ်စားသူ ဖြစ်သည်။ ညီငယ်သည် ဆင်းရဲနွမ်းပါးရကား ချမ်းသာကြွယ်ဝ၍ ငွေကို ပံ့ပေးနိုင်သော အစ်ကိုက အနိုင်ရမည်ကို တွေးကာ တစ်လမ်းလုံး စိတ်မသက်မသာ ဖြစ်နေရှာသည်။

တရားရုံးသို့ သွားရာလမ်းတွင် တံတားတစ်ခုကို ဖြတ်သန်းသွားရသည်။ ထိုတံတားသည် လက်ရန်း လုံးဝမရှိပေ။ ညီငယ်သည် စိတ်ညစ်ညစ်နှင့် ဖြတ်ကူးရာ ခြေချော်ကာ တံတားပေါ်မှ အောက်သို့ ရုတ်တရက် ကျသွားသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအချိန်၌ ကုန်သည်တစ်ဦးသည် မကျန်းမမာဖြစ်နေသော သူ့ဖခင်အား ဆေးဆရာထံ ပြသရန် လှေဖြင့် တင်ဆောင်လျက် ထိုတံတားပေါ်မှ လိမ့်ကျသော ညီငယ်သည် လှေပေါ်ရှိ ကုန်သည်၏ ဖခင် ခြေထောက်ပေါ်သို့ ကျသွားသည်။ ကုန်သည်၏ ဖခင်မှာ ဒဏ်ရာ ရသွားသည်။ ကုန်သည်သည် စိတ်ဆိုးလှသဖြင့် ညီငယ်အား တရားစွဲဆိုသည်။

မကြာမီပင် ညီအစ်ကို နှစ်ဦးနှင့် ကုန်သည်တို့သည် တရားသူကြီးထံ သွားရောက်ကြသည်။ ညီငယ်သည် အလွန် စိတ်ပျက်နေသည်။ သူ့တွင် အမှုနှစ်ခု ဖြစ်နေသဖြင့် တစ်ခုမဟုတ် တစ်ခုကြောင့် အပြစ်ရမည်ကို သိကာ အလွန် စိတ်မချမ်းမသာ ဖြစ်နေရှာသည်။

ထိုစဉ် လမ်းပေါ်၌ ကျောက်တုံးတစ်တုံးကို ရုတ်တရက် မြင်လိုက်ရသည်။ ညီငယ်သည် ထိုကျောက်တုံးကို ကောက်ယူ၍ အဝတ်ဖြင့် သေချာစွာထုပ်ပြီးလျှင် သူ၏ ကုတ်အင်္ကျီအတွင်းသို့ ထည့်ထားလိုက်သည်။ သူ၏ စိတ်တွင်းမှလည်း "ငါတော့ အပြစ်ပေးခံရမှာ သေချာတယ်။ တကယ်လို့များ ငါ့ကို တရားသူကြီးက မညှာမတာ အပြစ်ပေးမယ် ဆိုရင်တော့ သူ့ခေါင်းကို ဒီကျောက်တုံးနဲ့ ထုပစ်လိုက်မှာပဲ" ဟူ၍ ဆုံးဖြတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ တရားရုံးသို့ ရောက်ကြကာ တရားလိုနှစ်ဦးသည် ဆင်းရဲသား ညီငယ်အား အမှုနှစ်ခုဖြင့် တရားစွဲဆိုသည်။ တရားသူကြီးသည် အမှုသွား အမှုလာကို သေချာစွာ လေ့လာပြီးလျှင် မေးခွန်းများ မေးမြန်းနေသည်။ ညီငယ်သည် တရားသူကြီးက မည်သို့ စီရင်ချက်ချမည်ကို စောင့်နေရင်း ကျောက်တုံးထည့်ထားသော အထုပ်ကို တရားသူကြီး မြင်သာသော နေရာ၌ ချထားလိုက်သည်။ သူ၏ နှုတ်ကလည်း "တရားသူကြီးမင်း ကောင်းကောင်း စီရင်ချက်ချနော်၊ ကျုပ် ဘာယူလာတယ်ဆိုတာ တွေ့တယ်မဟုတ်လား" ဟု ခပ်တိုးတိုး ပြောလိုက်သည်။

တရားသူကြီးသည် ညီငယ်ကို တစ်လှည့် ကျောက်တုံးထည့်ထားသော အထုပ်ကြီးကို တစ်လှည့် စိုက်ကြည့်နေသည်။ သူသည် လာဘ်စားနေကျ ဖြစ်ရာ ညီငယ်ပြသော အထုပ်မှာ ရွှေငွေများ ထည့်ထားသော အထုပ်ဖြစ်ရမည်။ သူ့အဖို့ တစ်သက် စားမကုန်အောင် ချမ်းသာကြွယ်ဝတော့မည်ဟု တွေးကာ ညီငယ်အား ညှာတာစွာ အမိန့်ချမှတ်ရန် ဆုံးဖြတ်လိုက်တော့သည်။

သို့ဖြင့် တရားသူကြီးက "အမြီး ပြတ်နေသော မြင်းအား အမြီး ပြန်ပေါက်လာသည်အထိ ညီငယ်က ထိန်းသိမ်းထားစေ။ ဖခင်ဒဏ်ရာ ရသွားသော ကုန်သည်ကလည်း ညီငယ်အား လက်စားချေသည့် အနေဖြင့် မြစ်အတွင်း ညီငယ်အား လှေဖြင့် သွားစေကာ တံတားပေါ်မှ ညီငယ်ပေါ်သို့ ခုန်ချစေ" ဟု စီရင်ချက် ချလိုက်သည်။ တရားလို နှစ်ဦးစလုံး အခြေအနေ မလှတော့ပေ။

အစ်ကိုဖြစ်သူသည် ညီငယ်ထံ ချဉ်းကပ်ကာ သူ၏ မြင်းကိုသာ ပြန်ပေးရန် တောင်းသည်။ ညီငယ်ကလည်း တရားသူကြီး၏ စီရင်ချက်အတိုင်း မြင်းအမြီး ပြန်မပေါက်မချင်း မိမိ ထိန်းသိမ်းထားရမည်ဟု ဆိုသည်။ နောက်ဆုံးတွင် အစ်ကိုဖြစ်သူသည် ညီငယ်အား ငွေ ၃၀ ပေးကာ သူ့မြင်းကို ပြန်ယူရသည်။

ကုန်သည်ကလည်း ညီငယ်ထံ ချဉ်းကပ်ကာ "ပြီးခဲ့တဲ့ ကိစ္စတွေကို မေ့ပစ်လိုက်ကြရအောင်။ ခင်ဗျားကို ကျုပ်ခွင့်လွှတ်ပါတယ်။ ခင်ဗျားကို ကျုပ် လက်စားချေလို့လည်း ကျုပ်အဖေ ဒဏ်ရာ ပျောက်မှာ မဟုတ်ဘူး" ဟု ပြောသည်။

ညီငယ်က "ဒီလိုလည်း ဘယ်ဟုတ်မလဲ။ တရားသူကြီး ပြောသလိုသာ ကျုပ်အပေါ်ကို ခုန်ချပါ" ဟု ပြောသည်။

ကုန်သည်က "ခင်ဗျားအပေါ် ခုန်ချလို့ အကျမတော်ရင် ကျုပ် သေသွားနိုင်တယ်။ ဒီနေ့က စပြီး ကျုပ်တို့နှစ်ယောက် မိတ်ဆွေအဖြစ် နေသွားကြရအောင်။ ခင်ဗျားကို ကျုပ်

www.burmeseclassic.com



ငွေ ၁၀၀ ပေးပါ့မယ်။ အမှုကို ကျေအေးပါတော့" ဟု တောင်းပန်သည်။ ညီငယ်ကလည်း "ကောင်းပြီ" ဟု ဆိုကာ လက်ခံလိုက်သည်။

အားလုံးပြန်သွား၍ ညီငယ်တစ်ဦးတည်း ကျန်သောအခါ တရားသူကြီးသည် ညီငယ်ထံ ချဉ်းကပ်လာပြီး "ကဲ ခင်ဗျားကတိအတိုင်း ကျုပ်ကို ရတနာထုပ် ပေးပေတော့" ဟု တောင်းလိုက်သည်။

ညီငယ်သည် သူ ဆောင်လာသော အထုပ်ကို ဖြေ၍ အတွင်းမှ ကျောက်တုံးကို ပြလိုက်သည်။

"ကဲ တွေ့ပြီ မဟုတ်လား၊ ခင်ဗျားကို ကျုပ်ပြတာ ဒီကျောက်တုံးကြီးပဲ။ ခင်ဗျား တကယ်လို့ ကျုပ်ကို မညှာမတာ စီရင်ချက်ချရင် ကျုပ်က ဒီကျောက်တုံးကြီးနဲ့ ခင်ဗျားခေါင်းကို ထုမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ခင်ဗျားကို ပြခဲ့တာပဲ။ ခင်ဗျား လိုချင်ရင် ဒီကျောက်တုံးကြီးကို ယူသွားပေတော့" ဟု ပြောလိုက်သည်။

တရားသူကြီးလည်း အလွန်အံ့သြသွားသည်။ အတန်ကြာ စဉ်းစားနေပြီးနောက် သူက "ငါ သူ့ကို ညှာညှာတာတာ စီရင်ချက် ချမိလို့ တော်သေးတာပေါ့။ မဟုတ်ရင် အခုလောက်ဆို ငါ ကျောက်တုံးနဲ့ အထုခံရပြီး အသက်ရှင်နေမှာ မဟုတ်တော့ဘူး" ဟု ဆိုကာ ပြန်သွားလေတော့သည်။

ညီငယ်သည် အမှုများမှ ကင်းလွတ်ရုံမက ငွေများပါ ရရှိရာ အိမ်သို့ ပျော်ရွှင်စွာ ပြန်သွားလေတော့သည်။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ခါးကုန်းကြီးနှစ်ယောက်

တစ်ခါက ရွာတစ်ရွာတွင် လူတစ်ယောက်ရှိသည်။ သူ၏ ကျောပေါ်တွင် ကြီးမားသော ဘုကြီးတစ်ခုရှိပြီး ခါးကုန်းကြီးကဲ့သို့ ဖြစ်နေသည်။ သူသည် ဝမ်းရေးအတွက် ခြင်းများ၊ တောင်းများ၊ ဦးထုပ်များ ရက်လုပ်၍ အသက်မွေးသည်။ သူ၏ မျက်နှာမှာ အမြဲရွှင်ပြုံးနေသဖြင့် သူ့အား လူအများက ဖိုးပြုံးချိုဟု ခေါ်ကြသည်။ သူသည် သီချင်းဆို ဝါသနာပါသည်။

တစ်ညနေတွင် သူသည် မြို့မှ ဈေးရောင်းပြီး ပြန်လာသည်။ သူသည် ခါတိုင်းကဲ့သို့ပင် ဖြည်းညင်းစွာ လမ်းလျှောက်လာရာ ရေကန်တစ်ခု အနီးသို့ ရောက်လာသည်။ ထိုစဉ် ရေကန်အတွင်းမှ ထူးဆန်းသော သီချင်းဆိုသံတစ်ခုကို ကြားရသည်။ သီချင်းသံမှာ "တနင်္လာ၊ အင်္ဂါ၊ တနင်္လာ၊ အင်္ဂါ၊ တနင်္လာ၊ အင်္ဂါ" စသည်ဖြင့် ထပ်တလဲလဲ သီဆိုနေသည်။ ထိုသီချင်းသံကို ကန်စောင့်နတ်သမီးက သီဆိုနေခြင်း ဖြစ်သည်။ သူသည် ခေတ္တမျှ ရပ်ကာ သီချင်းဆိုသံကို နားထောင်နေသည်။

ထိုစဉ် သီချင်းသံ ခေတ္တရပ်သွားသည်။ ဖိုးပြုံးချိုသည် သီချင်းဆိုချင်စိတ် ပေါ်လာသဖြင့် "တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးတော့ မပါပါဗျာ" ဟု သာယာသော အသံဖြင့် ဝင်၍ ဆိုလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် နတ်သမီးများသည် သူ့အား ရေကန်ထဲသို့ ဆွဲခေါ်သွားကြလေတော့သည်။ သူသည် ရေအောက်သို့ တဖြည်းဖြည်း ရောက်ရှိသွားပြီး နောက်ဆုံးတွင် ရေအောက် ကြမ်းပြင်ပေါ်တွင် ခြေထောက်မိသည်။ သူသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ နတ်သမီးတို့၏ ရေအောက် နန်းတော်သို့ ရောက်နေသည်ကို တွေ့ရတော့သည်။ နန်းတော်ရှိ နတ်သမီးတို့သည် သူ့အား လှိုက်လှဲစွာ ကြိုဆိုကြသည်။ စားကောင်းသောက်ဖွယ်များဖြင့်လည်း ပျူငှာစွာ ဧည့်ခံကြသည်။ သူသည် အံ့ဩကာ ရတ်တရက် စကားမပြောနိုင် ဖြစ်နေသည်။ အတန်ကြာမှ သတိဝင်လာကာ "ကျုပ်ကို ဘာကြောင့် ဒီကို ခေါ်လာရတာလဲဆိုတာ သိချင်ပါတယ်" ဟု မေးလိုက်သည်။ ထိုအခါ နတ်သမီး တစ်ပါးသည် ရှေ့သို့ ထွက်လာပြီး–

"ဖိုးပြုံးချို၊ ဖိုးပြုံးချို
ကျွန်ုပ်တို့ သီချင်းကို သင်ဆက်ဆို
သင့်ကို ကျွန်ုပ်တို့ အချစ်ပို
သင့်ခါးကုန်းကြီးပျောက်စေလို
ငုံ့ကြည့်လိုက်ပါ ကြမ်းပေါ်ကို" ဟု သီဆိုလိုက်သည်။

သူသည် မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် ကြမ်းပေါ်သို့ ငုံ့ကြည့်လိုက်သည်။ ထိုအခါ သူ၏ ကျောမှ ဘုကြီးသည် ကြမ်းပေါ်တွင် ပြုတ်ကျနေသည်ကို တွေ့ရသည်။ ကျောပေါ်သို့ စမ်းကြည့်လိုက်သောအခါတွင်လည်း ကျောပေါ်တွင် ဘုကြီး မရှိတော့ဘဲ ပေ့ပါးနေသည်ကို တွေ့ရသည်။ သူသည် ဝမ်းသာမဆုံး ဖြစ်သွားသည်။ ထို့နောက် နတ်သမီးများသည် သူ့အား ရေပေါ်သို့ ပြန်တင်ပေးလိုက်သည်။ သူသည် မျက်စိကို ဖွင့်ကြည့်လိုက်သည်နှင့် သူ၏ အိမ်ရှေ့သို့ ရောက်နေသည်ကို ထူးဆန်းစွာ တွေ့ရတော့သည်။

နောက်တစ်နေ့ နံနက်လင်းသော် ဖိုးပြုံးချို၏ ကျောပေါ်၌ ဘုကြီးမရှိတော့သည်ကို ရွာသားများ တအံ့တဩ တွေ့ကြရသည်။ လူအများသည် သူ၏ အိမ်သို့ လာရောက် ကြည့်ရှုကာ မေးမြန်းကြသည်။ ဖိုးပြုံးချိုလည်း အကျိုးအကြောင်းကို ပြောပြသည်။ သူကိုယ်တိုင်လည်း မယုံနိုင်ဘဲ အိပ်မက် မက်နေသူကဲ့သို့ ဖြစ်နေသည်။ သူ၏ ထူးဆန်းသော အဖြစ်အပျက်မှာ အခြား မြို့ရွာများသို့ပင် ပျံ့နှံ့သွားတော့သည်။

အခြားတစ်ရွာတွင် ဖိုးစိတ်တိုဆိုသူ ရှိသည်။ သူ့တွင်လည်း ဖိုးပြုံးချိုကဲ့သို့ပင် ကျော၌ ဘုကြီးတစ်လုံး မွေးကတည်းက ပါလာသည်။ သူသည် ဖိုးပြုံးချိုထံ ရောက်လာကာ အကျိုးအကြောင်း မေးမြန်းပြီး အကြံဉာဏ်တောင်းခံသည်။ သူက "ဖိုးပြုံးချိုရယ်၊ ခင်ဗျား ကျောကုန်း

www.burmeseclassic.com



က ဘုကြီးကို နတ်သမီးတွေက ပျောက်ကင်းအောင် လုပ်ပေးလိုက်တယ်လို့ လူတွေက ပြောကြတယ်။ ကျွန်တော့်ကိုရော အဲဒီလို လုပ်ပေးကြပါ့မလား" ဟု မေးသည်။

ဖိုးပြုံးချိုက "ဒါတော့ ခင်ဗျားပေါ်မှာ မူတည်ပါတယ်။ ခင်ဗျား သီချင်းဆိုတတ်သလား" ဟု ပြန်မေးသည်။

ဖိုးစိတ်တိုက "ကြဲကြဲဖန်ဖန်ဗျာ၊ ကျောပေါ်မှာ ဘုကြီးရှိနေတဲ့ သူက ဘယ်လိုလုပ်ပြီး သီချင်းဆိုနိုင်မှာလဲ။ နောက်ပြီး ကျောပေါ်က ဘုကြီး ပျောက်အောင် ဘာသီချင်း ဆိုရမှာလဲ" ဟု စိတ်မရှည်စွာ ပြန်မေးသည်။

ထိုအခါ ဖိုးပြုံးချိုက "ဒီအတွက် မပူပါနဲ့၊ ခင်ဗျားကို ကျုပ် ကူညီပါ့မယ်။ ညကျရင် နတ်သမီးတွေရှိတဲ့ ရေကန်ဆီ ခင်ဗျားကို ကျုပ်ခေါ်သွားပါ့မယ်။ အဲဒီကို ရောက်လို့ နတ်သမီးတွေက သီချင်းဆိုရင် ခင်ဗျားက "ဗုဒ္ဓဟူးနေ့တော့ မပါပါဗျာလို့ ဆက်ဆိုလိုက်ပါ" ဟု သင်ပေးသည်။

ညဘက်သို့ ရောက်သော် ဖိုးပြုံးချိုသည် ဦးစိတ်တိုအား ရေကန်သို့ ခေါ်သွားပြီး စောင့်ဆိုင်းနေစေသည်။ အတန်ကြာသော် နတ်သမီးများ ရောက်လာပြီး "တနင်္လာ၊ အင်္ဂါ၊ တနင်္လာ၊ အင်္ဂါ" ဟူ၍ ထပ်တလဲလဲ သီဆိုနေကြသည်။ ထိုအခါ ဦးစိတ်တိုသည် နားထောင်ရသည်ကို စိတ်မရှည်တော့။ ဖိုးပြုံးချိုသင်ထားသည့် အတိုင်းဆက်ဆိုခြင်း မပြုတော့။ နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ကာ "နားငြီးလိုက်တာ၊ ဒီသီချင်းပဲ ထပ်တလဲလဲ ဆိုနေကြတာပဲ။ တခြား သီချင်း မဆိုတတ်တော့ဘူးလား" ဟု အော်လိုက်မိသည်။

ထိုသို့ ပြောလိုက်သည်နှင့် တစ်ပြိုင်နက် သီချင်းဆိုသံ ရုတ်တရက် ရပ်ဆိုင်းသွားသည်။ နတ်သမီးများသည် စိတ်ဆိုးမာန်ဆိုးဖြင့် သူ့အားရေအောက်သို့ ဆွဲခေါ်သွားကြသည်။ နတ်က လည်း "သင်ဟာ ကျွန်ုပ်တို့ သီချင်းကိုဖျက်တယ်။ ကျွန်ုပ်တို့ သီချင်းကို ဖျက်တယ်" ဟု ဒေါသတကြီး ဝိုင်းဝန်းပြောဆိုကြသည်။

ရေအောက်နန်းတော်သို့ ရောက်သော် နတ်သမီးများထဲမှ တစ်ပါးသည် ရှေ့သို့ထွက်လာပြီး ဖိုးစိတ်တိုအား လက်ညှိုးထိုးကာ–

"ဖိုးစိတ်တို၊ ဖိုးစိတ်တို
ကျွန်ုပ်တို့သီချင်းကို သင်ဖျက်လို
သင့်ကျောကုန်းမှာ ဘုကြီးအပို
ထပ်လို့ပေါက်စေလို" ဟု ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဖိုးစိတ်တိုသည် ကုန်းပေါ်သို့ ပြန်ရောက်လာသည်။ သို့သော် သူ၏ ကျောပေါ်မှ ဘုကြီးမှာ လုံးဝပျောက်မသွားပေ။ မပျောက်သည့်အပြင် နဂိုဘုကြီးသာမက နောက်ထပ် ဘုကြီးတစ်လုံး ထပ်တိုးကာ ဘုကြီးနှစ်လုံး ဖြစ်နေသည်ကို အံ့ဩဝမ်းနည်းဖွယ် တွေ့လိုက်ရလေတော့သည်။ ဦးစိတ်တိုကား သူ့အပြစ်နှင့် သူဖြစ်ကာ ကျောပေါ်တွင် ဘုကြီးနှစ်ခုဖြင့် တစ်သက်ပတ်လုံး နေထိုင်သွားလေတော့သည်။

(အိုင်ယာလန်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## လောဘကြီးသော အဘွားအို

တစ်ခါက ရွာတစ်ရွာတွင် အဘိုးအိုနှင့် အဘွားအို ဇနီးမောင်နှံ နှစ်ဦးရှိသည်။သူတို့တွင် သမီးနှစ်ယောက်ရှိသည်။ သမီးကြီးသည် ဖခင်၏ ပထမအိမ်ထောင်မှ ပါလာသူ ဖြစ်သည်။ သမီးငယ်မှာလည်း အဘွားအို၏ ပထမအိမ်ထောင်မှ ပါလာသူ ဖြစ်သည်။

အဘွားအိုသည် လင်ပါသမီးဖြစ်သူ သမီးကြီးအား မုန်းတီးသည့်အတွက် အမျိုးမျိုး အပြစ်ရှာကာ ဆူပူကြိမ်းမောင်းသည်။ အိမ်ရှိ အလုပ်များကိုလည်း သမီးကြီးအားသာ ဒိုင်ခံလုပ်စေသည်။ သူ၏ သမီးငယ်ကိုမူ ဘာမှ မခိုင်းဘဲ အလိုလိုက်ထားသည်။

သမီးကြီးသည် နံနက် မိုးမလင်းမီ အိပ်ရာမှ ထကာ လယ်ထဲသို့ ဆင်းရသည်။ ထင်းခွေခြင်း၊ ရေခပ်ခြင်း၊ မီးမွှေးခြင်း၊ တံမြက်လှည်းခြင်းစသော အလုပ်မျိုးစုံကိုလည်း လုပ်ရသည်။ သို့သော် မည်မျှပင် အပင်ပန်းခံ၍ ပြုလုပ်ပေးစေကာမူ သူ၏ မိထွေးဖြစ်သူ အဘွားအိုထံမှ မျက်နှာကောင်း မရခဲ့။ အဘွားအိုသည် သမီးကြီးအား အစဉ် အပြစ်ရှာ၍သာ နေခဲ့သည်။

အဘွားအိုသည် သမီးကြီးအား အမျိုးမျိုး အပြစ်ရှာရုံဖြင့် အားမရနိုင်ဘဲ နောက်ဆုံးတွင် သမီးကြီးအား အိမ်မှ နှင်ချရန် ဆုံးဖြတ်လိုက်တော့သည်။ ထို့ကြောင့် ခင်ပွန်းသည်အား

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်သမီးကို တခြား တစ်နေရာကို ပို့လိုက်ပါ။ ကျွန်မတော့ သူ့ကို လုံးဝ မကြည့်ချင်တော့ဘူး။ ဒါကြောင့် တောထဲသို့ ခေါ်သွားပြီး တောထဲမှာ ထားပစ်ခဲ့ပါ" ဟု ပြောဆိုသည်။

အဘိုးအိုသည် သမီးဖြစ်သူအတွက်များစွာ စိတ်မကောင်း ဖြစ်ရှာသည်။ သို့သော် သူသည် ဇနီးဖြစ်သူ၏ စကားကို မလွန်ဆန်နိုင်ရကား မျက်ရည်စက်လက်ဖြင့် သမီးကြီးအား တောသို့ ခေါ်ဆောင်သွားပြီးလျှင် ကြီးမားသော ထင်းရှူးပင်ကြီး တစ်ပင်အောက်တွင် လုံခြုံစွာ ထားခဲ့သည်။

အဘိုးအို ပြန်သွားပြီးနောက် တဖြည်းဖြည်း မိုးချုပ်လာသည့်အတွက် အအေးဓာတ်မှာ ပိုမိုပြင်းထန်လာသည်။ ကလေးမလေးမှာလည်း ချမ်းရှာလွန်း၍ ခိုက်ခိုက်တုန်နေသည်။ ထိုအချိန်တွင် ဆီးနှင်းများနှင့်အတူ ဆီးနှင်းနတ်သားကြီးသည် လိုက်ပါလာကာ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန‌ကျော်ကာ သွားလာနေသည်။ ယင်းသို့ ကူးသန်းမှုကြောင့် သစ်ကိုင်းများမှာ ကျိုးကျကုန်သည်။ နတ်သားကြီးသည် သစ်ပင်အောက်တွင် ထိုင်ကာ ခိုက်ခိုက်တုန်အောင် ချမ်းနေသော ကလေးမ ကလေးအားတွေ့လျှင် "ဟေ့ ကလေးမ၊ ငါအခုလို လုပ်တဲ့အတွက် မင်းမှာ နွေးထွေးမှုရှိရဲ့လား" ဟု မေးလိုက်သည်။ ကလေးမကလေးကလည်း "ဟုတ်ကဲ့၊ ကျွန်မနေရတာ မချမ်းပါဘူး၊ နွေးထွေးမှုရှိပါတယ်" ဟု ယဉ်ကျေးစွာ ပြန်လည်ပြောမိသည်။

နတ်သားကြီးသည် အောက်ဘက်သို့ ထပ်မံနိမ့် ဆင်းလိုက်ပြန်ကာ သစ်ခက်များကို ခြွေချပြန်သည်။ နတ်ကလည်း "ဟေ့ ကလေးမကလေး၊ မင်းမချမ်းဘူးလား" ဟု ထပ်မံမေးလိုက်ပြန်သည်။

ကလေးမကလေးသည် အသက်မရှူနိုင်လောက်အောင်ပင် ချမ်းနေရှာသည်။ သို့သော် သူက "ကျွန်မ မချမ်းပါဘူး နတ်မင်းကြီးရယ်" ဟု အသံသဲ့သဲ့ကလေးဖြင့် ဖြေရှာသည်။

နတ်သားကြီးသည် အောက်ဘက်သို့ ပိုမို နိမ့်ဆင်းလာကာ သစ်ခက်များကို ခြွေချပြန်သည်။ ကလေးမကလေးသည် အအေးဒဏ် ပိုမိုပြင်းထန်လာသဖြင့် ခိုက်ခိုက်တုန်ကာ စကားမပြန်နိုင်အောင်ပင် ချမ်းနေရှာသည်။ သို့သော် နတ်သားကြီးက "ချမ်းနေသလား" ဟု မေးလျှင် "မချမ်းပါဘူး" ဟု အားတင်းကာ ဖြေရှာသည်။

နတ်သားကြီးလည်း ခိုက်ခိုက်တုန်နေသော ကလေးမကလေးအား ကြည့်ကာ အလွန်သနားသွားသည်။ ထို့ကြောင့် ကလေးမကလေးအား ပွေ့ချီကာ သူ၏ သားမွေးဝတ်ရုံကြီးထဲတွင် ထည့်၍ သိပ်ထားလိုက်တော့သည်။ ထိုအချိန်တွင် အိမ်၌ ကျန်ခဲ့သော အဘွားအိုသည် သမီးကြီးအား တောတွင်း၌ သေပြီး အထင်ဖြင့် သင်္ဂြိုဟ်ရန် ပြင်ဆင်နေသည်။ အဘိုးအိုအား

www.burmeseclassic.com

www.burmeseclassic.com



လည်း တောတွင်းသို့ သွား၍ သမီးကြီး၏အလောင်းကို ယူရန် စေလွှတ်လိုက်သည်။ အဘိုးအို လည်း ဝမ်းနည်းပတ်လက်ဖြင့် တောတွင်းသို့ ထွက်လာခဲ့သည်။

အဘိုးအိုသည် တောတွင်းသို့ ရောက်သော် သမီးကြီးအား ထားခဲ့သော နေရာသို့ သွား ရောက်ရှာဖွေသည်။ ထိုအခါ သမီးကြီးသည် ရွှေရောင်၊ ငွေရောင်များခြယ်ထားသော သားမွေး ကုတ်အင်္ကျီကြီးကို ဝတ်ဆင်ထားပြီး ပွင့်စနှင်းဆီပန်းကလေးပမာ လန်းဆန်းလှပစွာ ရှိနေ သည်ကို တွေ့ရသည်။ သူ၏ ခြေရင်းတွင်လည်း အဖိုးတန် ကျောက်မျက်ရတနာများထည့်ထား သော သေတ္တာကြီးတစ်လုံး ချထားသည်ကို တွေ့ရသည်။ အဘိုးအိုလည်း သူ၏ သမီးကြီး အသက်မသေဘဲရှိနေကြောင်း တွေ့ရလျှင် အလွန်ဝမ်းသာ သွားသည်။ သမီးနှင့် ရတနာ သေတ္တာကြီးကို လှည်းပေါ်သို့ တင်ကာ အိမ်သို့ အမြန်ပြန်လာခဲ့သည်။

ထိုအချိန်တွင် အိမ်၌ ကျန်ခဲ့သော အဘွားအိုသည် ထူးဆန်းသော အဖြစ်အပျက် တစ်ခု ကို ကြုံတွေ့ရသည်။ သူတို့၏ အိမ်၌ မွေးထားသော ခွေးကလေးသည် ထမင်းစားပွဲအောက်၌ ဝပ်နေရာမှ ရုတ်တရက် ထိုးဟောင်ကာ "အဘိုးအိုရဲ့ သမီးကြီး သူဌေးသမီး ဖြစ်လိမ့်မယ်။ အဘွားအိုရဲ့ သမီးငယ် ဆန်ကုန်မြေလေးနဲ့ ရမယ်" ဟု ဆိုလိုက်သည်။

ထိုစကားကို ကြားလျှင် အဘွားအိုသည် ထိတ်လန့်သွားသည်။ သူသည် ခွေးကလေး အား မုန့်တစ်ခုကျွေး၍ ချော့မော့ကာ "ခွေးကလေး၊ မင်းဆိုတာမှားနေတယ်။ တကယ်ဆိုရမှာ က အဘွားအိုရဲ့ သမီးငယ် ကြွယ်ဝချမ်းသာမယ်။ အဘိုးအိုရဲ့ သမီးကြီး အိမ်က ထွက်ပြီး သေလိမ့်မယ်လို့ဆိုရမှာ" ဟု ပြင်ပေးသည်။

ခွေးကလေးသည် မုန့်ကို ကုန်အောင်စားသည်။ ပြီးနောက် အဘွားအို သင်ပေးသည့် အတိုင်း မဟုတ်ဘဲ ယခင်နည်းအတိုင်းပင် ထပ်မံ၍ ဆိုပြန်သည်။

အဘွားအိုလည်း ခွေးကလေးအား မုန့်များထပ်၍ ကျွေးကာ သူသင်ပေးသည့်အတိုင်းဆို စေသည်။ ခွေးကလေးကလည်း ယခင်နည်းအတိုင်းပင် ဆိုသည်။

ထိုအချိန်တွင် အိမ်ဝင်းတံခါး ရုတ်တရက်ပွင့်လာကာ အဘိုးအို၏ သမီးကြီးသည် ရွှေရောင်၊ ငွေရောင်များ မျက်စိကျိန်းလောက်အောင် တောက်ပသော အဝတ်တန်ဆာများကို ဆင်မြန်းလျက် ရှေ့ဆုံးမှ ဝင်လာသည်။ သူ၏ နောက်တွင်မူ ဖခင်ဖြစ်သူသည် ရတနာ သေတ္တာကြီးကို ပိုက်၍ လိုက်လာသည်။ အဘွားအိုသည် အံ့သြလွန်းသဖြင့် ကြက်သေ သေနေသည်။

အဘွားအိုသည် လောဘကြီးသူ ဖြစ်ရကား သမီးကြီးကဲ့သို့ ရတနာများကို လိုချင်သည်။ ထို့ကြောင့် ညဘက်သို့ ရောက်သော် ခင်ပွန်းဖြစ်သူအား မိမိ၏ သမီးငယ်ကိုလည်း တောတွင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ခေါ်သွားကာ သမီးကြီးကဲ့သို့ ချမ်းသာအောင် လုပ်ပေးရန် ပူဆာသည်။ အဘိုးအိုသည် "ကောင်းပါပြီ" ဟု ဆိုကာ နောက်တစ်နေ့ နံနက်စောစောတွင် သမီးငယ်အား တောတွင်းသို့ ခေါ်သွားပြီးထား ပစ်ခဲ့သည်။

ညဘက်သို့ ရောက်သော် ဆီးနှင်းများကျလာပြီး အအေးဓာတ်မှာ ပြင်းထန်လာသည်။ သမီးငယ်သည် ချမ်းလွန်း၍ ခိုက်ခိုက်တုန်နေသည်။ ထိုအချိန်တွင် နှင်းနတ်သားကြီးပေါ် လာသည်။ နတ်သားကြီးသည် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ကူးရင်း အပင်အောက်တွင် ထိုင်နေသော သမီးငယ်ကို မြင်သွားသည်။ နတ်သားကြီးက သမီးငယ်အား "ဟေ့ ကလေးမ၊ ငါအခုလိုလာတဲ့အတွက် မင်းနွေးထွေး မသွားဘူးလား" ဟု မေးလိုက်သည်။ သမီးငယ်သည် သမီးကြီးကဲ့သို့ စိတ်ရှည်သည်းခံတတ်သူ မဟုတ်။ သူတစ်ပါးကိုအားလည်း မနာတတ်။ ထို့ကြောင့် သူက "လုံးဝ မနွေးပါဘူး။ မနေနိုင်အောင်ကို ချမ်းပါတယ်။ ရပ်ဆိုင်းပေးပါ" ဟု ပြောလိုက်သည်။

နတ်သားကြီးသည် အောက်သို့ ပိုမိုနိမ့်ဆင်းလိုက်ပြီး ရှေ့နည်းအတိုင်း မေးမြန်းပြန်သည်။ ကလေးမကလေးကလည်း "ကျွန်မ တစ်ကိုယ်လုံး ထုံကျဉ်အေးစက်နေပါပြီ။ အဝေးကို သွားပါ" ဟု ပြောသည်။

နတ်သားကြီးလည်း အောက်သို့ ထပ်မံ၍ နိမ့်ဆင်းလိုက်ပြီး ရှေ့နည်းအတိုင်းမေးပြန်သည်။ သမီးငယ်လည်း စိတ်တိုလာကာ "ကျွန်မ အေးလွန်းလို့ တစ်ကိုယ်လုံး သွေးခဲမတတ်ပါပဲ။ သင်ဟာ အကြင်နာတရား ခေါင်းပါးတဲ့ နတ်ဆိုးကြီးပဲ" ဟု ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် နတ်သားကြီးသည် အလွန်စိတ်ဆိုးသွားကာ အအေးဓာတ်များကို အစွမ်းကုန်လွှတ်ပေးလိုက်တော့သည်။ သမီးငယ်လည်း သွေးခဲကာ သေဆုံးသွားတော့သည်။

နောက်တစ်နေ့ နံနက်လင်းသော် အဘိုးအိုသည် သမီးငယ်နှင့် တကွ ရွှေငွေပစ္စည်းများကို ယူရန် တောတွင်းသို့ ထွက်ခဲ့သည်။ အဘွားအိုတစ်ဦးတည်း အိမ်တွင် ကျန်ရစ်ခဲ့စဉ် အိမ်တွင် မွေးထားသော ခွေးကလေးက စားပွဲအောက်မှနေပြီး "အဘိုးအိုရဲ့ သမီးကြီး မကြာခင်မှာ လက်ထပ်မယ်။ အဘွားအိုရဲ့ သမီးငယ် အအေးမိပြီး သေဆုံးမယ်" ဟု ပြောလိုက်သည်။

အဘွားအိုလည်း ခွေးကလေးအား မုန့်တစ်ခု ချကျွေးပြီး "မင်းဆိုတာ မှားနေတယ်။ တကယ်ဆိုရမှာက အဘွားအိုရဲ့ သမီးငယ် သူဌေးမကြီး ဖြစ်လိမ့်မယ်။ အဘိုးအိုရဲ့ သမီးကြီး ဆန်ကုန်မြေလေးနဲ့ ရမယ်လို့ ဆိုရမှာ" ဟု သင်ပေးသည်။ သို့သော် ခွေးကလေးက မရပ်ဘဲ "အဘွားအိုရဲ့ အမီးငယ် အအေးမိပြီး သေလိမ့်မယ်" ဟု ဆိုလိုက်သည်။

www.burmeseclassic.com



ထိုစဉ် ခြံတံခါးဖွင့်သံ ကြားလိုက်ရသည့်အတွက် အဘွားအိုသည် သူ၏ သမီးငယ်အား တွေ့ဆုံရန် ခြံထဲသို့ အပြေးအလွှား ဆင်းသွားသည်။ ခြံထဲသို့ ရောက်သော် လှည်းပေါ်တွင် ပါလာသော သမီးငယ်၏ အလောင်းကိုသာ တွေ့ရတော့သည်။ ရွှေ ငွေပစ္စည်းလည်းလုံးဝ မတွေ့ရပေ။ အဘွားအိုသည် မြေပါလည်းဆုံး၊ သားလည်းဆုံး ဆိုသကဲ့သို့ သမီးလည်းဆုံး ရတနာပစ္စည်းများလည်း လက်လွှတ်ရသည့် အတွက် စိတ်အလွန်အမင်း ထိခိုက်ကာ ကျယ်လောင်စွာ အော်ဟစ် ငိုကြွေးလေတော့သည်။ သို့သော် နှောင်းခဲ့လေပြီ။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## လောဘကြီးသူ

တစ်ခါက ရွာတစ်ရွာတွင် လယ်သမားညီအစ်ကို နှစ်ဦးရှိသည်။ တစ်ဦးသည် ဆင်းရဲပြီး ကျန်တစ်ဦးမှာ ချမ်းသာသည်။ ချမ်းသာသူသည် ကောက်ကျစ်ပြီး ဆင်းရဲသူမှာ ရိုးသားသည်။ နှစ်အတန်ကြာသော် ချမ်းသာသူသည် မြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ကြွယ်ဝ ချမ်းသာသော ကုန်သည်ကြီးတစ်ဦး ဖြစ်လာသည်။ သို့သော် ညီငယ်မှာကား ဆင်းရဲမြဲ ဆင်းရဲသည်။ သူတို့ မိသားစုတွင် သားသမီးတစ်ပြုံတစ်ခေါင်းကြီးဖြင့် စားစရာပေါင်မုန့်ပင် မရှိလောက်အောင် ဆင်းရဲရှာသည်။ မိုးလင်းမှ မိုးချုပ်အထိ အလုပ်ကြိုးစား၍ လုပ်သော်လည်း ဘာမျှ အရာမထင်ခဲ့ပေ။ နောက်ဆုံးတွင် ညီငယ်သည် အကြံတစ်ခု ရလာကာ မြို့တွင် ရှိသော ကုန်သည် အစ်ကိုကြီးထံ သွားရောက်၍ အကူအညီတောင်းရန် ထွက်လာခဲ့သည်။

အစ်ကိုကြီးထံသို့ ရောက်သော် အကျိုးအကြောင်း ပြောပြကာ အကူအညီ တောင်းသည်။ အစ်ကိုကြီးက သူ့ထံတွင် ရက်သတ္တတစ်ပတ်မျှ အလုပ်လုပ်ပေးလျှင် ကူညီမည်ဟု ပြောသည်။ ညီငယ်လည်း "ကောင်းပါပြီ" ဟု ဆိုကာ အစ်ကိုကြီးထံတွင် ထင်းခွဲ၊ ရေခပ်၊ မြင်းထိန်း၊ တံမြက်လှည်းစသော အလုပ်ကြမ်းများကို လုပ်ကိုင်ပေးသည်။

www.burmeseclassic.com



ရက်သတ္တတစ်ပတ်ပြည့်၍ ညီငယ်အိမ်သို့ ပြန်ခါနီးတွင် အစ်ကိုကြီးသည် ညီငယ်အား လုပ်အားခအဖြစ် ပေါင်မုန့်တစ်လုံးပေးသည်။ ညီငယ်လည်း ပေါင်မုန့်ကို ဝမ်းသာအားရ ယူ၍ အစ်ကိုကြီးအား ကျေးဇူးတင်စကား ပြောကာ ထွက်လာခဲ့သည်။ ထိုစဉ် အစ်ကိုကြီးက ရုတ်တရက် လှမ်းခေါ်ကာ "ခဏနေဦး ညီလေး။ မနက်ဖြန်ကျရင် အစ်ကိုကြီးမွေးနေ့ပွဲ လုပ်မယ်။ အဲဒါ ညီလေးတို့ ဇနီးမောင်နှံ နှစ်ယောက် ဆက်ဆက် လာခဲ့ကြနော်" ဟုပြောသည်။

ညီငယ်က "ကျွန်တော်တို့ လာလို့ ဖြစ်ပါ့မလား" အစ်ကိုကြီးရယ်။ အစ်ကိုကြီးရဲ့ မွေးနေ့ ပွဲမှာ လူချမ်းသာ ကုန်သည်တွေက ဝတ်ကောင်းစားလှတွေ ဝတ်ပြီးလာကြမှာ။ ကျွန်တော်တို့ ရဲ့ အဝတ်အစားတွေက စုတ်စုတ်ပြတ်ပြတ်နဲ့ဆိုတော့ ဖြစ်မယ်မထင်ပါဘူး" ဟု ပြန်လည် ပြောဆိုသည်။

အစ်ကိုကြီးက "ဒါတွေ အရေးမကြီးပါဘူးကွာ။ လာသာလာခဲ့ပါ။ ငါတို့ မင်းကို ကြိုဆို မှာပါ" ဟု ပြောသည်။ ညီငယ်လည်း "ကောင်းပါပြီ" ဟု ဆိုကာ အိမ်သို့ ပြန်သွားသည်။

နောက်တစ်နေ့သို့ ရောက်သော် ညီငယ်တို့ ဇနီးမောင်နှံသည် သူတို့တွင် ရှိသော အဝတ် အစားများထဲမှ ကောင်းနိုးရာရာများကို ရွေးချယ်ဝတ်ဆင်ကာ အစ်ကိုကြီး၏ မွေးနေ့ပွဲသို့ တက်ရောက်ခဲ့ကြသည်။ မွေးနေ့ပွဲတွင် ဂုဏ်သရေရှိ ပရိသတ်အပေါင်းသည် အဖိုးတန် အဝတ်များ ဝတ်ဆင်ကာ စုံညီစွာ ရောက်ရှိနေကြသည်။ အိမ်ရှင်များသည် လာရောက်သူ ပရိသတ်ကို လိုလေသေးမရှိ လိုက်လံဧည့်ခံကြသည်။ သို့သော် သူဆင်းရဲ ဇနီးမောင်နှံကိုမူ သတိမေ့နေသည့်အလား ဘာတစ်ခုမျှ ဧည့်မခံကြပေ။ ထို့ကြောင့် သူတို့ဇနီးမောင်နှံသည် အခြားသူများ စားသောက်နေကြသည်ကို ငေး၍သာ ကြည့်နေကြရသည်။

အတန်ကြာသော် မွေးနေ့ပွဲကို ပြီးဆုံးသွားသဖြင့် ဧည့်သည်တော်များသည် နေရာမှ ထကာ အိမ်ရှင်ဇနီးမောင်နှံအား နှုတ်ဆက်၍ ပြန်ရန် ဟန်ပြင်ကြလေသည်။ ညီငယ်တို့ ဇနီးမောင်နှံလည်း အများနည်းတူပင် အစ်ကိုကြီးတို့ ဇနီးမောင်နှံအား နှုတ်ဆက်ကြသည်။

မွေးနေ့ပွဲမှ ပြန်လာသော ဧည့်သည့်များသည် လမ်းတစ်လျှောက်တွင် အရက်မူးမူးဖြင့် သီချင်းများ ကျယ်လောင်စွာ သီဆိုလာကြသည်။ ညီငယ်တို့ ဇနီးမောင်နှံလည်း ထိုသူများ နောက်မှ ဗိုက်ဟောင်းလောင်းဖြင့် တိတ်ဆိတ်စွာ လိုက်ပါလာကြသည်။ ညီငယ်က သူ၏ ဇနီးအား မိမိတို့လည်း သီချင်းဆိုကြရန် ပြောသည်။ ဇနီးသည်က "ရှင် ရူးနေသလား။ ဧည့်သည် တွေဟာ အစားအသောက်တွေစား အရက်တွေမူပြီး သီချင်းဆိုနေတာ။ ကျွန်မတို့က ဘာမှ မစားရဘဲနဲ့ ဘာကြောင့် သီချင်းဆိုရမှာလဲ" ဟု ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီငယ်က "ငါတို့ဟာ အစ်ကိုကြီးရဲ့ မွေးနေ့ပွဲကို လာပြီးမှ သီချင်းမဆိုဘဲ ပြန်သွားရင် အများ ကဲ့ရဲ့စရာ ဖြစ်တော့မှာပေါ့။ တကယ်လို့ သီချင်းဆိုခဲ့ရင် ငါတို့လည်း အများလိုပဲ ဂုဏ်ပြုတယ်လို့ ထင်ပြီး ချီးကျူးကြမှာပေါ့" ဟု ရှင်းပြသည်။

ဇနီးသည်က "ရှင် သည်လောက်တောင် ဆိုချင်နေလည်းဆိုပေါ့။ ကျွန်မတော့ မဆိုဘူး" ဟု ပြောသည်။ ညီငယ်လည်း တစ်ဦးတည်း သီချင်းဆိုသည်။ ဤသို့ဆိုစဉ် သူ့နားထဲ၌ အခြားသူ တစ်ဦး၏ အသံကိုပါကြားရသဖြင့် သီချင်းကိုရပ်လိုက်ကာ သူ့ဇနီးအား "ရှင်မ မင်းရော ငါနဲ့ သီချင်းလိုက်ဆိုသလား" ဟု မေးလိုက်သည်။ သူ့ဇနီးကလည်း မဆိုကြောင်း ငြင်းသည်။ အသံနှစ်သံ မဟုတ်နိုင်ကြောင်း၊ နားကြားလွဲ၍သာ ဖြစ်နိုင်ကြောင်း ပြောသည်။ ညီငယ်က "မယုံလျှင် နားထောင်" ဟု ဆိုကာ သီချင်းဆိုပြသည်။ ဆိုနေစဉ် အခြားအသံ တစ်သံကိုပါ ကြားရသဖြင့် သီချင်းကို ရပ်လိုက်သည်။ သေချာစွာ နားထောင်ကြည့်သောအခါ ထိုအသံရှင်မှာ အခြားမဟုတ်။ သူ၏ စိတ်ဆန္ဒပင် ဖြစ်တော့သည်။

ညီငယ်က "အခု သီချင်းဆိုနေတာ စိတ်ဆန္ဒလားဟေ့" ဟု မေးလိုက်သည်။ စိတ်ဆန္ဒကလည်း ဟုတ်မှန်ကြောင်း ဖြေဆိုသည်။ ညီငယ်က "ဒါဆိုရင် မင်းငါနဲ့ အတူလိုက်ခဲ့နော်" ဟု ပြောသည်။ စိတ်ဆန္ဒကလည်း "စိတ်ချပါသခင်၊ ကျွန်တော်မျိုး သခင်နဲ့ ဘယ်တော့မှ မခွဲပါဘူး" ဟု ပြန်ဖြေသည်။ သူတို့သည် မကြာမီ အိမ်အနီးရှိ အရက်ဆိုင်တစ်ဆိုင် အနီးသို့ ရောက်လာသည်။ ထိုအခါ စိတ်ဆန္ဒက သူ့အား အရက်ဆိုင်သွားရန် တိုက်တွန်းသည်။ ညီငယ်က မိမိတွင် ငွေမရှိ၍ မသွားလိုကြောင်း ငြင်းဆိုသည်။ စိတ်ဆန္ဒက "ဘာလို့ ငွေမရှိရမှာလဲ။ သခင် အခုဝတ်ထားတဲ့ သားမွေးကုတ်အင်္ကျီကို ရောင်းလိုက်ရင် ငွေရမှာပေါ့။ မကြာခင် နွေရာသီ ရောက်တော့မယ်ဆိုတော့ ဒီအင်္ကျီကို ရောင်းပြီး အရက်သောက်ရအောင်" ဟု ပြောသည်။ ညီငယ်လည်း စိတ်ဆန္ဒ၏ အလိုကို လိုက်ကာ အင်္ကျီကို ရောင်း၍ အရက်သောက် လိုက်သည်။

နောက်တစ်နေ့ နံနက်သို့ ရောက်သော် စိတ်ဆန္ဒသည် ညက သောက်ထားသော အရက် အရှိန်ဖြင့် ခေါင်းများ ကိုက်ခဲနေသည်။ သူသည် ညီငယ်အား အရက်ဆိုင်သို့ ထက်မံသွားရောက် ရန် ခေါ်ပြန်သည်။ ညီငယ်ကလည်း သူတွင် ငွေမရှိကြောင်း ပြောကာ ငြင်းဆိုသည်။ ထိုအခါ စိတ်ဆန္ဒက လှည်းနှင့် နွားကို ရောင်း၍ အရက်သောက်ရန် တိုက်တွန်းသည်။ ညီငယ်လည်း စိတ်ဆန္ဒ၏ အလိုကို မငြင်းနိုင်ဘဲ သူ ခိုင်းသည့်အတိုင်း ပြုလုပ်မိပြန်သည်။

နောက်တစ်နေ့ နံနက်သို့ ရောက်သော် စိတ်ဆန္ဒသည် ယခင်နေ့က အတိုင်းပင် ညီငယ် အား အရက်သောက်ရန် ခေါ်ပြန်သည်။ ညီငယ်လည်း ငွေမရှိကြောင်း ထပ်မံ ငြင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆန္ဒက သူ၏ ထွန်တုံးထွန်သန်တို့ကို ရောင်း၍ အရက်သောက်ရန် တိုက်တွန်းသည်။ ညီငယ်လည်း စိတ်ဆန္ဒ၏ အလိုကို လိုက်မိပြန်သည်။ ဤသို့ဖြင့် ညီငယ်သည် စိတ်ဆန္ဒ၏ အလိုကို လိုက်ကာ နေ့စဉ် အရက်သောက်နေမိသည့်အတွက် နောက်ဆုံး၌ သူ၏ အိမ်ကို ပင်ပေါင်နှံ လိုက်ရတော့သည်။ သူတို့ ဇနီးမောင်နှံတွင်လည်း အဖိုးတန် ပစ္စည်းဟူ၍ ဘာတစ်ခုမျှ မကျန်တော့ပေ။ ထို့ကြောင့် သူတို့ အိမ်နီးချင်း တစ်ဦးထံမှ လှည်းနှင့် နွားကို ထင်းခုတ်ရန် အတွက် ရက်သတ္တတစ်ပတ်မျှ ငှားပါရန် သွားရောက်ပြောဆိုရတော့သည်။ အိမ်နီးချင်းကလည်း အလေးချိန် အပိုမတင်ရန် ပြောကာ ငှားရမ်းလိုက်သည်။

ညီငယ်သည် လှည်းကို ကွင်းပြင် တစ်ခုဆီသို့ ဦးတည်မောင်းနှင်လာသည်။ မကြာမီ ကွင်းအလယ်တွင် ကြီးမားသော ကျောက်တုံးကြီးကို လှည်းပေါ်မှ ဆင်း၍ ဖယ်သည်။ ကျောက်တုံးကြီးသည် လေးလွန်း၍ ညီငယ်သည် မနိုင်မနင်းဖြစ်နေရာ သူ၏ စိတ်ဆန္ဒက ကူညီတွန်းပေးရသည်။ ထိုအခါ ကျောက်တုံးကြီးအောက်ရှိ ကျင်းထဲတွင် ရွှေများ စုပုံနေသည်ကို မမျှော်လင့်ဘဲတွေ့ လိုက်ရသည်။

ညီငယ်သည် ဝမ်းသာလွန်းသဖြင့် ရုတ်တရက် အံ့အားသင့်ကာ ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ သူ၏ စိတ်ဆန္ဒက ရွှေများကို လှည်းပေါ်တင်ရန် တိုက်တွန်းသည်။ ညီငယ်လည်း ထိုအခါကျမှသာ သတိဝင်လာကာ ရွှေများကို လှည်းပေါ်သို့ တင်သည်။ ရွှေများအားလုံး လှည်းပေါ်သို့ ရောက်သောအခါ ညီငယ်က စိတ်ဆန္ဒအား "ရွှေတွေ ကျန်သေးလားလို့ ကျင်းထဲကို ကြည့်ပါဦး" ဟု ခိုင်းသည်။ စိတ်ဆန္ဒလည်း ငုံ့ကြည့်ကာ ဘာမျှ မတွေ့ရကြောင်း ပြောသည်။ ညီငယ်က ထပ်မံကြည့်ခိုင်းပြန်သည်။ စိတ်ဆန္ဒလည်း ထပ်မံ ကြည့်ကာ ဘာမျှ မတွေ့ရကြောင်း ပြောသည်။ ညီငယ်က ကျင်းထဲသို့ ဆင်းကြည့် ခိုင်းသည်။ စိတ်ဆန္ဒလည်း ကျင်းထဲသို့ ဆင်းကြည့်သည်။ စိတ်ဆန္ဒ ကျင်းထဲသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ညီငယ်သည် ကျင်းအဝကို ကျောက်တုံးဖြင့် ပိတ်လိုက်တော့သည်။ နှုတ်မှလည်း "ခုမှ အေးတော့တယ်။ သူ့ကို ဆက်ခေါ်သွားရင် ငါ့မှာရှိတဲ့ ငွေတွေ ကုန်အောင် ဆက်ပြီး ဖျက်ဆီးဦးမှာပဲ။ ခုတော့ ဘာတတ်နိုင်သေးလဲ" ဟုဆိုကာ လှည်းမောင်းလျက် ရွာသို့ ပျော်ရွှင်စွာ ပြန်သွားလေတော့သည်။

အိမ်သို့ ပြန်ရောက်သော် အိမ်နီးချင်းထံမှ ငှားခဲ့သော လှည်းနှင့် နွားကို ပြန်ပေးသည်။ ထို့နောက် ပါလာသော ရွှေများကို ထုခွဲ၍ လှပသော အိမ်တစ်ဆောင် ဆောက်လုပ်ကာ သူ့အစ်ကို၏ စည်းစိမ်ထက် နှစ်ဆ သာလွန်သော စည်းစိမ်မျိုးကို ခံစားနေလေတော့သည်။ ထို့နောက် အစ်ကိုထံ သွားရောက်၍ သူ၏ မွေးနေ့ပွဲသို့ လာရောက်ရန် ဖိတ်ကြားသည်။

www.burmeseclassic.com



အစ်ကိုလည်း ညီငယ်၏ စကားကို မယုံကြည်ပေ။ ညီငယ်က "မယုံလျှင် လာကြည့်ပါ" ဟု ပြောသည်။ အစ်ကိုလည်း "ကောင်းပြီ" ဟုဆိုသည်။

မွေးနေ့ပွဲသို့ ရောက်သော် အစ်ကိုကြီးတို့ ဇနီးမောင်နှံသည် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ရောက်လာကြသည်။ ညီငယ်၏ အိမ်ကြီးမှာ လှပခံ့ညားပြီး တော်ရုံကုန်သည်မျိုးပင် မနေနိုင်သော အိမ်မျိုးဖြစ်နေသည်ကို တွေ့ရသောအခါ အစ်ကိုကြီးသည် အလွန်အံ့ဩသွားသည်။ ညီငယ်ကလည်း အဖြစ်အပျက် အားလုံးကို အမှန်အတိုင်း ပြောပြလိုက်သည်။

အစ်ကိုကြီး ကောက်ကျစ်စဉ်းလဲ သူဖြစ်ရကား ညီငယ်ကောင်းစားနေသည်ကို မနာလိုပေ။ ထို့ကြောင့် သူသည် စိတ်တွင်းမှ "ဒီကောင်ပြန်ပြီး ဆင်းရဲသွားအောင် ကြံမှပဲ။ သူ ပိတ်လှောင်ထားခဲ့တဲ့ စိတ်ဆန္ဒ ကို ငါသွားပြီး လွှတ်ပေးလိုက်မယ်။ ဒါဆိုရင် သူ အလျင်ကလိုပဲ ပြန်ပြီး ဆင်းရဲသွားမယ်။ ငါ့ကိုလည်း ဒီသစ်သက်မှာ ဘယ်တော့မှ ကြွားနိုင်တော့မှာ မဟုတ်ဘူး" ဟု အကြံဖြစ်သည်။

ထို့ကြောင့် အစ်ကိုကြီးသည် ဇနီးသည်အား အိမ်ပြန်ပို့ကာ လှည်းတစ်စီးကို ယူ၍ လယ်ကွင်းရှိရာသို့ ထွက်ခဲ့သည်။ စိတ်ဆန္ဒရှိနေသော ကျင်းဝသို့ ရောက်လျှင် ပိတ်ထားသော ကျောက်တုံးကြီးအား ဖယ်လိုက်ပြီး စိတ်ဆန္ဒအား အပြင်သို့ ခေါ်ထုတ်သည်။ နှုတ်မှလည်း "ကဲ စိတ်ဆန္ဒရေ၊ ငါ့ညီဆီကို သွားပြီး သူ့ကို အလျင်ကလိုပဲ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲသွားအောင် လုပ်ပေတော့" ဟု ပြောလိုက်သည်။ သို့သော် စိတ်ဆန္ဒက ညီငယ်ထံ လုံးဝ မသွား။ သူက "မသွားပါရစေနဲ့ ခင်ဗျာ။ ကျွန်တော်ဟာ သခင်နဲ့ပဲ နေလိုပါတယ်။ သခင်ဟာ ကျွန်တော့်ကို ပိတ်လှောင်ထားရာက လွတ်အောင် လုပ်ပေးတဲ့အတွက် ပိုပြီး သဘောကောင်းပါတယ်။ ညီငယ်ကတော့ ကျွန်တော့်ကို ပိတ်လှောင်ထားခဲ့တဲ့ လူဆိုးပါ။ ဒါကြောင့် ကျွန်တော် အစ်ကိုကြီးနဲ့ နေပါရစေ" ဟု ဆိုကာ အစ်ကိုကြီးထံသို့ အတင်းပင် လိုက်၍ နေလေတော့သည်။

အစ်ကိုကြီးသည် စိတ်ဆန္ဒ၏ တိုက်တွန်းမှုကြောင့် မကောင်းမှု အမျိုးမျိုးပြုလုပ်မိကာ ချမ်းသာကြွယ်ဝမည့်အစား နောက်ဆုံးတွင် တစ်ပြားတစ်ချပ်မျှ မရှိသော သူတောင်းစားဘဝသို့ ရောက်ရှိသွားလေတော့သည်။ ကောက်ကျစ်စဉ်းလဲသော အစ်ကိုကြီးကား သူများမနာလိုသဖြင့် မိမိအကျိုးပါ ပျက်စီးရလေပြီ။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ပညာရှိ ခုနစ်နှစ်သမီး

**တစ်ခါက ညီအစ်ကို နှစ်ဦးသည်** အတူတကွခရီးထွက်ရန် ပြင်ဆင်ကြသည်။ သူတို့တွင် တစ်ဦးသည် ချမ်းသာကြွယ်ဝပြီး ကျန်တစ်ဦးကား ဆင်းရဲနွမ်းပါးသည်။ သူတို့သည် မြင်းကိုယ်စီ စီး၍ ခရီးထွက်ခဲ့ကြသည်။ ဆင်းရဲ၏ မြင်းသည် မြင်းမ ဖြစ်ပြီး ချမ်းသာသူ၏ မြင်းမှာ သင်းကွပ်ထားသော မြင်း ဖြစ်သည်။ သူတို့သည် ခရီးဆက်ကြရင်း မိုးချုပ်သွား သဖြင့် လမ်းခရီးတွင် ညအိပ် ရပ်နားကြသည်။

သူတို့နှစ်ဦး အိပ်ပျော်နေစဉ် သန်းခေါင်အချိန်၌ သူဆင်းရဲ၏ မြင်းမသည် မြင်းကလေး တစ်ကောင် မွေးဖွားသည်။ ထိုမြင်းပေါက်ကလေးသည် ဟိုဟိုသည်သည်လူးလိမ့်ရင်း လူချမ်းသာ၏ လှည်းအောက်သို့ ရောက်သွားသည်။

နောက်တစ်နေ့ နံနက်လင်း၍ လူချမ်းသာသည် ထိုမြင်းကလေးကို တွေ့လျှင် သူဆင်းရဲအား "ထစမ်းပါဦး အစ်ကို၊ ကျွန်တော့်လှည်းဟာ ညက မြင်းကလေးတစ်ကောင် မွေးတယ်" ဟု ပြောသည်။ ဆင်းရဲသူ အစ်ကိုလည်း အိပ်ရာမှထ၍ ကြည့်ရှုပြီးနောက် "လှည်းက ဘယ်လိုလုပ်ပြီး မြင်းကလေး မွေးနိုင်မှာလဲ။ ဒါ ငါ့ရဲ့ မြင်းမက မွေးတာပဲ ဖြစ်ရမယ်" ဟု ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီငယ်လည်း "တကယ်လို့ မြင်းမက မွေးရင် ဒီမြင်းကလေးဟာ ဘာကြောင့် ကျွန်တော့် လှည်းများ ရောက်နေသလဲ" ဟု ပြန်လည် ပြောဆိုသည်။ ညီအစ်ကို နှစ်ဦးသည် အပြန်အလှန် ငြင်းခုံကြရင်းမှ နောက်ဆုံးတွင် ဘုရင်မင်းမြတ်ထံ ရောက်သွားကြသည်။ ဘုရင်မင်းမြတ်သည် သူတို့နှစ်ဦး၏ လျှောက်ထားချက် အသီးသီးကို နားထောင်ပြီးနောက် သူတို့နှစ်ဦးအား မေးခွန်း ပုစ္ဆာ ၄ ပုဒ်ကို မေးမြန်းသည်။ ထိုပုစ္ဆာများမှာ "ကမ္ဘာပေါ်မှာ အသန်မာဆုံးနှင့် အမြန်ဆုံး အရာဟာ ဘာလဲ"၊ "ကမ္ဘာပေါ်မှာ အဝဆုံးဟာ ဘာလဲ"၊ "ကမ္ဘာပေါ်မှာ အနူးညံ့ အပျော့ပျောင်း ဆုံးဟာ ဘာလဲ"၊ "ကမ္ဘာပေါ်မှာ ချစ်စရာ အကောင်းဆုံး အရာဟာ ဘာလဲ" ဆိုသော မေးခွန်း များဖြစ်သည်။ ဘုရင်သည် သူတို့နှစ်ဦးအား စဉ်းစားရန် အချိန် သုံးရက်ပေးပြီး လေးရက်မြောက် သော နေ့တွင် ဖြေနိုင်သူ အား အနိုင်ပေးမည်ဟုလည်း မှာလိုက်သည်။

လူချမ်းသာသည် ရှပ်တရက် ဘာလုပ်ရမှန်း မသိ ဖြစ်နေသည်။ နောက်မှ သူနှင့် ခင်မင်ရင်းနှီးသော ကဝေမကြီး တစ်ဦးကို သတိရကာ သူ့ထံမှ အကြံဉာဏ် တောင်းခံရန် ထွက်သွားလေသည်။ ရောက်လျှင် ကဝေမကြီးက လူချမ်းသာအား အကျိုးအကြောင်း မေးမြန်း သည်။ လူချမ်းသာသည် ဘုရင်မင်းမြတ်က ၃ ရက်အတွင်း ရအောင် ဖြေဆိုနိုင်သော ပုစ္ဆာ ၄ ပုဒ်ကို ပြောပြကာ အကြံဉာဏ်တောင်းခံသည်။

BURMESE CLASSIC

ကဝေမကြီးလည်း ပုစ္ဆာများကို သေချာစွာ နားထောင်ပြီးနောက် လူချမ်းသာအား "ဘာမှ မစိုးရိမ်ပါနဲ့။ ဒီပုစ္ဆာတွေကို ငါ ဖြေပြပါ့မယ်။ ပထမပုစ္ဆာဖြစ်တဲ့ ကမ္ဘာပေါ်မှာ အသန်မာဆုံးနဲ့ အမြန်ဆုံးအရာကတော့ ငါ့ခင်ပွန်းရဲ့ မြင်းနီမကြီးပါပဲ။ သူ့ကို ကြိမ်နဲ့ တစ်ချက် တို့လိုက်ရင် ပြေးနေတဲ့ ယုန်တစ်ကောင်ကိုတောင် မိအောင် ဖမ်းနိုင်ပါတယ်။ ဒုတိယပုစ္ဆာဖြစ်တဲ့ ကမ္ဘာပေါ် မှာ အဝဆုံးအရာကတော့ ငါတို့အိမ်မှာ မွေးထားတဲ့ ၂ နှစ်သား အရွယ်ရှိတဲ့ ဝက်သိုးကြီး ပါပဲ။ သူဟာ ဝလွန်းလို့ ကောင်းကောင်းတောင် မတ်တတ် မရပ်နိုင်ဘူး။ တတိယပုစ္ဆာဖြစ်တဲ့ ကမ္ဘာပေါ်မှာ အနူးညံ့ အပျော့ပျောင်းဆုံး အရာကတော့ ငှက်မွေးနဲ့ ပြုလုပ်ထားတဲ့ အိပ်ရာပဲ။ ဒီထက် နူးညံ့တာ မရှိတော့ဘူး။ နောက်ဆုံးပုစ္ဆာဖြစ်တဲ့ ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံး အရာကတော့ ငါ့ရဲ့မြေးကလေးပါပဲ" ဟု ဖြေဆိုလိုက်သည်။ လူချမ်းသာလည်း ကဝေမကြီး အား နှုတ်ဆက်ကာ ဝမ်းမြောက်ဝမ်းသာ ပြန်လာခဲ့သည်။

သူဆင်းရဲသည် ဘာလုပ်ရမှန်း မသိ ဖြစ်ကာ မျက်ရည်စက်လက်ဖြင့် အိမ်သို့ ပြန်လာ သည်။ အိမ်ဝသို့ ရောက်သော် သူ၏ ခုနစ်နှစ်အရွယ်ရှိ သမီးငယ်ကလေးက ဆီးကြိုနေသည်ကို တွေ့ရသည်။ သူတို့တွင် တိုင်ပင်ဖော် တိုင်ပင်ဖက်ဟူ၍ သားအဖ နှစ်ဦးတည်းသာ ရှိသည်။ သမီးငယ်သည် ဖခင်၏ အဖြစ်ကို မြင်သော် အကျိုးအကြောင်းကို သေချာစွာ မေးမြန်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖခင်လည်း ဘုရင်မင်းမြတ် မေးမြန်းလိုက်သော မေးခွန်းများ အကြောင်းကို ပြန်လည်ပြောပြသည်။

သမီးငယ်က "ဒီအတွက် ဘာမှ မစိုးရိမ်ပါနဲ့ အဖေ။ အဲဒီ အဖြေတွေကို သမီးသိပါတယ်။ ကမ္ဘာပေါ်မှာ အသန်မာဆုံးနဲ့ အမြန်ဆုံး အရာဟာ လေ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အဝဆုံး အရာဟာ မြေဆီလွှာ ဖြစ်ပါတယ်။ သူဟာ သက်ရှိအားလုံးတို့ရဲ့ စားဝတ်နေရေးကို ဖြည့်စွမ်းပေးနိုင်သူ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အနူးညံ့ဆုံး အရာဟာ လက်ဖြစ်ပါတယ်။ ဒါကြောင့် လူတွေဟာ အိပ်တဲ့အခါ လက်ကို ခေါင်းအုံးပြီး အိပ်ကြရပါတယ်။ နောက်ဆုံးအဖြေဖြစ်တဲ့ ကမ္ဘာပေါ်မှာ ချစ်စရာ အကောင်းဆုံးအရာကတော့ အိပ်စက်ခြင်းပါပဲ။ "ကဲ နောက်နေ့ကျရင် ဘုရင့်ဆီကိုသာ သွားပြီး ဖြေပေတော့" ဟု ပြောကာ နှစ်သိမ့်လိုက်သည်။

၄ ရက်မြောက်သော နေ့တွင် ညီအစ်ကို နှစ်ဦးတို့သည် ဘုရင့် ရှေ့တော်မှောက်သို့ ရောက်ရှိလာကြသည်။ ဘုရင်က သူ မေးထားသော ပုစ္ဆာများ၏ အဖြေများကို မေးမြန်းသည်။ ညီအစ်ကို နှစ်ဦးလည်း အသီးသီး ဖြေဆိုကြသည်။ ဘုရင်မင်းမြတ်သည် ညီအစ်ကို နှစ်ဦး၏ အဖြေများကို အသီးသီး ကြားနာပြီးနောက် သူဆင်းရဲအား "ယင်းအဖြေများကို ကိုယ်တိုင် စဉ်းစား၍ ဖြေဆိုခြင်းလော။ သို့မဟုတ် တစ်ယောက်ယောက် ထံမှ ရရှိခြင်းလော" ဟု မေးသည်။ သူဆင်းရဲလည်း ၎င်း၏ ခုနစ်နှစ်အရွယ် သမီးငယ်လေးက ဖြေဆိုပေးခြင်း ဖြစ်ကြောင်း ပြောပြသည်။

ဘုရင်က "သင့် သမီးငယ်လေးရဲ့ ဉာဏ်ပညာကို ငါကိုယ်တော်မြတ် စမ်းသပ်တော်မူလိုတယ်။ ဒီပိုးကြိုးလေးကို ယူသွားပြီး နံနက်မှာ လှပတဲ့ ပဝါတစ်ထည်ဖြစ်အောင် ရက်လုပ်ပြီး ဆက်သရမယ်" ဟု ပြောကာ ပိုးကြိုးလေး တစ်ချောင်းကို ပေးလိုက်သည်။ သူဆင်းရဲလည်း ပိုးကြိုးကို ယူကာ အိမ်သို့ စိတ်ပျက်လက်ပျက်ဖြင့် ပြန်သွားသည်။

အိမ်သို့ ရောက်သော် သမီးငယ်အား ပိုးကြိုးကိုပေးကာ အကျိုးအကြောင်း ပြောပြသည်။ သမီးငယ်က "ဘာမှ စိတ်မပူပါနဲ့ အဖေ" ဟု ဆိုကာ နှစ်သိမ့်သည်။ ထို့နောက် သမီးငယ်သည် တံမြက်စည်းမှ တုတ်တံတစ်ချောင်းကို ချိုးယူကာ ဖခင်ထံ လှမ်းပေး၍ "ဒီ တုတ်တံလေးကို ဘုရင့်ထံ ယူသွားပြီး ပဝါရက်ဖို့အတွက် ဒီတုတ်တံကလေးနဲ့ ရက်ကန်းစင်တစ်စင် ဖြစ်အောင် ဆောက်နိုင်မယ့် လက်သမားတစ်ယောက် ပေးတော်မူပါလို့ လျှောက်ထားပါ" ဟု စေခိုင်းလိုက်သည်။

သူဆင်းရဲလည်း ဘုရင့်ထံသွားရောက်ကာ သမီးငယ်စေခိုင်းသည့်အတိုင်း ပြောပြသည်။ ဘုရင်သည် လွန်စွာ သဘောကျသွားသည်။ တစ်ဖန် ဘုရင်သည် သူဆင်းရဲအား ကြက်ဥ

www.burmeseclassic.com

www.burmeseclassic.com



အလုံး ၁၅၀ ပေးပြီး "ဒီကြက်ဥတွေထဲက ၅၀ ကိုစားပြီး ကျန်တဲ့ ကြက်ဥတွေနဲ့ တစ်ရက်တည်း ကြက်အကောင်တစ်ရာ ပေါက်အောင်လုပ်ပြီး နက်ဖြန်နံနက်မှာ ငါ့ထံကို ဆက်သရမယ်လို့ သင့်သမီးကို ပြောလိုက်ပါ" ဟု စေခိုင်းလိုက်သည်။

သူဆင်းရဲလည်း ကြက်ဥများကိုယူကာ စိတ်နှလုံးပိုမို နောက်ကျိစွာဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ အိမ်သို့ ရောက်သော် သမီးငယ်အား "သမီးရေ၊ ပြဿနာတစ်ခုပြီးလို့ နောက်တစ်ခု ထပ်လာပြန်ပြီ" ဟု ဆိုကာ ကြက်ဥများကို ပေး၍ အကျိုးအကြောင်း ပြောပြသည်။

သမီးငယ်က "မစိုးရိမ်ပါနဲ့ အဖေ" ဟု ဆိုကာ ကြက်ဥများအားလုံးကို သူတို့စားရန်အတွက် ချက်ပြုတ်လိုက်သည်။ ထို့နောက် ဖခင်အား "အဖေ၊ ဘုရင့်ထံသွားပြီး ကြက်ပေါက်ကလေးတွေအတွက် တစ်နေ့စာ ဂျုံစပါး လိုပါတယ်။ ဒါကြောင့် ကြက်စာအတွက် စပါးကို တစ်နေ့တည်းနဲ့ အပြီး စိုက်ပျိုးရိတ်သိမ်းပြီးတဲ့ စပါးတွေကို လာပို့ပါ။ မပို့ရင် ကြက်ကလေးတွေ အစာငတ်ပြီး သေကုန်လိမ့်မယ်လို့ သွားပြောချေ" ဟု စေလွှတ်လိုက်ပြန်သည်။

BURMESE CLASSIC

သူဆင်းရဲလည်း သမီးငယ် ပြောခိုင်းသည့်အတိုင်း သွား၍ ပြောသည်။ ဘုရင်သည် သူဆင်းရဲ သမီးငယ်အား အလွန် သဘောကျသွားသည်။ ထို့ကြောင့် သူဆင်းရဲအား "သင်ရဲ့ သမီးငယ်ဟာ အသက်အရွယ်နဲ့ မလိုက်အောင် ဉာဏ်ပညာ ထက်မြက်ပါပေတယ်။ ဒီလိုကလေးမျိုးကို ငါကိုယ်တော်မြတ် တွေ့လိုတယ်။ ဒါကြောင့် နက်ဖြန် နံနက်ကျရင် ငါ့ထံကို အခစား ဝင်စေရမယ်။ ဒါပေမဲ့ ဒီလို အခစားဝင်တဲ့အခါမှာ သင်ရဲ့ သမီးဟာ အဝတ်အစား ဝတ်ဆင်ပြီး မလာရဘူး။ ဒါပေမဲ့ ဘာမှ မဝတ်ဘဲလည်း မလာရဘူး။ ခြေကျင်လည်း လျှောက်မလာရဘူး။ မြင်းလည်း စီးမလာရဘူး။ ငါ့အတွက် လက်ဆောင်တစ်ခုခုလည်း ယူမလာရဘူး။ ဒါပေမဲ့ လက်ချည်းသက်သက်လည်း မလာစေရဘူး" ဟု အမိန့်ပေးလိုက်သည်။ သူဆင်းရဲလည်း "ကောင်းပါပြီ" ဟု ဆိုကာ အိမ်သို့ စိတ်ပျက်လက်ပျက်ဖြင့် ပြန်သွားသည်။

အိမ်သို့ ရောက်၍ သမီးငယ်အား အကျိုးအကြောင်းပြောလျှင် သူ့အတွက် ယုန်ကြီးကြီး အရှင်တစ်ကောင်နှင့် ငုံးငှက်အရှင် တစ်ကောင်တို့ကို ရအောင်ဝယ်ခိုင်းလိုက်သည်။ ဖခင်လည်း သမီး စိတ်တိုင်းကျ ပြုလုပ်ပေးသည်။

နောက်တစ်နေ့ နံနက်သို့ ရောက်သော် ခုနစ်နှစ်သမီးကလေးသည် ငါးဖမ်းသော ပိုက်ကွန် တစ်ခုကို သူ့ကိုယ်ပေါ်တွင် ခြုံ၍ လက်ထဲတွင် ငုံးငှက်ကလေး တစ်ကောင်ကို ကိုင်ကာ ယုန်ကြီးကို စီးလျက် ဘုရင့်နန်းတော်သို့ ထွက်ခွာသွားသည်။

နန်းတော်သို့ ရောက်၍ အသင့် စောင့်ကြိုနေသော ဘုရင်ကြီးနှင့် တွေ့လျှင် ကလေးမလေးက "ဒါ အရှင့်အတွက် လက်ဆောင်ပါ" ဟု ဆိုကာ ငုံးငှက်ကလေးကို လှမ်းပေးလိုက်သည်။ ငုံးငှက်ကလေးလည်း လေထဲသို့ ပျံထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်လည်း သမီးငယ်အား များစွာ ချီးကျူးသည်။ ထို့နောက် ဘုရင်က "သင်တို့ သားအဖဟာ သိပ်ကို ဆင်းရဲကြတယ်လို့ ကြားတယ်။ သင်တို့ စားဝတ်နေရေးအတွက် ဘာများ လုပ်ကိုင် စားကြပါသလဲ" ဟု မေးသည်။ သမီးငယ်က "ကျွန်မရဲ့ ဖခင်ဟာ ခြောက်သွေ့တဲ့ ကုန်းပေါ်မှာ ငါးဖမ်းပြီး၊ မြစ်ကမ်းပါးမှာ ငှက်ထောင်ပါတယ်။ ကျွန်မကတော့ အဖေရလာတဲ့ ငါးတွေကို အင်္ကျီနားပတ်ထဲမှာ စုထည့်ပြီး အိမ်ကိုယူလာပါတယ်။ အိမ်ရောက်တဲ့အခါ ငါးစွပ်ပြုတ် လုပ်သောက်ပါတယ်" ဟု ပြောပြသည်။

ဘုရင်က "သင် ရူးနေသလား မိန်းကလေး။ ငါးတွေဟာ ကုန်းပေါ်မှာ နေတယ်လို့ သင် ဘယ်မှာ ကြားဖူးလဲ။ ငါးဆိုတာ ရေထဲမှာ နေတာပဲ" ဟု ပြောလိုက်သည်။

သမီးငယ်က "မှန်ပါတယ်အရှင်။ ငါးဆိုတာဟာ ရေထဲမှာပဲ နေပါတယ်။ ကုန်းပေါ်မှာ မနေပါဘူး။ ဒါဆိုရင် အရှင်မင်းကြီးရော လှည်းက မြင်းကလေးမွေးတာ ဘယ်မှာ မြင်ဖူးပါသလဲ။ မြင်းမကသာ မြင်းကလေး မွေးနိုင်ပါတယ်။ လှည်းက မြင်းကလေး မမွေးနိုင်ပါဘူး" ပြန်လည် ပြောဆိုလိုက်သည်။

ဘုရင်လည်း ဟုတ်မှန်ကြောင်း ဝန်ခံပြီး သမီးငယ်အား များစွာ ချီးကျူးသည်။ မြင်းကလေးကိုလည်း ပိုင်ရှင်အစစ်ဖြစ်သော သမီးငယ်၏ ဖခင် သူဆင်းရဲထံသို့ ပြန်ပေးစေလိုက်လေတော့သည်။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## လယ်သမားနှင့်ဝက်ဝံ

ရှေးလွန်လေပြီးသောအခါက ရုရှားပြည်တွင် လယ်သမားတစ်ဦးရှိသည်။ တစ်နေ့သော် သူသည် မုန်လာဥဝါများ စိုက်ပျိုးရန် တောထဲသို့ ထွက်လာခဲ့သည်။ တောထဲတွင် မုန်လာဥဝါများ စိုက်ပျိုးနေစဉ် သူ့အနီးသို့ ဝက်ဝံကြီး တစ်ကောင် ရုတ်တရက် ရောက်လာသည်။

ဝက်ဝံကြီးက လယ်သမားအား "မင်းဘယ်မှ မပြေးနဲ့။ မင်းရဲ့အရိုးတွေကို ငါချိုးပစ်မယ်" ဟု ကြိမ်းမောင်းသည်။ လယ်သမားလည်း ဝက်ဝံကြီးအား ကြောက်ရွံ့စွာဖြင့် "ချမ်းသာပေးပါ ဝက်ဝံကြီးရယ်။ ကျွန်တော့် အရိုးတွေကို မချိုးပါနဲ့။ တကယ်လို့ ကျွန်တော် မုန်လာဥ စိုက်တာကိုသာ အောင် ဝက်ဝံကြီး ကူညီမယ်ဆိုရင် မုန်လာဥတွေ ရလာတဲ့အခါ ကျွန်တော်က အမြစ်ပိုင်းကို ယူပြီး အပေါ်ပိုင်းကို သင့်ကို ပေးပါ့မယ်" ဟု ပြောသည်။

ဝက်ဝံကြီးကလည်း "ကောင်းပြီ၊ သင့်ကို ငါချမ်းသာပေးလိုက်မယ်။ ဒါပေမဲ့ သင့်ကတိကိုတော့ တည်ပါစေနော်။ ကတိမတည်ခဲ့ရင် ကျုပ်က သတ်ပစ်မှာပဲ" ဟု ပြောကာ တောတွင်းသို့ ဝင်ရောက် ပျောက်ကွယ် သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာလအတန်ကြာသော် မုန်လာဥပင်များ ကြီးထွားလာကြသည်။ ဥများလည်း ဥလာကြသည်။ ဆောင်းဝင်စ အချိန်သို့ ရောက်သော် လယ်သမားသည် တောသို့သွား၍ မုန်လာဥများကို တူးသည်။ ထိုစဉ် ဝက်ဝံကြီး ရောက်လာသည်။

ဝက်ဝံကြီးက "ကဲ ဘယ်လိုလဲ လယ်သမားကြီး။ သင့် ကတိအတိုင်း မုန်လာဥတွေကို ဝေကြရအောင်" ဟု ပြောလိုက်သည်။

လယ်သမားက "ကောင်းပါပြီ ဝက်ဝံကြီး။ ဒီအပိုင်းတွေက သင့်အတွက်ပါ။ ကျန်တဲ့ အမြစ်တွေက ကျွန်တော့်အတွက်ပါ" ဟု ဆိုကာ ခွဲဝေပေးလိုက်သည်။ ဝက်ဝံကြီးလည်း ကျေနပ်ကာ တောတွင်းသို့ ပြန်သွားသည်။ လယ်သမားလည်း သူ့အတွက် ကျန်သော မုန်လာဥဝါများကို လှည်းပေါ်သို့ တင်ကာ ဈေးတွင် ရောင်းချရန် မြို့ထဲသို့ ပြန်လာခဲ့သည်။ လမ်းတစ်ဝက်တွင် ဝက်ဝံကြီးနှင့် ရုတ်တရက် သွားတွေ့သည်။

ဝက်ဝံကြီးက "သင် ဘယ်ကို သွားမလို့လဲ" ဟု မေးသည်။ လယ်သမားလည်း မြို့သို့ မုန်လာဥများ သွားရောင်းမည့်အကြောင်းကို ပြောပြသည်။ ဝက်ဝံကြီးက "မုန်လာဥတွေ ဘယ်လို အရသာမျိုး ရှိတယ်ဆိုတာ မြည်းကြည့်ချင်တယ်" ဟု ပြောသည်။

လယ်သမားလည်း ဝက်ဝံကြီးအား မုန်လာဥတစ်ခု ပေးလိုက်သည်။ ဝက်ဝံကြီးသည် မုန်လာဥ၏အရသာမှာ အလွန် ချိုမွှန်းသိသွားသည်နှင့် ရုတ်တရက် ထအော်ကာ "သင်ဟာ လူလိမ်ပဲ။ သင့်ရဲ့ မုန်လာဥတွေက ကျုပ်ရဲ့ မုန်လာရွက်တွေထက် အများကြီး ပိုချိုတယ်။ ဒါကို သိရက်နဲ့ ကျုပ်ကို သက်သက်မဲ့ လှည့်ဖြားသွားတာပဲ။ ဒီနေ့ကစပြီး ကျုပ်ရဲ့ သစ်တောထဲကို သင်ဘယ်တော့မှ မလာခဲ့နဲ့။ လာရင် သင့်ကို ကျုပ် သတ်ပစ်မယ်" ဟု ကြိမ်းဝါးကာ ဒေါသတကြီးဖြင့် ထွက်သွားလေတော့သည်။

နောက်တစ်နေ့သို့ ရောက်သော် လယ်သမားသည် ယခင်နေရာသို့ပင် သွားရောက်ကာ ဂျုံပင်များ စိုက်ပျိုးပြန်သည်။ ရိတ်သိမ်းချိန်ရောက်သော် ရှေးနည်းတူပင် ဝက်ဝံကြီး ရောက်လာပြန်သည်။

ဝက်ဝံကြီးက လယ်သမားအား "ကဲ ဒီတစ်ခါတော့ ညာမယ်မကြံနဲ့။ ကတိအတိုင်း ကျုပ်ရဲ့ ဝေစုကိုပေး" ဟု တောင်းလိုက်သည်။

လယ်သမားလည်း "ယူပါခင်ဗျာ။ ဒီတစ်ခါတော့ သင်က အမြစ်ပိုင်းကို ယူမယ် ပြောထားတဲ့ အတွက် အမြစ်ပိုင်းကိုပဲ ယူပါ" ဟု ပြောကာ ပေးလိုက်သည်။ ထို့နောက် လယ်သမားသည် ဂျုံများကို လှည်းပေါ်သို့ တင်ကာ အိမ်သို့ ပြန်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝက်ဝံကြီးလည်း ဂျူပင်၏ အမြစ်ကို ကိုက်ကာ တောတွင်းသို့ ဝင်သွားလေသည်။ သို့သော် ဂျူပင်၏ အမြစ်မှာ အရသာ လုံးဝ မရှိသည်ကို တွေ့ရသောအခါ ဝက်ဝံကြီးသည် အလွန်ပင် စိတ်ဆိုးသွားသည်။ သူ့အား လှည့်ဖြားသည်ဟု ဆိုကာ လယ်သမားအပေါ်တွင်လည်း အခဲမကျေနိုင်အောင် ဖြစ်သွားသည်။ ထိုအချိန်မှစကာ ဝက်ဝံနှင့် လယ်သမားတို့သည် တစ်ဦးနှင့် တစ်ဦး အလွန်မုန်းတီးသော ရန်သူများ ဖြစ်သွားကြလေတော့သည်။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ကြိုးကြာငှက်မလေး

ရှေးလွန်လေပြီးသောအခါက ဂျပန်ပြည်ရှိ ရွာကလေးတစ်ရွာတွင် အဘိုးအို၊ အဘွားအို ဇနီးမောင်နှံ နှစ်ဦးရှိကြသည်။ သူတို့တွင် သားသမီးတစ်ဦးမျှ မထွန်းကားသဖြင့် အသက်အရွယ် အိုမင်းချိန်တွင် ပြုစုမည့်သူ မရှိပေ။

တစ်နေ့သော် အဘိုးအိုသည် လယ်ကွင်းထဲမှ ဖြတ်လျှောက်လာစဉ် ထူးဆန်းသော အသံတစ်သံကို ကြားရသည်။ အဘိုးအိုသည် အသံလာရာသို့ လိုက်ကြည့်ရာ ကျော့ကွင်းထဲ၌ မိနေသော ဖြူဖွေးလှပသည့် ကြိုးကြာငှက်တစ်ကောင်ကို တွေ့ရသည်။ အဘိုးအိုသည် ကြင်နာသနားတတ်သူ ဖြစ်သည့်အတိုင်း "အို ကြိုးကြာငှက်ကလေး သနားပါတယ်။ သူ့ကို ငါကယ်မှပဲ" ဟု ဆိုကာ ကြိုးကြာငှက်ကလေးကို ကျော့ကွင်းထဲမှ ဖြေကာ လွှတ်ပေးလိုက်သည်။

ညနေစောင်း၍ အိမ်သို့ ပြန်သောအခါ အဘိုးအိုသည် ဇနီးဖြစ်သူအား သူတွေ့ခဲ့သော ကြိုးကြာငှက်ကလေးအကြောင်းကို ပြန်၍ ပြောပြသည်။ ထိုသို့ ပြောပြနေစဉ် တံခါးခေါက်သံ ရုတ်တရက် ထွက်ပေါ်လာပြီး "အိမ်ရှင်တို့၊ အိမ်ရှင်တို့ အိမ်ထဲကို ဝင်ခွင့်ပြုပါရှင်" ဟူသော သာယာချိုအေးသည့် အသံကလေးတစ်သံကို ကြားလိုက်ရသည်။

www.burmeseclassic.com



အဘွားအိုသည် တံခါး ထဖွင့်ပေးလိုက်သည်။ ထိုအခါ အလွန် ချောမောလှပသော မိန်းကလေးတစ်ဦး တံခါးတွင် ရပ်နေသည်ကို တွေ့လိုက်ရသည်။ မိန်းကလေးက "ကျွန်မ မျက်စိလည် လမ်းမှားလာပြီး ဘယ်မှ မသွားတတ်လို့ အဘိုးတို့၊ အဘွားတို့အိမ်မှာ တစ်ည လောက် တည်းခိုခွင့်ပြုပါ" ဟု ခွင့်တောင်းသည်။ အဘိုးအိုလည်း "ရပါတယ်။ နေပါ" ဟု ဆိုကာ ခွင့်ပြုလိုက်သည်။

ထိုနေ့မှစ၍ မိန်းကလေးသည် အဘိုးအို ဇနီးမောင်နှံထံတွင် နေထိုင်သည်။ မိန်းကလေး သည် လိမ္မာရေးခြားရှိပြီး အဘိုးအဘွားတို့၏ အလုပ်များကို ဝိုင်းဝန်းလုပ်ကိုင်ပေးသဖြင့် သူတို့ ဇနီးမောင်နှံက အထူးပင် ချစ်ခင်ကာ သူတို့နှင့် အတူနေသွားရန် ပြောကြသည်။ မိန်းကလေး ကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။ မကြာမီပင် မိန်းကလေးသည် သူတို့နှစ်ဦး၏ သမီးအရင်းကလေးတစ်ဦးပမာ ဖြစ်လာသည်။ အိမ်နီးချင်းကလေးများနှင့်လည်း မိတ်ဆွေ ဖြစ်ကာ ပျော်ရွှင်စွာ အတူ ဆော့ကစားကြသည်။

တစ်နေ့သော် မိန်းကလေးသည် အဘိုးအို ဇနီးမောင်နှံအား "ကျွန်မ ရက်ကန်း ရက်ချင် ပါတယ်။ ဒါကြောင့် ဟိုဘက် အခန်းထဲမှာ ရက်ကန်းစင်တစ်ခု ပြင်ပေးပါ။ ဒါပေမဲ့ ကျွန်မ အလုပ်လုပ်နေတုန်းမှာ လုံးဝ ချောင်းမကြည့်ဖို့တော့ အထူး မေတ္တာရပ်ခံပါတယ်" ဟု ပြောသည်။ အဘိုးအို ဇနီးမောင်နှံလည်း "ကောင်းပါပြီ" ဟု ကတိပေးကာ မိန်းကလေး ရက်ကန်း ရက်နိုင်ရန် အစစ ပြင်ဆင်ပေးသည်။ မိန်းကလေးသည် ထိုနေ့မှစ၍ ရက်ပေါင်းများစွာ ရက်ကန်း ရက်သည်။ ရက်လုပ်ပြီးသမျှ အထည်များကို အခန်းအပြင်သို့ ချထားပေးသည်။ မိန်းကလေး ရက်လုပ်သမျှ အထည်များမှာ အထူးပင် လှသဖြင့် အိမ်နီးချင်းများကပင် လာ၍ ကြည့်ကြသည်။ နှုတ်မှလည်း "ဒီလိုလှတဲ့ အထည်မျိုးကို အလျှင်က တစ်ခါမှ မတွေ့ဖူးသေးဘူး" ဟု ချီးမွမ်း ကြသည်။

အိမ်နီးချင်းများ၏ စကားကိုကြားသော် အဘွားအိုသည် ပထမတွင် အထူး ဝမ်းသာ သည်။ သို့သော် အတန်ကြာလာသောအခါ မိန်းကလေးအပေါ် သင်္ကာမကင်း ဖြစ်လာသည်။ "ဒီလို မိန်းကလေးငယ်ငယ်လေးက ဒီလောက်လှတဲ့ အထည်မျိုး ရက်နိုင်တယ်ဆိုတာ ဖြစ်နိုင် ပါ့မလား" ဟုလည်း သံသယ ဝင်လာသည်။ ထို့ကြောင့် နောက်ဆုံးတွင် သူ ပေးထားသော ကတိကို ချိုးဖျက်ကာ မိန်းကလေး အလုပ်လုပ်နေစဉ် အခန်းတွင်းသို့ တိတ်တဆိတ် ချောင်း ကြည့်လိုက်သည်။ ထိုအခါ အဘွားအိုသည် အလွန်ပင် အံ့သြ တုန်လှုပ်သွားသည်။ အကြောင်း မှာ ရက်ကန်းရက်နေသူမှာ မိန်းကလေးမဟုတ်ဘဲ ကြိုးကြာငှက် တစ်ကောင် ဖြစ်နေသော ကြောင့် ပင်တည်း။

www.burmeseclassic.com



ထိုနေ့ည အဘိုးအို အလုပ်မှ ပြန်လာသောအခါ မိန်းကလေးက "ကျွန်မဟာ အဘိုး ကယ်ဆယ်ခဲ့တဲ့ ကြိုးကြာငှက်မလေးပါ။ အဘိုးကို ကျေးဇူးဆပ်ချင်လို့ အခုလို လူယောင် ဖန်ဆင်းပြီး လာရောက်ခဲ့တာပါ။ ဒါပေမဲ့ အခုတော့ ကျွန်မ ဒီမှာ ဆက်နေလို့ မဖြစ်တော့ ပါဘူး။ ဒါကြောင့် ကျွန်မကို ပြန်ခွင့်ပြုကြပါ" ဟု ငိုယို ပြောဆိုကာ နှုတ်ဆက်သည်။

အဘွားအိုလည်း သူ၏ အပြစ်အတွက် အငြှိုးနှင့် စိတ်ထိခိုက်ကာ နောင်တရမဆုံး ဖြစ်ရှာ သည်။ အဘိုးအိုနှင့် အဘွားအိုတို့လည်း ဝမ်းပန်းတနည်းဖြင့် ငိုကြွေးကြသည်။ သမီးကလေး သည်။ လူသားစင်စစ် မဟုတ်ဘဲ ကြိုးကြာငှက် တစ်ကောင် ဖြစ်နေသည့်အတွက် ကောင်းကင် သို့ ပျံသန်းသွားတော့မည့် အရေးကိုလည်း တွေးမိကာ အထူးပင် ကြေကွဲမဆုံး ရှိကြရှာသည်။

ထိုသို့ရှိနေစဉ် မိန်းကလေးက "သွားတော့မယ် အဘိုးတို့၊ အဘွားတို့ရေ" ဟု နှုတ်ဆက် ကာ ကြိုးကြာငှက်အသွင်သို့ ရုတ်တရက် ကူးပြောင်းသွားပြီး သူ၏ ဖြူဖွေးလှပသော အတောင်ပံ များကို ဖြန့်ကာ ကောင်းကင်သို့ တစ်ဟုန်ထိုး ပျံသန်းသွားလေတော့သည်။

(ဂျပန်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## နေပူတစ်ဝက် အရိပ်တစ်ဝက်

တစ်ခါက အိန္ဒိယပြည်ရှိ ဘုရင်တစ်ပါးတွင် ပညာရှိ အမတ်ကြီး တစ်ဦး ရှိသည်။ ထိုအမတ်ကြီးသည် ပညာဉာဏ် အမြော်အမြင်နှင့် ပြည့်စုံသဖြင့် ဘုရင်က အထူး မြတ်နိုးချစ်ခင်သည်။

တစ်နေ့သော် ဘုရင်သည် အကြောင်းကိစ္စ တစ်ခုနှင့် ပတ်သက်၍ အမတ်ကြီးအား မကျေမနပ် ဖြစ်ကာ တိုင်းပြည်မှ နှင်ထုတ်လိုက်လေသည်။ အမတ်ကြီးလည်း တိုင်းပြည်မှ ဝမ်းနည်းစွာဖြင့် ထွက်ခွာကာ ရွာတစ်ရွာရှိ သူ၏ ဆွေမျိုးများအိမ်တွင် မထင်မရှား အသွင်ဖြင့် သွားရောက် ပုန်းအောင်းနေထိုင်သည်။ သူ့အား ဘုရင်က အမျက်ပြေကာ နန်းတွင်းသို့ ပြန်မခေါ်မချင်း ထိုအိမ်တွင်ပင် နေရန်လည်း ဆုံးဖြတ်ထားသည်။ အမတ်ကြီးသည် ယခင်အခါများကလည်း ဤကဲ့သို့ အမျက်တော် မပြေမချင်း နေထိုင်ခဲ့ဖူးသည်။ ထို့ကြောင့် ယခုအကြိမ်တွင်လည်း အမတ်ကြီးသည် ရွာသားတစ်ဦးကဲ့သို့ ဝတ်ဆင်ကာ သူ၏ ဆွေမျိုးများအိမ်တွင် တိတ်တဆိတ် သွားရောက်နေထိုင်သည်။

မကြာမီ ဘုရင်သည် အမတ်ကြီးအပေါ် အမျက်ပြေလာသည်။ ညီလာခံသို့ အမတ်ကြီး မတက်ရောက်သည်မှာ ကြာပြီဖြစ်၍လည်း အမတ်ကြီးကို တွေ့လိုစိတ် ပြင်းပြလာသည်။

www.burmeseclassic.com



ထို့ကြောင့် မင်းချင်းတို့အား အမတ်ကြီး၏ သတင်းကို စုံစမ်းစေသည်။ သို့သော် သတင်း အစအနမျှပင် မရပေ။ ဘုရင်ကြီးလည်း ပို၍ စိတ်နှလုံး မသာမယာ ဖြစ်နေသည်။ ဘုရင်ကြီးသည် သူ၏ ပညာရှိ အမတ်ကြီးအား တိုင်းပြည်မှ နှင်ထုတ်မိသည့်အတွက် နောင်တရမဆုံး ဖြစ်ကာ အမတ်ကြီးအား ပြန်လည် ခေါ်ယူနိုင်ရန် နည်းလမ်းကို ရှာဖွေတော့သည်။

နောက်ဆုံးတွင် ဘုရင်သည် အကြံတစ်ခု ရလာသည်။ ထို့ကြောင့် နောက်တစ်နေ့တွင် တိုင်းသူပြည်သားများအား အမိန့်တစ်ခု ချမှတ်လိုက်သည်။ ထိုအမိန့်မှာ တိုင်းသူပြည်သားများသည် ဤအမိန့် ထုတ်ပြန်သည့်နေ့မှစ၍ ၇ ရက်အတွင်း၌ နေပူတစ်ဝက်၊ အရိပ်တစ်ဝက်ဖြင့် ဘုရင့်နန်းတော်သို့ လာရောက်စုဝေးကြရမည် ဖြစ်သည်။ ဤအမိန့်မှာ ကြားရသူတို့အဖို့ ရယ်စရာ ဖြစ်နေသည်။ သို့သော် ဘုရင် အပြစ်ပေးမည်စိုး၍ မည်သူကမျှ မရယ်မောဝံ့ကြပေ။

ဘုရင်၏ အမိန့်ကြောင့် လူတိုင်းပင် အခက်အခဲ တွေ့နေကြသည်။ အကြောင်းမှာ မည်သူမျှ အရိပ်တစ်ဝက်၊ နေပူတစ်ဝက်ဖြင့် မသွားတတ်သောကြောင့် ဖြစ်သည်။ ဤအမိန့် ထုတ်ပြန်ပြီး နောက် ၂ ရက်ခန့်ကြာမျှ တစ်တိုင်းပြည်လုံး ငြိမ်သက်နေသည်။

ဘုရင် ချိန်းဆိုထားသော နေ့သို့ ရောက်သောအခါ များစွာသော လူစုလူဝေးကြီးသည် ဖျာ၊ မွေ့ရာတို့ကို ဖယ်၍ ကြိုးခုတင်ကလေးများကို ခေါင်းပေါ်တွင် ရွက်ကာ နန်းတော်အပြင်ဘက်ရှိ နေပူထဲတွင် လာရောက် စုဝေးနေကြသည်ကို ဘုရင်မင်းမြတ် တွေ့မြင်ရသည်။ သူတို့ကား ဘုရင့်အမိန့်တော်ကို လိုက်နာကြပေသည်။ အကြောင်းမှာ ခုတင်ရှိ ကြိုးပေါက်များကြားမှ နေရောင်ခြည် တစ်ဝက်တစ်ပျက် ဝင်နိုင်သောကြောင့် ဖြစ်သည်။

ဘုရင်သည် ထိုလူစုကို မြင်သောအခါ အလွန် ဝမ်းမြောက်သွားသည်။ သူ၏ ပညာရှိ အမတ်ကြီးသည် ဤအနီးတစ်ဝိုက်တွင် ရှိကြောင်းကိုလည်း သဘောပေါက်သွားသည်။ ထို့ကြောင့် ဘုရင်သည် ထိုသူများအား "ဤသို့ ပြုလုပ်ရန် မည်သူက သင်ကြားပေးသနည်း" ဟု မေးသည်။

ပထမတွင် ထိုသူများသည် အမတ်ကြီး၏ အမည်ကို ထုတ်ဖော်ပြောဆိုရန် ဝန်လေးနေကြသည်။ ဘုရင်လည်း အကြိမ်ကြိမ် ထပ်၍ မေးမြန်းသည်။ နောက်ဆုံးတွင်မှ အမတ်ကြီး၏ ဉာဏ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားကြသည်။ ဘုရင်လည်း လုံးဝ အချိန်ဖြုန်းမနေတော့ဘဲ အမတ်ကြီးရှိရာသို့ အလျင်အမြန် သွားရောက်သည်။

အမတ်ကြီးရှိရာ အိမ်သို့ ရောက်၍ အမတ်ကြီး၏ အမည်ကို ခေါ်လိုက်သောအခါ အမတ်ကြီး ကိုယ်တိုင် တံခါးလာဖွင့်ပေးသည်ကို တွေ့ရသည်။ အမတ်ကြီးအား တွေ့သည်နှင့် ဘုရင်က "အမတ်ကြီး၊ သင့်ကို ကျွန်ုပ်... ..." ဟု ပြောဆဲမှာပင် အမတ်ကြီးသည် ဘုရင်၏

www.burmeseclassic.com

www.burmeseclassic.com



စကားကို အဆုံးအထိ မစောင့်တော့ပေ။ "အရှင်မင်းကြီး၊ ဘာမှ ပြောစရာ မလိုပါဘူး။ ကျွန်တော် မျိုး အရှင်မင်းကြီးနဲ့ အတူ ပြန်လိုက်ခဲ့ပါ့မယ်" ဟု ပြောလိုက်သည်။

ထို့နောက် ဘုရင်နှင့် အမတ်ကြီးတို့သည် နန်းတော်သို့ အတူတကွ ရွှင်လန်းစွာ ပြန်လည် ထွက်ခွာသွားကြလေတော့သည်။ ပညာရှိသော အမတ်ကြီးကား ဘုရင်၏ သူကောင်းပြုခြင်းကို တစ်ဖန်ပြန်လည် ရရှိသွားလေတော့သည်။

(အိန္ဒိယပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## အကြံပိုင်သူ

တစ်ခါက အလွန်လောဘကြီးပြီး သူ့လှေတွင် အလုပ်လုပ်သော လှေထိုးသားများ၏ လုပ်အားခများကို မပေးလိုသော လှေသူကြီး တစ်ဦး ရှိသည်။ ထိုလှေသူကြီးသည် ဧရာဝတီ မြစ်ရိုးတစ်လျှောက် စုန်ဆင်းပြီး ကုန်ကူးသန်းခြင်း ဖြစ်ရာ တစ်ခေါက်လျှင် ၂ လ၊ ၃ လခန့် ကြာမြင့်တတ်သည်။ ထို့ကြောင့် လှေထိုးသားများကို ပေးရန် အခကြေးငွေမှာလည်း များပြားလာသည်။ လှေသူကြီးသည် သူ၏ လှေထိုးသားများအား ခရီးစဉ် တစ်လျှောက်လုံး တာဝန်ယူကာ ကျွေးမွေးလာခဲ့သည်။ သို့သော် လုပ်အားခများကိုမူ ခရီးစဉ်ပြီးဆုံးသည့် အခါကျမှသာ ပေးလေ့ရှိသည်။ ယခု တစ်ခေါက်တွင်လည်း ခါတိုင်းကဲ့သို့ပင် ခရီးစဉ် ပြီးဆုံးသည့်နေ့တွင် ငွေများ ထုတ်ပေးရမည် ဖြစ်သည်။ လှေသူကြီးသည် လှေထိုးသားများအား ငွေများ မပေးရအောင် အမျိုးမျိုး ဉာဏ်ဆင်လျက် ရှိသည်။

ယခုတစ်ခေါက်တွင် လှေပေါ်၌ ပါလာသော လှေထိုးသားများထဲတွင် အလွန် ခေါင်သော ကျေးရွာမှ ကျေးတောသား တစ်ဦးလည်း ပါဝင်သည်။ ထိုကျေးတောသားကို ကြည့်ရသည်မှာ အလွန် ရိုးသားပုံ ရသည်။ သူသည် အလုပ်အကိုင် တော်သော လှေထိုးသား တစ်ဦး ဖြစ်သော်လည်း အလွန် စကားနည်းသည်။ အခြားသော လှေထိုးသားများနှင့်လည်း သိပ်မရော

www.burmeseclassic.com



ပေ။ သို့ဖြစ်၍ အခြားလှေထိုးသားများကလည်း ခရီးစဉ် ပြီးဆုံးသည့်အခါတွင် ပြုလုပ်တတ်လေ့ရှိသော သူတို့ လှေသူကြီး၏ ဉာဏ်နီဉာဏ်နက်များကို သူ့အား ပြောမပြကြပေ။

လှေကြီးသည် အောက်ဒေသသို့ ရောက်ရှိပြီး ပြန်လည်ထွက်ခွာရန် အချိန် နီးကပ်လာသည်။ လှေ မထွက်ခွာမီ လှေသူကြီးသည် ကျေးတောသား အနီးသို့ ချဉ်းကပ်ကာ "အပြန်ခရီးအတွက် ဘာပစ္စည်းများ ဝယ်ထားသလဲ။ အောက်ဒေသမှာ ကြက်တွေ ဈေးသိပ်ပေါတယ်။ အထက်ဒေသမှာတော့ ကြက်ဈေးက ခေါင်ခိုက်နေတာပဲ။ ဒီတော့ ကြက်တစ်ကောင်လောက် ဝယ်သွားပါလား" ဟု ပြောသည်။ ကျေးတောသားလည်း လှေသူကြီး၏ စကားကို ယုံကြည်သွားသည်။ ထိုကြက်ကို အထက်ဒေသတွင် ပြန်ရောင်းလျှင် အလွန် မြတ်မည်ဟုလည်း တွေးကာ ကြက်တစ်ကောင်ကို ဝယ်ယူလာခဲ့သည်။ မကြာမီ လှေကြီးသည် အထက်ဒေသသို့ ပြန်လည် ထွက်ခွာတော့သည်။ လမ်းတစ်လျှောက်လုံးတွင် ကျေးတောသားသည် သူ၏ကြက်အား တစ်နေ့လျှင် ဆန် လက်တစ်ဆုပ်စာကို လှေ၏ စားဖိုဆောင်မှ နေ့စဉ်ယူ၍ ကျွေးလာခဲ့သည်။ ဤသို့ ကျွေးသည်ကို လှေသူကြီးသည် တိတ်တဆိတ် စောင့်ကြည့်နေသည်။ သို့သော် ဘာမျှ ဖွင့်မပြောဘဲ မသိဟန်ဆောင်နေခဲ့သည်။

ခရီးစဉ်၏ နောက်ဆုံးနေ့သို့ ရောက်သောအခါ လှေသူကြီးသည် ကျေးတောသားအား "ဒီမှာ မင်းကို ကျွန်ုပ် ခရီးစဉ် တစ်လျှောက် တာဝန်ယူ ကျွေးမွေးလာမယ်ဆိုတာက သင်တစ်ယောက်တည်း အတွက်ကို ပြောတာပါ။ မင်းရဲ့ ကြက်ဖအတွက် မပါပါဘူး။ ဒါပေမဲ့ မင်းက မင်းရဲ့ ကြက်ဖကို ငါပိုင်တဲ့ ဆန်တွေထဲက နေ့စဉ် ယူပြီး ကျွေးလာခဲ့တယ်။ ဒါကြောင့် အဲဒီအတွက် ကျသင့်တဲ့ အဖိုးငွေကို မင်းဆီက တောင်းရလိမ့်မယ်" ဟု ပြောသည်။

ကျေးတောသားလည်း "ကောင်းပါပြီ ခင်ဗျာ။ ကျသင့်တဲ့ အဖိုးငွေကိုသာ ပြောပါ။ ကျွန်တော် ပေးဖို့ အဆင်သင့်ပါပဲ" ဟု ပြန်ပြောသည်။ လှေသူကြီးက မင်းကြက်ကို ကျွေးမွေးခအဖြစ် ကျွန်ုပ် တောင်းမယ့် ငွေကတော့ မင်းရဲ့ လုပ်အားခနဲ့ ညီမျှတဲ့ ငွေပါ။ ကြက်အတွက် စားစရိတ် ငွေတွေကို နုတ်လိုက်ရလို့ ငါ့အနေနဲ့ မင်းကို ပေးစရာငွေတွေ လုံးဝ မရှိတော့ပါဘူး" ဟု ပြောလိုက်သည်။

ကျေးတောသားသည် မည်သို့မျှ စောဒက မတက်ဘဲ "ဟုတ်ကဲ့ခင်ဗျာ" ဟုသာ ပြန်ပြောသည်။ ထိုစကားကို ကြားလျှင် အခြား လှေထိုးသားများသည် ရယ်မောကြကာ "ဒီလူဟာ အတော့်ကို ရိုးအတဲ့ သူပဲ" ဟု အချင်းချင်း ပြောဆိုကြသည်။

မကြာမီ လှေဆိုက်ကပ်၍ ကျေးတောသားသည် အိမ်သို့ ပြန်သွားသည်။ အိမ်သို့ ရောက်သော် သူသည် ကွေးကောက်သော ပုံသဏ္ဍာန်ရှိသည့် ဓားကောက် နှစ်ချောင်းကို စတင်

www.burmeseclassic.com



ပြုလုပ်သည်။ ထိုဓားကောက်နှစ်ချောင်းသည် အရွယ်ရော၊ ပုံပန်းသဏ္ဍာန်ပါ တစ်ချောင်းနှင့် တစ်ချောင်း ခွဲခြား၍ မရအောင် တစ်ထေရာတည်း တူလေသည်။ ထို့နောက် သူသည် လှေသူကြီးထံ သွားရောက်ကာ နောက်တစ်ခေါက်ထွက်မည့် ခရီးစဉ်တွင် လိုက်ပါ အမှုထမ်းခွင့် ပြုရန် ပြောကြားသည်။ လှေသူကြီးလည်း ကျေးတောသားအား ထပ်မံ လှည့်ဖြားနိုင်ဦးမည်ဟု တွေးထင်ကာ ဝမ်းမြောက်ဝမ်းသာပင် လက်ခံလိုက်သည်။

ဤသို့ဖြင့် လှေကြီး ထွက်ခွာလာခဲ့သည်။ လှေထိုးသားများသည် ကျေးတောသားအား ဝမ်းသာအားရ နှုတ်ဆက်ကြရင်း "ဒီတစ်ခါရော နောက်ထပ် ကြက်တစ်ကောင် ထပ်ဝယ်ဖို့ စိတ်ကူးထားသေးလား" ဟု မေးသည်။

ကျေးတောသားက "မပြောတတ်သေးပါဘူးဗျာ။ ဒါပေမဲ့ အခုတစ်ခေါက်ဟာ အလျင် တစ်ခေါက်ထက်တော့ ပိုပြီး ကံကောင်းတာ အမှန်ပဲ။ အကြောင်းကတော့ ကျွန်တော့် အဖေက ကျွန်တော် သုံးဖို့ ထူးဆန်းတဲ့ ဓားကောက်တစ်ချောင်း ပေးလိုက်လို့ပါပဲ" ဟု ပြန်ပြောသည်။ ထို့နောက် ဓားကောက်နှစ်ချောင်း အနက်မှ တစ်ချောင်းကို ထုတ်ကာ လှေထိုးသားများအား ပြသသည်။ ကျန်တစ်ချောင်းကိုမူ လုံးဝ မထုတ်ဘဲ သူ၏ အဝတ်များ အောက်တွင် ဝှက်ထား သည်။ လှေထိုးသားများသည် ဆူညံစွာ ရယ်မောကြရင်း "သင့်ရဲ့ ဓားကောက်က ဘာစွမ်းလို့လဲ" ဟု မေးကြသည်။

ကျေးတောသား "ဘာစွမ်းတယ်"ဆိုတာတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ဒီဓားက ထူးဆန်းတာတော့ အမှန်ပဲ" ဟု ပြောလိုက်သည်။

အောက်ဒေသသို့ ရွက်လွှင့်ရာ ခရီးစဉ် တစ်လျှောက်လုံးတွင် ကျေးတောသားအား သူ၏ ဓားနှင့် ပတ်သက်ပြီး လှေထိုးသားများက အမျိုးမျိုး နောက်ပြောင် ကျီစယ်ကြသည်။ သို့သော် ကျေးတောသားက မည်သို့မျှ ပြန်မပြောဘဲ မသိသလို နေခဲ့သည်။

လှေကြီးသည် အောက်ဒေသသို့ ရောက်ရှိ၍ ကုန်ရောင်း ကုန်ဝယ် ပြုပြီးနောက် ဧရာဝတီ မြစ်ကို နောက်တစ်ကြိမ် ပြန်လည် ဆန်တက်ခဲ့ပြန်သည်။

တစ်နေ့ နေ့လယ်ပိုင်းတွင် လှေကို ရွာတစ်ရွာရှိ ဆိပ်ကမ်းတွင် ရပ်နားထားစဉ် ထူးဆန်း သော ဓားနှင့် ပတ်သက်ပြီး စိတ်ဝင်စားဖွယ် အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာသည်။ ကျေးတော သားသည် လှေ၏ နံဘေးတွင် ထိုင်ပြီး ၎င်း၏ ဓားကောက်ကို သွေးခြင်း၊ ပြောင်လက်အောင် တိုက်ချွတ်ခြင်းများ ပြုလုပ်နေသည်။ ထိုစဉ် လှေထိုးသားများ ရောက်လာပြီး ကျေးတော သားအား ထိုဓားကောက်နှင့် ပတ်သက်ပြီး အမျိုးမျိုး နောက်ပြောင်ကြပြန်၏။ ကျေးတောသား သည် တစ်စုံတစ်ခုကို ပြန်ပြောရန် နောက်သို့ လှည့်လိုက်သည်။ ဤတွင် ဓားသည် သူ၏

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ လျှောကာ ရေထဲသို့ ရုတ်တရက် ကျသွားလေတော့သည်။ လှေထိုးသားများက သူ့အား ရေထဲသို့ ခုန်ချ၍ ဓားကို ဆယ်ယူရန် အကြံပေးကြသည်။ သို့သော် သူက "အချိန်တွေ အများကြီး ရှိပါသေးတယ်" ဟု ဆိုကာ လှေထိုးသား တစ်ဦးထံမှ ဓားတစ်ချောင်းကို တောင်းယူ၍ စောစောက ဓားကျသွားခဲ့သည့် နေရာဖြစ်သော လှေ၏ နံဘေးကို ဓားဖြင့် သေချာစွာ ထစ်၍ မှတ်သားထားလိုက်သည်။ ပြီးလျှင် သူက "နေရာတော့ မှတ်ပြီးပြီ။ ဒါကြောင့် ဒီနေရာက ဓားကို အချိန်မရွေး ရေငုပ်ပြီး ပြန်ယူနိုင်ပါတယ်" ဟု ပြောလိုက်သည်။

အခြား လှေထိုးသားများက "ခင်ဗျားဟာ အတော် မိုက်မဲတဲ့ သူပဲ။ ကျုပ်တို့ လှေဆိပ်ကမ်းက ခွာစပြုနေပြီ။ ခုလောက်ဆိုရင် ခင်ဗျားရဲ့ ဓားဟာ ရေအောက်ထဲကို ရောက်နေလောက်ပြီ" ဟု ဝိုင်းဝန်းပြောကြသည်။

ထိုအခါ ကျေးတောသားက "ဒါတော့ ကျုပ်မသိဘူး။ ကျုပ်သိတာကတော့ ဓား ရေထဲ ကျသွားတဲ့ နေရာကို လှေနံဘေးမှာ မှတ်ထားတဲ့အတွက် ဒီဓားကို အချိန်မရွေး ပြန်ပြီး ဆယ်ယူနိုင်မယ် ဆိုတာပဲ" ဟု ကျယ်လောင်စွာ ပြန်ပြောလိုက်သည်။

အခြား လှေထိုးသမားများလည်း ဤမျှ မိုက်မဲ၍ ခေါင်းမာသော လူမျိုးနှင့် ယှဉ်ပြိုင်ပြောဆိုနေ၍ အချိန် ကုန်ရုံသာ ရှိမည်ဟု တွေးကာ နောက်ထပ် ဘာမျှ မပြောကြတော့ဘဲ တိတ်ဆိတ်စွာ နေကြလေတော့သည်။ လှေသူကြီးကမူ ရိုးအလှသော ကျေးတောသားထံမှ လုပ်အားခငွေများကို ခေါင်းပုံဖြတ်ခွင့် ကြုံပြန်ပြီဟု တွေးကာ ဝမ်းသာနေသည်။

ထို့နောက် လှေသူကြီးက ကျေးတောသားအား "ဒီမှာသူငယ်၊ မင်းနဲ့ငါ အလောင်းအစား တစ်ခု ပြုလုပ်ရအောင်၊ မနက်ဖြန်ကျရင် တို့ရဲ့လှေဟာ ဒီနေရာနဲ့ ဝေးတဲ့ရွာတစ်ရွာမှာ ရပ်နားမယ်။ အဲဒီအခါကျရင် မင်း ပျောက်ဆုံးနေတဲ့ ဓားကို မှတ်သားထားတဲ့ နေရာမှာ ရေငုပ်ပြီး ရှာပေတော့။ တကယ်လို့ ဓားကို ပြန်ရအောင် ရှာနိုင်ရင် ငါပိုင်တဲ့ လှေတွေအားလုံး မင်းကို ပေးမယ်။ တကယ်လို့ မင်း ရှုံးခဲ့ရင်တော့ မင်း ရသင့်တဲ့ လှေထိုးခကို ငါက မပေးတော့ဘူး။ ဘယ့်နှယ်လဲ" ဟု ပြောသည်။

ကျေးတောသားက ကြည့်ကာ "ဘာအလောင်းအစားလဲ ခင်ဗျာ၊ ကျွန်တော့် ဓားကို မှတ်ထားတဲ့ နေရာမှာ တွေ့အောင်ရှာနိုင်ခဲ့ရင် ခင်ဗျား ကတိအတိုင်း တကယ် ပေးမယ် ဟုတ်စ၊ ဒါဖြင့် လူအများရှေ့မှာ သက်သေထားပြီး ပြုရအောင်လား" ဟု ပြောလိုက်သည်။

လှေသူကြီးက "ကောင်းတယ်ဟေ့၊ လှေထိုးသားတွေ လာကြ။ ဒီမှာ သူနဲ့ ငါအလောင်းအစားပြုတာ မင်းတို့ အသိပဲ" ဟု ဆိုကာ အများရှေ့တွင် အတည်ပြုကြသည်။

www.burmeseclassic.com



ကျေးတောသားလည်း "ကောင်းပါပြီ ခင်ဗျာ။ အလောင်းအစားကို အများရှေ့မှာ အတည်ပြုပါတယ်" ဟု ပြောလိုက်သည်။ အနီးရှိ လှေထိုးသားများကလည်း ဝိုင်းဝန်းရယ်မောကြသည်။

နောက်တစ်နေ့သို့ ရောက်၍ ဖော်မြပါဆိပ်ကမ်း၌ လှေဆိုက်ကပ်လျှင် လှေသူကြီးက "ကဲ ငါ့လူရေ၊ ရေငုပ်ပြီးတော့ ဓားကို ရှာပေတော့" ဟု ပြောလိုက်သည်။ ကျေးတောသားသည် လှေပေါ်၌ သူ မှတ်သားထားသော အမှတ်အသားကို သေချာစွာ ကြည့်လျက် ရေထဲသို့ ခုန်ချလိုက်လေတော့သည်။ ရေအောက်သို့ ရောက်သော် သူ၏ ပုဆိုးအောက်တွင် အသင့်ဝှက်၍ ယူဆောင်လာသော အခြား ဓားကောက် တစ်ချောင်းကို ထုတ်ယူလိုက်သည်။ ထို့နောက် ရေပြင်ပေါ်သို့ ပြန်လည် ကူးခတ်လာခဲ့သည်။ လှေပေါ်သို့ ရောက်သော် လှေသူကြီးနှင့် လှေထိုးသားများအား ထိုဓားကောက်ကို ပြသသည်။ လှေထိုးသားများလည်း သူ့အား "ကျွန်တော်တို့ နောက်ပြောင်မိတဲ့အတွက် အထူး တောင်းပန်ပါတယ် ခင်ဗျာ။ ခင်ဗျားရဲ့ ဓားဟာ တကယ် ထူးဆန်းတဲ့ ဓားအစစ်ပါပဲ"ဟု ဝိုင်းဝန်းပြောဆိုကြသည်။

လှေသူကြီးကမူ မယုံနိုင်ဘဲ "ဒါ သက်သက်လိမ်တာ။ ဒါ သက်သက်လိမ်တာ။ ဓားကို ပြန်တွေ့တာ လုံးဝ မဟုတ်နိုင်ဘူး" ဟု ဒေါသတကြီး ရေရွတ်နေလေတော့သည်။

ကျေးတောသားက "ကျွန်တော် ဘာမှ မသိပါဘူး ခင်ဗျာ။ ဒါပေမဲ့ ခင်ဗျားနဲ့ အလောင်းအစား မလုပ်ခင်တုန်းက ဒီဓားဟာ ထူးဆန်းတဲ့ ဓားဖြစ်လို့ ကျွန်တော် ပြန်တွေ့မှာပါလို့ ပြောခဲ့တယ် မဟုတ်လား" ဟု ပြောလိုက်သည်။

လှေသူကြီးလည်း အလွန်ဒေါသဖြစ်သည်။ သို့သော် နောက်ဆုံးတွင် အရှုံးပေးလိုက်ရကာ သူ ပိုင်ဆိုင်သော လှေအားလုံးကို ကျေးတောသားအား ပေးလိုက်ရလေတော့သည်။ အကြံပိုင်လှသော ကျေးတောသားကာ လှေများပိုင်ဆိုင်ကာ ချမ်းသာကြွယ်ဝ သွားလေတော့သည်။

(မြန်မာပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



# ဉာဏ်ကြီးရှင်

တစ်ရံရောအခါက တိုင်းပြည် တစ်ပြည်တွင် ဘုရင်တစ်ပါးရှိသည်။ ထိုဘုရင်သည် မြင်းစီး ဝါသနာပါသည်။ ထို့ကြောင့် အားလပ်ချိန်များတွင် အနီးအနားရှိ နေရာဒေသများသို့ မြင်းစီး ထွက်လေ့ရှိသည်။

တစ်နေ့သော် ဘုရင်သည် ခါတိုင်းကဲ့သို့ပင် မြင်းစီးထွက်လာရာ တစ်နေရာသို့ အရောက်တွင် လယ်တဲကလေး တစ်ခုကို တွေ့ရသည်။ ထိုလယ်တဲကလေး၏ ဝင်းတံခါးဝ၌ "သောက မရှိ" ဟူသော ဆိုင်းဘုတ်ငယ်တစ်ခု ရေးသားချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ဘုရင်လည်း အလွန် စိတ်ဝင်စားသွားသည်။ "သူက ထူးဆန်းလိုက်တာ။ ငါဟာ တိုင်းပြည်ကို အုပ်ချုပ်တဲ့ ဘုရင်ဖြစ်ပေမဲ့ ငါ့မှာ ပူပင်သောကတွေ အများကြီးပဲ။ လောကမှာ ပူပင်သောက မရှိဘဲ နေနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား" ဟု စဉ်းစားနေသည်။ ထို့နောက် သူသည် သိလိုစိတ် ပြင်းထန်လာရကား လယ်တဲအတွင်းသို့ ဝင်ရောက်သွားတော့သည်။

လယ်တဲ အတွင်းသို့ ရောက်သော် လယ်သူမကြီး တစ်ဦးကို တွေ့ရသည်။ လယ်သူမကြီးသည် ဘုရင်မှန်း မသိပေ။ သူ့စိတ်တွင်း၌ ခရီးသွား တစ်ဦးဟုသာ ထင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်က "သင့်မှာ သောက မရှိဘူးလား" ဟူ၍ မေးသည်။

လယ်သူမကြီးက "သောက ရှိပါတယ်။ ကျွန်မမှာ သားတွေရှိတယ်၊ သူတို့ကို ကျွေးမွေး ပြုစု၊ အဝတ်အစား ဆင်ပေးဖို့ အမြဲ ကြောင့်ကြ နေရပါတယ်။ သောကရှိပါတယ်" ဟု ပြန်ဖြေသည်။

ဘုရင်က "ဒီလိုဆိုရင် ခြံဝမှာ ရေးထားတဲ့ သောက မရှိ" ဆိုတဲ့ ဆိုင်းဘုတ်ဟာ အလကားပဲပေါ့။ ဘယ် အဓိပ္ပာယ်ရှိတော့မလဲ" ဟု ပြန်ပြောလိုက်သည်။

လယ်သူမကြီးက "ဒီစာကို ကျွန်မ ရေးတာ မဟုတ်ပါဘူး။ ကျွန်မတို့ နေတဲ့ အခု တဲအိမ်ကို ပိုင်တဲ့ သူက ရေးထားတာပါ" ဟု ဖြေသည်။

ဘုရင်က "တဲအိမ်ပိုင်ရှင်ဟာ ဘယ်သူလဲ" ဟု မေးသည်။

လယ်သူမကြီးက "ဘုရင့် ကိုယ်ရံတော် ကိုသောနပါ" ဟု ဖြေသည်။ ဘုရင်လည်း လယ်သူမကြီးထံမှ ထွက်ခွာကာ နန်းတော်သို့ ပြန်သွားသည်။

နောက်တစ်နေ့ နံနက်တွင် ဘုရင်သည် ကိုသောနကို ရှေ့တော်သို့ သွင်းစေသည်။ "မောင်မင်းမှာ သောက မရှိဘူးလို့ ကြားသိရတယ်။ အမှန်ပဲလား" ဟု မေးသည်။

ကိုသောနက "မှန်ပါတယ် အရှင်၊ ကျွန်တော်မျိုးဟာ အရှင့်ဆီက တစ်ပတ်တစ်ခါ အခကြေးငွေ ရပါတယ်။ ဒီငွေထဲက အတန်အသင့်ပဲ သုံးပြီး ပိုတာကို စုဆောင်းထားနိုင်ခဲ့ ပါတယ်။ ဒါကြောင့် ကျွန်တော်မျိုးမှာ ဘာသောကမှ မရှိပါဘူး အရှင်" ဟု ပြန်ပြောသည်။

ဤတွင် ဘုရင်က "ကောင်းပြီ။ ဒါဆို သင့်ကို ငါ တစ်ခုပြောမယ်။ ငါ့မှာ ပူပင်သောက ဖြစ်စရာတွေ အများကြီး ရှိတယ်။ ဒါပေမဲ့ သောက မရှိတဲ့ မင်းက ငါ့ကို ဘာမှ မကူညီဘူး။ ဒါကြောင့် ခုအချိန်ကစပြီး မင်းကို အလုပ် ထုတ်ပစ်လိုက်ပြီ။ မင်း ငါ့ဆီမှာ ခစားစရာ မလိုတော့ ဘူး" ဟု ရုတ်တရက် ပြောလိုက်သည်။

ကိုသောနလည်း အလွန်ထိတ်လန့်သွားသည်။ ချက်ချင်းပင် သောကများ ဝင်လာသည်။ သူက ဘုရင်အား အမိန့်ကို ပြန်လည် စဉ်းစားပါရန် တောင်းပန်ရှာသည်။ ဘုရင်သည် အတန် ကြာအောင် စဉ်းစားပြီးလျှင် "ကောင်းပြီ။ မင်းကို သက်ညှာတဲ့အနေနဲ့ အမိန့်တစ်ခု ချမှတ် မယ်။ ငါ မင်းကို မေးခွန်း ၃ ခု မေးမယ်။ ဒီမေးခွန်းကို သုံးရက်အတွင်းမှာ မင်း ဖြေနိုင်ရင် အပြစ်ဒဏ်က ချမ်းသာပေးမယ်။ အလုပ် မထုတ်ဘူး။ မဖြေနိုင်ရင်တော့ အမိန့်အတိုင်း လိုက်နာ ရလိမ့်မယ်။ အလုပ်က ထွက်ရမယ်။ အဲဒီ မေးခွန်းတွေကတော့ (၁) ပင်လယ်ရေတွေ အားလုံး ကုန်အောင် ခပ်ဖို့ ရေခွက် ဘယ်နှခွက် လိုသလဲ။ (၂) ကမ္ဘာကြီးကို တစ်ပတ်ပတ် နိုင်ဖို့

www.burmeseclassic.com



ဘယ်နှရက် ကြာမလဲ။ (၃) ငါဘာတွေ စဉ်းစားနေသလဲဆိုတာကို ပြောပြရမယ်။ အဲဒီ မေးခွန်း ၃ ခုပဲ။ မင်း ဖြေနိုင်အောင် ကြိုးစားပေတော့။ ကဲ မင်း ပြန်ပေတော့" ဟု ပြောလိုက်သည်။

ကိုသောနလည်း စိတ်မချမ်းမသာဖြစ်ကာ အိမ်သို့ ပြန်လာသည်။ သူသည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းငိုက်စိုက်ချကာ ပြန်လာစဉ် လမ်း၌ မိတ်ဆွေတစ်ဦးနှင့် တွေ့သည်။ ထိုမိတ်ဆွေမှာ ဉာဏ်ပညာကြီးသူ ဖြစ်သည်။ သူနှင့်လည်း ရုပ်ချင်း အလွန်တူသည်။

ထိုမိတ်ဆွေက သူ့အား "ဘယ်လို ဖြစ်နေတာလဲ ကိုသောနရယ်။ ခင်ဗျားကို ကြည့်ရတာ တစ်ခုခု ဖြစ်လာတဲ့ ပုံပဲ" ဟု မေးသည်။

ကိုသောနလည်း အကျိုးအကြောင်းကို ပြန်လည် ပြောပြသည်။ ပြီးလျှင် သူက "ဒီအတွက် ကျွန်တော် သိပ် စိတ်ညစ်နေပါတယ်" ဟု ဆိုသည်။

ထို မိတ်ဆွေက "စိတ်ညစ်စရာ မလိုပါဘူးဗျာ။ ကျုပ် ကူညီနိုင်ပါတယ်။ ကဲ... ခင်ဗျားနဲ့ ကျုပ် အဝတ်အစားချင်းလဲ ဝတ်ရအောင်။ ဘာမှ စိတ်မပူပါနဲ့" ဟု ပြောသည်။

သူတို့ မိတ်ဆွေနှစ်ဦးသည် အဝတ်အစားချင်း လဲလှယ် ဝတ်ဆင်ကြသည်။ ထို့နောက် သုံးရက်မြောက်သော နေ့တွင် ကိုသောန၏ မိတ်ဆွေသည် ကိုသောနကိုယ်စား ဘုရင့်ထံ အခစား ဝင်ရောက်သည်။

ဘုရင်လည်း ထိုသူအား ကိုသောန အမှတ်ဖြင့် သူ၏ မေးခွန်းများကို မေးတော့သည်။ ဘုရင်က "ကဲ... အဖြေတွေရခဲ့ပြီလား။ ပင်လယ်ရေတွေ အားလုံးကုန်အောင် ခပ်နိုင်ဖို့ ရေခွက် ဘယ်နှခွက် လိုသလဲ" ဟု မေးလိုက်သည်။

ထိုအခါ ကိုသောန၏ မိတ်ဆွေက "ပင်လယ်ပြင်လောက် ကြီးတဲ့ ရေခွက်ကြီး လုပ်နိုင်ရင် တစ်ခွက်ပဲ လိုပါတယ်" ဟု ပြန်ဖြေသည်။

ဘုရင်က "တော်ပါပေတယ်။ ကဲ ဒုတိယ မေးခွန်းကို ဖြေပါဦး။ ကမ္ဘာကို တစ်ပတ်ပတ်နိုင်ဖို့ ဘယ်နှရက် ကြာမလဲ" ဟု ထပ်မံမေးလိုက်သည်။

ထိုသူက "နေပေါ်ကို ထိုင်လိုက်သွားနိုင်မယ်ဆိုရင် နှစ်ဆယ့်လေးနာရီ ကြာပါမယ်" ဟု ပြန်ဖြေသည်။

ဘုရင်က "သိပ်ကို အမြော်အမြင် ရှိပါပေတယ်။ ကဲ နောက်ဆုံး မေးခွန်းတစ်ခုပဲ ကျန်ပါတော့တယ်။ ငါ အခု ဘာတွေ စဉ်းစားနေတယ်ဆိုတာ သိရဲ့လား" ဟု မေးလိုက်သည်။

ထိုသူက "မှန်လှပါ။ အရှင့်စိတ်ထဲမှာ ကျွန်တော်မျိုးကို ကိုသောနလို့ ထင်နေပါတယ်။ တကယ်တော့ ကျွန်တော်မျိုးဟာ ကိုသောန မဟုတ်ပါဘူး။ ကျွန်တော်မျိုးဟာ ကိုသောနရဲ့ မိတ်ဆွေပါ" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်လည်း မိမိထက် ဉာဏ်သာသော ကိုသောန၏ မိတ်ဆွေအား သဘောကျလှသဖြင့် ရယ်မောလေသည်။ ထို့နောက် ကိုသောနအား အလုပ် ထုတ်မပစ်ဘဲ သူ့ထံ၌ ပြန်လည် ခစားခွင့် ပြုလိုက်လေတော့သည်။

(ဟော်လန်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ရုက္ခစိုးနှင့် အဘွားအို

တစ်ခါက ရွာတစ်ရွာတွင် အဘွားအိုတစ်ဦး ရှိသည်။ အဘွားအိုသည် သူ၏ သား၊ ချွေးမတို့နှင့် အတူနေထိုင်သည်။ ချွေးမဖြစ်သူသည် အဘွားအိုအား မကြည်ဖြူပေ။ "အဘွားအို အစား ကြီးသဖြင့် ဆန် အလွန်ကုန်သည်။ ထို့ကြောင့် အဘွားအိုအား အိမ်တွင် ကြာရှည် ဆက်မထားနိုင်တော့" ဟု ဆိုကာ ခင်ပွန်းသည်အား အမြဲကုန်းချောစကား ဆိုသည်။ ရန် လုပ်သည်။

နောက်ဆုံးတွင် ချွေးမ၏ စကား အောင်လေသည်။ မိုက်မဲသော သားသည် ဇနီးသည်၏ စကားအတိုင်း လိုက်နာကာ အဘွားအိုအား တောထဲတွင် ကျားစာအဖြစ် သွားရောက် စွန့်ပစ် ထားရန် ဆုံးဖြတ်လိုက်လေတော့သည်။

နောက်တစ်နေ့သို့ ရောက်သော် သားဖြစ်သူသည် အဘွားအိုအား တောထဲသို့ ခေါ်သွား သည်။ ကြီးမားသော မန်ကျည်းပင်ကြီး တစ်ပင်၏ ခြေရင်းတွင် ကြိုးဖြင့် တုပ်ကာ ထားပစ် ခဲ့လေသည်။

ညအချိန်သို့ ရောက်သော် တောထဲရှိ ကျားများသည် လူနံ့ရသဖြင့် သစ်ပင် အနီးသို့ ချဉ်းကပ်လာကြသည်။ ထိုစဉ် သစ်ပင်စောင့် ရုက္ခစိုးနတ်သည် ရုတ်တရက် ပေါ်လာပြီး "အသင်

www.burmeseclassic.com

www.burmeseclassic.com



ကျားတို့၊ ခဏ နေကြပါဦး။ ဒီအဘွားအိုဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတာ ကျွန်ုပ် အလျှင် စမ်းသပ်ပါရစေဦး။ တကယ်လို့ အဘွားအိုဟာ သူတော်ကောင်းတစ်ဦး ဖြစ်ခဲ့ရင် သူ့ကို သင်တို့ စားခွင့် မပေးနိုင်ဘူး။ အဘွားအိုဟာ သူတော်ကောင်းတစ်ဦး မဟုတ်ခဲ့ဘူးဆိုရင်တော့ သင်တို့ကို စားခွင့်ပေးမယ်" ဟု ပြောသည်။

ကျားများသည် ရက္ခစိုး၏ စကားကို နာခံကြသည်။ ရက္ခစိုးသည် ကြက်တောင် တစ်ချောင်းကို ယူ၍ အဘွားအို၏ နှာခေါင်းကို ကလိလိုက်သည်။ အဘွားအိုသည် နှာခေါင်း ယားလာသဖြင့် နှာချေကာ "ဟတ်ချိုး၊ ဟတ်ချိုး၊ ဘုရား၊ ဘုရား" ဟု နှုတ်မှ ရေရွက်လိုက်သည်။

ထိုအသံကို ကြားသည်နှင့် ရက္ခစိုးသည် ကျားများအား "ကဲ–သင်တို့ကြားပြီ မဟုတ်လား။ ဒီအဘွားအိုဟာ သူတော်ကောင်း တစ်ယောက်ပဲ။ ဒါကြောင့် သင်တို့အား သူ့ကို စားခွင့် မပြုနိုင်ဘူး။ သင်တို့ ပြန်ကြတော့" ဟု ပြောလိုက်သည်။ ကျားများလည်း အဝေးသို့ ပြန်လည် ထွက်ခွာသွားကြသည်။

အဘွားအိုသည် ရက္ခစိုးနှင့် ကျားများ အပြန်အလှန် ပြောကြ ဆိုကြသည်များကို ကြားလည်း မကြားရ၊ မြင်လည်း မမြင်ရပေ။ ကျားများ ရောက်လာ၍ ပြန်ထွက်သွားသည် ကိုသာ မြင်ရသည်။

အတန်ကြာသော် အဘွားအို အိပ်ပျော်သွားသည်။ အိပ်ရာမှ နိုးလာသောအခါ နံနက် အရုဏ်တက်နေပြီ ဖြစ်ကြောင်း တွေ့ရသည်။ သူ့ကိုယ်ပေါ်တွင် ချည်ထားသော ကြိုးများမှာ လည်း ပြေနေပြီ။ သူ့ ခေါင်းရင်းတွင်လည်း ရွှေအိုး တစ်လုံး ချထားသည်ကို တွေ့ရသည်။ အဘွားအိုသည် ရွှေအိုးကို မကာ ရွာသို့ ဝမ်းသာအားရ ပြန်လာခဲ့လေသည်။ သို့သော် အဘွားအိုသည် ရက်စက်သော သားနှင့် ချွေးမတို့ ထံသို့ မပြန်တော့ပေ။ ပါလာသော ရွှေများကို ထုခွဲ၍ အိမ်ကြီးအိမ်ကောင်း တစ်လုံးဝယ်ကာ စည်းစိမ် အပြည့်ဖြင့် နေထိုင်လေသည်။

ချွေးမသည် အဘွားအို အသက် မသေဘဲ ပြန်ရောက်နေရုံမက ကြွယ်ဝ ချမ်းသာ နေကြောင်းကို ကြားသိရသောအခါ အလွန်ပင် မနာလို ဖြစ်မိသည်။ ထို့ကြောင့် သူ၏ ခင်ပွန်းအား အဘွားအို ရွှေအိုး ရလာသည့် အကြောင်းရင်းကို သွားရောက် မေးမြန်းရန် စေလွှတ်လိုက်သည်။ ခင်ပွန်းသည်သည် အဘွားအိုထံ သွားရောက်ကာ ရွှေအိုး ရခဲ့သည့် အကြောင်းစုံကို မေးမြန်းသည်။ အဘွားအိုသည် သူ့သားက သူ့အား သေကြောင်းကြံခဲ့သည်မှာ မှန်သော်လည်း သားအပေါ် ချစ်ခင်သည့် မိခင့်မေတ္တာကြောင့် သားအား ရွှေအိုး ရခဲ့ပုံကို ပြန်ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ နေ့လယ်ပိုင်းသို့ ရောက်သော် ချေးမသည် သူ့အား တောတွင်းသို့ ခေါ်သွားကာ မန်ကျည်းပင်တွင် ကြိုးချည်ထားခဲ့ရန် ခင်ပွန်းသည်အား ပူဆာသည်။ ခင်ပွန်းသည်လည်း သူ့စကားအတိုင်း လိုက်နာခဲ့သည်။ ချေးမဖြစ်သူလည်း စိတ်ရှည်၊ လက်ရှည်ဖြင့် စောင့်ဆိုင်းနေသည်။ ညအချိန်သို့ ရောက်သော် ကျားများ ရောက်ရှိလာသည်။ သို့သော် ချေးမဖြစ်သူသည် ကျားများကို လုံးဝ မကြောက်သည့်အပြင် မကြာမီ ရွှေအိုးရတော့မည်ကို တွေးကာ ဝမ်းမြောက်ဝမ်းသာပင် ဖြစ်နေမိသည်။

ထိုစဉ် ရက္ခစိုးနတ် ရောက်လာသည်။ သူက ကျားများအား "အသင်ကျားတို့ ခဏနေကြပါဦး။ ဒီအမျိုးသမီးဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတာကို ကျွန်ုပ် စမ်းသပ်ပါရစေဦး" ဟု ပြောသည်။ ထို့နောက် ချေးမဖြစ် သူ၏နှာဝကို ကြက်တောင်ဖြင့် ကျပ်လိုက်သည်။ ထိုအခါ ချေးမသည် လောဘကြီးသူဖြစ်သည့် အတွက် "ဟတ်ချိုး၊ ဟတ်ချိုး၊ ဘယ်မလဲ ငါ့ရွှေအိုး၊ ဘယ်မလဲ ငါ့ရွှေအိုး" ဟု ချေလိုက်သည်။

ရက္ခစိုးသည် စိတ်ဆိုးသွားသည်။ သူက ကျားများအား "ဒီအမျိုးသမီးဟာ သူတော်ကောင်း မဟုတ်ဘူး။ အလွန် လောဘကြီးတဲ့ သူယုတ်မာ ဖြစ်တယ်။ ဒါကြောင့် သူ့ကို သင်တို့ စားကြပေတော့" ဟု ပြောကာ ပျောက်ကွယ် သွားလေတော့သည်။

ချေးမဖြစ်သူကား လူကြီးသူမကို စော်ကားမှု၊ လောဘကြီးမှုတို့ကြောင့် ရွှေအိုး မရဘဲ အသက်ဆုံးရလေတော့သည်။

(မြန်မာပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ထားမြင့်မြတ်သူများ

တစ်ရံရောအခါ ငှက်ဖမ်းသမား တစ်ယောက် ရှိသည်။ သူသည် နေ့စဉ်ပင် ပိုက်ကွန်၊ လှောင်အိမ်နှင့် ပြောင်းဆန်များကို ယူဆောင်ကာ တောသို့ သွားသည်။ တောသို့ ရောက်သော် ပြောင်းဆန်များကို ချထားကာ ချိုးငှက်များကို ထောင်ဖမ်းသည်။ ချိုးငှက်များ ရောက်လာ၍ ပြောင်းဆန်များကို ကောက်စားနေချိန်တွင် သူသည် ငှက်များကို နောက်ဘက်မှနေ၍ ပိုက်ကွန်ဖြင့် အုပ်ကာ ဖမ်းလိုက်တော့သည်။ ထိုနောက် ဖမ်းဆီးရရှိသော ငှက်များကို လှောင်အိမ်အတွင်း၌ ထည့်ကာ ယူဆောင်သွားသည်။ အိမ်သို့ ရောက်သော် ငှက်များကို သတ်ဖြတ်ကာ ရောင်းချသည်။ ဤသို့ ပြုလုပ်လာခဲ့သည်မှ နှစ် လ အတော်ကြာလာခဲ့ပြီ။

တစ်နေ့တွင် အလွန် ပြင်းထန်သော မုန်တိုင်းကြီး တစ်ခု ကျရောက်လာသည်။ ကောင်းကင်တွင် မိုးသားတိမ်လိပ်များ မည်းမှောင်လာသည်။ မိုးများ အဆက်မပြတ် ရွာသွန်းသည်။ သစ်ပင်များ မြေပေါ်သို့ လဲကျသည်။ လေပြင်း တိုက်ခတ်ပြီး စမ်းချောင်းများဆီမှ ရေများလည်း တရိပ်ရိပ် တက်လာသည်။ ငှက်ဖမ်းသမားသည် ကြောက်ရွံ့မှုကြောင့် ဘာလုပ်ရမှန်း မသိ ဖြစ်နေသည်။ သူသည် ပုန်းခိုစရာ နေရာရရန်အတွက် သစ်ပင်များအကြားတွင် ဟိုသည်ပြေးလွှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြေးလွှားနေစဉ် သူသည် သနားစရာကောင်းသော ခိုမကလေး တစ်ကောင်ကို သွားတွေ့သည်။ ခိုမလေးသည် မြေပေါ်တွင် လဲကျနေသည်။ ကြောက်ရွံ့ထိတ်လန့်ကာ သေလုမြောပါး ဖြစ်နေသည် ငှက်ဖမ်းသမားသည် ကြင်နာတတ်သူ မဟုတ်ရကား ခိုမကလေးကို လုံးဝ မသနားပေ။ ခိုမကလေးကို ကောက်ယူကာ အသင့်ပါလာသော လှောင်အိမ်အတွင်းသို့ ထည့်ထားလိုက်သည်။

ထို့နောက် သူသည် တောထဲတွင် တဝဲလည်လည် ဖြစ်နေရာမှ ခိုလှုံစရာ သစ်ပင်ကြီး တစ်ပင်ကို သွားတွေ့သည်။ ထိုသစ်ပင်သည် သူ့အတွက် အကာအကွယ် ဖြစ်သည်။ သစ်ကိုင်း သစ်ခက်များသည် သူ့ကို မုန်တိုင်းဒဏ်မှ ကာကွယ်သလို ဖြစ်နေကြသည်။

မကြာမီ မုန်တိုင်းစဲသွားသည်။ သို့သော် ငှက်ဖမ်းသမားသည် အိမ်သို့ မပြန်နိုင်။ တောထဲတွင် မျက်စိလည်နေသည်။ အချိန်လည်း ကုန်လာပြီ။ တဖြည်းဖြည်း မိုးချုပ်စ ပြုလာသည်။ သူ့အနေဖြင့် တောထဲတွင်သာ အချိန်ကုန်ရတော့မလို ဖြစ်နေသည်။ ထို့ကြောင့် သူသည် တောထဲတွင်သာ ညအိပ်ရန် ပြင်ဆင်သည်။ သူသည် ဆာလောင်လှသော်လည်း အစာ မစားရ။ စိတ်အားညှိုးငယ်စွာဖြင့် အိပ်ရာဝင်သည်။

တိုက်တိုက်ဆိုင်ဆိုင် သူ နားခိုနေသော သစ်ပင်ကြီးသည် သူ ဖမ်းဆီးထားသော ခိုမကလေး၏ နေရာ သစ်ပင်ဖြစ်သည်။ ထိုသစ်ပင်၏ သစ်ကိုင်းတစ်ကိုင်းရှိ အသိုက်ထဲတွင် ခိုထီးကလေးသည် ခိုမကလေး ပြန်အလာကို စောင့်မျှော်နေရှာသည်။ အချိန် ကုန်လွန်သည် အထိ ခိုမကလေး ပြန်ရောက်မလာသောအခါ ခိုထီးကလေးသည် စိတ်ပူကာ တကြော်ကြော် အော်မြည်နေရှာသည်။

အားအင် ကုန်ခန်း၍ နွမ်းနယ်နေသော ငှက်ဖမ်းသမားသည် ခိုထီးကလေး၏ တကြော်ကြော် အော်သံကို ကြားသွားလေသည်။ ထို့အတူပင် ငှက်ဖမ်းသမား၏ လှောင်အိမ်တွင် ရောက်နေသော ခိုမကလေးသည်လည်း ထိုအသံကို ကြားလေသည်။

ထိုအခါ ခိုထီးကလေးအား ခိုမကလေးက "အမောင် စိတ်မပူပါနဲ့။ ကျွန်မ ဒီမှာ ရှိပါတယ်။ ဒါပေမဲ့ အမောင့် ဆီကိုတော့ ကျွန်မ မလာနိုင်တော့ပါဘူး။ ဒါပေမဲ့ သစ်ပင် အောက်မှာ သနားစရာ ကောင်းတဲ့ လူတစ်ယောက် ရောက်နေပါတယ်။ သူဟာ အစာ မစားရဘဲ အအေးမိပြီး သေလုမြောပါး ဖြစ်နေပါတယ်။ သူဟာ အိမ်ကို မပြန်နိုင်ဘူး။ သူ့ တစ်ကိုယ်လုံးလည်း မိုးရေတွေ စိုရွှဲနေပါတယ်။ သူ့ကို ကြင်နာသနားသောအားဖြင့် တစ်ခုခု အကူအညီ ပေးစမ်းပါ" ဟု လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခိုထီးကလေးသည် ခိုမကလေး၏ အသံကို ကြားရလျှင် သစ်ပင်အောက်သို့ လျင်မြန်စွာ ပျံဆင်းပြီး ငှက်ဖမ်းသမားထံ သွားသည်။ ငှက်ဖမ်းသမား၏ အနီးသို့ ရောက်သော် "အို အဆွေ ငှက်ဖမ်းသမား။ သင့်ကို ကြည့်ရတာ ပင်ပန်းနွမ်းနယ်ပြီး ဒုက္ခ ရောက်နေပုံရတယ်။ သင့်ကို ကျွန်ုပ် ဘာအကူအညီ ပေးရမလဲ" ဟု မေးလိုက်သည်။

ထိုအခါ ငှက်ဖမ်းသမားက "မိမိသည် အအေးဒဏ်ကြောင့် တစ်ကိုယ်လုံး အေးစက်ကာ ခြေလက်များ တောင့်တင်းနေသဖြင့် မီးလှုံလိုကြောင်း" ပြန်ပြောသည်။

ငှက်ဖမ်းသမား၏ စကားကို ကြားလျှင် ခိုထီးကလေးသည် မီးဖိုရန် ချက်ချင်း စတင် ပြင်ဆင်သည်။ သူသည် သစ်ကိုင်းခြောက်နှင့် သစ်ရွက်ခြောက်များကို သစ်ခေါင်းတွင်း၌ လိုက်လံ ရှာဖွေသည်။ ထို့နောက် ယင်းတို့ကို ချီလာသည်။ ပြီးလျှင် ကျောက်တုံး နှစ်တုံးကို သူ၏ နှုတ်သီးဖြင့် ပွတ်တိုက်ကာ မီး တောက်လာအောင် ပြုလုပ်သည်။ ထိုမီးတောက်များသည် သူ စုဆောင်းထားသော သစ်ကိုင်း၊ သစ်ရွက်များကို လောင်ကျွမ်းကာ မကြာမီပင် မီးဖိုတစ်ခု ဖြစ်လာသည်။

ငှက်ဖမ်းသမားသည် ဝမ်းသာအားရဖြင့် မီးလှုံသည်။ ထို့နောက် သူက ခိုထီးကလေး အား "ကျွန်ုပ် အလွန် ဆာလောင်နေပါတယ်။ အစာ နည်းနည်းလောက် ပေးပါလား" ဟု ပြောသည်။

ထိုအခါ ခိုထီးကလေးက သူ၏ ဦးခေါင်းကို ခါယမ်းသည်။ "ကျွန်ုပ် အလွန် ဝမ်းနည်း ပါတယ်။ ကျွန်ုပ်တို့ ခိုတွေဟာ အစာကို အသိုက်ထဲမှာ သိုလှောင်ထားလေ့ မရှိပါဘူး။ နေ့စဉ်ပဲ အစာကို ထွက်ပြီး ရှာရပါတယ်။ ဒါကြောင့် သင့်ကို ဘာမှ မကျွေးနိုင် ဖြစ်ရပါတယ်" ဟု ပြန်ပြောသည်။

သို့သော် သူသည် ဤသို့ ပြောရင်းမှ ရုတ်တရက် အကြံရသွားသည်။ သူသည် သူ၏ အဖော် ခိုမကလေး မရှိဘဲ တစ်ကောင်တည်း အထီးကျန် ဖြစ်နေရသည်ကို စဉ်းစားမိသည်။ ထို့ပြင် ငှက်ဖမ်းသမားသည် ခိုငှက်များကို ဖမ်းယူ သတ်ဖြတ် စားသောက်သူ ဖြစ်ကြောင်းကို လည်း သွား၍ သတိရသည်။

ထို့ကြောင့် သူက "သင့်ကို ကျွေးစရာ ကျွန်ုပ်မှာ အခြား ဘာမှ မရှိပါဘူး။ ဒါပေမဲ့ ကျွန်ုပ် အသားကို စားမယ်ဆိုရင်တော့ စားပါ။ ကျွန်ုပ် မီးပုံထဲကို ခုန်ဆင်းပေးပါ့မယ်" ဟု ပြောသည်။ သူသည် ပြောပြောဆိုဆို မီးပုံတွင်းသို့ ခုန်ဆင်းရန် ဟန်ပြင်လိုက်သည်။ သို့သော် မခုန်ဆင်းဖြစ်ပေ။ သူ့ကို ငှက်ဖမ်းသမားက ဖမ်းဆွဲကာ အချိန်မီ တားဆီးလိုက်သောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ဖမ်းသမားက "မီးပုံထဲကို ခုန်မဆင်းပါနဲ့ အဆွေရယ်။ သင်ဟာ ကျွန်ုပ်ကို သင်ခန်းစာကောင်းကောင်း ပေးလိုက်ပါပြီ။ သင်ဟာ ကျွန်ုပ်ထက် ပိုပြီး စိတ်ထားမြင့်မြတ်သူ ဖြစ်တယ်ဆိုတာကိုလည်း သဘောပေါက်သွားပါပြီ" ဟု ပြောလိုက်သည်။

ထို့နောက် သူသည် သူ ဖမ်းထားသော ခိုမကလေးကိုလည်း လှောင်အိမ် အတွင်းမှ လွှတ်ပေးလိုက်သည်။ ခိုမောင်နှံတို့လည်း ပျော်ရွှင်စွာ ပျံသန်းသွားကြသည်။

ငှက်ဖမ်းသမားသည် နောင်တကြီးစွာ ရသွားသည်။ နောက်တစ်နေ့တွင် သူသည် အိမ်သို့ ချောမောစွာ ပြန်ရောက်သွားသည်။ ထိုနေ့မှစကာ ငှက်များကို ဖမ်းဆီး သတ်ဖြတ်သည့် လုပ်ငန်းကို စွန့်လွှတ်လိုက်သည်။ အခြား အပြစ်မဲ့သော အလုပ်ကိုသာ လုပ်ကိုင်လေတော့သည်။

(အိန္ဒိယပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ရွှေဥကြီးသုံးလုံး

တစ်ခါက တောရွာတစ်ရွာတွင် ဆင်းရဲနွမ်းပါးသော သစ်ခုတ်သမား တစ်ယောက် ရှိသည်။ သူသည် ထင်းခုတ်ခြင်း၊ ထင်းရောင်းခြင်းဖြင့် ပင်ပန်းကြီးစွာ အသက်မွေးရသည်။ သူ ရရှိသော ဝင်ငွေမှာ အလွန်နည်းလှသည်။ သူ့ဇနီးနှင့် သားကလေးတို့မှာ အလွန် ဆင်းရဲစွာ စားသောက် နေထိုင်ရရှာသည်။ သစ်ခုတ်သမားသည် သဒ္ဓါတရား ကောင်းသူ ဖြစ်သည်။ သူသည် နံနက် အလုပ်ဆင်းသောအခါ ဇနီးချက်ပေးလိုက်သော ထမင်းများထဲမှ အနည်းငယ်ကို ဦးဦးဖျားဖျား ဖယ်ထားသည်။ ထို့နောက် တောထဲရှိ သစ်ပင်ခြေရင်း၌ရှိသော ရုက္ခစိုးရုပ်တုကို အမြဲ လှူဒါန်း ဆက်ကပ်သည်။

ရုက္ခစိုးနတ်က သူ့အား ဂရုတစိုက် ပူဇော်ပသသော သစ်ခုတ်သမားကို အထူး ဆုတောင်း မေတ္တာပို့သည်။ ထိုသူအား ဆင်းရဲတွင်းမှ လွတ်ကင်းအောင် မစရန်လည်း ကြံသည်။

တစ်နေ့သော် သစ်ခုတ်သမားသည် ခါတိုင်းကဲ့သို့ပင် ပူဇော်ပသရန် သစ်ပင် ခြေရင်းသို့ ရောက်လာသည်။ ဤတွင် သစ်ပင် ခြေရင်း၌ ထူးဆန်းသော ရွှေဥကြီး ၃ လုံးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ထိုရွှေဥကြီးများကား ရုက္ခစိုးနတ်မင်းက သစ်ခုတ်သမားကို မစပေးကမ်းသော ရွှေဥကြီးများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ခုတ်သမားသည် ဝမ်းသာအားရဖြင့် ထိုရွှေဥများကို သယ်ဆောင်ကာ အိမ်သို့ ပြန်လာခဲ့သည်။ ထိုစဉ် ဇရာမ စွန်ကြီး တစ်ကောင်သည် ကောင်းကင်ယံတွင် ပျံဝဲနေသည်။ စွန်ကြီးသည် သစ်ခုတ်သမား၏ လက်တွင်းမှ ပြောင်လက်သော ရွှေဥကြီးများကို မြင်လျှင် အစာ ထင်မှတ်သွားကာ ရွှေဥတစ်လုံးကို ရုတ်တရက် ခြေဖြင့် ကုပ်ချီ၍ ပျံပြေးသွားလေတော့သည်။ သစ်ခုတ်သမားသည် ထိုစွန်ကြီးကို မောင်းနှင်သော်လည်း မရပေ။

သစ်ခုတ်သမားသည် ကျန်သော ရွှေဥနှစ်လုံးကို ယူ၍ ခရီးဆက်ခဲ့သည်။ မကြာမီ သူသည် ရေချိုးလှေ့ရှိသော မြစ်ကမ်းစပ်သို့ ရောက်လာသည်။ ထိုနေရာတွင် ခေတ္တ နားနေစဉ် ရွှေဥတစ်လုံးသည် ရေထဲသို့ ကျသွားသည်။ ယင်းကို ငါးကြီးတစ်ကောင်က မျိုချလိုက်လေတော့သည်။ နောက်ဆုံးတွင် သစ်ခုတ်သမားထံ၌ ရွှေဥတစ်လုံးသာ ကျန်တော့သည်။

သစ်ခုတ်သမားသည် ကျန်သော ရွှေဥတစ်လုံးကို ယူ၍ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်သို့ ရောက်သော် သူ့ဇနီးအား အကျိုးအကြောင်း ပြောပြသည်။ သူတို့ဇနီးမောင်နှံသည် ဝမ်းသာ လွန်းသဖြင့် ထိုအကြောင်းကို အကြိမ်ကြိမ် ပြောဆိုကာ ရွှင်မြူးနေကြသည်။ အိမ်နီးချင်းများ သည် သူတို့ဇနီးမောင်နှံ၏ ထူးခြားသော အပြုအမူကို မြင်သောအခါ သိလိုစိတ် ပြင်းပြလာကြ သည်။ ထို့ကြောင့် သူတို့၏ အိမ်အနီးသို့ ချဉ်းကပ်ကာ ထရံပေါက်များမှ နေ၍ အိမ်အတွင်း သို့ တိတ်တဆိတ် ချောင်းကြည့်ကြသည်။ အတန်ကြာသော် သစ်ခုတ်သမား မိသားစုသည် ရွှေဥကြီးကို မီးလင်းဖိုရှိ ပြာပုံအတွင်း၌ ဝှက်ထားကာ အသီးသီး အိပ်ရာဝင်ကြလေသည်။ သူတို့ အိပ်ပျော်နေစဉ် မရိုးဖြောင့်သော အိမ်နီးချင်း တစ်ဦးသည် အိမ်အတွင်းသို့ တိတ်တဆိတ် ဝင်ရောက်ပြီးလျှင် ဝှက်ထားသော ရွှေဥကြီးကို ခိုးယူသွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်း၍ သူ၏ ရွှေဥကြီး ပျောက်ဆုံးသွားမှန်းသိလျှင် သစ်ခုတ် သမားသည် အလွန်ပင် စိတ်ပျက် ဝမ်းနည်းသွားရှာသည်။ သို့သော် သူသည် စိတ်ထား ကောင်းမွန်သူဖြစ်ရကား မည်သူ့ကိုမျှ အပြစ် မတင်ပေ။ သူ့စိတ်တွင်း၌ "ငါ စေတနာ မှန်ရင် ငါ့ကို အကျိုးပေးမှာပဲ" ဟူ၍သာ ယုံကြည်နေပေသည်။

သူသည် အခါတိုင်းကဲ့သို့ပင် မြစ်ကမ်းစပ်သို့ ဆင်း၍ ရေခပ်သည်။ ထိုစဉ် ကမ်းစပ် တစ်နေရာ၌ ငါးသေကြီး တစ်ကောင်ကို တွေ့သည်။ ငါးသေသည် လတ်လတ်ဆတ်ဆတ် ရှိသေးသည်။ ထို့ကြောင့် သူသည် ငါးကြီးကို ဝမ်းသာအားရဖြင့် အိမ်သို့ ယူဆောင်သွား သည်။

တစ်ဖန် သူသည် မီးမွှေးရန် ထင်းမရှိသည့်အတွက် ထင်းခုတ်ရန် တောတွင်းသို့ ထွက် သွားသည်။ တောတွင်းသို့ ရောက်သော် သစ်ပင်တစ်ပင်ပေါ်သို့ တက်၍ သစ်ကိုင်းများကို

www.burmeseclassic.com

www.burmeseclassic.com



ခုတ်ချသည်။ ထိုအခါ ထိုသစ်ကိုင်းများကြားရှိ ငှက်အသိုက်ထဲတွင် သူ့ထံမှ ငှက်ကြီး ချီသွားခဲ့သော ရွှေဥကြီးကို မမျှော်လင့်ဘဲ ပြန်လည်တွေ့ ရှိရလေသည်။ အိမ်သို့ ပြန်ရောက်၍ ဟင်းချက်ရန် ငါးကြီး၏ ဝမ်းဗိုက်ကို ခွဲလိုက်သော အခါတွင်ကား ရေထဲကျ၍ ပျောက်ဆုံးသွားသော ရွှေဥကြီးကို ငါးကြီး၏ ဝမ်းဗိုက်တွင်းမှ မမျှော်လင့်ဘဲ ထပ်မံ တွေ့ရှိရပြန်လေသည်။

ရွာသားများသည် ထိုသတင်းကို ကြားလျှင် အလွန် အံ့သြကြကာ သူ၏ အိမ်သို့ စုဝေးရောက်ရှိလာကြပြီး အကျိုးအကြောင်း မေးမြန်းကြသည်။ သစ်ခုတ်သမားလည်း အကြောင်းစုံကို ပြန်လည် ပြောပြသည်။ ရွာသားများလည်း သူတို့၏ တစ်သက်တွင် ဤအဖြစ်အပျက်မျိုးကို လုံးဝ မကြုံဖူးသဖြင့် အထူးပင် အံ့သြနေကြသည်။ ထိုအခါ သစ်ခုတ်သမား ထံမှ ရွှေဥကြီးကို ခိုးယူထားသော အိမ်နီးချင်းလည်း ထိုသတင်းကို ကြားလျှင် အထူး အံ့သြသွားသည်။ ကြောက်လည်း ကြောက်ရွံ့လာသည်။ ထို့ကြောင့် သူသည် သစ်ခုတ်သမားထံ အကျိုးအကြောင်း ပြောပြပြီး လာရောက် တောင်းပန်ကာ သူ ခိုးယူထားသော ရွှေဥကြီးကို ပြန်လည် ပေးအပ်လေသည်။ စိတ်ကောင်းရှိသော သစ်ခုတ်သမားလည်း ထိုသူကို အပြစ်မယူဘဲ ခွင့်လွှတ်သည်။ ထို့နောက် သစ်ခုတ်သမားသည် ထိုရွှေဥကြီးများကို ထုခွဲရောင်းချကာ လူချမ်းသာတစ်ယောက် ဖြစ်သွားလေတော့သည်။ သူသည် စိတ်ကောင်းရှိသူပီပီ ရွာသားများအား လိုအပ်သော အကူအညီများ ပေးကာ မိသားစုနှင့် အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားလေသည်။

(မြန်မာပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ပိုးတောင့်တဲ မင်းသမီးကလေး

ရှေးလွန်လေပြီသော အခါက တရုတ်ပြည်တွင် ဘုရင်တစ်ပါးနှင့် မိဖုရားတစ်ပါးရှိသည်။ သူတို့တွင် သမီးတော်ကလေး တစ်ပါးရှိသည်။ သူတို့သည် သမီးတော်ကလေးအား အလွန်ပင် ချစ်ကြသည်။ သမီးတော်ကလေးသည် ဥယျာဉ်တော် အတွင်း၌ ခုန်ပေါက်ပြေးလွှား ကစားကာ သားအမိ သားအဖသုံးဦး ပျော်ရွှင်စွာ အတူ နေထိုင်လာခဲ့ကြသည်။

တစ်နေ့သော် မမျှော်လင့်သော အန္တရာယ်တစ်ခု ကျရောက်လာသည်။ သမီးတော်လေး အသက် တစ်ဆယ့်ငါးနှစ်သမီး အရွယ်သို့ အရောက်တွင် နန်းတော်အနီးရှိ တောင်ကြီးတစ်ခုပေါ်တွင် နေသော တောပုန်းဓားပြများသည် နန်းတော်ကြီးကို ဝင်ရောက် စီးနင်းတိုက်ခိုက်ကြပြီး ဘုရင်ကြီးကို ဖမ်းဆီးသွားကြသည်။ ထိုအချိန်မှစ၍ မင်းသမီးလေးသည် အလွန် စိတ်ထိခိုက်သွားသည်။ ခါတိုင်းကဲ့သို့ ကစားခြင်း မပြု၊ အစာကောင်းစွာ မစား၊ နေ့ရှိသရွေ့ မှိုင်ငေး၍သာ နေတော့သည်။

မင်းသမီးလေးသည် ဘုရင်ကြီး အနှစ်သက်ဆုံးဖြစ်သော မြင်းဖြူကြီးရှိရာ မြင်းဇောင်း အတွင်း၌ နေ့စဉ် သွားရောက်ထိုင်နေသည်။ မြင်းဖြူကြီးမှာလည်း သူ၏ အရှင်သခင် ပျောက်ဆုံးမှုအတွက် မင်းသမီးလေးနှင့် ထပ်တူ ဝမ်းနည်း နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေးသည် ရက်ပေါင်း အတန်ကြာအောင် အစာ ကောင်းစွာ မစားသဖြင့် ကျန်းမာရေး ချို့ယွင်းလာကာ တဖြည်းဖြည်း ပိန်ချုံးလာသည်။ မိဖုရားကြီးသည် သမီးတော်လေး၏ အဖြစ်ကို မကြည့်ရက်တော့သည့် အဆုံး၌ ဘုရင်ကြီးအား တွေ့အောင် ရှာပေးနိုင်သူကို သမီးတော်နှင့် လက်ဆက်ပေးမည်ဟု တိုင်းပြည်အနှံ့ လှည့်လည် ကြေညာစေသည်။

ဤသတင်းကို ကြားလျှင် သန်မာထွားကျိုင်းပြီး လျင်မြန် ဖျက်လတ်သော လူငယ်လူရွယ်များ၊ ရဲရင့်သော စစ်သည်တော်များ၊ ကျောင်းသားများ စသော လူငယ်များသည် ဘုရင်ကြီးအား လိုက်လံရှာဖွေကြသည်။ သို့သော် တစ်နှစ်ကြာသည်အထိ ဘုရင်ကြီး၏ သတင်းကို လုံး၀ မကြားရပေ။ နောက်ဆုံးတွင် အားလုံး လက်လျှော့ကာ မိမိတို့ နေရာဌာန အသီးသီးသို့ ပြန်သွားကြလေတော့သည်။

တစ်နေ့သော် မင်းသမီးလေးသည် မြင်းဖြူကြီး ဘေးတွင် ထိုင်ကာ ခါတိုင်းကဲ့သို့ပင် တစ်ကိုယ်တည်း ထွေရာလေးပါး စကားများ ပြောဆိုသည်။ ဤသို့ ပြောရင်းမှ ဘုရင်ကြီးအား တွေ့အောင်ရှာပေးနိုင်သူကို မိမိ ထိမ်းမြားမည့် အကြောင်းကို ပြောဆိုသည်။ မြင်းဖြူကြီးသည် ယခင်အခါများကဆိုလျှင် မင်းသမီးလေး ပြောသမျှကို ခေါင်းငုံ့ကာ နားထောင်နေမြဲဖြစ်သည်။ သို့သော် ယနေ့တွင်မူ မင်းသမီးလေးထံမှ ဤသတင်းစကားကို ကြားသည်နှင့် တစ်ပြိုင်နက် ရုတ်တရက် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ မြင်းဖြူကြီးသည် အသံပြင်းစွာဖြင့် ဟီလိုက်သည်။ ခွာများကို ပေါက်သည်။ ထို့နောက် သူ့အား ချည်နှောင်ထားသည့် ကြိုးများကို အတင်း ရုန်းထွက်ကာ အဝေးသို့ ပြေးထွက်သွားလေတော့သည်။

နောက်ထပ် ၂ ရက်မျှ ကြာသောအခါ မြင်းဖြူကြီးသည် နန်းတော် တံခါး၀သို့ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြန်ရောက်လာသည်။ သူ၏ ကျောပေါ်တွင်ကား ပျောက်ဆုံးနေသော ဘုရင်ကြီးသည် ပြုံးရွှင်စွာဖြင့် ပြန်ပါလာသည်။

ဘုရင်ကြီး ပြန်ရောက်လာသည့် သတင်းကို ကြားသည့်အခါ တစ်တိုင်းတစ်ပြည်လုံး ဝမ်းမြောက်မဆုံး ဖြစ်ကြကာ ပွဲလမ်းသဘင်များ ကျင်းပကြသည်။ မင်းသမီးလေးလည်း ယခင်ကကဲ့သို့ပင် ပျော်ရွှင်လာသည်။

အားလုံးပျော်ရွှင်နေချိန်တွင် မပျော်နိုင်သူ တစ်ဦးရှိသည်။ ထိုသူမှာ အခြားမဟုတ်။ မြင်းဖြူကြီးပင် ဖြစ်သည်။ မြင်းဖြူကြီးသည် မြေပြင်ကို ခွာဖြင့် ပေါက်လိုက်၊ ပြင်းစွာဟီလိုက်နှင့် လုပ်နေပြီး တစ်နေ့လုံး တစ်ညလုံး မအိပ်ပေ။

နောက်ဆုံးတွင် မိဖုရားကြီးသည် မြင်းကြီး၏ အသံကို နားမခံနိုင် ဖြစ်လာသည်။ သူသည် ဘုရင်ကြီးအား "မှန်လှပါ အရှင်မင်းကြီး၊ ဒီမြင်းကြီးအတွက် ကျွန်တော်မျိုးမ စိတ်ပူ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါတယ်။ အရှင်မင်းကြီး ပျောက်ဆုံးနေတုန်းက အရှင်မင်းကြီးကို ပြန်ရအောင် ရှာပေးနိုင်သူကို သမီးတော်နဲ့ လက်ဆက်ပေးမယ်လို့ ကျွန်တော်မျိုးမ ကတိပြုမိပါတယ်။ ဒီအကြောင်းကို သမီးတော်လည်း သိပါတယ်။ သမီးတော်ဟာ မြင်းကြီးနဲ့ နေ့စဉ် စကားပြောဆိုတဲ့ အတွက် ဒီအကြောင်းကို မြင်းကြီး သိသွားပါတယ်။ အခု မြင်းကြီးက သမီးတော်ကို လက်ဆက်ချင်နေပြီ။ ဘယ်လို လုပ်ကြမလဲ" ဟု ပြောသည်။

ဘုရင်ကြီးသည် ထိုစကားကို ကြားသော် အလွန်စိတ်ဆိုးသွားသည်။ ထိတ်လန့်၍လည်း သွားသည်။ ထို့ကြောင့် မြင်းဖြူကြီး ကျေနပ်စေရန် စားကောင်းသောက်ဖွယ် အမျိုးမျိုးဖြင့် ကျွေးမွေးသည်။ သို့သော် မြင်းဖြူကြီးသည် လုံးဝ မစား။ ထို့ပြင် ဘုရင်ကြီးက မြင်းဖြူကြီးကို စီးရန် ဟန်ပြင်လိုက်တိုင်းလည်း ဘုရင်အား ကျောပေါ်မှ ခါချသည်။ ထို့ကြောင့် ဘုရင်ကြီးသည် အလွန် စိတ်ဆိုးသွားသည်။ နောက်ဆုံးတွင် ဘုရင်သည် ဒေါသကို မထိန်းနိုင်တော့ဘဲ မြင်းဖြူကြီးအား လေးဖြင့် ပစ်သတ်လိုက်လေသည်။ မြင်းကြီး သေဆုံးသွားသောအခါ မင်းချင်းများအား မြင်းအရေခွံကို ခွာ၍ မြင်းစောင်းအနီးတွင် အခြောက်လှန်းထားစေသည်။

တစ်နေ့သော် မင်းသမီးလေးသည် ဥယျာဉ်တော်အတွင်း လမ်းလျှောက်ရင်း မြင်းစောင်းအနီးသို့ ရောက်လာသည်။ မြင်းဖြူကြီး၏ အရေခွံကိုတွေ့သော် သူ၏အဖော်ဖြစ်သူအတွက် ကြေကွဲဝမ်းနည်းမဆုံးဖြစ်ကာ သည်းထန်းစွာ ငိုကြွေးရှာသည်။ ဤသို့ ငိုကြွေးနေစဉ် မြင်း၏ အရေခွံကြီးသည် မင်းသမီးလေးထံ တဖြည်းဖြည်း ရွေ့လျားလာပြီး မင်းသမီးလေးအား ရစ်ပတ်ကာ ကောင်းကင်သို့ ပျံတက်သွားလေတော့သည်။

မင်းသမီးလေး၏ သတင်းကို ကြားလျှင် နန်းတော်သူ နန်းတော်သား အားလုံးနှင့် တစ်တိုင်းတစ်ပြည်လုံးမှာ များစွာ ပူဆွေးသောက ရောက်ကြရသည်။ ရက်သတ္တ ၂-ပတ်မျှ ကြာသည်အထိ မင်းသမီးလေး၏ သတင်းကို အစအနမျှပင် မကြားရပေ။ သို့သော် ၁၅-ရက်မြောက်သော နေ့တွင် မင်းချင်းတစ်ဦးသည် "မြင်းအရေခွံကြီး ပြန်ရောက်လာပြီ။ အရှင်မင်းကြီးရဲ့ ဥယျာဉ်တော်ထဲက ပိုးစာပင်ခြေရင်းမှာ ရှိတယ်။ အထဲမှာ မင်းသမီးကလေးရှိမယ် ထင်တယ်။ မင်းသမီးလေးရဲ့ ခါးစည်းကြိုး အနီလေးကိုလည်း မြင်ရတယ်" ဟု အော်ဟစ်ကာ အရှင့်ထံ ပြေးလာသည်။

ဘုရင်၊ မိဖုရားနှင့် တကွ နန်းတော်သူ နန်းတော်သားများသည် ဤထူးဆန်းသော အခြင်းအရာကို မြင်တွေ့လိုဧဖြင့် ဥယျာဉ်တော်ထဲသို့ အပြေး သွားကြသည်။ အင်းသို့ ရောက်သော် မင်းသမီးလေးသည် မြင်းအရေခွံထဲမှ ထွက်လာပြီး မီးခိုးရောင်အဆင်းရှိသော ပိုးကောင်ကလေး ဘဝသို့ ရုတ်တရက် ကူးပြောင်း သွားလေသည်။ ထို့နောက် ပိုးကောင်

www.burmeseclassic.com

www.burmeseclassic.com



ကလေးသည် အနီးရှိ ပိုးစာပင်ပေါ်သို့ တွယ်တက်သွားကာ ပိုးစာရွက်များကို စားနေလေတော့သည်။

လူအားလုံးတို့မှာ သစ်ပင်ပေါ်ရှိ ပိုးကောင်ကလေးအား တအံ့တသြ ဝိုင်းကြည့်ကာ စကားပင် မဆိုနိုင်ကြပေ။ ဘုရင်နှင့် မိဖုရားတို့သည် တစ်နေ့လုံး စောင့်ကြည့်နေကြသည်။ ညဘက်တွင်လည်း ပိုးစာပင်အနီး၌ အစောင့်များ ချထားကာ အကယ်၍ မင်းသမီးလေးသည် လူသားအသွင် ပြန်ပြောင်းလာပါက သူတို့အား အချိန်မရွေး လာခေါ်ရန် ဘုရင်နှင့် မိဖုရားတို့က မှာထားကြသည်။ လူအများသည် ပိုးကောင်တစ်ဖြစ်လဲ မင်းသမီးလေးအား စကားပြောရန် အမျိုးမျိုး ကြိုးစားကြသည်။ သို့သော် မင်းသမီးလေးသည် တကယ့် ပိုးကောင်ကလေးပမာ ပိုးစာရွက်များကို စားလျက်သာ နေလေသည်။

ဤသို့ဖြင့် ရက်အနည်းငယ် ကြာသွားသည်။ ထိုအခါ ပိုးကောင်လေးသည် သူ၏ ပါးစပ်မှ ထွက်ပေါ်လာသော တောက်ပပြောင်လက်သည့် ချည်မျှင်များဖြင့် သူ့တစ်ကိုယ်လုံးကို ပြန်လည်ရစ်ပတ်နေကြောင်း လူအများသတိပြုမိလာကြသည်။ ပိုးကောင်လေးသည် သူ့ကိုယ်သူ ပိုးချည်မျှင်များဖြင့် အထပ်ထပ် ရစ်ပတ်နေရာမှ နောက်ဆုံးတွင် ပိုးချည်မျှင်အတွင်း၌ ပျောက်ကွယ်သွားလေတော့သည်။ ဘုရင်ကြီးသည် ပိုးချည်မျှင်အား ဖြေကာအတွင်းရှိ သမီးတော်လေးအား ရှာဖွေရန် ကြိုးစားသည်။ သို့သော် ချည်လုံးမှာ ထူထပ်ခိုင်မြဲလွန်းသည့်အတွက် မည်သို့မျှ ဖြေ၍ မရပေ။ ဘုရင်သည် ဓားထက်ထက် တစ်ချောင်းဖြင့် ချည်လုံးကို ဖြည်းညင်းစွာ ခွဲလိုက်သည်။ သို့သော် အတွင်း၌ ဘာမျှမရှိသည့်အတွက် ဘုရင်နှင့် မိဖုရားတို့ အလွန် စိတ်ပျက်သွားကြသည်။

ဤသို့ဖြင့် ရက်ပေါင်း အတန်ကြာလာခဲ့သည်။ ဘုရင်နှင့် မိဖုရားတို့သည် ဥယျာဉ်တော်အတွင်း၌ မျက်ရည်စက်လက်ဖြင့် ထိုင်ကာ သမီးတော်လေး အကြောင်းကို စဉ်းစားနေကြသည်။ ထိုစဉ် ဘုရင်ကြီးသည် ကောင်းကင်သို့ ရုတ်တရက် လက်ညှိုးထိုးပြကာ "ဟိုမှာ ကြည့်စမ်း၊ တိမ်တွေထဲမှာ သမီးတော်လေး မဟုတ်လား။ သမီးတော်လေးက မြင်းဖြူကြီးကို စီးလို့။ နောက်က ရထားပေါ်မှာလည်း အခြွေအရံတွေ ပါတယ်" ဟု ပြောလိုက်သည်။

သူတို့ ကြည့်နေစဉ်မှာပင် သမီးတော်လေးသည် မြေပြင်နှင့် တဖြည်းဖြည်း နီးကပ်လာပြီး ခမည်းတော် မယ်တော်တို့ထံ ရောက်လာသည်။ သူတို့ သုံးဦးသည် တစ်ဦးနှင့် တစ်ဦး ဝမ်းသာအားရ ပွေ့ဖက်ကြသည်။ ထို့နောက် သမီးတော်လေးက "သမီးတော်အတွက် ခမည်းတော်၊ မယ်တော်တို့ ပူဆွေးသောက ရောက်နေကြတာကို မကြည့်ရက်တဲ့အတွက် သမီးတော် ပျော်ရွှင်စွာ နေထိုင်နိုင်ရတဲ့အကြောင်းကို အခုလို လာပြောရတာပါ။ အထက်ကောင်းကင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ကျောက်စိမ်းနတ်မင်းကြီးက သမီးတော်ကို သူ့ရဲ့ သမီးတော်အဖြစ် မွေးစားထားပါတယ်။ သမီးတော်ဟာ သူ့ကို ဖခင်အရင်းပမာ တွယ်တာနေသလို သူကလည်း သမီးတော်ကို သူ့ရဲ့ သမီးရင်းတမျှ ချစ်ခင်ပါတယ်။ နတ်မင်းကြီးက သမီးတော်ကို ပိုးချည်မျှင် ထုတ်လုပ်တဲ့ ပိုးကောင်တွေ ထိန်းသိမ်း ပေးရတဲ့ တာဝန်ကို ပေးထားပါတယ်။ အဲဒီ ပိုးကောင်တွေဟာ ပိုးစာပင်က ထွက်တဲ့ ချည်မျှင်တွေကို ပိုးချည်မျှင်အဖြစ် ပြောင်းလဲပေးကြပါတယ်။ အဲဒီ ပိုးချည်မျှင် ရက်လုပ်လိုက်လျှင် မယ်တော်တို့၊ ခမည်းတော်တို့ ဝတ်ဆင်နေကြတဲ့ အထည်တွေ ရပါတယ်" ဟု ရှင်းပြသည်။

ထို့နောက် သမီးတော်လေးက "သမီးတော်အတွက် သောက မရောက်ကြပါနဲ့။ သမီးတော်အတွက် ဂုဏ်ယူရစ်ကြပါ။ သမီးတော်ဟာ အထက် မိုးကောင်းကင်ကြီးပေါ်မှာ ထာဝရ ပျော်ရွှင်စွာ နေသွားမှာပါ။ သမီးတော်ကို ချစ်ရင်၊ သတိရရင် သမီးတော် ထိန်းသိမ်းရတဲ့ ပိုးကောင်ကလေးတွေကိုသာ ဂရုတစိုက် မွေးမြူကြပါ" ဟု မှာကြားသည်။

သမီးတော်ကလေးသည် မိဘနှစ်ပါးအား ဖက်ယမ်းနမ်းရှုပ်၍ နှုတ်ဆက်သည်။ သူသည် မိဘနှစ်ပါးအား ဦးညွတ် အရိုအသေ ပြုပြီးနောက် ထက်ကောင်းကင်ပေါ်တွင် ရပ်တန့်စောင့်စားနေသော မြင်းဖြူကြီးကို စီးကာ ပိုးချည်မျှင်ကလေး လေထဲတွင် လွင့်သွားသည့် ပမာ မိုးသားမိုးတိမ်များထဲတွင် ပျောက်ကွယ်သွားလေတော့သည်။

(တရုတ်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## တံငါသည်နှင့် မိန်းမပျို

တစ်ခါက ရွာတစ်ရွာတွင် ဆင်းရဲသော တံငါသည် တစ်ယောက်ရှိသည်။ သူသည် ဆင်းရဲသော်လည်း ရိုးသားပြီး သနားကြင်နာတတ်သူ ဖြစ်သည်။

တစ်နေ့သော် သူသည် ငွေစ အနည်းငယ်ကို ယူ၍ ခါတိုင်းကဲ့သို့ပင် ငါးဖမ်းရန် ပင်လယ်ကမ်းစပ်သို့ ထွက်လာသည်။ ကမ်းစပ်အနီးသို့ ရောက်သော် ရွာမှ ကလေးငယ်တစ်စု ဝိုင်းအုံနေကြသည်ကို တွေ့ရသည်။ အနီးသို့ သွားကြည့်သောအခါ ကလေးများသည် လိပ်ကလေးတစ်ကောင်ကို ဖမ်းကာ ကြိုးဖြင့် တုပ်၍ ဆွဲနေကြသည်။ အချို့ကလည်း ကျောက်ခဲများဖြင့် ဝိုင်းဝန်းပေါက်ကာ အော်ဟစ် ရယ်မောနေကြသည်။ လိပ်ကလေးသည် ကလေးများ လက်မှ လွတ် မြောက်ရန် အစွမ်းကုန် ရုန်းကန်နေရှာသည်။ တစ်ခါတစ်ရံတွင် ၎င်း၏ အခွံအတွင်း၌ ဦးခေါင်းနှင့် ခြေလက်များကို ဝှက်ထားသည်။ သို့သော် ကလေးများက ဝိုင်းဝန်းကာ ဆွဲထုတ်ကြပြန်သည်။

သနားကြင်နာတတ်သော တံငါသည်သည် ကလေးများ အနီးသို့ ပြေးသွားကာ "ဟေ့ ကလေးတို့ လိပ်ကလေးကို လွှတ်လိုက်ပါကွယ်။ သနားပါတယ်" ဟု ပြောသည်။ သို့သော် ကလေးများသည် သူ့စကားကို မနာယူကြ။ ဝိုင်းဝန်း လှောင်ပြောင် ရယ်မောကြကာ "တံငါသည်

www.burmeseclassic.com



ကြီး၊ ဘာ ဝင်ရှုပ်တာလဲ။ ဒီလိပ်ကို ကျုပ်တို့ ဖမ်းလို့ရတာ။ ခင်ဗျားနဲ့ မဆိုင်ပါဘူး။ ခင်ဗျား ထွက်သွားပါ" ဟု ပြောဆိုကြသည်။ တံငါသည်သည် ကလေးများအား တားဆီးမရသည့် အတွက် စိတ်ပျက်သွားသည်။ ထို့နောက် ရုတ်တရက် အကြံရကာ သူ့တွင် ပါလာသော ငွေဖြင့် လိပ်ကလေးကို ဝယ်ရန် ဆုံးဖြတ်လိုက်တော့သည်။

ကလေးများသည် တံငါသည်ထံမှ ငွေများရသောအခါ လိပ်ကလေးကို ထားခဲ့ကာ ခုန်ပေါက်ပြေးလွှား ထွက်သွားကြလေတော့သည်။ တံငါသည်သည် လိပ်ကလေးအား ချည်နှောင်ထားသော ကြိုးများကို အသာအယာ ဖြေပေးသည်။ ထို့နောက် လိပ်ကလေးအား "သွားပေတော့ လိပ်ကလေးရေ။ နောက်တစ်ခါ ထပ်ပြီး အဖမ်းမခံရအောင် နေပေတော့" ဟု ပြော၍ လွှတ်လိုက်သည်။ လိပ်ကလေးသည် တံငါသည်အား သူ၏ တောက်ပြောင်သော မျက်လုံးလေးများဖြင့် ကျေးဇူးတင်စွာ ကြည့်ကာ ကျောက်ဆောင်များ အကြားသို့ ဝင်ရောက် ပျောက်ကွယ် သွားလေတော့သည်။

ဤသို့ဖြင့် ရက်အနည်းငယ် ကြာသွားခဲ့သည်။ တစ်နေ့သော် တံငါသည်သည် ပင်လယ် ပြင်၌ ငါးဖမ်းနေစဉ် စိုစွတ်နေသော အညိုရောင် ဦးခေါင်းတစ်ခု သူ့လှေ အနီးသို့ ကပ်လာ သည်ကို ရုတ်တရက် တွေ့လိုက်ရသည်။ သေချာစွာ ကြည့်လိုက်သောအခါ သူ ကယ်တင်ခဲ့သော လိပ်ကလေး ဖြစ်နေကြောင်း တအံ့တဩ တွေ့ရသည်။

လိပ်ကလေးက "မိတ်ဆွေ တံငါသည်ကြီး သင် ကျွန်ုပ်ကို ကယ်ခဲ့တဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ကျေးဇူးဆပ်တဲ့အနေနဲ့ ရေအောက် နန်းတော်ကို ခေါ်သွား ပါရစေ။ ရေအောက်နန်းတော်ဟာ ပင်လယ်ရေပြင် အောက်မှာရှိပြီး အင်မတန်မှ အံ့သြစရာ ကောင်းပါတယ်" ဟု ပြောသည်။

တံငါသည်သည် လိပ်ကလေးနှင့် လိုက်သင့်၊ မလိုက်သင့် စဉ်းစားနေစဉ်မှာပင် လိပ် ကလေးသည် အံ့သြဖွယ် ကောင်းလောက်အောင် ရုတ်တရက် ကြီးထွားလာသည်။ သူသည် တဖြည်းဖြည်း ကြီးထွားလာရာ နောက်ဆုံးတွင် လှေတစ်စီး၏ အရွယ်နီးပါးမျှပင် ရှိလာ တော့သည်။

လိပ်ကလေးက "ကျွန်တော် ဘယ်လောက် ကြီးထွားနိုင်တယ်ဆိုတာ မြင်ပြီ မဟုတ်လား ခင်ဗျာ။ ကျွန်တော့် ကျောပေါ်မှာ ထိုင်ပြီးတော့သာ လိုက်ခဲ့ပါ။ ကျွန်တော် ခေါ်သွားပါ့မယ်" ဟု ပြောသည်။ တံငါသည်လည်း ရေအောက် နန်းတော်အား ကြည့်လိုစိတ် ပြင်းပြနေသည့် အတွက် လိပ်ကလေး ခေါ်ရာသို့ လိုက်ပါလာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေအောက် နန်းတော်ကြီး၏ ကြီးကျယ် ခမ်းနားပုံကို တံငါသည်သည် ယခင်က ကြား ရှုံသာ ကြားဖူးခဲ့သည်။ အခြား မည်သူကမျှလည်း ဤနေရာသို့ မရောက်ဖူးကြ။ ထို့ပြင် ရေအောက် နန်းတော်၌ အလွန် ချောမောလှပသော မင်းသမီးလေး တစ်ပါး ရှိပြီး သူမသည် နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် လုံးဝ အိုမင်း မသွားဘဲ ငယ်ရွယ်နုပျိုလျက်သာ ရှိသည်ဟုလည်း ကြားဖူးသဖြင့် တွေ့လိုစိတ် ပြင်းပြနေသည်။

လိပ်ကလေးသည် ရေအောက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားရာ လမ်းတစ်လျှောက် တွင် တံငါသည်အဖို့ ထူးဆန်းသော သတ္တဝါများကို ကြည့်ကာ အံ့သြနေသည်။ နန်းတော် နှင့် နီးလာသောအခါ ထူးဆန်းသော ငါး အချို့က သူ့အား ဦးညွှတ် အရိုအသေ ပြုနေကြသည်။ နန်းတော်ဝသို့ ရောက်သောအခါတွင်ကား လှပသော ငါးများသည် မီးအိမ်များကို ကိုင်ကာ သူ့အား နှုတ်ဆက်နေကြသည်။

ရေအောက် နန်းတော်ကြီးသည် အလွန် ကြီးကျယ်ခမ်းနားကာ ပုံပြင်ထဲမှ နန်းတော်ကြီး ပမာ ဖြစ်နေသည်။ နန်းတော် အတွင်းသို့ ရောက်သော် အလွန်လှပသော မင်းသမီးလေး တစ်ပါးသည် တံငါသည်အား ကြိုဆိုနေသည်ကို တွေ့ရသည်။ မင်းသမီးလေးသည် အလွန် လှပသည်။ သူ၏ ရှည်လျားမည်းနက်သော ဆံပင်များကလည်း အောက်သို့ ကျဆင်းနေသည်။ အဝတ်အစားများမှာ အမျိုးအမည် မဖော်ပြနိုင်သော သတ္တုတစ်မျိုးဖြင့် ရက်လုပ်ထားပြီး အလွန် လှပသည်။ မင်းသမီးလေးသည် တံငါသည်ထံ လက်ကမ်း၍ ချိုသာသော အသံဖြင့် "မိတ်ဆွေ တံငါသည်၊ သင်ဟာ ကျွန်ုပ်ရဲ့ လိပ်ကလေးကို ကြင်နာစွာ ကယ်တင်ခဲ့တဲ့အတွက် သင့်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီကိုခေါ်လာတာပါ။ ကျွန်ုပ်ရဲ့ နန်းတော်မှာ ပျော်သလောက်နေပါ" ဟု ပြောလိုက်သည်။

တံငါသည်သည် ဝမ်းသာလွန်းသဖြင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ သူသည် အသင့် စောင့်နေသော အခြွေအရံများ နောက်သို့ လိုက်သွားသည်။ ခဏအကြာတွင် သူ့အတွက် ပြင်ဆင်ထားသော ခမ်းနားသည့် အဆောင်ကြီး တစ်ခုထဲသို့ ရောက်သွားသည်။ အခန်းထဲတွင် လှပသော ဝတ်စုံများ အရန်သင့် ရှိနေကြသည်။ အချိန် အနည်းငယ် အတွင်းမှာပင် တံငါသည် သည် ချောမောလှပသော လုလင်ပျိုကလေး အသွင်သို့ ပြောင်းလဲသွားလေသည်။

မင်းသမီးလေးသည် တံငါသည်အား ရေအောက်နန်းတော်၏ အံ့သြဖွယ်ရာများကို လိုက်လံ ပြသသည်။ တံငါသည်အဖို့ ဘာမျှ မပူရ။ အနီးတွင် အသင့် လုပ်ကိုင်ပေးသော အခြွေအရံများကြောင့် အားလုံးကို လိုတရနေသည်။ သူသည် တစ်ခါမျှ မစားဖူးသော စည်းစိမ်များကို ခံစားနေရသဖြင့် ပျော်ရွှင်နေသည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံး

www.burmeseclassic.com



သွားသည်ကိုပင် သတိမထား မိတော့ချေ။ ဤသို့ဖြင့် နှစ်များစွာ ကြာလာခဲ့သည်။ တစ်နေ့သော် သူသည် သူ၏ ရွာရှိ သူ့အိမ်၊ ဆွေမျိုးများ၊ မိတ်ဆွေများ တို့ကို ပြန်လည် သတိရလာသည်။ သူ သိမ်းဆည်းထားသော တံငါသည် ဝတ်စုံကို ထုတ်ကြည့်မိသော အခါတွင်မူကား ရွာပြန်လိုစိတ်ကို မထိန်းနိုင်ကော့။ ထို့ကြောင့် နောက်ဆုံးတွင် မင်းသမီးလေးအား အကျိုးအကြောင်း ပြောပြကာ ရွာသို့ ပြန်ရန် ခွင့်တောင်းသည်။

မင်းသမီးလေးလည်း တံငါသည်အား ကြင်နာစွာကြည့်ကာ "ကျွန်မ နားလည်ပါတယ် ရှင်။ ရှင်ဟာ လူလောကကြီးနဲ့ ကင်းဝေးပြီး တစ်ယောက်တည်း အထီးကျန် ဖြစ်နေရတော့ အိမ်ကို ပြန်ချင်တာပေါ့။ ရှင် ပြန်လိုရင် ပြန်နိုင်ပါတယ်" ဟု ခွင့်ပြုလိုက်သည်။

တံငါသည်လည်း မင်းသမီးလေးအား ဦးညွှတ် အရိုအသေပြုကာ ပြန်ရန် ဟန်ပြင်သည်။ မင်းသမီးလေးသည် တံငါသည်အား အနက်ရောင် ယွန်းသေတ္တာလေး တစ်လုံးကို ပေးအပ်သည်။ "အသင် တံငါသည် သင့်ကို လက်ဆောင်အဖြစ် ဒီ ယွန်းသေတ္တာလေးကို ပေးလိုက်ပါ့မယ်။ ဒီသေတ္တာလေးကို ကိုယ်နဲ့မကွာ ဆောင်ထားပါ။ သင့်အတွက် ရွှေ၊ ငွေ၊ ရတနာတွေ လိုတရပါလိမ့်မယ်" ဟု ပြောသည်။ ဒါအပြင် ဒီသေတ္တာ ရှင်လက်ထဲမှာ ရှိနေသရွေ့ ရှင်နဲ့ ကျွန်မတို့ လုံးဝ မကွဲကွာနိုင်ပါဘူး။ ကျွန်မတို့ဆီကို အချိန်မရွေး ပြန်လာနိုင်ပါမယ်။ ဒါပေမဲ့ သေတ္တာကိုတော့ လုံးဝ ဖွင့်မကြည့်ပါနဲ့။ ဘယ်တော့မှ ဖွင့်မကြည့်ပါဘူးလို့ ကတိပေးပါ။ ဖွင့်ကြည့်ရင်တော့ ရှင်နဲ့ ကျွန်မတို့ ကွဲကွာရပါလိမ့်မယ်" ဟု ပြောသည်။

တံငါသည်လည်း မင်းသမီးလေးအား ကြေကွဲဝမ်းနည်းစွာကြည့်ပြီးနောက် "ကောင်းပါပြီ"ဟု ကတိပေး၍ ထွက်ခွာလာခဲ့သည်။ ထို့နောက် လိပ်ကလေးကို စီးကာ ရေမျက်နှာပြင်ပေါ်သို့ ပြန်တက်လာခဲ့သည်။ အတန်ကြာသော် သူနေထိုင်ရာရွာရှိ ဆိပ်ကမ်းသို့ ရောက်လာခဲ့သည်။ သူသည် လိပ်ကလေးအား နှုတ်ဆက်၍ မင်းသမီး ပေးလိုက်သော ယွန်းသေတ္တာလေးကို ပိုက်ကာ သူ့အိမ်ဆီသို့ ဝမ်းသာအားရ တစ်ဟုန်းထိုး ပြေးသွားလေတော့သည်။

သူ့အိမ်အနီးသို့ ရောက်သော် သူသည် ရုတ်တရက် အံ့အားသင့်ကာ ရပ်တန့်သွားသည်။ သူနေထိုင်ရာ သက်ငယ်တဲကလေးမှာ မြေတွင် ပြိုလဲလျက်ရှိသည်။ တဲပျက်တွင် မြက်ပင်ရှည်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။ အမိုက်များ၊ ဖုန်များမှာလည်း ထူထပ်စွာကျရောက်နေသည်။ အနီးပတ်ဝန်းကျင်ရှိ အိမ်များမှာလည်း သူတစ်ခါမျှ မမြင်ဖူးသော မျက်နှာစိမ်းများ ဖြစ်နေကြသည်ကို အံ့ဩဖွယ်တွေ့ရသည်။ သူ၏ ဆွေမျိုးများနှင့် မိတ်ဆွေများမှာလည်း လုံးဝ ပျောက်ကွယ်နေကြသည်။ တွေ့သမျှ လူများကလည်း အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည်။ သူ၏ ရှေးကျသော အဝတ်အစားများကို လှောင်ပြောင်ရယ်မောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တံငါသည်က မိမိအမည်အား ပြောပြသည်။ "ငါ့ကို မသိကြဘူးလား။ မမှတ်မိကြဘူးလား"ဟု အော်ဟစ်မေးမြန်းသည်။ ဤတွင် လူအုပ်ထဲမှ အဘိုးအို တစ်ယောက်က "ဒီနာမည်မျိုးနဲ့ လူတစ်ယောက် ဟိုအရင်တုန်းက ဒီမှာ နေတယ်လို့တော့ ကြားဖူးပါတယ်။ ဒီလူဟာ လိပ်ကြီးစီးပြီး ရေထဲ ဆင်းသွားလိုက်တာ ပြန်ပေါ်မလာတော့ဘူးလို့ သတင်းကြားတယ်။ သူ ထွက်သွားတာ နှစ် ရာပေါင်းများစွာ ကြာသွားခဲ့ပြီပဲ" ဟု ပြန်ပြောသည်။

ထိုစကားကို ကြားလျှင် တံငါသည်အဖို့ မျှော်လင့်ချက်များအားလုံး သဲထဲရေသွန် ဖြစ်သွားရလေတော့သည်။ ထို့နောက် သူသည် ဝမ်းပမ်းတနည်းဖြင့် ပင်လယ်ကမ်းစပ် တစ်လျှောက်လျှောက်သွားနေမိသည်။ အတန်ကြာလျှင် မင်းသမီးလေး ပေးလိုက်သော သေတ္တာကို သူ့လက်တွင်း၌ ပိုက်လျက်သား ရှိနေမှန်း သတိရလာသည်။

သူသည် ထိုသေတ္တာကို ကြည့်ကာ "ငါ့မှာ မျှော်လင့်ချက်တွေ အားလုံး ပျောက်ဆုံးသွားပြီ။ ဘာမှ မထူးတော့တဲ့ အတူတူ ဒီသေတ္တာကို ဖွင့်ကြည့်လိုက်တော့မယ်" ဟု ဆုံးဖြတ်လိုက်သည်။

ထို့နောက် သူသည် ကမ်းစပ်တွင် ထိုင်ကာ သေတ္တာအဖုံးကို ဖွင့်လိုက်သည်။ ထိုအခါ၌ သေတ္တာထဲမှ အဖြူရောင်အခိုးအငွေ့များ ထွက်လာပြီး သူ့အားဖုံးလွှမ်းသွားကြသည်။ သူသည် အံ့သြကာ ကြည့်နေချိန်မှာပင် သူ့ခေါင်းရှိ မည်းနက်သော ဆံပင်များ ပျောက်ကွယ်ကာ တစ်ခေါင်းလုံးဖြူဖွေးသော အဘိုးအို တစ်ဦးဘဝသို့ ရုတ်တရက် ကူးပြောင်းသွားလေတော့သည်။ ထို့ပြင် မင်းသမီးလေးအား ပေးခဲ့သော ကတိကို ချိုးဖောက်မိသည့်အတွက်လည်း မင်းသမီးလေးရှိရာသို့ ပြန်မသွားနိုင်တော့ဘဲ အထီးကျန်ဘဝနှင့်သာ တစ်သက်ပတ်လုံး ဆင်းရဲပင်ပန်းစွာ နေသွားရရှာလေတော့သည်။

(ဂျပန်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသော လက်ဖက်ရည်အိုး

ရှေး လွန်လေပြီးသောအခါ ဂျပန်ပြည်ရှိ ရွာကလေးတစ်ရွာမှ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ဘုန်းတော်ကြီးအိုကြီး တစ်ပါးရှိသည်။ သူသည် ထူးဆန်း၍ ရှားပါးသော ပစ္စည်းဟောင်းများကို စုဆောင်းတတ်သော ဝါသနာရှိသူဖြစ်၍ ပစ္စည်းဟောင်း မျိုးစုံကို စုဆောင်းထားသည်။ ထိုအထဲတွင် ကြီးမားသော လက်ဖက်ရည်အိုးကြီး တစ်လုံးလည်း ပါဝင်သည်။

ဘုန်းတော်ကြီးသည် လက်ဖက်ရည် အလွန်ကြိုက်သူဖြစ်၍ မကြာခဏ လက်ဖက်ရည် ကျိုသောက်လေ့ ရှိသည်။ တစ်နေ့သော် သူသည် လက်ဖက်ရည် သောက်လိုစိတ် ပေါ်လာသဖြင့် ကျောင်းရှိ ကိုရင်လေးများအား ခေါ်၍ လက်ဖက်ရည် ကျိုခိုင်းသည်။

ကိုရင်လေးများသည် မီးဖိုအတွင်း မီးသွေးများထည့်၍ မီးမွှေးပြီးနောက် လက်ဖက်ရည် အိုးထဲတွင် ရေထည့်ကာ ကျိုကြသည်။ မကြာမီ ရေစတင်ဆူလာသည်။ ထိုစဉ် ထူးဆန်းသော အခြင်းအရာတစ်ခုဖြစ်ပွားသည်။ အမွေးစုတ်ဖွားဖြင့် ပွဖောင်းဖောင်းဖြစ်သော ဝိုင်းစက်နေသော ဦးခေါင်းတစ်ခု၊ အမွေးရှည်သော အမြီးတစ်ချောင်းနှင့် ခြေသည်းများပါသော ခြေလေးချောင်း တို့သည် လက်ဖက်ရည်အိုး၏ နံဘေးမှ ရုတ်တရက် ပေါ်ထွက်လာကြသည်။ ထိုဦးခေါင်းပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



က"ကယ်တော်မူပါ အရှင်ဘုရား၊ ကယ်တော်မူပါ။ တပည့်တော် ပူလှပါပြီ။ ကယ်တော်မူပါ" ဟု သေးငယ်စူးရှသော အသံကလေးဖြင့် အော်ဟစ်နေသည်။

ဘုန်းတော်ကြီးသည် ထိုအသံကို ကြားလျှင် အလွန် ထိတ်လန့်သွားသည်။ ကိုရင်လေးများကလည်း လက်ဖက်ရည်အိုးတွင် မကောင်းဆိုးဝါး ကပ်ငြိပြီဟု ဆင်ကာ အလန့်တကြား ထခုန်ကြသည်။

လက်ဖက်ရည်အိုးတွင် တွယ်ကပ်နေသော သတ္တဝါငယ်သည် မီးအပူရှိန်ကို မခံနိုင်တော့သည့် အတွက် မီးဖိုပေါ်မှ ခုန်ချလိုက်တော့သည်။ ကိုရင်လေးများကလည်း ထိုသတ္တဝါကို တံမြက်စည်းများဖြင့် လိုက်လံရိုက်နှက်ကြသည်။ သတ္တဝါငယ်ကလည်း သူ၏ ခြေထောက်တိုတိုကလေးများဖြင့် ရှေ့မှ အစွမ်းကုန် ပြေးသည်။ ဤသို့ဖြင့် သတ္တဝါငယ်က ရှေ့ကပြေး ကိုရင်ကလေးများက နောက်မှ လိုက်ဖြင့် ပတ်ချာလှည့်နေကြသည်။ နောက်ဆုံးတွင် သတ္တဝါငယ်အား ဖမ်းမိသွားကြသည်။ ကိုရင်လေးများသည် ထိုသတ္တဝါအား ကျောင်းထိုင်ဘုန်းကြီးထံသို့ ယူဆောင်သွားကြသည်။

ဘုန်းတော်ကြီးသည် သတ္တဝါငယ် ကပ်ငြိနေသော လက်ဖက်ရည်အိုးအား ကြည့်ကာ ကြံရာမရဖြစ်နေသည်။ "ဒီသတ္တဝါလေးကို ဖယ်ရှား မပစ်နိုင်မချင်း ဒီကျောင်းမှာ ဒုက္ခ ပေးနေဦးမှာပဲ" ဟု လည်းတွေးနေသည်။ ထိုစဉ် "ဒန်အိုး၊ ဒန်ခွက်ဟောင်းများ၊ စောင်ဟောင်းများ၊ အဝတ်ဟောင်းများ ဝယ်တယ်" ဟူသော အသံတစ်သံကို အပြင်မှ ကြားလိုက်ရသည်။

ဘုန်းတော်ကြီးသည် အလွန် ဝမ်းမြောက်သွားက ထိုသူအား သွားခေါ်စေသည်။ ထို့နောက် လက်ဖက်ရည်အိုးဟောင်းကြီးအား ထိုသူ့ထံသို့ ရောင်းချလိုက်တော့သည်။

ပစ္စည်းဟောင်းဝယ် သူသည် ဆင်းရဲသော်လည်း အလွန်ရိုးသားသူ ဖြစ်သည်။ သူသည် တဲစုတ်ကလေး တစ်လုံးတွင် တစ်ဦးတည်း နေထိုင်သူဖြစ်သည်။ သူ၏ တဲတစ်လုံးမှာ အပေါက်များဖြင့် ပြည့်နေသည်။ လေပြင်းပြင်းတိုက်လျှင် တဲကလေးမှာ လှုပ်သွားတတ်သည်။ သူသည် လက်ဖက်ရည်အိုး၏ အကြောင်းကို ဘာမှ မသိပေ။ ထို့ကြောင့် ထို့နေ့ အိမ်ပြန်ရောက်၍ ညအိပ်ချိန်တွင် လက်ဖက်ရည်အိုးကို သူ့အနီး၌ ချ၍ အိပ်စက်လေသည်။

သူ အိပ်ပျော်နေစဉ် သန်းခေါင် အချိန်တွင် သူ့နားထဲ၌ "ဗျို့ ဆရာကြီး၊ ဗျို့ ဆရာကြီး၊ ထပါဦး၊ ထပါဦး" ဟူသော သေးငယ်စူးရှသည့် အသံကလေး တစ်သံကို ကြားလိုက်ရသည်။ ထိုသူလည်း အိပ်ရာမှ ကမန်းကတန်းထ၍ မျက်စိကို ပွတ်ကြည့်လိုက်သောအခါ လက်ဖက်ရည်အိုးမှ သတ္တဝါငယ်လေး ထွက်ပေါ်လာသည်ကို တအံ့တဩ တွေ့လိုက်ရသည်။

www.burmeseclassic.com



ထိုသတ္တဝါငယ်က သူ့အား "မကြောက်ပါနဲ့ ခင်ဗျာ၊ သင့်ကို ကျွန်တော် ဘာမှ ဒုက္ခမပေးပါဘူး။ သင် ကျွန်ုပ်ကို မွေးမြူထားပြီး သင်နဲ့ နေထိုင်ခွင့် ပေးပါ။ ကျွန်ုပ် သင့်ကို ကူညီပါ့မယ်။ ကျွန်ုပ်ဟာ စင်စစ်တော့ ခွေးတူဝက်တူ သတ္တဝါတစ်ကောင် ဖြစ်ပါတယ်။ တချို့ကလေးတွေက ကျွန်တော်ကို နှိပ်စက်ကြလို့ ခုလို ရုပ်ဖျောက်ထားရတာပါ။ ကျွန်တော့် ကျောပေါ်က အရာဝတ္ထုကြီးက ဘာကြီးမှန်းလည်း မသိပါဘူး။ ဒါပေမဲ့ ကျွန်ုပ်ဟာ ကံကောင်းတဲ့၊ ထူးဆန်းတဲ့ လက်ဖက်ရည်အိုး တစ်လုံး ဖြစ်ပါတယ်။ သင့်အတွက် ငွေတွေကို ကျွန်တော် ရှာပေးပါ့မယ်။ နက်ဖြန်နံနက်ကစပြီး ကျွန်တော့်ကို နေ့စဉ်နေတိုင်း လူစည်ကားတဲ့ နေရာတွေမှာ ချထားပေးပါ။ ကျွန်တော် အစွမ်းအမျိုးမျိုး ပြပြီး သင့်အတွက် ငွေရှာပေးပါမယ်။ ဒါဆိုရင် သင်ချမ်းသာကြွယ်ဝလာပါလိမ့်မယ်" ဟု ပြောသည်။

သူဆင်းရဲသည် သူကြုံတွေ့နေရသော အဖြစ်အပျက်ကို မယုံနိုင်အောင် ရှိနေသည်။ သို့သော် သူသည် ရိုးသား၍ ကြင်နာတတ်သူ ဖြစ်သည့်အတွက် ထိုသတ္တဝါငယ်ကလေး တောင်းဆိုသည့်အတိုင်း လိုက်နာရန် ကတိပေးလိုက်သည်။

နောက်တစ်နေ့ နံနက်သို့ ရောက်သော် ထိုသူသည် မြေကွက်လပ် တစ်ခု ပေါ်၌ "ထူးဆန်းသော လက်ဖက်ရည်အိုး" ဟူသော ဆိုင်းဘုတ်ငယ် တစ်ခုကို စိုက်ထူလိုက်သည်။ ထို့နောက် ဆိုင်းဘုတ် အနီးတွင် ရပ်ကာ သစ်သားချောင်း နှစ်ခုကို လက်မှ တီးခတ်ရင်း "ပရိသတ်တို့ ခင်ဗျာ၊ ကျွန်တော့်ရဲ့ ထူးဆန်းတဲ့ လက်ဖက်ရည်အိုးကို လာရောက် ကြည့်ရှုကြပါ ခင်ဗျာ။ သူဟာ ကြိုးတန်းလည်း လျှောက်တတ်ပါတယ်။ ကလည်း ကတတ်ပါတယ်" ဟု ဟစ်အော်ကာ လူစုလိုက်သည်။

မကြာမီ လူအတော်များများသည် အနီးသို့ လာရောက် စုရုံးကြသည်။ လက်ဖက်ရည်အိုးတွင် ကပ်ငြိနေသော သတ္တဝါငယ်ကလည်း အတတ်ပညာ မျိုးစုံတို့ ပြလျက် ပရိသတ်အား အသုံးတော်ခံသည်။ ပရိသတ်များသည် သဘောကျလှသဖြင့် လက်ခုပ် လက်ဝါးတီးကာ သြဘာပေးကြသည်။ အချို့ကလည်း တဝါးဝါး ရယ်မောကြသည်။ ထို့အတူ သူတို့ နှစ်ဦးရှေ့တွင် ငွေစများ တစ်စတစ်စ များပြားလာသည်။

ထိုနေ့မှစကာ သူတို့နှစ်ဦးသည် နေ့စဉ်ပင် အတူတွဲကာ ငွေရှာသည်။ ထိုသတ္တဝါငယ်ကလေးသည် မည်မျှပင် အစွမ်း ပြရစေကာမူ မောပန်းသည်ဟု တစ်ခါမျှ မညည်းခဲ့။ မွဲညစ်းဟောင်းဝယ်သူလည်း သတ္တဝါငယ်ကလေးကို ရှရှစိုက်ပြုစုသည်။ မကြာမီပင် ထိုသူသည် ချမ်းသာကြွယ်ဝလာကာ ကိုယ်ပိုင် အိမ်ကောင်းကောင်း တစ်လုံးပင် ဝယ်နိုင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော် ခါတိုင်းကဲ့သို့ပင် ပွဲသိမ်း အပြီးတွင် ပစ္စည်းဟောင်းဝယ်သူသည် သတ္တဝါငယ်အား ကျေးဇူးတင်စကား ပြောရန် ကန့်လန့်ကာနောက်သို့ ဝင်သွားသည်။ ထိုအခါ သူ၏ မိတ်ဆွေသတ္တဝါငယ်ကလေးကို လုံးဝ မတွေ့ရတော့ဘဲ အေးစက်နေသော လက်ဖက်ရည်အိုးကိုသာ တွေ့ရတော့သည်။ သတ္တဝါငယ်ကလေးကား ပျောက်ကွယ်သွားပေသည်။

ပစ္စည်းဟောင်း ဝယ်သူသည် သူ့မိတ်ဆွေ သတ္တဝါငယ်ကလေးအား အထူး နှမြောတသ မိရှာသည်။ တစ်ဆက်တည်းမှာပင် သူ့အား ထိုလက်ဖက်ရည်အိုးကို ပေးခဲ့သော ဘုန်းတော်ကြီးကိုလည်း အလွန် ကျေးဇူးတင်မိသည်။ ဘုန်းတော်ကြီးကို ကျေးဇူးဆပ်ရန်နှင့် လက်ဖက်ရည်အိုးကို ပြန်ပေးရန်လည်း ဆုံးဖြတ်လိုက်သည်။

ထို့နောက် သူသည် လက်ဖက်ရည်အိုးကို ပြောင်လက်တောက်ပအောင် ကောင်းစွာ တိုက်ချွတ်ပြီးနောက် ဘုန်းတော်ကြီးကျောင်းသို့ ယူဆောင်လာခဲ့သည်။ ရောက်လျှင် ဘုန်းတော်ကြီးအား အကျိုးအကြောင်း ပြောပြကာ လက်ဖက်ရည်အိုးကို ပြန်လည်အပ်နှံသည်။ ထို့ပြင်မက သူသည် လောဘကြီးသူ မဟုတ်၍ သူ ရရှိခဲ့သော ငွေများထဲမှ ထက်ဝက်ကို ဘုန်းတော်ကြီးအား လှူဒါန်းလိုက်သည်။ ဘုန်းတော်ကြီးလည်း ထိုလက်ဖက်ရည်အိုးကို သူ့ကျောင်းရှိ ခုံကလေးတစ်ခုပေါ်တွင် အမှတ်တရ တင်ထားက နောင်လာနောက်သားများ ကြည့်ရှုနိုင်ရန် ပြသထားလေသည်။

(ဂျပန်ပုံပြင်)

❖

www.burmeseclassic.com



## သားလိမ္မာ

တစ်ခါက အဘိုးအိုတစ်ဦးတွင် သားသုံးယောက်ရှိသည်။ အကြီး နှစ်ယောက်သည် ရုပ်ရည် ချောမောသော လူရည်သန့်များ ဖြစ်ကြသည်။ ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ သပ်ရပ်လှပစွာ နေတတ်ကြသည်။ အငယ်ဆုံးသားမှုကား အစ်ကိုများနှင့် မတူ။ သူသည် များသောအားဖြင့် မီးဖိုဆောင်ရှိ အထပ်ခိုးကလေး ပေါ်တွင် တစ်ဦးတည်း ထိုင်၍ သော်လည်းကောင်း၊ တောတွင်း၌ မှိုများလိုက်လံ နုတ်၍ သော်လည်းကောင်း နေလေ့ရှိသည်။ သူ့အစ်ကိုများကဲ့သို့ လှပသေသပ်စွာနေရန် စိတ်မဝင်စားပေ။

တစ်နေ့သော် အဘိုးအိုသည် ရောဂါရကာ သေအံ့ဆဲဆဲ ဖြစ်လာသည်။ မသေမီ သားများကို ခေါ်၍ "ချစ်သားတို့၊ အဖေ မကြာမီ ကွယ်လွန်တော့မယ်။ အဖေ ကွယ်လွန်သွားတဲ့ အခါကျရင် သားတို့ သုံးယောက်က အဖေရဲ့ အုတ်ဂူကို တစ်ည တစ်ယောက် ညစဉ် အလှည့်ကျ လာပြီး အဖေ စားဖို့ ပေါင်မုန့်ကို ၃ ရက် တိတိ လာပို့ကြပါ"ဟု ပြောသည်။ သားများလည်း "ပို့ပါမည်" ဟု ကတိပြုကြသည်။

မကြာမီ အဘိုးအို ကွယ်လွန်သွားသည်။ အဘိုးအိုအား ကောင်းစွာ သဂြိုဟ်ပြီးနောက် အဘိုးအို မှာခဲ့သည့်အတိုင်း ဆောင်ရွက်ရန် ပထမဦးစွာ သားကြီး၏ အလှည့်ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သားကြီးသည် ပျင်းရိပြီး သချိုင်းသို့ သွားရန်လည်း ကြောက်ရွံ့သဖြင့် သူ၏ ကိုယ်စား ညီအငယ်ဆုံးအား သွားရောက်ရန် စေလွှတ်သည်။ ညီငယ်လည်း မငြင်းဆန်ဘဲ သွားရောက်သည်။

သချိုင်းသို့ ရောက်သော် ညီငယ်သည် ဖခင်၏ ဂူအနီး၌ ထိုင်ကာ ဘာများဖြစ်လာမည်နည်းဟု စောင့်ကြည့်နေသည်။ ညသန်းခေါင်အချိန်သို့ ရောက်သော် ဖခင်၏ ဂူသည် ပွင့်လာကာ ဖခင် ထွက်ပေါ်လာသည်။ ထို့နောက် ညီငယ်အား "အခု လာတာ သားကြီးလား။ အိမ်မှာရော ငါ့သားတွေ ငိုကြသေးလား" ဟု မေးသည်။ သားငယ်က "အခုလာတာ သားငယ်ပါခင်ဗျာ။ အိမ်မှာလည်း ဘာမှ မဖြစ်ပါဘူး။ အဖေဖို့လည်း ပေါင်မုန့် ယူလာပါတယ်" ဟု ပြန်ပြောသည်။ အဘိုးအိုလည်း " အေး... အေး... ကောင်းတယ်" ဟု ဆိုကာ သားငယ် ယူလာသော ပေါင်မုန့်များကို စားပြီးနောက် ဂူတွင်းသို့ ပြန်လည်ဝင်ရောက်သွားလေသည်။

နောက်တစ်ညသို့ ရောက်သော် ဒုတိယသား၏ အလှည့်သို့ ရောက်လာသည်။ သူသည်လည်း ပထမသားကဲ့သို့ပင် ပျင်းရိပြီး ကြောက်ရွံ့တတ်သူဖြစ်သည်။ ထို့ကြောင့် သူ့အလှည့်တွင် သူ့ကိုယ်စား သားအငယ်ဆုံးအား သွားပေးရန် ပြောသည်။ သားငယ်လည်း "ကောင်းပါပြီ" ဟု ဆိုကာ ပေါင်မုန့်များကို ယူ၍ ဖခင်၏ အုတ်ဂူသို့ သွားသည်။ ညသန်းခေါင်ယံသို့ ရောက်သော် ဂူပွင့်လာကာ အဘိုးအို ထွက်ပေါ်လာပြန်သည်။ အဘိုးအိုက "ယခု လာတာ သားလတ်လား။ ငါ့သားတွေရော ငိုကြသေးလား" ဟု မေးသည်။ သားငယ်လည်း "အခု လာတာ သားငယ်ပါခင်ဗျာ။ အိမ်မှာလည်း ဘာမှ မဖြစ်ကြပါဘူး" ဟု ပြန်ဖြေသည်။ ထို့နောက် ဖခင်သည် သားငယ် ယူလာသော ပေါင်မုန့်များကို စားကာ ဂူအတွင်းသို့ ပြန်လည်ဝင်ရောက်သွားလေသည်။

တတိယညတွင် သားငယ်၏ အလှည့်သို့ရောက်လာသည်။ သားငယ်သည် ဖခင်အတွက် ပေါင်မုန့်များ ယူကာ ဖခင်၏ အုတ်ဂူ ရှိရာသို့ သွားသည်။ ညသန်းခေါင်သို့ ရောက်သော် ထုံးစံအတိုင်း ဖခင် ထွက်ပေါ်လာပြီး "အခုလာတာ သားငယ်လား။ အိမ်မှာရော အေးအေးချမ်းချမ်း ရှိရဲ့လား" ဟု မေးသည်။ သားငယ်လည်း " ဟုတ်မှန်ကြောင်း၊ အိမ်တွင်လည်း အေးအေးချမ်းချမ်း ရှိကြောင်း" ပြန်လည် ပြောဆိုသည်။ ဖခင်သည် သားငယ် ယူလာသော ပေါင်မုန့်များကို မြိန်ရေရှက်ရေ စားသောက်သည်။

ထို့နောက် သားငယ်အား "အဖေ့ရဲ့ သား သုံးယောက်ထဲမှာ ငါ့သား တစ်ယောက်ပဲ အဖေ့စကားကို နားထောင်ပြီး အဖေ့ရဲ့ ဂူကို ၃ ညတိုင်တိုင် လာတယ်။ ဒါကြောင့် ငါ့သားကို ဆုချီးမြှင့်ရမယ်။ အိမ်ပြန်ရောက်တဲ့အခါ လယ်ကွင်းထဲသို့ သွားပြီး "ငယ်ကျွန်တော် မြင်းကြီး၊

www.burmeseclassic.com



ကျွန်ုပ်အမိန့်ကို နာခံစမ်း”လို့ အော်လိုက်ပါ။ ဒီအခါ အင်မတန်လှပတဲ့ မြင်းကြီးတစ်ကောင် ပေါ်လာလိမ့်မယ်။ သူ့ရဲ့ လက်ယာဘက် နားပေါက်ထဲကို ခုန်ဝင်ပြီး လက်ဝဲဘက် နားပေါက်ထဲက ပြန်ခုန်ထွက်လိုက်ပါ။ သားဟာ သူမတူအောင် ချောမောလှပတဲ့ သူတစ်ဦး ဖြစ်သွားလိမ့်မယ်။ ဒီအခါကျရင် မြင်းကြီးကို စီးပြီး လိုရာကို သွားပေတော့” ဟု ပြောကာ မြင်းဇက်ကြိုး တစ်ခုကို ပေးသည်။ သားငယ်လည်း ဖခင်အား ကျေးဇူးတင်ကြောင်း ပြောကာ မြင်းဇက်ကြိုး ကိုယူ၍ အိမ်သို့ပြန်လာသည်။

ဤသို့ဖြင့် ရက်အနည်းငယ် ကြာသွားခဲ့သည်။ တစ်နေ့သော် သူတို့ တိုင်းပြည်မှ ဘုရင်ကြီးသည် နေပြည်တော်အနှံ့ ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ ထိုကြေညာချက်မှာ “ဘုရင်မင်းမြတ်တွင် အလွန်တရာ ချောမောလှပသော သမီးတော်လေး တစ်ပါး ရှိသည်။ ထိုသမီးတော်လေးအား ဘုံ ၁၂ ဆင့် အမြင့်ရှိသော နန်းမြင့်ပေါ်တွင် ထားသည်။ ထိုနန်းမြင့်ပေါ်သို့ တက်ရောက်၍ သမီးတော်လေးထံ အရောက်သွားနိုင်သူ လုလင်ပျိုအား အယုတ်အမြတ် မရွေး၊ ဆင်းရဲချမ်းသာ မရွေး သမီးတော်နှင့် ထိမ်းမြားပေးပြီး တိုင်းပြည် တစ်ဝက်ကို ပေးမည်” ဟူသော ကြေညာချက်ဖြစ်သည်။ ထိုကြေညာချက်ကို ကြားသိရသောအခါ အဘိုးအို၏ သားကြီး နှစ်ယောက်သည် ဝင်ရောက် ယှဉ်ပြိုင်ရန် ဆုံးဖြတ်ကြသည်။ ထို့နောက် သူတို့၏ လုပ်ငန်းများကို လက်စသတ်ကာ ဘုရင်နန်းတော်သို့ သွားရန် ပြင်ဆင်ကြသည်။ သားငယ်က မိမိလည်း လိုက်လိုကြောင်း ပြောသည်။ သို့သော် အစ်ကိုကြီး နှစ်ယောက်က “တို့နဲ့ လိုက်လို့ မဖြစ်ဘူး။ မင်းဘာသာမင်း တောထဲမှာ မှိုနုတ်ပြီး နေခဲ့ပေတော့” ဟု ပြောကာ မြင်းစီး၍ ထွက်ခွာသွားကြသည်။

အစ်ကို နှစ်ယောက် ထွက်ခွာသွားသည်နှင့် ညီငယ်သည် သူ့ဖခင် ပေးခဲ့သော မြင်းဇက်ကြိုးကို ယူကာ လယ်ကွင်းထဲသို့ ထွက်ခွာသွားသည်။ ထို့နောက် ဖခင် သင်ပေးထားသည့် အတိုင်း “ငယ်ကျွန်တော် မြင်းကြီး၊ ကျွန်ုပ်ရဲ့ အမိန့်ကို နာခံစမ်း” ဟု အော်လိုက်သည်။ ထိုသို့ အော်လိုက်သည်နှင့် တစ်ပြိုင်နက် အလွန်ကြီးမားလှသော မြင်းကြီးတစ်ကောင် သူ့ထံသို့ ပြေးလာသည်။ မြင်းကြီး၏ ခွာသံများကြောင့် မြေပြင်မှာ သိမ့်သိမ့်တုန်နေသည်။ မြင်းကြီး၏ နှာခေါင်းပေါက်များနှင့် နားပေါက်များမှာလည်း မီးတိမ်များပမာ အခိုးအငွေ့များ ထွက်နေသည်။

မြင်းကြီးသည် ညီငယ်၏ ရှေ့၌ ခြေအစုံရပ်ကာ “ဘာ အလိုရှိပါသလဲ အရှင်” ဟု မေးလိုက်သည်။ ညီငယ်သည် မြင်းကြီး၏ ဇက်ကို ဆွဲ၍ ဇက်ကြိုးတပ်လိုက်သည်။ ပြီးလျှင် မြင်းကြီး၏ လက်ယာ နားပေါက်တွင်းသို့ ခုန်ဝင်ကာ လက်ဝဲ နားပေါက်မှ အပြင်သို့ ခုန်ထွက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုသို့ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် သူသည် အလွန်တရာ နုပျို၍ ချောမော လှပသော လုလင်ပျိုကလေး တစ်ဦးအသွင်သို့ ပြောင်းသွားသည်။ ထို့နောက် သူသည် မြင်းကြီး ပေါ်လွှားခနဲ ခုန်တက်ကာ ဘုရင်ကြီး၏ နန်းတော်ရှိရာသို့ ထွက်ခွာလာခဲ့သည်။ မြင်းကြီးသည် တောင်တန်းများ၊ လူနေအိမ်များနှင့် သစ်ပင်များကို လေ၏ လျှင်မြန်ခြင်းမျိုးဖြင့် ဖြတ်ကျော်လာ ခဲ့သည်။

နောက်ဆုံးတွင် ညီငယ်သည် ဘုရင့်နန်းတော်သို့ ရောက်ခဲ့သည်။ နန်းရင်ပြင်၌ လူပေါင်း များစွာဖြင့် ပြည့်ကျပ်နေသည်။ ဘုံ ၁၂ ဆင့်ရှိ နန်းပြာသာဒ်၏ ပြတင်းပေါက်၌ ကား ဘုရင့် သမီးတော်ကလေး ထိုင်နေသည်။

ဘုရင်ကြီးသည် နန်းတော် စင်္ကြံသို့ ထွက်လာပြီး "သမီးတော်ရဲ့ ဘုံ ၁၂ ဆင့် ရှိတဲ့ နန်းတော်ပေါ်သို့ ရောက်အောင် တက်နိုင်သူကို သမီးတော်နဲ့ ထိမ်းမြားပြီး တိုင်းပြည်တစ်ဝက် ကို အပ်နှင်းမယ်" ဟု ပြောလိုက်သည်။

မကြာမီပင် လုလင်ပျိုများသည် တစ်ယောက်ပြီးတစ်ယောက် မင်းသမီးလေး၏ ရဲတိုက် ပေါ်သို့ စတင် ကြိုးစား တတ်ရောက်ကြသည်။ သို့သော် မည်သူမျှ ရောက်အောင် မတက်နိုင် ပေ။ ညီငယ်၏ အစ်ကို နှစ်ဦးလည်း အများနည်းတူ ကြိုးစား၍ တက်ကြသည်။ သို့သော် အချည်းနှီးပင်။

ထို့နောက် ညီငယ်၏ အလှည့်သို့ ရောက်လာသည်။ ညီငယ်သည် မြင်းကြီးကို ကျယ် လောင်စွာ ဟီစေလျက် ဘုံ ၁၂ ဆင့် အမြင့်သို့ အရှိန်ပြင်းစွာဖြင့် ပြေးတက်သည်။ သို့သော် ထိပ်ဆုံးသို့ မရောက်၊ တတိယ အဆင့်အထိသာ ရောက်သည်။ နောက်တစ်ကြိမ် ထပ်မံ ကြိုးစားပြန်သည်။ ဤအကြိမ်တွင်မူ ပထမ အဆင့်သို့သာ ရောက်သည်။ ညီငယ်အတွက် ထပ်မံ ကြိုးစားရန် တစ်ကြိမ်သာ ကျန်တော့သည်။ ဤအကြိမ်တွင်မူ ညီငယ်သည် မြင်းကြီးအား ပတတ်ရပ်စေကာ မြင်း၏ နှာခေါင်းမှ အခိုးအငွေ့များ ထွက်သည်အထိ ကြိမ်ဖန်များစွာ လှည့်ပတ်၍ အရှိန်ယူသည်။ ထို့နောက် မင်းသမီးလေးရှိရာ ပြတင်းပေါက်သို့ ရောက်အောင် အရှိန်ပြင်းစွာဖြင့် ခုန်တတ်သည်။ ဤအကြိမ်တွင်မူ မင်းသမီးလေးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။ မင်းသမီးလေးလည်း သူ၏ လက်တွင် ဝတ်ဆင်ထားသော လက်စွပ်ဖြင့် ညီငယ်၏ နဖူးပြင်ကို တံဆိပ်တော် ခတ်နှိပ်ပေးလိုက်သည်။ လူပရိသတ်ကြီးလည်း ညီငယ်အား ဝိုင်းဝန်း တားဆီးရန် ကြံကြသည်။ သို့သော် မမီတော့ပေ။ ညီငယ်သည် ဖုန်လုံးကြီးများ ကြားတွင် ပျောက်ကွယ် သွားလေပြီ။

သူ့ရွာရှိ လယ်ကွင်းသို့ ပြန်ရောက်သော် ညီငယ်သည် မြင်းပေါ်မှ ဆင်းကာ မြင်းကြီး၏ လက်ယာ နားပေါက်အတွင်းသို့ ခုန်ဝင်လိုက်သည်။ ထို့နောက် လက်ဝဲဘက် နားပေါက်

www.burmeseclassic.com



အတွင်းမှ ပြန်ထွက်လိုက်သည်။ ထိုအခါ သူ၏ နဂိုမူလ ရုပ်ရည်အတိုင်း ပြန်ဖြစ်သွားသည်။ ထို့နောက် အိမ်သို့ ပြန်သွားကာ သူ့နဖူးတွင် မင်းသမီးကလေး ခတ်နှိပ်ပေးလိုက်သော တံဆိပ်တော်ကို ဖုံးကွယ်စေရန် အဝတ်စ တစ်ခုဖြင့် စည်းနှောင်၍ မီးဖိုဆောင်ရှိ အထပ်ခိုးပေါ်တွင် မူလကအတိုင်း ပြန်အိပ်ကာ ဟန်မပျက် နေလိုက်သည်။

မကြာမီ သူ၏ အစ်ကို နှစ်ယောက် ပြန်လာသည်။ သူတို့သည် သူတို့ တွေ့ခဲ့သည်များကို ညီငယ်အား ပြောပြနေကြသည်။

"မင်းသမီးလေးရဲ့ ကြင်ယာတော်အဖြစ် အရွေးခံဖို့ ရောက်လာကြတဲ့ သူ အများစုဟာ ချောမောလှပသူတွေချည်းပဲ။ ဒါပေမဲ့ တစ်ယောက်ကတော့ အားလုံးထက် သာတယ်။ သူဟာ မြင်းကြီးကို ပတတ်ရပ်ပြီး မင်းသမီးလေးရှိရာ ပြတင်းပေါက်ကို ရောက်အောင် သွားနိုင်တယ်။ သူလာတာကို တွေ့ရပေမဲ့ သူ ဘယ်တုန်းက ပြန်သွားလိုက်မှန်း မသိလိုက်ဘူး" ဟု ပြောသည်။

ညီငယ်က "အဲဒီ လူဟာ ကျွန်တော်ပဲလေ။ အစ်ကိုတို့ မသိကြဘူးလား" ဟု ပြောလိုက်သည်။

အစ်ကိုများက ညီငယ်အား "တွေ့ကရာတွေ ပြောမနေစမ်းပါနဲ့ကွာ။ မင်းဘာသာမင်း မီးဖိုချောင်မှာ အိပ်ပြီး မှိုတွေ စားနေစမ်းပါ" ဟု ဝိုင်းဝန်းလှောင်ပြောင်ကြသည်။

ထို့နောက် ညီငယ်သည် သူ့ဦးခေါင်းပေါ်ရှိ မင်းသမီးလေး၏ တံဆိပ်တော်အား ဖုံးကွယ်ထားသော အဝတ်စကို ဖြုတ်လိုက်သည်။ ထိုသို့ ဖြုတ်လိုက်သည်နှင့် တစ်ပြိုင်နက် သူတို့နေထိုင်ရာ တဲကလေးမှာ မီးထွန်းလိုက်သည့်ပမာ ထိန်ထိန်လင်းသွားတော့သည်။ အစ်ကိုနှစ်ဦးလည်း ကြောက်လန့်တကြားဖြစ်ကာ "မင်း ဘာတွေ လျှောက်လုပ်နေတာလဲ။ တို့အိမ်ကို မီးရှို့မလို့လား"ဟု အော်ဟစ် မေးလိုက်ကြသည်။

နောက်တစ်နေ့သို့ ရောက်သော် ဘုရင်မင်းမြတ်သည် သူ့တိုင်းပြည်ရှိ ယောကျ်ားပျိုအားလုံးကို နန်းရင်ပြင်သို့ လာရောက် စုရုံးစေသည်။ ညီငယ်၏ အစ်ကိုနှစ်ယောက်လည်း အများနည်းတူ သွားရောက်ကြသည်။ ညီငယ်က လိုက်လိုသော်လည်း လုံးဝ ခေါ်မသွားကြပေ။ ညီငယ်သည် သူတို့၏ နောက်မှ ခြေကျင်လျှောက်လျက် လိုက်ပါသွားတော့သည်။

ဘုရင့်နန်းတော်သို့ ရောက်သော် ညီငယ်သည် လူအုပ်ကြီး ရှိရာသို့ မသွားဘဲ ခပ်လှမ်းလှမ်းရှိ ထောင့်တစ်ထောင့်တွင် ထိုင်နေသည်။ မကြာမီ ဘုရင့်သမီးတော်သည် ဧည့်သည်များအား အရက်တစ်ခွက်စီ လိုက်တိုက်ရင်း ထိုသူများ၏ နဖူးတွင် သူခတ်နှိပ်ပေးလိုက်သော တံဆိပ်တော် ရှိမရှိ ရှာဖွေကြည့်ရှုသည်။ သို့သော် လုံးဝ မတွေ့ရပေ။

www.burmeseclassic.com



မကြာမီ မင်းသမီးကလေးသည် ညီငယ်၏ ရှေ့သို့ ရောက်လာသည်။ ညီငယ်အား တွေ့ရသောအခါ မင်းသမီးလေး၏ စိတ်ထဲတွင် အလွန် လှုပ်ရှားသွားသည်။ မင်းသမီးလေးက ညီငယ်အား "သင် ဘယ်သူလဲ။ ဘယ်က လာသလဲ။ သင့်ခေါင်းကို ဘာကြောင့် အဝတ်နဲ့ ပတ်ထားပါသလဲ" ဟု ချိုသာစွာ မေးမြန်းသည်။

ညီငယ်က "ကျွန်တော့် ခေါင်းမှာ ဒဏ်ရာရထားလို့ပါ" ဟု ဖြေသည်။ မင်းသမီးလေးသည် ညီငယ်၏ ခေါင်းပေါ်တွင် ပတ်ထားသော အဝတ်စကို ဖယ်လိုက်သည်။ ထိုအခါ ညီငယ်၏ နဖူးပေါ်ရှိ တံဆိပ်တော်မှ အရောင်များ ဖြာထွက်သွားသည်။ မင်းသမီလေးလည်း "ကျွန်မရဲ့ တံဆိပ်တော်ကို တွေ့ပြီ။ သူဟာ ကျွန်ုပ်ရဲ့ ဖူးစာရှင်ပဲ" ဟု ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

ဘုရင်ကြီးသည် ညီငယ်အား ကြည့်ပြီးလျှင် "ဒီလူဟာ သမီးတော်ရဲ့ ဖူးစာရှင် မဖြစ်နိုင်ပါဘူး။ သူဟာ ဆင်းရဲပြီး ညစ်ပတ်ပေရေနေတာပဲ" ဟု ပြောလိုက်သည်။

ထိုအခါ ညီငယ်က "ကျွန်တော်မျိုးကို မျက်နှာ သွားသစ်ခွင့် ပြုပါ အရှင်မင်းကြီး" ဟု ပြောလိုက်သည်။

ဘုရင်ကြီးလည်း ခွင့်ပြုလိုက်သည်။

ထို့နောက် ညီငယ်သည် ကွင်းပြင်ထဲသို့ ထွက်သွားပြီးလျှင် သူ့ဖခင် သင်ပေးခဲ့သည့် အတိုင်း ရွတ်ဆိုလိုက်သည်။ ထိုသို့ ရွတ်ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် မြင်းကြီးသည် သူ့ထံသို့ ပြေးလာတော့သည်။ မြင်းကြီး၏ ခွာသံကြောင့် မြေကြီးမှာ သိမ့်သိမ့်တုန်နေသည်။ မြင်းကြီး၏ နှာခေါင်းနှင့် နားနှစ်ဖက်မှာလည်း အခိုးအငွေ့များ ထွက်နေသည်။ ညီငယ်သည် မြင်းကြီး၏ လက်ယာဘက် နားပေါက်ထဲမှ ဝင်ပြီး လက်ဝဲဘက် နားပေါက်ထဲမှ ပြန်ထွက်လိုက်သည်။ ထိုသို့ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့အသွင်သည် နုပျိုလှပသော လုလင်ပျိုကလေး အသွင်သို့ ချက်ချင်း ပြောင်းသွားသည်။ နန်းတော်တွင်ရှိ လူများအားလုံးလည်း သူ့အား ကြည့်ကာ ဝိုင်းဝန်းသြဘာပေးကြသည်။

ဘုရင်ကြီးလည်း သူ့ကတိတိုင်း ညီငယ်နှင့် သမီးတော်ကို ထိမ်းမြားပေးကာ ညီငယ်ကို အိမ်ရှေ့အရာ အပ်နှင်းလိုက်လေသည်။ လိမ္မာပြီး ဖခင်၏ စကားကို နားထောင်သော ညီငယ်အား သူဆင်းရဲဘဝမှ လွတ်ကာ ဘုရင်အဖြစ် ရောက်ရှိသွားလေတော့သည်။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## သမီးလိမ္မာ

တရုတ်ပြည်တွင် ရှေးခေတ် ဘုရင်တစ်ပါး လက်ထက်က ဖြစ်သည်။ တစ်နေ့သော် ထိုမင်းသည် သူ၏ လက်ထက်တွင် အကြီးဆုံး စည်တော်ကြီးနှင့် အကြီးဆုံး ခေါင်းလောင်းကြီး ကို ပြုလုပ်ရန် အကြံ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် သူ၏ မှူးမတ်များကို ခေါ်ကာ တစ်ပြည် လုံးရှိ အတော်ဆုံး ကြေးသွန်းပညာရှင်များကို ရှာဖွေစုဆောင်းစေသည်။ ထို့ပြင် ခေါင်းလောင်း ကြီး သွန်းလုပ်ရာတွင် ခိုင်ခံ့တင့်တယ်၍ အသံသာစေရန် ကြေး၊ သံ၊ ရွှေ၊ ငွေများကိုပါ ထည့် သွင်း အသုံးပြုရန် ရှာဖွေ စုဆောင်းစေသည်။

မှူးမတ်များလည်း ဘုရင့်အမိန့်အတိုင်း ဆောင်ရွက်ကြရာ မကြာမီပင် ကျွမ်းကျင်သော ကြေးသွန်း ပညာရှင်များနှင့် တကွ လိုအပ်သော ပစ္စည်းများကို ပြည့်စုံစွာ စုဆောင်း ရရှိလာခဲ့ သည်။ ကြေးသွန်း ပညာရှင်များသည် ဧရာမ မီးဖိုကြီးများကို ဖိုကာ သတ္တုများကို စတင် အရည် ကျိုချက်ကြသည်။ ရက်ပေါင်းများစွာ ကြာသောအခါ သတ္တုများ အားလုံး အရည်ကျိုပြီး သွားသဖြင့် ခေါင်းလောင်းကြီးကို စတင် သွန်းလုပ်ကြတော့သည်။

ခေါင်းလောင်းကြီး သွန်းလောင်းပွဲသို့ ဘုရင်မင်းမြတ်နှင့် တကွ မှူးမတ်များသည် အခမ်း အနားဖြင့် ကြွရောက် ချီးမြှင့်ကြသည်။ အခမ်းအနားတွင် သာယာသော တေးသံများ သီဆို

www.burmeseclassic.com

www.burmeseclassic.com



တီးမှုတ်ကြသည်။ မိန်းမပျိုကလေးများကလည်း လှပစွာ ကခုန်ကြသည်။ သတ္တုရည်များကို ခေါင်းလောင်းကြီး သွန်းလုပ်မည့် ပုံစံခွက်ကြီး အတွင်းသို့ အပြည့်ထည့်ပြီး အေးခဲသွားသော အခါကျမှ ပုံစံခွက်ကြီးကို ခွဲထုတ်ရမည် ဖြစ်သည်။ ခေါင်းလောင်းကြီးမှာ ကြီးလွန်းသဖြင့် ဤသို့ သွန်းလောင်းပြီး အအေးခံရန် အတွက် နာရီပေါင်းများစွာ ကြာသည်။ အချိန် ကြာမြင့်လာသောအခါ စောင့်ကြည့်သူများသည် တဖြည်းဖြည်း ထပြန်ကုန်ကြသည်။ နောက်ဆုံးတွင် ကြေးသွန်းဆရာကြီးနှင့် သူ၏ တပည့်များသာ ကျန်တော့သည်။

နာရီပေါင်းများစွာ ကြာပြီးနောက် သတ္တုရည်များ ခဲသွားသောအခါ ခေါင်းလောင်းကြီး သွန်းသည့် ပုံစံ ခွက်ကြီးကို ခွဲထုတ်လိုက်ကြသည်။ ထိုအခါ ခေါင်းလောင်းကြီးသည် လှပချော မွတ်မနေဘဲ အပေါက်များ၊ အက်ကွဲကြောင်းများဖြင့် ပြည့်နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက် ရသည်။

ထိုသတင်းကို ဘုရင်မင်းမြတ်ကြားလျှင် အလွန်ပင် အမျက်ထွက်တော်မူသည်။ အချိန်နှင့် ငွေများစွာ ရင်းနှီးလိုက်ရသည့် အတွက်လည်း နှမြောရှာသည်။ သို့သော် ဘုရင်မင်းမြတ်က အခွင့်အရေး ပေးသည့်အနေဖြင့် ခေါင်းလောင်းကြီးကို နောက်တစ်ကြိမ် ထပ်မံ ပြုလုပ်ရန် ခွင့်ပြုသည်။ သူတို့သည် နောက်တစ်ကြိမ် ထပ်မံ ကြိုးစားကြပြန်သည်။ သို့သော် ဤတစ်ကြိမ် တွင်လည်း မအောင်မြင်ပေ။

ဘုရင်မင်းမြတ်သည် အလွန်ပင် အမျက်ထွက်တော်မူသည်။ ဘုရင်က ကြေးသွန်းဆရာ ကြီးအား ခေါ်ကာ "မောင်မင်းကို နောက်ဆုံး အခွင့်အရေးပေးတဲ့ အနေနဲ့ ဒီတစ်ကြိမ် ထပ်ပြီး ကြိုးစားခွင့် ပြုလိုက်မယ်။ ဒီတစ်ကြိမ်မှ မအောင်မြင်ရင်တော့ သင့်ကို သတ်ရလိမ့်မယ်။ ကဲ ကြိုးစားပေတော့" ဟု ပြောလိုက်သည်။ ကြေးသွန်း ဆရာကြီးလည်း စိတ်မချမ်းမြေ့စွာဖြင့် သူ၏ အိမ်သို့ ပြန်သွားလေသည်။

ကြေးသွန်း ဆရာကြီးတွင် အသက် ၁၅ နှစ် အရွယ်ရှိ ချစ်စဖွယ် ကောင်းသော သမီး ကလေး တစ်ဦးရှိသည်။ သူတို့ သားအဖ နှစ်ဦးသည် တစ်ဦးကို တစ်ဦး အထူးပင် ချစ်ခင်ကြလေ သည်။ ဖခင်ဖြစ်သူ ကြေးသွန်း ဆရာကြီးသည် စိတ်နှလုံး မချမ်းမြေ့စွာဖြင့် ပြန်ရောက်လာသည် ကို တွေ့ရလျှင် သမီးကလေးသည် အကျိုးအကြောင်းကို မေးသည်။ အကြောင်းစုံ သိရလျှင် သမီးကလေးက ဖခင်၏ တတိယ အကြိမ်မြောက် ကြိုးပမ်းမှုသည် အောင်မြင်မည် ဖြစ်ကြောင်း နှင့် ကမ္ဘာပေါ်တွင် ထူးခြားသော ခေါင်းလောင်းကြီး တစ်လုံးကို သွန်းလုပ်နိုင်မည်ဖြစ်ကြောင်း အားပေးပြောဆိုသည်။ သို့သော် ဖခင်ဖြစ်သူမှာ စိတ်မချမ်းမြေ့နိုင်ပေ။ သူသည် လုပ်ကိုင်စရာ ရှိသည်များကို စိတ်လေးစွာဖြင့်ပင် ဆက်လက် ပြုလုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးလိမ္မာကလေးသည် သူ့ဖခင် ပြုလုပ်မည့် ခေါင်းလောင်းကြီးအတွက် ဗေဒင်ဆရာ တစ်ဦးထံ သွားရောက်ကာ မေးမြန်းသည်။ ဗေဒင်ဆရာသည် အတန်ကြာအောင် တွက်ချက်ကြည့်ပြီးနောက် မိန်းမပျိုကလေး တစ်ဦးကို စတေး၍ ရောနှော သွန်းလောင်းမှသာ အောင်မြင်စွာ ပြီးဆုံးမည်ဟု ဟောလိုက်သည်။

သမီးလိမ္မာကလေးအဖို့ အသက်ရှူ ရပ်သွားမတတ် ခံစားလိုက်ရသည်။ သူ့ဖခင်၏ ခေါင်းလောင်းကြီး အောင်မြင်စွာ ပြီးဆုံးစေရန်အတွက် မည်သည့် မိန်းမပျိုက လာရောက် အသက် စတေးခံကာ ကူညီပါမည်နည်း။ မိမိမှတစ်ပါး မည်သူကမျှ ကူညီမည် မဟုတ်။ ထိုတာဝန်ကို မိမိ ယူမှသာ မိမိ၏ ဖခင် အသက်ချမ်းသာရာ ရပေမည်။ သူသည် အမျိုးမျိုး တွေးတောပြီးနောက် ဖခင်ကို ကူညီရန် ဆုံးဖြတ်လိုက်တော့သည်။

သူသည် တစ်ညလုံး မအိပ်နိုင်ဘဲ သည်းထန်စွာ ငိုကြွေးနေသည်။ နံနက်လင်းသော အခါတွင်မူ သူသည် မျက်ရည်များကို သုတ်လိုက်ပြီးနောက် ဖခင်ရှိရာသို့ လာခဲ့သည်။ ဖခင်၏ တတိယ အကြိမ်မြောက် ခေါင်းလောင်း သွန်းလုပ်ပွဲသို့ သူ့အား တက်ရောက်ခွင့် ပြုရန် ခွင့်တောင်းသည်။ သမီး၏ အကြံကို မသိသဖြင့် ဖခင်ကလည်း ခွင့်ပြုလိုက်သည်။

ခေါင်းလောင်းကြီးကို တတိယအကြိမ် သွန်းလုပ်သောနေ့သို့ ဆိုက်ရောက်လာခဲ့သည်။ သမီးလိမ္မာကလေးသည် သူ၏ အထိန်းတော်ကြီးနှင့် အတူ အခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားသို့ လာရောက် ကြည့်ရှုသူ ပရိသတ်ကြီးမှာ များပြားလှသည်။ အားလုံး ကပင် ယခုတစ်ကြိမ် မအောင်မြင်လျှင် ကြေးသွန်းဆရာကြီး သေရတော့မည်ကို တွေးကာ စိတ်မကောင်း ဖြစ်နေကြသည်။

မကြာမီပင် အချိန်ကျရောက်လာပြီး ဖြစ်၍ ခေါင်းလောင်းကြီး ပြုလုပ်ရန် အတီးအမှုတ်၊ အကအခုန်များဖြင့် သတ္တုရည်များကို စတင် သွန်းလောင်းတော့သည်။ အတန်ကြာသော် ခေါင်းလောင်းသွန်းမည့် ပုံစံခွက်ကြီး တစ်ခုလုံး သတ္တုရည်များ ပြည့်သွားတော့သည်။ ထိုသို့ ပြည့်သွားသည်နှင့် သမီးကလေးသည် သူ့ဖခင် ကြေးသွန်းဆရာကြီးဘက်သို့ လှည့်ကာ "သွားပြီ၊ အဖေရေ၊ သွားပြီ" ဟု ဆိုပြီး သတ္တုရည်များသွန်းသော ပုံစံခွက်ကြီး အတွင်းသို့ ခုန်ချလိုက်လေတော့သည်။

ပရိသတ်ကြီးသည် အံ့အားသင့်ကာ ကြောက်လန့်တကြား အော်ဟစ်ကြသည်။ တေးဂီတသံများလည်း ရပ်ဆိုင်းသွားသည်။ ဘုရင်မင်းမြတ်ကိုယ်တိုင်ပင် ရုတ်တရက် ကြက်သေသေနေသည်။ ထိုခဏမှာပင် ပုံစံခွက်အတွင်းရှိ အရည်များသည် ဝင်းဝါတောက်ပသော

www.burmeseclassic.com

www.burmeseclassic.com



အရှောင်သို့ ပြောင်းလဲသွားသည်။ သို့သော် သမီးလိမ္မာလေးကိုကား မတွေ့ရတော့ပေ။ သူ့ကိုယ်စား သူ၏ ဖိနပ်ကလေးကိုသာ တွေ့ရတော့သည်။

အချိန်တန်၍ ပုံစံခွက်ကြီးကို ခွဲထုတ်လိုက်သော အခါတွင်ကား အပြစ်အနာ ကင်းစင်၍ အလွန်လှပသော ခေါင်းလောင်းကြီးကို တွေ့ရတော့သည်။ ခေါင်းလောင်းကြီး၏ အသံမှာလည်း အထူးပင် သာယာလှပေသည်။ တစ်ချက် တစ်ချက်တွင်သာ "ဂျစ်... ဂျစ်" ဟူသော အသံလေးကို ကြိုးကြား ကြိုးကြား ကြားကြရသည်။ ယင်းအသံလေးသည် သမီးလိမ္မာလေးက သူ့ဖိနပ်ကလေး ပျောက်ဆုံးသွားမှုကို ပြန်ရှာပေးရန် တောင်းပန်နေသော အသံကလေးဟု အများက ထင်မှတ်ကြပေသည်။ ဖခင် ကြေးသွန်းဆရာကြီးသည် ဝမ်းနည်းပူဆွေးမဆုံးရှိရာ သမီးလိမ္မာ၏ မေတ္တာကို အံ့ချီးမဆုံး ရှိရလေသည်။ ပရိသတ်များသည် ဖခင်အတွက် အသက်စွန့်ကာ ကူညီသွားသော သမီးလိမ္မာလေး အကြောင်းကို တသသ ပြောမဆုံး အောင်ရှိနေကြပေတော့သည်။

(တရုတ်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ညီအစ်ကို နှစ်ဦး

တစ်ရံရောအခါက အီဂျစ်ပြည်တွင် ညီအစ်ကို နှစ်ယောက်ရှိသည်။ အစ်ကိုကြီး ဖြစ်သူသည် အိမ်တစ်လုံးနှင့် တကွ လယ်ယာများ၊ ကျွဲနွားများ အမြောက်အမြားကို ပိုင်ဆိုင်သည်။ ညီငယ်မှာ ဘာမျှ မပိုင်ဆိုင်ရကား အစ်ကိုဖြစ် သူထံတွင် လုပ်ခစား အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ရရှာသည်။

ညီငယ်သည် အစ်ကိုထက်ပို၍ အလုပ်ကျွမ်းကျင်သည်။ သူသည် မျိုးစေ့များ အကြောင်းနှင့် ကောက်ပဲသီးနှံများ အကြောင်းကို နှံ့စပ်သည်။ ထို့ပြင် နွားများကိုလည်း လိမ္မာယဉ်ကျေးအောင် သင်ကြားပေးနိုင်သည်။ ဤအကြောင်းများကြောင့် အစ်ကိုကြီး၏ ဇနီးသည် ညီငယ်အပေါ် မနာလိုဝန်တို ဖြစ်မိသည်။ သူသည် သူ့ခင်ပွန်းအား ညီငယ်နှင့် ပတ်သက်ပြီး မကြာခဏ ကုန်းချောစကား ပြောခဲ့သည်။

တစ်နေ့သော် ညီအစ်ကို နှစ်ဦးသည် ထုံးစံအတိုင်း လယ်ထွန်သွားကြသည်။ လယ်တစ်ဝက် အရောက်တွင် မျိုးစေ့များ အိမ်တွင် မေ့ကျန်ခဲ့မှန်း သိကြသည်။ အစ်ကိုသည် ညီငယ်အား စေလွှတ်၍ သွားယူစေသည်။ အစ်ကို၏ ဇနီးသည် ညီငယ်အား မျိုးစေ့များ လုံးဝ မပေး

www.burmeseclassic.com

www.burmeseclassic.com



ဘဲ နှင်ထုတ်လိုက်သည်။ ညီငယ်လည်း စိတ်ပျက် လက်ပျက်ဖြင့် ပြန်လာသည်။ သူသည် မျိုးစေ့များမပါဘဲ အစ်ကိုရှိရာသို့ မပြန်လိုပေ။

အစ်ကိုသည် အတန်ကြာသည်အထိ ညီငယ် ပြန်မလာသောအခါ စိတ်ပူပြီး အိမ်သို့ လိုက်လာသည်။ သူသည် အိမ်တွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ကြမ်းပေါ်တွင် လဲကျနေသော သူ့ဇနီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ဇနီးက သူ့အား မတ်တော်မောင်က ရိုက်နှက် တွန်းထိုးခဲ့သည်ဟု လိမ်လည် တိုင်ကြားသည်။ အစ်ကိုသည် ဇနီးသည်၏ စကားကို ယုံကာ ညီငယ်အား ပြန်လည် လက်စားချေရန် အပူတပြင်း လိုက်လံရှာဖွေသည်။

ညီငယ်နှင့် တွေ့သောအခါ ညီငယ်က သူ့အပေါ် မရိုးဖြစ်သူ၏ အကောက်ကြံပုံကို ရှင်းပြလိုက်သည်။ အစ်ကိုလည်း အဖြစ်မှန်ကို သိသွားသည်။ ညီငယ်က "အစ်ကို့ဇနီးဟာ ကျွန်တော့်ကို အမြဲပဲ မုန်းတီးပြီး မကောင်းကြံနေမှာပဲ။ ဒါကြောင့် အစ်ကိုတို့ အိမ်မှာ ကျွန်တော် ဆက်မနေပါရစေနဲ့တော့။ တခြား တိုင်းပြည် တစ်ပြည်မှာ သွားနေပါရစေ။ အဲဒီမှာ နေတုန်း ကျွန်တော် ဒုက္ခနဲ့ ရင်ဆိုင်ရပြီ ဆိုရင်တော့ ကျွန်တော့်ဆီကို အစ်ကို အမြန် လိုက်လာခဲ့ပါ။ အစ်ကိုနဲ့ ကျွန်တော် အမှတ်အသား တစ်ခု လုပ်ထားကြရအောင်။ ကျွန်တော့်ရဲ့ အသည်းနှလုံးကို မှော်အတတ်နဲ့ ထုတ်ယူပြီး အဲဒီ တိုင်းပြည်က အမြင့်ဆုံး ထနောင်းပင် တစ်ပင်ပေါ်မှာ ချိတ်ဆွဲထားမယ်။ အကယ်၍ ထနောင်းပင် လဲကျပြီး ကျွန်တော့် နှလုံး မြေပေါ် ကျပြီးဆိုရင်တော့ ကျွန်တော် ဒုက္ခရောက်ပြီလို့သာ မှတ်လိုက်ပါတော့" ဟု ပြောသည်။

အစ်ကိုက "ဒီလို ထနောင်းပင်လဲကျပြီ ဆိုတာကို အစ်ကိုက ဘယ်လိုလုပ်ပြီး သိနိုင်မလဲ" ဟု ပြန်မေးလိုက်သည်။ ညီငယ်က "လွယ်ပါတယ်၊ ဒီလိုဖြစ်ပြီဆိုရင် ဖျော်ရည် အပြည့်ထည့်ထားတဲ့ ကရားတစ်ခု ရောက်လာပါလိမ့်မယ်။ ဒီကရား ရောက်လာရင် အစ်ကိုကြီး လာခဲ့ပေတော့" ဟု ပြန်ပြောသည်။

ထို့နောက် ညီငယ်သည် အစ်ကိုအား နှုတ်ဆက်ကာ ထွက်ခွာသွားသည်။ မကြာမီပင် သူသည် အခြား ကျွန်းတစ်ကျွန်းသို့ ဘေးမသီရန် မခဘဲ ရောက်ရှိသွားသည်။ သူသည် ထိုကျွန်းတွင် အလုပ်ကို ကြိုးစား လုပ်ကိုင်ရာ တဖြည်းဖြည်း ကြီးပွားချမ်းသာလာသည်။ သူသည် သူ၏ အသည်းနှလုံးကို စိတ်ညို့၍ ထုတ်ယူကာ အမြင့်ဆုံး ထနောင်းပင် တစ်ပင်ပေါ်တွင် ချိတ်ဆွဲထားလိုက်သည်။

နှစ်အတန်ကြာလာသော် သူသည် အလွန် လှပချောမောသော မိန်းမပျိုကလေး တစ်ဦးနှင့် တွေ့ဆုံကာ မေတ္တာမျှမိသည်။ ထို့နောက် သူတို့ နှစ်ဦး လက်ထပ်လိုက်ကြသည်။ အမှန်စင်စစ်မှာ သူ့ဇနီးသည် ရုပ်ရည်ချောမောသော်လည်း စိတ်ထား မကောင်းပေ။ သူ့အစ်ကို၏

www.burmeseclassic.com



ဇနီးကဲ့သို့ပင် သူတစ်ပါးကို မနာလိုစိတ်ရှိသည်။ သူတစ်ပါး ဒုက္ခရောက်အောင် ပြုတတ်သည်။ ထို့ပြင် သစ္စာလည်း မရှိပေ။

သူဇနီး၏ ချောမောလှပမှု သတင်းသည် အနယ်နယ် အရပ်ရပ်သို့ ကျော်ကြားသွားပြီး ထိုကျွန်းကို အုပ်ချုပ်သော ဘုရင်၏ နားသို့ပင် ပေါက်သွားတော့သည်။ တစ်နေ့သော် ညီငယ် အမဲလိုက်သွားနေစဉ် ဘုရင်၏ အထောက်တော်များသည် ညီငယ်၏ ဇနီးထံ ရောက်ရှိလာကြသည်။ သူတို့သည် ညီငယ်၏ ဇနီးအား ဘုရင့်နန်းတော်သို့ လိုက်ခဲ့ရန် ပြောကြသည်။ ညီငယ်၏ ဇနီးသည် မလိုက်ပါလိုကြောင်း အမျိုးမျိုး ငြင်းဆိုသည်။ ဤတွင် အထောက်တော်များက ဘုရင့်နန်းတော်ကြီး၏ ကြီးကျယ်ခမ်းနားပုံများကို ရှင်းလင်း ပြောပြကြကာ အလည်အပတ် လိုက်ခဲ့ရန် ခေါ်ကြသည်။ ထိုအခါ ညီငယ်၏ ဇနီးသည် စိတ်ဝင်စားကာ သူတို့နှင့် အတူ နန်းတော်သို့ လိုက်ပါသွားလေသည်။

နန်းတော်သို့ ရောက်သော် ဘုရင်သည် သူ့အား ကောင်းမွန်စွာ ကြိုဆို ဧည့်ခံသည်။ သူသည် စည်းစိမ် ယစ်မူးနေသဖြင့် အိမ်တွင် ကျန်ခဲ့သော ခင်ပွန်းသည်ကိုပင် မေ့နေသည်။ ရက်ပေါင်းများစွာ ကြာမှ သတိရလာသည်။ တစ်ဆက်တည်းမှာပင် သူခင်ပွန်း မရှိလျှင် သူသည် မိဖုရား ဖြစ်မည်ဟုလည်း တွေးလာသည်။ ထို့ကြောင့် ဘုရင့်အား သူ့ခင်ပွန်း၏ လျှို့ဝှက်ချက်ကို ပြောပြလိုက်တော့သည်။

ဘုရင်သည် သူ၏ တပည့်များကို ခေါ်ကာ ညီငယ်၏ အသည်းနှလုံးရှိရာ ထနောင်းပင်ကို ခုတ်လှဲပစ်စေသည်။ ဤသို့ဖြစ်သည်နှင့် တစ်ပြိုင်နက် နေရင်း တိုင်းပြည်တွင် ကျန်ခဲ့သော ညီငယ်၏ အစ်ကိုထံ ဖျော်ရည်အပြည့် ထည့်ထားသော ကရားတစ်ခု ရောက်လာသည်။ အစ်ကိုလည်း ညီငယ် ဒုက္ခရောက်ပြီဟု သိကာ ညီငယ်ထံ ချက်ချင်း လိုက်လာသည်။ သူသည် ညီငယ်အား နေရာအနှံ့ လိုက်ရှာရာ နောက်ဆုံးတွင် မြေပေါ်တွင် လဲကျပြီး သေလုမြောပါး ဖြစ်နေသော ညီငယ်ကို တွေ့ရသည်။ သူသည် ညီငယ်၏ အသည်းနှလုံးရှိရာ ထနောင်းပင်ကို လိုက်ရှာသည်။ မကြာမီပင် ထနောင်းပင်ကို တွေ့သည်။ သို့သော် ထနောင်းပင် ထိပ်ဖျားတွင် အသည်းနှလုံးကို မတွေ့ဘဲ အလွန် ကြီးမားသော သစ်သီးကြီး တစ်လုံးကိုသာ တွေ့ရသည်။ သူသည် ထိုသစ်သီးကြီးအား ညီငယ်၏ နှလုံးသား ဖြစ်ရမည်ဟု ယူဆကာ ကောင်းမွန်စွာ ယူဆောင်လာသည်။ ထို့နောက် ယင်းကို ရေထဲသို့ ချပေးလိုက်သည်။ အတန်ကြာလျှင် ညီငယ်သည် ပြန်လည် ကျန်းမာလာသည်။ ညီအစ်ကိုနှစ်ဦးမှာ ဝမ်းသာမဆုံး ရှိကြလေသည်။ ထို့နောက် ညီငယ်က အစ်ကိုအား "အစ်ကိုရေ၊ ဒီလို ယုတ်မာရက်စက်တဲ့ မိန်းမကို ပြန်ပြီး ပညာပြချင်တယ်။ ကျွန်တော့် နွားထီး လှလှကြီး တစ်ကောင် အယောင်ဆောင်မယ်။ အစ်ကိုက

www.burmeseclassic.com



ကျွန်တော့်ကို ဘုရင့်ဆီ သွားပြီး ဆက်သပါ။ နန်းတော်ထဲကို ကျွန်တော်ရောက်မှ မိန်းမယုတ်ကို ပြန်ပြီး အပြစ်ပေးရမယ်" ဟု ပြောသည်။ ထို့နောက် သူတို့ ညီအစ်ကိုသည် သူတို့၏ အကြံ အတိုင်း ဆောင်ရွက်ကြသည်။

ဘုရင်သည် အစ်ကိုဖြစ်သူ ဆက်သသော လှပသည့် နွားထီးကြီးကို နှစ်သက်လွန်းရကား အစ်ကိုအား ဆုတော် လာဘ်တော်များ ပေးသနားသည်။ နွားကြီးကိုလည်း ကောင်းစွာ မွေးမြူထားသည်။ နွားထီးကြီး တစ်ဖြစ်လဲ ညီငယ်သည် နန်းတော် အတွင်း၌ သူ၏ ဇနီးကို လိုက်ရှာသည်။ တွေ့သည်နှင့် အကျိုးအကြောင်း ပြောပြတော့သည်။

ညီငယ်၏ ဇနီးသည် အလွန်ပင် ကြောက်ရွံ့နေသည်။ နောက်ဆုံးတွင် သူသည် အကြံ ရကာ မကျန်းမမာဟန်ဆောင်သည်။ ဘုရင်က အကျိုးအကြောင်း မေးလျှင် နွားထီးကြီး၏ အသည်းနှလုံးကို မစားရက သေရပါလိမ့်မည်ဟု လျှောက်ထားသည်။

ဘုရင်သည် နွားထီးကြီးကို အလွန် ချစ်မြတ်နိုးရကား လုံးဝ မသတ်လိုပေ။ သို့သော် မိဖုရားက အမျိုးမျိုး ပူဆာသည့်အတွက် နောက်ဆုံးတွင် လိုက်လျောလိုက်ရတော့သည်။

မင်းချင်းတို့သည် နွားထီးကြီးကို သတ်လိုက်ကြသည်။ နွားထီး၏ လည်ချောင်းသွေး နှစ်စက်သည် မြေပေါ်သို့ ကျသည်နှင့် တစ်ပြိုင်နက် ချောင်းငယ်ကလေးများ အသွင်သို့ ချက်ချင်း ကူးပြောင်းသွားပြီး ဘုရင်၏ နန်းတော် တံခါးဝတိုင်အောင် စီးဆင်းသွားသည်။ နန်းတော်တံခါး ဝသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ယင်းတို့သည် ထနောင်းပင် ညီနောင် အဖြစ်သို့ ထူးဆန်းစွာ ပြောင်းလဲသွားသည်။

ထိုသတင်းကို ကြားလျှင် ဘုရင်နှင့် ညီငယ်၏ ဇနီးတို့သည် လာရောက် ကြည့်ရှုကြ သည်။ ထိုအခါ အပင်မှ အကိုင်း တစ်ကိုင်းသည် ညီငယ်၏ ဇနီးအပေါ်သို့ ကိုင်းညွတ်ကျလာပြီး လျှင် "ငါ မသေဘူးကွ၊ မသေဘူး" ဟု ညီငယ်၏ အသံဖြင့် ပြောလိုက်သည်။

ညီငယ်၏ ဇနီးသည် အလွန်ကြောက်ရွံ့ပြီးလျှင် ထိုအပင်ကြီးကို ခုတ်လှဲပစ်စေသည်။ ဘုရင်သည် ထိုအပင်ကြီးကို သဘောကျသဖြင့် မခုတ်လိုပေ။ သို့သော် ညီငယ်၏ ဇနီးက အမျိုးမျိုး ပူဆာသည့်အတွက် နောက်ဆုံးတွင် လိုက်လျောလိုက်ရသည်။

မင်းချင်းတို့သည် အပင်ကို ခုတ်လှဲကြသည်။ ဤတွင် အပင်မှ သစ်စကြီး တစ်စသည် ညီငယ်၏ ဇနီးရှိရာသို့ လွင့်စဉ်ထွက်သွားသည်။ ထိုသစ်စကြီးသည် ညီငယ်ဇနီး၏ ပါးစပ်တွင်း သို့ တည့်တည့်မတ်မတ် စိုက်ဝင်သွားသည်။ ညီငယ်၏ ဇနီးသည် ပွဲချင်းပြီး သေဆုံးသွားတော့ သည်။

www.burmeseclassic.com




သူ၏ ဇနီး မရှိတော့သည်နှင့် ညီငယ်သည် ပြန်လည် အသက်ရှင်လာသည်။ သူတို့ ညီအစ်ကိုသည် ဘုရင်အား အကျိုးအကြောင်း ပြောပြကြသည်။ ဘုရင်သည် အဖြစ်မှန်ကို သိသွားသည်။ ညီငယ်ကို အလွန် သနားသွားသည်။ သူသည် ညီငယ်အား အိမ်ရှေ့အရာ ပေးလိုက်သည်။ သူတို့နှစ်ဦး တစ်သက်ပတ်လုံး အေးချမ်းစွာ နေထိုင်သွားကြလေသည်။

(အီဂျစ်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ပညာရှိအမတ်ကြီး

တစ်ခါသော် မဏိပူရမင်းသားသည် ဒေလီမြို့သို့ အလုပ်ကိစ္စတစ်ခုဖြင့် လာရောက်သည်။ သူ လာရောက်သည်ကို မည်သူ့အားမျှ အသိမပေးဘဲ တိတ်တဆိတ် လာရောက်ခဲ့သည်။ သူနှင့်အတူ နောက်လိုက်နောက်ပါ အခြွေအရံ တစ်ဦးမျှ ခေါ်မလာခဲ့ပေ။ လမ်းတွင် သူသည် လမ်းနံဘေး၌ ထိုင်နေသော သူဆင်းရဲ တစ်ယောက်ကို တွေ့သည်။ ထိုသူသည် အားအင်ချည့်နဲ့ပြီး မောပန်းနွမ်းနယ်နေရှာသည်။

မင်းသားသည် ထိုသူအား သနားကရုဏာ သက်မိသဖြင့် "သင် ဘယ်ကိုသွားမလို့လဲ" ဟု မေးလိုက်သည်။ ထိုသူက "ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ဒေလီမြို့ကို သွားမလို့ပါ။ အဲဒီမြို့ကို ဒီည မိုးမချုပ်ခင် ရောက်လိမ့်မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် သိပ်ပြီး မောပန်းနေလို့ ဒီမြို့ကို ရောက်ဖို့ မလွယ်ပါဘူး" ဟု ပြန်ပြောသည်။

မင်းသားသည် မြင်းပေါ်မှ ဆင်းပြီး ထိုသူ့အား သူ့မြင်းပေါ်သို့ တက်ရန် ပြောသည်။ ထို့နောက် မင်းသားက "တကယ်လို့ ခင်ဗျားသာ မြင်းကို ဖြည်းဖြည်း စီးသွားမယ်ဆိုရင် ကျွန်တော်လည်း တဖြည်းဖြည်း လျှောက်ပြီး လိုက်လာခဲ့ပါမယ်။ ကျွန်တော် လမ်းလျှောက်ရတာကို နှစ်သက်ပါတယ်။ ကျွန်တော်လည်း ဒေလီမြို့ကို သွားမလို့ပါပဲ။ ဒါပေမဲ့ လမ်းကောင်း

www.burmeseclassic.com



ကောင်း မသိဘူး။ ခင်ဗျား ကျွန်တော့်ကို လမ်းပြနိုင်လိမ့်မယ်လို့ ထင်ပါတယ်" ဟု ပြောလိုက်သည်။

သူဆင်းရဲသည် မင်းသား၏ စကားကို ကြားသည်နှင့် တစ်ပြိုင်နက် မြင်းပေါ်သို့ ဝမ်းမြောက်ဝမ်းသာ လှမ်းတက်လိုက်သည်။ မင်းသားသည် သူ၏ နံဘေးမှ လမ်းလျှောက်လျက် လိုက်ပါလာသည်။ မြို့တံခါးဝသို့ ရောက်သော် မင်းသားသည် ထိုသူဆင်းရဲအား မြင်းပေါ်မှ ဆင်းရန် ပြောသည်။

သူဆင်းရဲသည် မင်းသားအား အံ့သြတကြီး ကြည့်ကာ "ဘာကြောင့် ကျုပ် မြင်းပေါ်က ဆင်းရမှာလဲ" ဟု မေးလိုက်သည်။

ထိုအခါ မင်းသားက "ကျွန်တော်တို့ အခု မြို့ကို ရောက်ပြီလေ။ လမ်းခွဲကြစို့။ ဒီနေရာမှာ ခရီးဆုံးပါပြီ။ သိပ်အချိန်ဆွဲနေလို့ မဖြစ်တော့ပါဘူး" ဟု ပြောလိုက်သည်။

သူဆင်းရဲက "ခင်ဗျားကြိုက်တဲ့နေရာကို သွားနိုင်ပါတယ်။ ခင်ဗျားကို ကျုပ် မတားပါဘူး" ဟု ပြောသည်။

မင်းသားက "ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့မြင်းကို အလျင်ဆုံး ပြန်ပေးပါဦး" ဟု ပြောလိုက်သည်။

"ဘာပြောတယ်။ ခင်ဗျား မြင်း၊ ဟုတ်လား" ဟု သူဆင်းရဲက ပြန်မေးလိုက်သည်။

မင်းသားက "ဟုတ်တယ်လေ၊ ခင်ဗျားက ငြင်းချင်သေးလို့လား" ဟု မေးလိုက်သည်။

ထိုအခါ သူဆင်းရဲက "ခင်ဗျားက စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ကို သက်သက် အနိုင်ကျင့်တာပဲ။ ခင်ဗျား လမ်းမသိဘူး ဆိုလို့လည်း ကျုပ်က လမ်းပြရသေးတယ်။ အခုတော့ ကျုပ်ရဲ့ မြင်းကို ခင်ဗျားရဲ့မြင်းလို့ ပြောနေပြီ" ဟု ပြန်ပြောလိုက်သည်။

မင်းသားက "ခင်ဗျားရဲ့ မြင်း ဟုတ်စ" ဟု အံ့သြတကြီး ရေရွတ်လိုက်သည်။

သူဆင်းရဲက "ဟုတ်တယ်" ဟု ပြန်ဖြေလိုက်သည်။

မင်းသားနှင့် သူဆင်းရဲတို့ အပြန်အလှန် ငြင်းခုံကြပြီး နောက်ဆုံးတွင် တရား ဆုံးဖြတ်ရာတွင် အလွန်ထင်ရှားကျော်ကြားလှသော ပညာရှိ အမတ်ကြီး ထံသို့ ရောက်သွားကြသည်။ ထိုအချိန်တွင် အမတ်ကြီးသည် အမဲသားသည်နှင့် ဆီကုန်သည်တို့ နှစ်ဦး၏ အမှုကို ကြားနာ စစ်ဆေးနေသည်။

ရှေးဦးစွာ အမတ်ကြီးက ဆီကုန်သည်အား အဖြစ်အပျက်ကို ပြောပြစေသည်။ ဆီကုန်သည်က "မှန်လှပါ အရှင်၊ ကျွန်တော်မျိုးဟာ ဆိုင်မှာ ထိုင်ပြီး ငွေတွေကို ရေတွက်ကာ စာရင်းရေး နေတုန်း အမဲသားသည်က ဆီလာဝယ်ပါတယ်။ ကျွန်တော်မျိုးလည်း သူ လိုချင်တဲ့

www.burmeseclassic.com



ဆီကို ရောင်းပြီး ရတဲ့ငွေကို စာရင်း စာအုပ်ထဲမှာ ထပ်မံ ရေးမှတ်နေပါတယ်။ ဒီအချိန်မှာ အမဲသားသည်ဟာ ကျွန်တော်မျိုး အနားမှာ ချထားတဲ့ ငွေအိတ်ကို ယူပြီး၊ထွက်သွားပါတယ်။ ကျွန်တော်မျိုး လှမ်းမြင်လိုက်တဲ့အတွက် သူ့ဆီက ငွေအိတ်ကို ပြန်ယူပါတယ်။ သူက သူ့ရဲ့ငွေအိတ်လို့ ပြောပြီး ကျွန်တော်မျိုးကို ရန်မူပါတယ်" ဟု ပြောသည်။

ထို့နောက် ပညာရှိအမတ်ကြီးသည် အမဲသားသည်အား တစ်လှည့် မေးမြန်းပြန်သည်။ အမဲသားသည်က "ဒီလူဟာ သက်သက်မဲ့ လိမ်ပြောနေတာပါ။ ကျွန်တော်မျိုးဟာ သူ့ထံက ဆီဝယ်ပြီးတဲ့နောက် ဒီအိတ်ထဲက ငွေထုတ်ပေးပြီး ပြန်ထွက်လာပါတယ်။ အဲဒီမှာ ဆီသည်က သူ့ငွေအိတ်ကို ကျွန်တော်မျိုး ခိုးပါတယ်လို့ ပြောပြီးနောက်က ပြေးလိုက်လာပါတယ်။ အဲဒီ အချိန်က ဆိုင်ထဲမှာ ဘယ်သူမှ မရှိကြလို့ ကျွန်တော်မျိုးမှာ သက်သေပြစရာတော့ မရှိပါဘူး" ဟု ပြန်ဖြေသည်။

ပညာရှိ အမတ်ကြီးက "ကောင်းပြီ၊ ငွေအိတ်ကို ကျွန်ုပ်ထံမှာ ထားခဲ့ကြ။ နက်ဖြန် ဒီအချိန်ကျရင် ပြန်လာခဲ့ကြ" ဟု ပြောကာ ပြန်လွှတ်လိုက်သည်။

ဒုတိယ အမှုသည်မှာ အဘွားအိုတစ်ဦး ဖြစ်သည်။ အဘွားအိုသည် ခရီးထွက်ခွာ ရန် ရှိ၍ သူပိုင်ဥစ္စာရတနာများ ထည့်ထားသော သေတ္တာတစ်လုံးကို သူ့ရွာရှိ တရားသူကြီးထံ အပ်နှံခဲ့သည်။ "အဘွားက တရားသူကြီးကို စိတ်ချ ယုံကြည်စွာနဲ့ အပ်နှံခဲ့တာပါ။ ဒါပေမဲ့ ကျွန်မ ပြန်ရောက်လာလို့ သေတ္တာကို ပြန်တောင်းတဲ့အခါမှာတော့ သူက ရတနာသေတ္တာကို အဘွား မအပ်ဖူးဘူးလို့ ငြင်းဆိုပါတယ်" ဟု တိုင်ကြားသည်။

အမတ်ကြီးသည် အတန်ကြာ စဉ်းစားနေသည်။ ထို့နောက် အဘွားအိုအား "ဒီတရား သူကြီးဆီကို တစ်ခေါက် ထပ်သွားပြီး သေတ္တာကို တောင်းချေ" ဟု ပြောသည်။ အဘွားအိုက "ရမှာမဟုတ်ဘူး။ အလျင်တစ်ခေါက်ကလိုပဲ ငြင်းဦးမှာပါ" ဟု ပြောသည်။

အမတ်ကြီးက "ထပ်ကြိုးစား ကြည့်ပါဦး။ နက်ဖြန် ဒီအချိန်ကျရင် တစ်ခေါက် ပြန်လာ ခဲ့ပြီး အကျိုးအကြောင်း ကျွန်ုပ်ကို ပြန်ပြောပြပါ" ဟု စေခိုင်းလိုက်သည်။ ထိုအဘွားအို ထွက်သွားသောအခါ အမတ်ကြီးသည် မင်းသားဘက်သို့ လှည့်ကာ အကျိုးအကြောင်းကို ယဉ်ကျေးစွာ မေးမြန်းသည်။ မင်းသားလည်း အကျိုးအကြောင်းကို ရှင်းပြသည်။ ထို့နောက် တရားသူကြီးက "ဒီမြင်းကို ကျွန်ုပ်ထံမှာ ထားခဲ့ပါ။ နက်ဖြန်ကျရင် မြင်းပိုင်ရှင်အစစ်ထံ ဒီမြင်းကို ပြန်အပ်ပါ့မယ်" ဟု ပြောလိုက်သည်။

အမှုသည် နှစ်ဦး ထွက်ခွာသွားသောအခါ အမတ်ကြီးသည် သူ၏ မင်းချင်းတစ်ဦးအား ခေါ်ကာ မြင်းနှင့် အတူ အမှုသည် နှစ်ဦးနောက်မှ တိတ်တဆိတ် လိုက်ပါစေသည်။ အတန်

www.burmeseclassic.com

www.burmeseclassic.com



ကြာလျှင် မြင်းအား လွှတ်လိုက်ကာ ထိုသူနှစ်ဦးအနက် မည်သူ့ထံသို့ မြင်းက ပြေးသွားသည်ကို သေချာစွာ ကြည့်ပြီးလျှင် မြင်းကို ပြန်ခေါ်ခဲ့ရန် မှာလိုက်သည်။ ထို့နောက် ထိုမြင်းကို ၎င်းနှင့် အရောင်တူ၊ အရွယ်တူ မြင်းများနှင့် ရောကာ မြင်းဇောင်းအတွင်း၌ ထားစေသည်။

နောက်တစ်နေ့ရောက်သော် လူအများသည် ပညာရှိ အမတ်ကြီး၏ တရားစီရင်ပုံကို ကြည့်ရှုရန် စုရုံးရောက်ရှိနေကြသည်။

အမတ်ကြီးသည် ဆီကုန်သည်နှင့် အမဲသားသည်တို့ နှစ်ဦးစလုံးအား အမှန်အတိုင်း ဖြေပါမည်ဟု ကျမ်းကျိန်ဆိုစေသည်။ နှစ်ဦးစလုံးကလည်း မိမိတို့သည် ငွေအိတ်ပိုင်ရှင် အစစ် ဖြစ်ကြောင်း ကျိန်ဆိုကြသည်။ ထို့နောက် အမတ်ကြီးသည် အမဲသားသည်အား "သင်သည် အမှန်ကို ဆိုသူဖြစ်သည်" ဟု ပြောကာ ငွေအိတ်ကို ပြန်ပေးလိုက်သည်။ လိမ်လည်ပြောဆိုသော ဆီကုန်သည်ကိုမူ ဖမ်းဆီးချုပ်နှောင်စေသည်။

ထို့နောက် ရတနာသေတ္တာပိုင်ရှင် အဘွားအိုအား ခေါ်ယူစေသည်။ ထိုအဘွားအိုသည် ရတနာသေတ္တာကို ပြန်ရသည့်အတွက် အလွန် ဝမ်းသာနေသည်။ အမတ်ကြီးသည် တရားသူကြီးအား "သင်ဟာ လူအများကို မှန်ကန်တဲ့ အဆုံးအဖြတ်ပေးဖို့သာ ဖြစ်တယ်။ ဆင်းရဲသားတွေဆီက ပစ္စည်းကို လိမ်ညာလုယက်ဖို့ မဟုတ်ဘူး။ ဒါကြောင့် သင့်အား ရာထူးမှ ချစေ" ဟု စီရင်လိုက်သည်။

ထို့နောက် မင်းသားနှင့် သူဆင်းရဲတို့အား မြင်းဇောင်းသို့ ခေါ်သွားသည်။ မြင်းဇောင်း အတွင်း၌ မြင်းကောင်ရေ အတော်များများ တွေ့ရသည်။ အများစုသည် အရောင်တူ အရွယ်တူ များ ဖြစ်ကြသည်။ အမတ်ကြီးက "သင်တို့မြင်း အဲဒီမှာ ရှိတယ်။ ရွေးယူပေတော့" ဟု ပြောလိုက်သည်။ သူဆင်းရဲသည် အမျိုးမျိုး ကြိုးစားကြည့်သည်။ သို့သော် မြင်းကို မှန်အောင် မရွေးနိုင်။ မင်းသားကမူ သူ၏ မြင်းကို တစ်ကြိမ်တည်းနှင့် မှန်အောင်ရှာဖွေ ရွေးယူနိုင်သည်။ မြင်းကြီးကလည်း သူ၏ သခင်ကို ကောင်းစွာ သိနေသည်။

ထို့နောက် အမတ်ကြီးက သူဆင်းရဲအား "ဒီစိတ်ကောင်းရှိတဲ့ ခရီးသွားဟာ သင့်ကို မြင်းပေါ်တင်ပြီး ခေါ်သွားတဲ့ ကျေးဇူးရှင် ဖြစ်တယ်။ ဒီကျေးဇူးကို မထောက်ဘဲ သူ့ထံက မြင်းကို လုယူဖို့ ကြိုးစားတဲ့ အတွက် သင့်ကို ကြိမ်ဒဏ် အချက် ၅၀ ရိုက်ပြီး ဒဏ်ခတ်စေ" ဟု အမိန့် ချမှတ်လိုက်သည်။

မင်းသားလည်း သူ့မြင်းကို သွားယူကာ အမတ်ကြီးထံ ပြန်လာသည်။ အမတ်ကြီးအနီး၌ တစ်ဦးမျှ မကျန်တော့သောအခါ မင်းသားက အမတ်ကြီးအား "အကျွန်ုပ်ဟာ ဘယ်သူ ဖြစ်တယ် ဆိုတာနဲ့ ကျွန်ုပ် ဘယ်က လာတယ်ဆိုတာ သင့်ကို ပြောပြပါရစေ" ဟု ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးက "ပြောပြစရာ မလိုပါဘူး အရှင်မင်းသား။ အရှင်မင်းသားဟာ မဏိပူရ မင်းသားဖြစ်ကြောင်း ကျွန်ုပ် သိပြီးပါပြီ" ဟု ပြောလိုက်သည်။

မင်းသားလည်း အလွန်အံ့သြသွားကာ "သင် ကျွန်ုပ်ကို သိတယ်၊ ဟုတ်လား။ ကျွန်ုပ်ဟာ သင်ရဲ့ တရား စီရင်ဆုံးဖြတ်မှုတွေကို ကြားရတာ ကြာပါပြီ။ သင့်ကို တွေ့ချင်နေတာ ယခုမှပဲ ဆန္ဒပြည့်ဝပါတော့တယ်" ဟု ပြောလိုက်သည်။

အမတ်ကြီးက "အရှင့်ကို ကျွန်ုပ် သိတာပေါ့။ ကျွန်ုပ်တို့ရဲ့ တိုင်းပြည်ဟာ ကြီးမားတဲ့ တိုင်းပြည်ကြီးဖြစ်ပြီး ဒီတိုင်းပြည်ကို ဘယ်သူလာတယ် ဆိုတာကို သိရမှာပေါ့။ ဘုရင်မင်းမြတ် အနေနဲ့လည်း အရှင်မင်းသား ဒီမှာ နေထိုင်စဉ်အတွင်း ဘေးအန္တရာယ် မကျရောက်အောင် အစစ စီစဉ်ထားရတာပေါ့" ဟု ပြန်ပြောလိုက်သည်။

မင်းသားလည်း အမတ်ကြီးအား ကျေးဇူးတင်စကား ပြောသည်။ ထို့နောက် မင်းသားက "သင့်ရဲ့ တရားစီရင်မှုတွေကိုတော့ ကြားပြီးပါပြီ။ အမှုတွေ ဘယ်လို ဆုံးဖြတ်လိုက်တယ်ဆိုတာ သိလိုပါတယ်" ဟု မေးလိုက်သည်။ အမတ်ကြီးက "ပထမ အမှုဖြစ်တဲ့ အမဲသားသည်နဲ့ ဆီကုန်သည်တို့အမှုမှာ ငွေအိတ်ကို ကျွန်ုပ် ယူထားလိုက်တာ မှတ်မိမှာပေါ့။ အဲဒီငွေအိတ်ကို အိမ်ယူသွားပြီး အထဲက ငွေတွေကို ရေတွက်ကြည့်တယ်။ ပြီးတော့ ဒီငွေတွေကို ရေဇလုံတစ်ခု တည်းမှာ ထည့်ဆေးကြောပြီး အခြောက်ခံထားလိုက်တယ်။ ခြောက်သွေ့သွားတဲ့အခါ အိတ်ထဲကို ပြန်ထည့်ထားလိုက်တယ်။ ဒါပေမဲ့ ငွေဒင်္ဂါးတွေကို ဆေးကြောတဲ့ရေကို သေချာ လေ့လာကြည့်တဲ့အခါမှာတော့ ဒီငွေဟာ အနီရောင်သန်းပြီး သွေးညှီနံ့ရတာ တွေ့ရတယ်။ ဒါကြောင့် ငွေအိတ်ပိုင်ရှင် အစစ်ဟာ အမဲသားသည် ဖြစ်ကြောင်း သိရတယ်။ ဒုတိယအမှု ဖြစ်တဲ့ အဘွားအိုနဲ့ တရားသူကြီးရဲ့ အမှုမှာတော့ အဘွားအိုရဲ့ အမူအရာနဲ့ ပြောစကားကို ကြည့်ပြီး အဘွားအိုဟာ အမှန်ကို ပြောနေကြောင်း သိလိုက်တယ်။ ဒါပေမဲ့ ပိုပြီး သေချာအောင်လို့ တရားသူကြီးထံ စာတစ်စောင် ပို့လိုက်တယ်။ စာထဲမှာ ဒီတရားသူကြီးကို အားလပ်ရက် အတွင်းမှာ တရားသူကြီးချုပ်ထံ လာရောက် တွေ့ဆုံဖို့ ရေးထားတယ်။ ဒီစာဟာ အဘွားအို သူ့ထံကို ဒုတိယအကြိမ် မသွားခင်မှာ ရောက်သွားတယ်။ တရားသူကြီးဟာ သူ မတရား ပြုခဲ့တာကို ကျွန်ုပ် သိသွားပြီ။ သူဟာ ရာထူးချ ခံရတော့မှာပဲလို့ တွေးပြီး သိပ်ကြောက်သွား တယ်။ ဒါနဲ့ အဘွားအိုရဲ့ ငွေအိတ်ကို ပြန်ပေးခဲ့တာ ဖြစ်ပါတယ်။ အရှင်မင်းသားတို့ရဲ့ အမှုမှာ တော့ အရှင်မင်းသားကို မဏိပူရမင်းသားမှန်း သိကတည်းက အရှင့်လို မင်းသားတစ်ပါးဟာ မြင်းတစ်ကောင် အတွက်နဲ့တော့ လိမ်လည်ပြောဆိုမှာ မဟုတ်ဘူးဆိုတာ ယုံကြည်ပြီးသားပါ။ ဒါကြောင့် ကျွန်တော်မျိုးရဲ့ အစေခံ တစ်ယောက်ကို မြင်းနဲ့အတူ အရှင်မင်းသားတို့ရဲ့ နောက်သို့

www.burmeseclassic.com



တိတ်တဆိတ် လိုက်စေပါတယ်။ ပြီးတော့ မြင်းကို လွှတ်ပေးလိုက်တဲ့အခါ မြင်းဟာ အရှင်မင်းသား နောက်ကိုပဲ လိုက်သွားပြီး သူဆင်းရဲ နောက်ကို လုံးဝ မလိုက်တာ တွေ့ရတယ်။ ဒါ့ပြင် မြင်းစောင်းထဲမှာ အခြား မြင်းတွေနဲ့ ရောထားတဲ့အခါမှာလည်း လိမ်ညာသူက မှန်အောင် ခွဲခြားမပြနိုင်ဘူး။ အရှင်မင်းသားကတော့ မှန်အောင် ပြနိုင်တယ်။

"ဒါကြောင့် မြင်းပိုင်ရှင် အစစ်ဟာ အရှင်မင်းသား ဖြစ်ကြောင်း ထင်ရှားလှပါတယ်" ဟု ရှင်းပြသည်။


မဏိပူရမင်းသားလည်း ပညာရှိ အမတ်ကြီး၏ ထူးခြားလှသော ဉာဏ်ပညာစွမ်းကို ချီးကျူးမဆုံးရှိပေသည်။

(အိန္ဒိယပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## အတုံ့အလှည့်

တစ်ခါသော် တောခွေးတစ်ကောင်သည် ညစာအတွက် လယ်ပုစွန်လုံး စားလိုစိတ်ပေါ်လာသဖြင့် လယ်ပုစွန်လုံး ရှာရန် ထွက်ခဲ့သည်။ သို့သော် လယ်ပုစွန်လုံးများ ရှိသောနေရာမှာ မြစ်တစ်ဖက်ကမ်းတွင် ဖြစ်နေသည်။ တောခွေးသည် ရေ လုံးဝ မကူးတတ်ပေ။ ထို့ပြင် တစ်ဖက်ကမ်းသို့ ကူးရန် တံတားလည်း မရှိပေ။ ထို့ကြောင့် သူသည် တစ်ဖက်ကမ်းသို့ ကူးနိုင်ရန်အတွက် ဟိုဟိုသည်သည် လျှောက်ကြည့်ကာ အကြံထုတ်နေသည်။

ထိုအချိန်တွင် အနီးအနားရှိ တောအုပ်ထဲတွင် ကုလားအုတ် တစ်ကောင်သည် သစ်ပင်မှ သစ်ရွက်များကို စားနေသည်။ ထိုကုလားအုတ်ကို မြင်သောအခါ တောခွေးသည် အလွန်ဝမ်းမြောက်သွားသည်။ သူသည် ကုလားအုတ် အနီးသို့ အလျင်အမြန် သွားရောက်ပြီး ကုလားအုတ်အား "မိတ်ဆွေ ကုလားအုတ်ကြီး နေကောင်းပါစ ခင်ဗျာ။ စားသောက်လို့ကောင်းပါရဲ့လား" ဟု ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်လိုက်သည်။

ထိုအခါ ကုလားအုတ်က "နေလို့တော့ ကောင်းပါတယ်။ ဒါပေမဲ့ စားရတာ အရသာမရှိပါဘူးဗျာ။ ဒီအရွက်တွေက တုံးနေပါပြီ" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောခွေးက "ဘာကြောင့် မြစ်တစ်ဖက်ကမ်းကို သွားမစားတာလဲ။ အဲဒီမှာ အင်မတန် ချိုတဲ့ ကြံခင်းတွေ ရှိတယ်" ဟု ပြောလိုက်သည်။

"ဘာ ကြံခင်းတွေ ဟုတ်စ။ ဒါဆို သိပ်အရသာရှိမှာပဲ" ဟု ကုလားအုတ်က ပြောလိုက် သည်။

တောခွေးက "ဟုတ်တယ် သိပ် အရသာရှိတယ်။ ဒါပေမဲ့ အဲဒီကို ခင်ဗျား မသွားရင် တခြား တစ်ကောင်က စားသွားလိမ့်မယ်။ ကျွန်တော်လည်း အဲဒီဘက်ကို သွားချင်တယ်။ အဲဒီမှာ အင်မတန် အရသာရှိတဲ့ ပုစွန်လုံးတွေ ရှိတယ်လို့ ကြားတယ်။ ကျွန်တော်က ခင်ဗျားကို ကြံတွေ ရှိရာကို ညွှန်ပြတဲ့အတွက် အပြန်အလှန်အနေနဲ့ ဟိုဘက်ကမ်းကို ကူးတဲ့အခါ ကျွန်တော့် ကို ခင်ဗျား ကျောပေါ်စောင်ပြီး ခေါ်သွားပေးပါ" ဟု တောင်းဆိုလိုက်သည်။

ကုလားအုတ်ကလည်း "ပို့ပေးမှာပေါ့။ ကဲ... ကျုပ် ကျောပေါ်ကို တက်ပေတော့" ဟု ဆိုကာ ဒူးထောက်ပေးသည်။ မကြာမီ သူတို့ နှစ်ဦးသားသည် တစ်ဖက်ကမ်းသို့ ရောက်သွား ကြပြီး အသီးသီး မိမိတို့ နှစ်သက်ရာ အစာများကို စားနေကြလေသည်။

တောခွေးသည် ဦးစွာစား၍ ပြီးသွားသည်။ ဤတွင် သူသည် ကြံများကို စားနေဆဲ ဖြစ်သော ကုလားအုတ်အား ဒုက္ခရောက်အောင် နှောက်ပြောင်ဦးမည်ဟု အကြံဖြစ်သည်။

သူသည် လယ်ကွင်းများ ရှိရာသို့ ပြေးသွားပြီး လယ်ကွင်းများကို ပတ်ချာလည့်ကာ အလွန် ကျယ်လောင်သော အသံဖြင့် အော်လေတော့သည်။ လယ်သမားများသည် ထိုအသံကို ကြားလျှင် "ကြံခင်းတွေထဲကို တောခွေးတော့ ဝင်နေပြီ။ သူသာ မြေကြီးတွေကို လျှောက် ယက်ရင် ကြံပင်တွေတော့ သေကုန်တော့မှာပဲ" ဟု ဆိုကာ တုတ်များကို ကိုင်ကာ ထိုနေရာသို့ လူစုလူဝေးဖြင့် ပြေးသွားကြသည်။

လူအုပ်ကြီးကို အဝေးမှ လှမ်းမြင်သည်နှင့် တစ်ပြိုင်နက် တောခွေးသည် ချုံပုတ်တစ်ခု အတွင်းသို့ ဝင်ပုန်းနေလိုက်သည်။ ထို့ကြောင့် လယ်သမားများသည် ထိုနေရာသို့ ရောက်သော် တောခွေးကို မတွေ့ရဘဲ ကြံများကို စားနေသော ကုလားအုတ်ကိုသာ တွေ့ရတော့သည်။ သူတို့က "ကြည့်စမ်း၊ တို့ကြံခင်းတွေကို ဖျက်နေလိုက်တာ" ဟု ဆို၍ ကုလားအုတ်အား မောင်းနှင် ရိုက်နက်လွှတ်ကြသည်။

ကုလားအုတ်သည် မြစ်ကမ်းစပ်ရှိရာသို့ ကြောက်လန့်တကြား ပြန်ပြေးလာသည်။ ကမ်းစပ်သို့ ရောက်သော် သူ့အား အသင့် စောင့်နေသော တောခွေးကို တွေ့ရသည်။ တောခွေးသည် ကုလားအုတ်၏ ကျောပေါ်သို့ ခုန်တက်ပြီး သူတို့နှစ်ဦးသည် မြစ်ကို ပြန်လည် ဖြတ်ကူးလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလားအုတ်က "ခင်ဗျား ကျုပ်ကို အတော် ဒုက္ခပေးတာပဲ ကိုတောခွေးရယ်၊ ဘာကြောင့် ရွာသားတွေ ထွက်လာအောင် တအား အော်ရတာလဲ" ဟု ပြောလိုက်သည်။

တောခွေးက "ခုလို ဖြစ်ရတာ ကျွန်တော် စိတ်မကောင်းပါဘူးဗျာ။ ကျွန်တော် ခင်ဗျားကို ဒုက္ခပေးဖို့ မရည်ရွယ်ခဲ့တာ အမှန်ပါ။ ဒါပေမဲ့ အစားအသောက်ကောင်း တစ်ခု စားပြီးတိုင်း ဟိုဟိုသည်သည် ပြေးပြီး အော်တတ်တာဟာ ကျွန်တော့်ရဲ့ အကျင့် ဖြစ်နေလို့ပါ" ဟု ပြန်လည် ပြောဆိုသည်။

ကုလားအုတ်လည်း "ဩော်... ဟုတ်လား" ဆိုပြီး တိတ်ဆိတ်စွာ နေလိုက်သည်။

မြစ်လယ်သို့ ရောက်သော် ကုလားအုတ်သည် ရုတ်တရက် ရပ်လိုက်ပြီး "ကျုပ်တော့ ရေချိုးချင်စိတ် ပေါက်လာပြီ၊ ရေချိုးဦးမှ ထင်ပါရဲ့" ဟု ပြောလိုက်သည်။

တောခွေးသည် အလွန် ကြောက်ရွံ့သွားသည်။ ထို့ကြောင့် သူက ကုလားအုတ်အား "ဒီလိုတော့ မလုပ်ပါနဲ့ ခင်ဗျာ။ ခင်ဗျား ရေချိုးရင် ကျုပ် ရေနစ်သွားမှာပေါ့။ ကျုပ် လုံးဝ ရေမကူးတတ်ဘူး။ ခင်ဗျားကလည်းဗျာ။ ဘာကြောင့်များ ခုမှ ထူးခြားပြီး ရေချိုးချင်ရတာလဲ" ဟု အလန့်တကြား ပြန်ပြောလိုက်သည်။

ထိုအခါ ကုလားအုတ်က "ဒါကတော့ ကျုပ်ရဲ့ အလေ့အကျင့်ပဲ။ ကျုပ်က အစားကောင်း အသောက်ကောင်း စားပြီးတိုင်း ရေချိုးလိုက်ရမှ နေသာထိုင်သာ ရှိသွားလို့ပါ" ဟု ပြန်လည်ပြော လိုက်သည်။

ပြောပြောဆိုဆိုဖြင့် ကုလားအုတ်သည် သူ၏ ကိုယ်ကို ရေထဲ နှစ်ချလိုက်သည်။ တောခွေးသည် ရေထဲသို့ ကျသွားပြီး နစ်မြုပ်လုနီးပါး ဖြစ်သွားသည်။ ကုလားအုတ်သည် တစ်ဖက်ကမ်းသို့ လျင်မြန်စွာ ကူးသွားသည်။ တောခွေးသည် ရေထဲမှ လွတ်မြောက်အောင် အစွမ်းကုန် ကူးခတ်နေသည်။ သူ့အသွင်မှာ ခြေကုန်လက်ပန်းကျကာ သေဆုံးတော့မည့်ကဲ့သို့ ရှိနေသည်။ ဤတွင် ကုလားအုတ်သည် သူ့အား ကြည့်ကာ "လွတ်အောင်သာ ကူးပေတော့ ကိုတောခွေးရေ။ နောက်ကို ခင်ဗျား ကျုပ်အပေါ်မှာ ဒီလို မကောက်ကျစ်အောင် ကောင်းကောင်း ကြီး သင်ခန်းစာ ပေးလိုက်တာပဲ" ဟု ပြောဆိုပြီး အဝေးသို့ ထွက်သွားလေတော့သည်။

(အိန္ဒိယပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## တံငါသည်နှင့် မိန်းမပျို

လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ကျော်ခန့်က ဂျပန်ပြည်တွင် တံငါသည် တစ်ဦး ရှိသည်။ သူသည် ပင်လယ်ကမ်းခြေ တစ်လျှောက်တွင် လှေကလေး တစ်စင်းကို အသုံးပြုကာ လှည့်လည် ငါးဖမ်းလေ့ရှိသည်။

တစ်နေ့သော် သူသည် ခါတိုင်းကဲ့သို့ပင် ငါးဖမ်းထွက်ခဲ့သည်။ အတန်ကြာသော် သူ၏ ငါးဖမ်းပိုက်တွင် တစ်စုံတစ်ခု လာ၍ ငြိသဖြင့် ငါးမိပြီ အထင်ဖြင့် ဝမ်းသာအားရ ဆယ်ယူလိုက်သည်။ သေချာစွာ ကြည့်လိုက်သောအခါ ထိုအရာမှာ ငါးမဟုတ်ဘဲ အလွန်ကြီးမားသော လိပ်ကြီးတစ်ကောင် ဖြစ်နေသည်ကိုတွေ့ရသည်။ တံငါသည်သည် လိပ်ကြီးကို သနားသဖြင့် မသတ်ဘဲ ကောင်းမွန်စွာ ပြန်လွှတ်လိုက်သည်။ ထိုနောက် သူသည် ဆက်လက်၍ ငါးဖမ်းပြန်သည်။ သို့သော် အချိန်အတန် ကြာသည်အထိ ငါးတစ်ကောင်မျှ မရပေ။ တဖြည်းဖြည်း နေမြင့်လာသဖြင့် နေပူရှိန်မှာလည်း ပို၍ ပြင်းလာသည်။ သူသည် မောမန်းလာကာ ငိုက်မျဉ်းပြီးနောက် ရုတ်တရက် အိပ်ပျော်သွားသည်။

တံငါသည် အိပ်ပျော်နေစဉ် အလွန်လှပသော မိန်းမပျို တစ်ဦးသည် ပင်လယ်တွင်းမှ ရုတ်တရက် ထွက်ပေါ်လာသည်။ မိန်းမပျိုသည် ကြက်သွေးရောင်နှင့် အပြာရောင် ရောစပ်ထား

www.burmeseclassic.com

www.burmeseclassic.com



သော ဝတ်စုံကို ဝတ်ဆင်ထားပြီး နက်မှောင်သော ဆံပင်ကေသာမှာလည်း ခြေဖျားအထိ ရောက်အောင် ရှည်လျားသည်။ သူသည် လေကဲ့သို့ လျှင်မြန်စွာဖြင့် ရေထဲမှ ပေါ်ထွက်လာပြီး နောက် အိပ်ပျော်နေသော တံငါသည်အနီးသို့ ဖြည်းညင်းစွာ သွားရောက်သည်။ ထို့နောက် တံငါသည်အား အသာအယာ နှိုးကာ "အံ့သြမနေပါနဲ့ရှင်၊ ကျွန်မရဲ့ ဖခင်ဟာ ပင်လယ်ပြင်ကို အစိုးရတဲ့ နဂါးမင်းကြီး ဖြစ်ပါတယ်။ သင်ဟာ ကြင်နာသနားတတ်တဲ့ နှလုံးသား ရှိတဲ့အတွက် သင့်ကို ဆုချီးမြှင့်ဖို့ သင့်ဆီကို လွှတ်လိုက်တာပါ။ ဒီနေ့ ရှင်ဟာ လိပ်ကြီးကို မသတ်ဘဲ ပြန်လွှတ်လိုက်တဲ့အတွက် ကျွန်မဖခင်က အခုလို ဂုဏ်ပြု ချီးကျူးတာ ဖြစ်ပါတယ်။ ကျွန်မတို့ တိုင်းပြည်ဟာ အမြဲတမ်း နွေရာသီအခါ ဖြစ်နေပြီး သိပ်သာယာပါတယ်။ ကျွန်မတို့ တိုင်းပြည် ရောက်ရင် ကျွန်မဖခင်က ရှင်နဲ့ ကျွန်မကို လက်ထပ်ထိမ်းမြား ပေးပါလိမ့်မယ်။ ဒါကြောင့် ကျွန်မတို့နဲ့အတူ ပျော်ပျော်ကြီး နေသွားရအောင် လိုက်ခဲ့ပါ" ဟု ပြောသည်။

တံငါသည်သည် မိန်းမပျို၏ စကားများကို ကြားသော် အလွန် အံ့သြနေသည်။ ထို့နောက် မိန်းမပျိုလေးအား သေချာစွာ ကြည့်မိသောအခါ မိန်းမပျိုကလေးမှာ အလွန် ချောမော လှပကြောင်း တွေ့ရသည်။ သူသည် မိန်းကလေးအား ချစ်ခင်မိသည့်အတွက် သူနှင့် လက်ထပ် ရန် မိန်းမပျို၏ နောက်သို့ လိုက်ပါသွားလေတော့သည်။ သူတို့နှစ်ဦးသည် တံငါလှေကလေးကို အတူ လှော်ခတ်ကာ ခရီးထွက်ခဲ့ကြရာ မကြာမီပင် မိန်းမပျို၏ ဖခင် နန်းစိုက်ရာ တိုင်းပြည်သို့ ရောက်ခဲ့ကြသည်။ နန်းတော်ရှိ အစောင့်များသည် သူတို့နှစ်ဦးအား ကောင်းမွန်စွာ ခရီးဦးကြို ပြုကြသည်။

နဂါးမင်းကြီးသည် သူတို့နှစ်ဦးအား ကောင်းစွာ လက်ထပ်ထိမ်းမြားပေးသည်။ သူတို့ ဇနီးမောင်နှံသည် နဂါးပြည်တွင် နှစ်ပေါင်း အတန်ကြာအောင် ပျော်ရွှင်စွာ နေထိုင်ကြသည်။

တံငါသည်သည် နဂါးမင်းကြီး၏ ကြီးမားလှပသော နန်းတော်ကြီးနှင့် ခမ်းနားလှသော အဆောင်အယောင်များ အနီးတွင် မပြတ်မလပ် ပြုစုနေကြသော ရံရွေတော်များ၏ အလယ်၌ အံ့သြမိန်းမောကာ စည်းစိမ်ယစ်မူးနေသည်။ မိမိ၏ ရွာနှင့်တကွ ဆွေမျိုးသားချင်းများ အားလုံးကို မေ့နေသည်။

သို့သော် ကာလအတန် ကြာသောအခါ သူသည် နဂါးမင်း၏ စည်းစိမ်ချမ်းသာများကို ငြီးငွေ့လာသည်။ ရွာတွင် ကျန်ခဲ့သော မိမိ၏ မိဘဆွေမျိုးများကိုလည်း ပြန်လည်အမှတ်ရကာ အောက်မေ့လွမ်းဆွတ်လာသည်။ ထို့ကြောင့် သူသည် ရွာသို့ ခေတ္တပြန်ကာ မိဘဆွေမျိုးတို့အား တွေ့ဆုံလိုကြောင်း မိမိ၏ ဇနီးသည်အား ပြောပြသည်။

www.burmeseclassic.com



သူ၏ ဇနီးသည်က မသွားရန် အမျိုးမျိုး ငိုယို တောင်းပန်သည်။ သို့သော် မရပေ။ ဤတွင် မိန်းမပျိုက "ရှင် ဒီလောက် သွားချင်ရင်ဖြင့် သွားပါ။ ဒါပေမဲ့ ဟိုမှာ အပြီးတော့ မနေပါနဲ့၊ ကျွန်မဆီကို ပြန်လာခဲ့ပါ။ ရှင်သာ ပြန်မလာရင်တော့ ကျွန်မတို့ နှစ်ယောက် ထာဝရ ကွဲကွာကြရပါလိမ့်မယ်၊ ဒါပေမဲ့ ရှင်ပြန်လာလို့ရအောင် ကျွန်မ သေတ္တာလေးတစ်လုံး ပေးလိုက်ပါ့မယ်။ ရှင်သာ ကျွန်မ စကားကို နားထောင်မယ်ဆိုရင် ရှင် ပြန်လာလို့ရအောင် ဒီသေတ္တာလေးက ကူညီပါလိမ့်မယ်။ ဒီသေတ္တာကလေးကို လုံးဝ မဖွင့်မိဖို့တော့ အရေးကြီး ပါတယ်။ တကယ်လို့သာ ဖွင့်ကြည့်လိုက်မိရင်တော့ ရှင် ကျွန်မဆီကို ဘယ်တော့မှ ပြန်လာလို့ မရတော့ဘူး။ နှစ်ယောက် ကွဲကြရလိမ့်မယ်။ ဒါကြောင့် သေတ္တာလေးကို လုံးဝ မဖွင့်ပါနဲ့" ဟု ပြောဆိုသည်။

ထို့နောက် မိန်းမပျိုသည် ပိုးကြိုးဖြင့် ချည်နှောင်ထားသော ယွန်းသေတ္တာငယ်ကလေး တစ်လုံးကို တံငါသည်အား ပေးသည်။ တံငါသည်သည် ဇနီးသည်အား နှစ်သိမ့်ပြီးလျှင် သေတ္တာ ကလေးကို ဘယ်အခါမှ ဖွင့်မည် မဟုတ်ကြောင်း၊ ဖွင့်ရန် မဆိုထားဘိ၊ သေတ္တာအား ချည်သော ကြိုးကိုပင် မည်သည့်အခါမျှ ဖြေမည် မဟုတ်ကြောင်း၊ အထပ်ထပ် အခါခါ ကတိပေးသည်။ ထို့နောက် သူသည် ထိုကျွန်းမှ ထွက်ခွာလာခဲ့တော့သည်။

သူသည် ခရီးတွင်စေရန် မရပ်မနား လှေကို လှော်၍ ထွက်လာခဲ့သည်။ နောက်ဆုံးတွင် သူ၏ ဇာတိရပ်ရွာတည်ရှိရာ ပင်လယ်ကမ်းစပ်သို့ ရောက်လာသည်။ သူသည် ကမ်းပေါ်သို့ တက်ပြီး သူ့အိမ်ရှိရာသို့ ဟိုဟိုသည်သည် လျှောက်ကြည့်သည်။ ဤတွင် သူ၏ ရွာကလေးမှာ ယခင်ကကဲ့သို့ မဟုတ်ဘဲ အပြောင်းအလဲကြီး ပြောင်းလဲနေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေ သည်။

သူ့ဖခင်၏ လယ်တဲကလေးမှာ မရှိတော့ပေ။ ရွာထဲရှိ အိမ်များ၊ သစ်ပင်များ၊ လယ်ကွင်း များသာမက ရွာသူရွာသားများအားလုံးမှာ သူတစ်ခါမှ မမြင်ဖူးသော အသစ်များ ဖြစ်နေကြ သည်။ ယခင်က ရှိခဲ့သော ဘုရားကျောင်းကြီးမှာလည်း အသစ်ပြန်၍ ဆောက်ထားသည်ကို တွေ့ရသည်။ တောင်စောင်းရှိ သစ်တောကြီးမှာလည်း ပျောက်ကွယ်နေလေပြီ။ မပြောင်းလဲ သော အရာဟူ၍ အဆက်မပြတ် စီးဆင်းနေသော စမ်းချောင်းကလေးနှင့် တောင်တန်းများသာ ရှိတော့သည်။ အားလုံးကား တစိမ်းပြင်ပြင်များပမာ ဖြစ်နေသည်။ သူ ငါးမျှား ထွက်နေစဉ် အတွင်း ဤမျှလောက် ပြောင်းလဲသွားသည်ကို သူ့အနေနှင့် မယုံနိုင်အောင် ဖြစ်နေသည်။

ထိုစဉ် ခပ်လှမ်းလှမ်းမှ အဘိုးအို တစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။ အဘိုးအိုသည် တောင်ဝှေးကို အားပြုလျက် တဖြည်းဖြည်း လျှောက်လာနေသည်။ အနီးသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သော် တံငါသည်က သူ့မိဘများ မည်သည့်အရပ်သို့ ရောက်ကုန်ကြောင်း မေးသည်။ အဘိုးအိုသည် သူ့ အမေးကို ရုတ်တရက် ပြန်မဖြေဘဲ သူ့အား အံ့သြကြီးစွာဖြင့် အတန်ကြာအောင် စိုက်ကြည့်နေသည်။ တံငါသည်လည်း စိတ်မရှည်ဖြစ်လာကာ အကြိမ်ကြိမ် ထပ်၍ မေးသည်။ ဤတွင်မှ အဘိုးအိုက "မင်း ဘယ်က လာတာလဲ၊ ဒီအကြောင်းတွေကို လုံးဝ မသိဘူးလား။ မင်း သိချင်တဲ့ သူတွေ ကွယ်လွန်ကုန်ကြတာ နှစ်ပေါင်း ၄၀၀ ကျော်သွားပြီ။ သူတို့ရဲ့ အုတ်ဂူတွေတောင်မှ နောက်လူတွေက မသိကြတော့ဘူး။ သူတို့ အိမ် ဆိုတာတော့ ဘယ်ရှိ တော့မှာလဲကွယ်" ဟု ပြောကာ သူ့အား ပြောင်လှောင် ရယ်မောလျက် သူ့အနီးမှ ထွက်ခွာ သွားလေတော့သည်။

တံငါသည်သည် ရွာရှိသင်္ချိုင်းသို့ အပြေးသွားရောက်ကာ သူ့မိဘများ၏ ဂူများကို ရှာဖွေသည်။ ဤတွင် မိဘနှစ်ပါးနှင့်တကွ သူ၏ အုတ်ဂူကိုသာမက အခြားရွာသူရွာသား အတော်များများ၏ အုတ်ဂူများကိုပါ တွေ့ရလေသည်။ ဂူများမှာ ဟောင်းနွမ်းပြီး ရေညှိများ ဖုံးအုပ်နေသည့်အတွက် ဂူပေါ်ရှိ အမည်များကို ဖတ်ရန် ခက်ခဲနေလေတော့သည်။

ထို့နောက်တွင်ကား တံငါသည်သည် သူ့ကိုယ်သူ ပြန်လည် သုံးသပ်မိလာသည်။ သူကား ထူးဆန်းသော လွဲမှားမှုကြီး တစ်ရပ်ကို ကြုံခဲ့ရလေပြီ။ သူသည် ဇနီးဖြစ်သူ ပေးလိုက်သော သေတ္တာလေးကို ကိုင်လျက် ပင်လယ်ကမ်းစပ်သို့ လျှောက်လာသည်။ သူ့အား ဤသို့ ဖြစ်စေရန် ထိုသေတ္တာလေးက ပြုလုပ်လေသလောဟုလည်း သံသယ ဝင်လာသည်။ သေတ္တာကလေး အတွင်း၌ ဘာရှိသည်ကိုလည်း သိချင်လာသည်။ ထို့ကြောင့် သူသည် သူ့ဇနီးအား ပေးခဲ့သော ကတိကို ချိုးဖောက်ကာ သေတ္တာကလေးကို ဖွင့်လိုက်တော့သည်။

သေတ္တာကလေးကို ဖွင့်လိုက်သောအခါ အတွင်းမှ ဘာသံမှ မကြားရပေ။ ကြည်လင်သော မိုးတိမ်လိပ်များကဲ့သို့ အေးမြ၍ ပေါ့ပါးသော အဖြူရောင် ရေခိုးရေငွေ့တန်းကြီး တစ်ခုသည် သေတ္တာတွင်းမှ အထက်သို့ တက်လာသည်။ ယင်းသည် တောင်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားလာကာ ပင်လယ်ပြင်ကို ဖြတ်ကျော်၍ ထွက်ခွာ ပျောက်ကွယ်သွားလေတော့သည်။

ထို့နောက်တွင်မူ တံငါသည်သည် မိမိဇနီးအား ပေးခဲ့သော ကတိကို ချိုးဖျက်လိုက်မိမှန်း သတိရလာသည်။ သူသည် နဂါးမင်းကြီး သမီးတော်ရှိရာသို့ မည်သည့်အခါမျှ ပြန်မရောက်နိုင်တော့သည်ကို တွေးမိကာ ဝမ်းပမ်းတနည်း ငိုချလိုက်မိလေတော့သည်။

ထိုခဏမှာပင် သူ၏ ခန္ဓာကိုယ်မှာလည်း ရုတ်တရက် ပြောင်းလဲသွားသည်။ သွေးများမှာ ရေခဲပမာ အေးစက်လာသည်။ သွားများမှာ ကျိုးကုန်ပြီး ခေါင်းပေါ်ရှိ ဆံပင်များမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



နှင်းခဲများပမာ ဖြူဖွေးကုန်သည်။ သွေးကြောများမှာလည်း ရပ်ဆိုင်းကုန်သည်။ သူ၏ ခွန်အား သန်စွမ်းမှု အားလုံးမှာလည်း ကျဆင်းကုန်သည်။ သူသည် မြေပေါ်သို့ လဲကျသွားပြီးလျှင် နှစ်ပေါင်း ၄၀၀ ပတ်လုံး အသက်ရှင်နေခဲ့ရာမှ သေဆုံးသွားလေတော့သည်။

(ဂျပန်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## မုဆိန်ဆန်ပြုတ်

တစ်နေ့သ၌ ခရီးသည် တစ်ယောက်သည် အိမ်သို့ပြန်လာစဉ် လမ်းခုလတ်သို့ အရောက်တွင် အလွန်မောပန်းပြီး ဆာလောင်မွတ်သိပ်လာသည်။ သူသည် ဟိုဟိုသည်သည် ကြည့်လိုက်ရာ အနီးအနားတွင် ရွာငယ်ကလေး တစ်ရွာကို သွားတွေ့သည်။ သူသည် ဝမ်းသာအားရဖြင့် ထိုရွာကလေးသို့ ခပ်သွက်သွက်လှမ်းသွားသည်။

ရွာသို့ ရောက်လျှင် ပထမဆုံး တွေ့ရသော အိမ်တစ်လုံးကို တံခါးခေါက်လိုက်ကာ "အိမ်ရှင်တို့ ခင်ဗျာ၊ ကျွန်တော်ဟာ ခရီးသွားဧည့်သည်ပါ။ ဒီအိမ်မှာ တစ်ညလောက် တည်းခိုပါရစေ" ဟု ခွင့်တောင်းလိုက်သည်။

မကြာမီ အိမ်တံခါးပွင့်လာပြီး အိမ်အတွင်းမှ အဘွားအို တစ်ဦး ထွက်ပေါ်လာသည်။ အဘွားအိုက "အိမ်ထဲသို့ ဝင်ပါ" ဟု ခရီးသည်အား ဖိတ်ခေါ်လိုက်သည်။ အိမ်အတွင်းသို့ ရောက်လျှင် ခရီးသည်က "ကျွန်တော် အင်မတန် ဆာလာလို့ပါခင်ဗျာ။ စားစရာကလေးများ ရှိရင် နည်းနည်းလောက် ပေးစေလိုပါတယ်" ဟု တောင်းခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုထံတွင် စားသောက်ဖွယ်ရာများ ပြည့်စုံစွာ ရှိသည်။ သို့သော် သူသည် စေးနဲ့သူဖြစ်သည့်အတွက် ခရီးသည်အား ဘာမျှ မပေးလိုပေ။ ထို့ကြောင့် အဘွားအိုသည် မိမိကိုယ်မိမိ အလွန်ဆင်းရဲ ဟန်ဆောင်ကာ–

"အို မောင်ရင်ရယ်၊ အဘွားဟာ သိပ်ကို ဆင်းရဲပါတယ်။ ဒီနေ့အဖို့ အဘွားတောင် ဘာမှ မစားရပါဘူး။ အိမ်မှာလည်း ဘာမှ မရှိပါဘူး" ဟု လိမ်လည်ပြောဆိုလိုက်သည်။

ခရီးသည်က "ဩော် ဟုတ်လား၊ အဘွားမှာ ဘာမှ မရှိဘူးလား" ဟု ပြန်ပြောကာ တစ်အိမ်လုံးကို အကဲခတ်လိုက်သည်။ ထိုအခါ ခုံတန်းရှည်တစ်ခု၏ အောက်တွင် အရိုးပြုတ်နေသော ပုဆိန်သွားတစ်လက် ကျနေသည်ကို သွားတွေ့သည်။ ထိုအခါ ခရီးသည်က "ဘာမှ မရှိဘူးဆိုရင်တော့ ဟောဟိုမှာ တွေ့ရတဲ့ ပုဆိန်သွားကိုပဲ ဆန်ပြုတ်လုပ် သောက်ကြတာပေါ့" ဟု ပြောလိုက်သည်။

ခရီးသည်၏ စကားကို ကြားလျှင် အဘွားအိုသည် အလွန် ထိတ်လန့်သွားသည်။ သူက "ပုဆိန်ဆန်ပြုတ် ဟုတ်လား။ တစ်ခါမှလည်း မကြားဖူးပါလား" ဟု တအံ့တသြ ရေရွတ်လိုက်သည်။

ခရီးသည်က "မကြားဖူးရင် အဘွားကို ကျွန်တော် လက်တွေ့ လုပ်ပြမယ်။ ထည့်စရာ အိုးတစ်လုံးသာ ပေးပါ" ဟု တောင်းလိုက်သည်။ အမယ်အိုလည်း အိုးတစ်လုံးကို မယုံကြည်ဟန်ဖြင့် ယူပေးသည်။

ခရီးသည်သည် ပုဆိန်သွားကို သေချာစွာ တိုက်ချွတ်ဆေးကြောပြီးလျှင် အိုးအတွင်းသို့ ထည့်သည်။ ထို့နောက် အိုးကို ရေဖြည့်ကာ မီးဖိုပေါ်သို့ တင်ထားလိုက်သည်။ အဘွားအိုသည် ခရီးသည်လုပ်သမျှ အားလုံးကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။

အတန်ကြာသော် ခရီးသည်သည် အိုးအတွင်းသို့ ဇွန်းတစ်ချောင်းဖြင့် ခပ်၍ မြည်းကြည့်သည်။ ပြီးလျှင် "မကြာခင် ကျက်တော့မယ်။ ဒါပေမဲ့ ဆားကလေးနည်းနည်းပဲ ထည့်ဖို့လိုတယ်။ ဆားကလေးသာ ထည့်လိုက်ရင် သိပ်ကောင်းမှာပဲ" ဟု ပြောလိုက်သည်။

အဘွားအိုက "အဘွားမှာ ဆားရှိတယ်" ဟု ဆိုကာ ဆားအနည်းငယ် ပေးသည်။

ခရီးသည်လည်း ဆားများကို အိုးအတွင်းသို့ ထည့်လိုက်ပြီးနောက် အတန်ကြာလျှင် ထပ်မံ၍ မြည်းကြည့်ပြန်သည်။ ထို့နောက်သူက "ဆန်ကလေး လက်တစ်ဆုပ်လောက်များ ရနိုင်မလား" ဟု ပြောလိုက်သည်။

အဘွားအိုလည်း သူ သိမ်းထားသော ဆန်များထဲမှ ဆန်များကို ယူပေးကာ "ယိုသလောက် ယူပါ" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်လည်း အိုးတွင်းသို့ ဆန်များထည့်ကာ ဆက်လက် ချက်ပြုတ်ပြန်သည်။ အဘွားအိုလည်း သူ့အား မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ အတန်ကြာလျှင် သူက "အို ကောင်းလိုက်တာ ထောပတ်ကလေး တစ်ဇွန်းလောက်သာ ထည့်လိုက်ရရင်တော့ ပြောစရာ မရှိအောင် ကောင်းသွားမှာပဲ" ဟု ပြောလိုက်သည်။

အဘွားအိုသည် ထောပတ် အနည်းငယ်ကို ယူပေးပြန်သည်။ သူတို့နှစ်ဦးသည် ဆန်ပြုတ်ကို ဆက်လက် ပြုတ်နေကြသည်။

ခဏကြာလျှင် ခရီးသည်သည် အိုးအတွင်းသို့ ဇွန်းဖြင့် ခပ်ကာ မြည်းကြည့်ပြီး "အို ကောင်းလိုက်တာ။ ကဲ...ကဲ...ကျက်ပါပြီ၊ စားကြစို့" ဟု ပြောလိုက်သည်။

ထို့နောက် သူတို့နှစ်ဦးသည် ဆန်ပြုတ်များကို ခပ်ယူကာ မြိန်ရေရှက်ရေ စားသောက်နေကြသည်။

အဘွားအိုက "ကောင်းလိုက်တာ၊ အဘွား တစ်သက်မှာ ဒီလောက် အရသာရှိတဲ့ ပုဆိန်ဆန်ပြုတ်မျိုးကို တစ်ခါမျှ မသောက်ဖူးသေးဘူး" ဟု ပြောလိုက်သည်။


ခရီးသည်သည် အဘွားအို၏ စကားကို ဘာမျှပြန်မပြောဘဲ ဝမ်းတွင်းမှ ကျိတ်၍သာ ရယ်နေမိသည်။ စေးနှဲသူ အဘွားအိုထံမှ ဆန်၊ ဆား၊ ထောပတ်တို့ ရအောင် တောင်းယူပြီး ဆန်ပြုတ် ပြုတ်ခဲ့သည်ကို အဘွားအိုကား မသိရှိပေ။ အကြံပိုင်သော ခရီးသည်ကား ဖြတ်ထိုးဉာဏ်သုံးကာ သူ၏ ဆာလောင်မွတ်သိပ်မှု ပြေပျောက်အောင် ပြုလုပ်နိုင်ခဲ့ပေသည်။

(ရုရှားပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



ZM
07

## ထူးဆန်းသောအိပ်မက်

တစ်ရံရောအခါ ဘဂ္ဂဒက်မြို့တွင် သူဌေးတစ်ဦးရှိသည်။ သူသည် ကြွယ်ဝချမ်းသာစွာနေထိုင်လာရာမှ ပစ္စည်းဥစ္စာများ ဆုံးရှုံးကာ လူမွဲဘဝသို့ ရောက်သွားသည်။ ဝမ်းရေးအတွက် အလုပ်ကြမ်းကို တစ်နေကုန် ကြိုးစားလုပ်ကိုင် နေရရှာသည်။

တစ်ညတွင် သူသည် မောမောပန်းပန်းနှင့် အိပ်ပျော်သွားရာမှ အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် လူသူတော်တစ်ယောက်က သူ့အား "အသင်၊ ကိုင်ရိုမြို့ကို သွားပါ၊ ပစ္စည်းဥစ္စာများ ရလိမ့်မည်" ဟု ညွှန်ကြားသည်။ နံနက်လင်းသောအခါ သူသည် အိပ်မက်အတိုင်းဖြစ်လိမ့်မည်ဟု ယုံကြည်သွားသည်။ သို့ဖြင့် နောက်တစ်နေ့တွင် ကိုင်ရိုမြို့သို့ ထွက်ခွာလာခဲ့သည်။ ကိုင်ရိုမြို့သို့ သူ ရောက်သွားချိန်မှာ ညမိုးချုပ်ချိန်ဖြစ်သည်။ တည်းခိုစရာ အိမ်မရှိသဖြင့် ဘုရားရှိခိုးကျောင်းတွင် ဝင်ရောက် အိပ်စက်ရသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုညတွင် ဓားပြတစ်စုသည် ဘုရားရှိခိုးကျောင်းနှင့် ကပ်လျက်ရှိသော အိမ်ကို ဝင်ရောက် တိုက်မည် ပြုကြသည်။ ဓားပြများသည် ဘုရားရှိခိုးကျောင်းမှဖြတ်သန်းသွား၍ ထိုအိမ်သို့ ဝင်ရောက်ကြသည်။ အိမ်ရှင်တို့သည် ဓားပြများ ဝင်ရောက်လာသည်ကို သိသည်နှင့် တစ်ပြိုင်နက် အော်ဟစ်ကြသည်။ မြို့စောင့်တပ်သားများနှင့်အကြီးအကဲ

www.burmeseclassic.com

www.burmeseclassic.com



တို့ သိရှိကာ ထိုနေရာသို့ ပြေးလာကြသည်။ ဤတွင် ဓားပြများသည် ကြောက်အားလန့်အား ဖြင့် ထွက်ပြေးသွားကြသည်။

အကြီးအကဲနှင့် မြို့စောင့်တပ်သားများ ရောက်လာသောအခါ ဓားပြ တစ်ယောက်မျှ မရှိတော့ပေ။ ဘုရားကျောင်းထဲတွင် အိပ်နေသော လူမွဲကိုသာ တွေ့ကြသည်။ တပ်သားများ သည် သူ့ကို မသင်္ကာသဖြင့် ဖမ်းဆီးကာ တုတ်ဖြင့် ပြင်းထန်စွာ ရိုက်နှက်ကြသည်။ ထို့နောက် အချုပ်ခန်းထဲတွင် သုံးရက်ကြာမျှ ချုပ်နှောင်ထားကြလေသည်။

သုံးရက်စေ့သောအခါ လူမွဲကို အပြင်သို့ ခေါ်ထုတ်ပြီး အကြီးအကဲက စစ်မေးသည်။

"မင်း ဘယ်သူလဲ"

"ကျွန်တော် ဘဂ္ဂဒက်မြို့ကပါ ခင်ဗျာ"

"ကိုင်ရိုမြို့ကို မင်းဘာလာလုပ်သလဲ"

"ကျွန်တော် အစက သူဌေး တစ်ယောက်ပါ။ ကံဆိုးမိုးမှောင်ကျပြီး ပစ္စည်းဥစ္စာတွေ ဆုံးရှုံးတာနဲ့ လူမွဲဘ၀ ရောက်ခဲ့ပါတယ်။ တစ်ညမှာ အိပ်မက်မက်ပါတယ်။ အိပ်မက်ထဲမှာ လူသူတော် တစ်ယောက်က "မင်း ကိုင်ရိုမြို့ကိုသွား။ ပစ္စည်းဥစ္စာတွေ ရလိမ့်မယ်" လို့ ညွှန်ကြား ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ပစ္စည်းဥစ္စာ ရအောင်ဆိုပြီး ဒီကိုင်ရိုမြို့ကို လာခဲ့ပါတယ်။ ဒီကျတော့ ရွှေ ငွေရတနာ ပစ္စည်းဥစ္စာအစား အရှင်ပေးသနားတော်မူတဲ့ တုတ်ပစ္စည်း၊ တုတ်ဥစ္စာ ကိုပဲ ရပါတယ် ခင်ဗျာ"

လူမွဲ၏ ပြောပြချက်ကို အကြီးအကဲသည် သဘောကျကာ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

"မင်းဟာ တော်တော်ဉာဏ်ရှင်တဲ့ သူပဲ၊ မင်းကို ရိုက်နှက်တာတောင် ဒေါသ မထွက်ဘူး။ အိပ်မက်ကိုလည်း ယုံလွယ်လိုက်တာ။ ငါဆိုရင် မင်းလိုပဲ အိပ်မက် မက်တယ်။ အိပ်မက်ထဲ က လူသူတော် တစ်ယောက်က ငါ့ကို ဘဂ္ဂဒက်မြို့ကို သွားပါ။ မြို့ရဲ့ တောင်ဘက်အစွန်မှာ အိမ်ဟောင်းအိမ်အိုကြီး တစ်လုံးရှိတယ်။ အဲဒီ အိမ်ကြီးရဲ့ ခြံဥယျာဉ်က မြောက်ဘက်ထောင့် မှာ ရေတွေ ပန်းထွက်နေတဲ့ ရေပန်းတစ်ခု ရှိတယ်။ အဲဒီ ရေပန်းရဲ့ အောက်ခြေကို တူးဖော်ရင် နှစ်ပေါင်းများစွာက မြှုပ်ထားတဲ့ ရွှေငွေရတနာတွေ တွေ့လိမ့်မယ်လို့ ညွှန်တယ်။ ငါက ဘာဖြစ်လို့ မလဲ။ သုံးကြိမ်တိုင်အိပ်မက် မက်တာတောင်မှ မသွားဘူး။ မင်းသာ ဉာဏ်နည်းလို့ အိပ်မက် အတိုင်း ဒီကိုလာတာ။ အခု အရိုက်အနှက် ခံရပြီ မဟုတ်လား။"

ဤသို့ ပြောပြီးလျှင် အကြီးအကဲသည် လူမွဲအား လမ်းစရိတ် ထုတ်ပေးလိုက်သည်။

www.burmeseclassic.com



"မင်း ကြည့်ရတာ စိတ်ကောင်းရှိပုံရတယ်။ ကူညီမစတဲ့ အနေနဲ့ ငါလမ်းစရိတ် ပေးလိုက်မယ်။ ရော့ ယူသွား မင်းနေတဲ့ အရပ်ကို ပြန်ပေတော့" ဟူ၍လည်း ပြောဆိုလေသည်။

လူမွဲသည် အိမ်သို့ ပြန်လာခဲ့သည်။ ကိုင်ရိုမြို့စောင့်တပ်မှ အကြီးအကဲ ပြောပြသော အိမ်မှာ အခြားမဟုတ်။ သူ၏ အိမ်ပင်ဖြစ်သည်။ သူသည် အိမ်သို့ ရောက်သောအခါ ဥယျာဉ်ထဲသို့ သွား၍ ရေပန်းအောက်ခြေကို တူးသည်။ ထိုအခါ မြေအောက်တွင် မြှုပ်ထားသော ရွှေငွေ ရတနာများကို ရရှိသွားသည်။ တစ်ဖန် သူဌေး ပြန်ဖြစ်သွားလေသည်။

(အာရပ်ပုံပြင်)

❖

www.burmeseclassic.com

www.burmeseclassic.com



## ဉာဏ်ကောင်းသော လှေထိုးသမား

တစ်ခါက အလွန်လောဘကြီးပြီး မိမိလှေတွင် အလုပ်လုပ်သော လှေထိုးသားများ၏ လုပ်အားခကို ကောင်းစွာမပေးချင်သော လှေသူကြီးတစ်ဦး ရှိသည်။ လှေသူကြီး၏ လှေသည် ဧရာဝတီမြစ်ကို အထက်အောက် စုန်ဆန်သွားလာရာတွင် ၂ လ ၃ ခန့် ကြာမြင့်သည့်အတွက် လှေသမားများကို ပေးရမည့် လခများမှာလည်း အလွန်ပင် များလာသည်။ လှေသူကြီးသည် လှေထိုးသားများကို ခရီးစဉ်တစ်လျှောက်လုံး အမြဲကျွေးမွေးလာခဲ့သည်။ သို့သော် လှေထိုးခကိုမူ ခရီးစဉ် ပြီးဆုံးသည့်အခါကျမှသာ ပေးလေ့ရှိသည်။

ယခုတစ်ခေါက်တွင်လည်း ခရီးစဉ်တစ်ခု၏ အဆုံးသို့ ရောက်ပြီဖြစ်၍ လှေသူကြီးသည် လှေထိုးသားများအား အခကြေးငွေ ပေးရတော့မည်။ လှေသူကြီးသည် လှေထိုးသားများအား ငွေမပေးလိုသည့်အတွက် သူတို့အား လိမ်လည် လှည့်ဖြားရန် အမျိုးမျိုး အကြံထုတ်သည်။ နောက်ဆုံးတွင် အကြံတစ်ခု ရလာသည်။

မကြာမီ ခရီးစဉ် ပြီးဆုံးပြီဖြစ်၍ လှေကြီးသည် ရွာတစ်ရွာရှိ ဆိပ်ကမ်းတွင် ဆိုက်ကပ်သည်။ ထိုအချိန်မှာ ပြာသိုလဖြစ်၍ အလွန် ချမ်းသည်။ ရေများမှာလည်း ရေခဲရေလို အေးလှသည့်အတွက် လူတိုင်းပင် ရေထဲသို့ ဆင်းရန် ကြောက်ရွံ့နေကြသည်။ လှေသူကြီးက သူ၏

www.burmeseclassic.com

www.burmeseclassic.com



လှေထိုးသားများအား "အမောင်တို့၊ မင်းတို့နဲ့ ငါအလောင်းအစား တစ်ခု ပြုလုပ်ယှဉ်ပြိုင်ကြရအောင်။ အကယ်၍ လှေသမားများအားလုံးထဲက တစ်ယောက်ယောက်ဟာ အဝတ်အစားတွေကို ချွတ်ပြီး မြစ်ရေထဲမှာ ဒီညတစ်ညလုံး နေနိုင်မယ်ဆိုရင် အဲဒီလူကို ငါပိုင်တဲ့ လှေတွေအားလုံးပေးမယ်။ ဒါပေမဲ့ အဲဒီလူဟာ နက်ဖြန်နံနက် အရုဏ်တက်အထိ ရေထဲမှာ နေရမယ်။ ပျက်ကွက်ခဲ့ရင်တော့ လှေတွေအားလုံးကို မရတဲ့အပြင် သူ့ရဲ့ လုပ်အားခ ငွေကိုပါရမှာ မဟုတ်ဘူး။ ကဲ သင်တို့ထဲက ဘယ်သူ ယှဉ်ပြိုင်မလဲ" ဟု ပြောလိုက်သည်။

လှေထိုးသားများ အားလုံးသည် ကျန်းမာ၍ ကြံ့ခိုင်သန်စွမ်းသူများ ဖြစ်ကြသည်။ သာမန်အားဖြင့်ဆိုလျှင် သူတို့အားလုံးသည် ဤအလောင်းအစားကို ယှဉ်ပြိုင်နိုင်စွမ်း ရှိကြသည်။ သို့သော် သူတို့သည် လှေသူကြီး၏ ကောက်ကျစ်စဉ်းလဲမှုကို သိနေကြသဖြင့် မည်သူကမျှ ယှဉ်ပြိုင်ရန် စိတ်မကူးကြပေ။ နောက်ဆုံးတွင် ကြံ့ခိုင်သန်စွမ်းပြီး မိမိကိုယ်မိမိ လှေသူကြီးထက် ဉာဏ်ကောင်း ထက်မြက်သည်ဟု ယူဆပုံရသော လှေထိုးသားတစ်ဦးက လှေသူကြီး၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်။

သို့ဖြင့် လှေထိုးသားသည် အဝတ်များကို ချွတ်ကာ ရေထဲသို့ ဆင်း၍ ရေစိမ်နေသည်။ ရေမှာ အေးလွန်းသဖြင့် လှေထိုးသားသည် မေးချင်းရိုက်အောင် ခိုက်ခိုက်တုန် ချမ်းနေသည်။ အအေးဓာတ်မှာ အရိုးထဲအထိ စိမ့်ဝင်သွားလောက်အောင်ပင် အေးလှသည်။ သို့သော် သူသည် ဖွဲမလျှော့၊ ရေထဲတွင်ပင် ဆက်လက်နေသည်။ ဤသို့ဖြင့် နာရီပေါင်းများစွာ ကြာမြင့်လာကာ အရုဏ်တက်လုနီးပါး အချိန်သို့ ရောက်လာသည်။ လှေသူကြီးသည် ခပ်လှမ်းလှမ်းသို့ မျှော်ကြည့်လိုက်ရာ မနီးမဝေးရှိ ကမ်းပေါ်တွင် ရှိသော တံငါသည်များသည် အရုဏ်တက်အချိန် အိပ်ရာမှ ထကာ ငါးဖမ်းမထွက်မီ သူတို့၏ တဲရှေ့တွင် မီးဖို၍ မီးလှုံနေကြသည်ကို တွေ့ရသည်။ ထိုအခါ လှေသူကြီးသည် ရေထဲရှိ လှေထိုးသားအား "ဟေ့ လှေသမား၊ မင်းဟာ လူလိမ်ပဲ။ ကမ်းပေါ်မှာရှိတဲ့ မီးဖိုမှာ သင် မီးလှုံနေတယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ မင်းရှုံးပြီ" ဟု လှမ်းအော် ပြောလိုက်သည်။

ထိုအခါ လှေထိုးသားက "အဲဒီ မီးပုံဟာ မြစ်ကမ်းရဲ့ တစ်ဘက်မှာရှိပြီး ကျွန်တော်နဲ့ အလှမ်းဝေးပါတယ်။ ဒီလောက်ဝေးတဲ့ နေရာက မီးအပူရှိန်ကို ကျွန်တော် ဘယ်လိုမှ မရနိုင်ပါဘူး" ဟု ပြန်ပြောသည်။

သို့သော် လှေသူကြီးက "မီးဟာမီးပါပဲ၊ ဒီမီးပုံ ရှိနေသရွေ့ မင်းဟာ အပူဓာတ် ရနေမှာပဲ။ ဒီအပြစ်ကြောင့် အခု ပြိုင်ပွဲမှာ မင်းရှုံးပြီ" ဟု ပြောလိုက်သည်။ လှေထိုးသားသည်း ဘာမျှ ဆင်ခြေပေးမနေတော့ဘဲ "ဒါဖြင့်လည်း ကောင်းပါပြီ" ဟု ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လေ့ထိုးသားသည် ရေထဲမှ တက်လာကာ အဝတ်အစားလဲပြီးနောက် အခြားလေ့ထိုးသားများ အနီးတွင် သွားရောက် ထိုင်နေသည်။ သူက အနီးရှိ အခြား လေ့ထိုးသားတစ်ဦးအား "မင်းကတော့ ငါရဲ့ လုပ်အားခငွေတွေ ဆုံးသွားတဲ့အတွက် ငါ့ကို လူမိုက်လို့ယူဆမှာပဲ။ တကယ်တော့ ငါဟာ ဒီနေရာတွင် မကဘူး။ တခြားကိစ္စတွေမှာပါ ဉာဏ်နည်းတဲ့သူ ဖြစ်တယ်။ ငါဟာ ဝက်လက်ကိုတောင် ကောင်းကောင်း မကင်တတ်ဘူး။ အေးလေ၊ ဒါကိုတော့ ငါမပြောနဲ့ ငါတို့ရဲ့ လေ့သူကြီး ကောင်းကောင်း ကင်တတ်မှာ မဟုတ်ဘူး" ဟု ကျယ်လောင်စွာ ပြောလိုက်သည်။

လေ့သူကြီးသည် လေ့ထိုးသားများအား အနိုင်ရလိုက်သဖြင့် အလွန် ကျေနပ်ကာ ပီတိဖြစ်နေစဉ် ထိုစကားကို ကြားလိုက်ရသည့်အတွက် မခံမရပ်နိုင်ဖြစ်သွားသည်။ ထို့ကြောင့် လေ့ထိုးသားအား "ငါက မင်းရဲ့ ငွေတွေကို မပေးလို့ စိတ်ဆိုးပြီး ငါ့ကို ခုလို ပြောတာ မဟုတ်လား" ဟု ပြောလိုက်သည်။

BURMESE CLASSIC

လေ့ထိုးသားက "ခင်ဗျား တခြား အသားတွေကို ချက်တတ်၊ ကင်တတ်မယ်။ ဒါပေမဲ့ ဝက်လက်ကိုတော့ မကင်တတ်တာ သေချာပါတယ်" ဟု ပြန်ပြောလိုက်သည်။

လေ့သူကြီးက "ကောင်းပြီ၊ ငါ တကယ် တတ်တယ်။ မတတ်ဘူး ဆိုတာကို လက်တွေ့ပြမယ်။ ဒီအတွက် မင်းနဲ့ ငါကြိုက်တဲ့ အလောင်းအစားကို ပြုနိုင်တယ်" ဟု ဒေါသတကြီး အော်ပြောလိုက်သည်။

လေ့ထိုးသားက "ကျွန်တော့်ဆီမှာ မနေ့က ဝယ်ထားတဲ့ ဝက်လက်တွေ ရှိတယ်။ ခင်ဗျား ကင်ဖို့ ကျွန်တော် အခု ပေးမယ်။ တကယ်လို့ ခင်ဗျားက ကင်တတ်တယ်ဆိုရင် ခင်ဗျားဆီမှာ ကျွန်တော် ၇ နှစ် ကျွန်ခံမယ်။ ဒါပေမဲ့ ခင်ဗျား ရှုံးခဲ့ရင်တော့ ခင်ဗျားပိုင်တဲ့လေ့တွေ အားလုံးကို ကျွန်တော့်ကို ပေးရမယ်။ ဒါပြိုင်ပွဲပဲ၊ ဒီတော့ ခင်ဗျားအနေနဲ့ လိုက်နာနိုင်မယ်ဆိုရင် ကျွန်တော့်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံနိုင်ပါတယ်" ဟု ပြောလိုက်သည်။

လေ့သူကြီးလည်း "လက်ခံပါတယ်" ဟု ပြောလိုက်သည်။

လေ့ထိုးသားသည် အများရှေ့တွင် ကတိကဝတ် ထားစေကာ လေ့သူကြီးအား ဝက်လက်များ ကင်စေသည်။

ထိုအခါ လေ့သူကြီးက "ဝက်လက်ကို ကင်တာကတော့ ဟုတ်ပါပြီ။ ကင်ဖို့ မီးက ဘယ်မှာလဲ" ဟု မေးသည်။

လေ့ထိုးသားက "ဟိုဘက်ကမ်းပေါ်မှာ မီးပုံရှိတယ်လေ။ အဲဒီမှာ ကင်ပေါ့" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှေသူကြီးက "သင် ရှုံးနေသလား၊ အဲဒီမီးပုံက အလှမ်းဝေးနေတာ။ ဘယ်လိုလုပ်ပြီး ကင်လို့ရမလဲ" ဟု ပြန်ပြောလိုက်သည်။

ထိုအခါ လှေထိုးသားက ဘယ်လောက်ဝေးဝေး မီးဟာ မီးပါပဲ။ ဒီမီးနဲ့ ကျုပ်ကို နွေးစေနိုင်တယ်ဆိုရင် ခင်ဗျားလည်း ဒီမီးနဲ့ ကင်နိုင်ရမှာပေါ့။ အခုတော့ ခင်ဗျား မကင်တတ်ဘူးဆိုတာ ကျုပ် သိသွားပြီ။ ဒီတော့ ကတိအတိုင်း ခင်ဗျားရဲ့ လှေတွေအားလုံးကို ကျွန်တော် သိမ်းယူရမယ်" ဟု ပြောလိုက်သည်။

BURMESE CLASSIC

လှေသူကြီးလည်း မကျေနပ်သည့် အတွက် တရားရုံးသို့ သွားရောက် လျှောက်ထားသည်။ တရားရုံးက အစအဆုံး စစ်ဆေးကာ လှေထိုးသားအား အနိုင်ပေးလိုက်သည်။ ဉာဏ်ထက်မြက်လှသော လှေထိုးသားသည် လှေများကို ပိုင်ဆိုင်ကာ ချမ်းသာကြွယ်ဝသွားသည်။ ကောက်ကျစ်စဉ်းလဲသော လှေသူကြီးမှာ သူ့အပြစ်နှင့် သူဖြစ်ကာ ဆင်းရဲ မွဲတေသွားလေတော့သည်။

(မြန်မာပုံပြင်)

❖

ခင်ရီဝင်း

www.burmeseclassic.com